www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ်
၅၀၁၅၆၇၁ ၂၁၁

◆

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၁၃၈၀ ၂၀၂

◆

ပထမအကြိမ်
၂၀၁၂ ခုနှစ်၊ မတ်လ

◆

မျက်နှာဖုံး
ပန်းချီ မြင့်မောင်ကျော်

◆

အတွင်းဖလင်
AZ

◆

အုပ်ရေ
၅၀၀

◆

တန်ဖိုး
၂၀၀၀ ကျပ်

◆

ထုတ်ဝေသူ
ဒေါ်ခင်မျိုးမြတ် (၀၃၃၈၄) နန်းဒေဝီစာပေ
အမှတ် ၂၁၅၊ ရှမ်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

◆

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ
ဒေါ်ခင်လှ (စာပေလောက)
၁၇၃၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

၈၉၅.၈၃

လက်ရာရည်ကျော်
လက်ရာရည်ကျော်/တိမ်တွေတောင်တွေနှင့် ခရီးသည်/ ရန်ကုန်။
နန်းဒေဝီစာပေ၊ ပထမအကြိမ်၊ ၂၀၁၀။
စာ ၂၃၂၊ ၁၃ x ၁၉ စင်တီမီတာ
(၁) တိမ်တွေတောင်တွေနှင့် ခရီးသည်



# တိမ်တွေ တောင်တွေနှင့် ခရီးသည်

လက်ရာရည်ကျော်

www.burmeseclassic.com

www.burmeseclassic.com

## စာရေးသူ၏ ကိုယ်ရေးအကျဉ်း

အမည်ရင်းမှာ ပါမောက္ခရဲမြင့်ကျော် ဖြစ်သည်။ ၁၉၆၁ ခုနှစ် ဒီဇင် ဘာလ ၂၀ ရက်နေ့တွင် ဧရာဝတီတိုင်း၊ မြန်အောင်မြို့နယ်၊ မြို့မတဲကြီးကုန်း ကျေးရွာတွင် ဖွားမြင်ပြီး အဘဦးတင်ညွန့်နှင့် အမိ ဒေါ်မြရီတို့၏ ဒုတိယသား ဖြစ်သည်။ အ.ထ.က - ၁ လမ်းမတော်၊ ရန်ကုန်၊ အမှတ် ၂ ဒေသ ကောလိပ်၊ ရန်ကုန်တိုင်း၊ ဆေးတက္ကသိုလ် ၁ ရန်ကုန်တို့တွင် ပညာ ဆည်းပူးခဲ့သည်။ စစ်မှု သုံးနှစ် ထမ်းဆောင်ဖူးပြီး ယူကေ နိုင်ငံတွင် နှစ်နှစ် ပညာတော်သင် နေထိုင်ခဲ့ဖူးသည်။ ပုံနှိပ် ထုတ်ဝေရေး အတတ်ပညာ ဒီပလိုမာ ရရှိခဲ့ဖူးပြီး ဆေးပညာဆိုင်ရာ ဘွဲ့နှင့် ဒီပလိုမာ ရှစ်ခု ရရှိဖူးသည်။

၁၉၈၁ ခုနှစ် ဆေးတက္ကသိုလ် နှစ်လည်မဂ္ဂဇင်းတွင် 'လက်ာ ရည်ကျော်' ကလောင်အမည်ကို စခံယူ၍ ဝတ္ထုကဗျာများ ရေးသား ခဲ့သော်လည်း ဆရာဝန်ဖြစ်ပြီး အနှစ်နှစ်ဆယ်ခန့် စာပေနယ်နှင့် ဝေးကွာနေခဲ့သည်။

၂၀၀၄ ခုနှစ်တွင် နရသုခ သုခချမ်းသာ မဂ္ဂဇင်းတွင် ပါရှိသော 'အချစ်ကိုပင်လျှင် လျှပ်တစ်ပြက်မျှသာ' ဝတ္ထုတိုဖြင့် စာပေနယ်ထဲသို့ ဝင်ရောက်လာခဲ့သည်။ ၂၀၀၇ ခုနှစ်တွင် ထုတ်ဝေသော ပထမဦးဆုံး ဝတ္ထုရှည် 'ကြိုးကြာတောင်ပံခတ်သံ' မှာ အမျိုးသားစာပေဆု (လူငယ်စာပေ) ရရှိခဲ့ပြီး ရုပ်ရှင်ကြီးအဖြစ် ရိုက်ကူးခဲ့ရသည်။ ၂၀၀၉ ခုနှစ်တွင် ထုတ်ဝေသော ဒုတိယမြောက် ဝတ္ထုရှည် 'ဒေါက်တာ ရွှေသွေးနှင့် မပန်းမှုံ' သည်လည်း အမျိုးသားစာပေဆု (ဝတ္ထုရှည်) ရရှိခဲ့သည်။

ဒေါက်တာရဲ ကလောင်ခွဲဖြင့်လည်း ကလေး ကျန်းမာရေး ပညာပေးနှင့် လူငယ် ပညာပေး ဆောင်းပါးများ ရေးသားခဲ့သည်။

ဝတ္ထုတို ပေါင်းချုပ်၊ ဝတ္ထုရှည်နှင့် ဆောင်းပါး ပေါင်းချုပ်ပေါင်း ၂၀ ခန့် ထုတ်ဝေခဲ့ပြီး ယခု စာအုပ်မှာ ပဥ္စမမြောက် ဝတ္ထုရှည် ဖြစ်သည်။ ယခုအခါ ဆရာသည် ဆေးတက္ကသိုလ် ၂ ရန်ကုန်၊ ကလေး ကျန်းမာရေး ပညာဌာန၏ ပါမောက္ခ၊ ဌာနမှူး၊ ကလေး အထူးကု ဆရာဝန်ကြီးအဖြစ် တာဝန် ထမ်းဆောင်ရင်း သုတ၊ ရသ စာပေများ စဉ်ဆက်မပြတ် ရေးသားနေသည်။

www.burmeseclassic.com

www.burmeseclassic.com

## တိမ်တွေ တောင်တွေနှင့် ခရီးသည်အတွက် စကားဦး

အစ်ကိုအရွယ် ဆရာဝန် စာရေးဆရာ ဒေါက်တာ ခင်မောင်လွင် (ဒုတိယ ညွှန်ကြားရေးမှူးချုပ်) က မှာဖူးသည်။

*'ကြိုးကြာ တောင်ပံခတ်သံ'* ၏ အောင်မြင်မှုနှင့် ကျေနပ်ရောင့်ရဲ မနေနဲ့တဲ့။ ရေးနိုင်တုန်းမှာ ဝတ္ထု ရှည် အနည်းဆုံး ခုနစ်ပုဒ်လောက် ဆက်တိုက် ထွက်ဖြစ်အောင် ကြိုးစားတဲ့။

တကယ်တော့ *'ကြိုးကြာတောင်ပံခတ်သံ'* အမျိုးသား စာပေဆုရပြီး မကြာခင်မှာပင် ကျွန်တော်က ပါမောက္ခ၊ ဌာနမှူး ဖြစ်သွားပြီး ဆရာဝန်အဖြစ်၊ ကျောင်းဆရာအဖြစ် တာဝန်တွေ ရှုန်းမထွက်နိုင်လောက် အောင် ဖိစီးလာခဲ့တာပါ။ သို့သော် သူ့စကားကို အမြဲ သတိရနေသဖြင့် ဝတ္ထုရှည်ကို တစ်ခု ဇာတ်သိမ်းတာနှင့် သို့မဟုတ် ဇာတ်မသိမ်းခင်မှာ နောက်တစ်ခု စနိုင်အောင် ကြိုးစား ပမ်းစား ရေးခဲ့ပါသည်။

'ကြိုးကြာတောင်ပံခတ်သံ'က လူငယ် ဆရာဝန်တွေ အကြောင်း၊ အဲသည်နောက် ရေးခဲ့သော *'ဒေါက်တာ ရွှေသွေးနှင့် မပန်းမွှံ'* က လူလတ်ပိုင်း ဆရာဝန်တွေ အကြောင်း၊ အဲဒါလည်း အမျိုးသား စာပေဆု ထပ်ရပြန်တော့၊ ကျွန်တော့် ကလောင်က ကျွန်တော့် လက်ထဲမှာ သာမက ဦးနှောက်ထဲ နှလုံးသားထဲမှာပါ လေးလံလာသည်။

ရေးဖြစ်အောင်လည်း ရေးရတော့မည်။ အားပေး နေသော ပရိသတ်ကို လေးစားမှု ပြနိုင်ဖို့လည်း ပို၍ ကြိုးစားရတော့မည်။ လူကြီးပိုင်း ဆရာဝန်တွေအကြောင်းရေးသော *'နေဝင်အိပ်တန်းတက်'* ကိုလည်း ပရိသတ်များက လှိုက်လှိုက်လှဲလှဲ ကြိုဆို ခဲ့ကြ သည်။

ဓမ္မအကြောင်း ကလေးတွေ ထည့်ရေးမိရာက သတိထားမိ သော ဆရာတော်၊ သံဃာတော်တို့၏ တိုက်တွန်းမှုကြောင့် ဓမ္မဆောင်းပါး တွေပါ ဆက်ရေး ခဲ့ရသည်။

အဲသည် သုံးအုပ်အပြီးမှာတော့ အင်တာဗျူးတစ်ခုမှာ ကျွန်တော် ဖြေဖူးသလို 'ဆရာဝန် စာရေးဆရာ' ဘဝမှ 'စာရေးဆရာ စာရေးဆရာ' ဖြစ်ဖို့ ကျွန်တော် ခြေလှမ်း ပြင်ရပါတော့သည်။

ဆရာဝန် မလုပ်တော့ဘူးဟု ပြောတာ မဟုတ်ပါ၊ မလုပ်ဘဲလည်း နေ၍ မရတော့ပါ။ ဆိုလိုတာက ဆေးပညာ လောက နောက်ခံ ဇာတ်လမ်းများချည်း ရေးဖွဲ့နေရာက ဆေးပညာရှင်များကို အဓိက ဇာတ်ကောင်နေရာမှာ မထားသည့် ဇာတ်လမ်းတွေကို စရေးဖို့ ပြင်ခဲ့တာပါ။

ခက်တာက ဖြစ်ချင်တာက စာရေးဆရာ ဆိုပေမယ့် ကျွမ်းကျင်တာ က ဆေးပညာလောကအကြောင်း အပြင် သိပ်များများစားစား မရှိ လေ့လာချိန်လည်း မရ၊ ဘယ်ကိစ္စကိုမှလည်း သိပ် အပေါ်ယံရှုပ် မရေးလိုပါ။

အဲသည်မှာ စဉ်းစားမိတာက ဆေးပညာ အတွေ့အကြုံများမှ လွဲလျှင် ကျွန်တော် အများဆုံး ရရှိခဲ့သည့် အတွေ့အကြုံက ဘာလဲပေါ့။ ကျွန်တော့် ဘဝ အတွေ့အကြုံပါ။

ကျွန်တော့် ဘဝမှာ ထူးခြားတာတွေ သိပ်များများ စားစားမရှိသော် လည်း အထူးခြားဆုံးကိစ္စနှစ်ခု ရှိနေပါသည်။

တစ်ခုက ကျွန်တော် ငယ်စဉ်အခါက Problem Child ခေါ် ပြဿနာများသည့်ကလေး ဖြစ်နေခဲ့တာပါ။ စာသင်၍ မရသူ၊ တွေဝေ လမ်းလွဲနေသူ၊ ပတ်ဝန်းကျင်နှင့် ကန့်လန့်ကာ ချထားသူ၊ အနီးကပ် စောင့်ရှောက်ပေးရန် လိုအပ်နေသူ ကလေး တစ်ယောက် အဖြစ် ကျွန်တော် ကြီးပြင်းလာခဲ့ကြောင်း ပြောပြလျှင် တော်တော် များများက မယုံတတ်ကြသော်လည်း အဲဒါအမှန်တွေပဲ ဖြစ်ပါ သည်။

အဲသည့်ဘဝကို စွန့်လွှတ်နိုင်ခဲ့တာ နှစ်ပေါင်းများစွာ ကြာခဲ့ပြီး အဲသည်လို ကလေးမျိုးတွေ ဖြစ်မလာဖို့အတွက် မိဘတွေ

www.burmeseclassic.com

www.burmeseclassic.com

သိသင့် သိထိုက်သည့် ကလေးစိတ်ပညာ သဘောတရားအချို့ကိုပါ ထွန်းကျော်သူ ပညာရှင် တစ်ယောက်ဘဝ ကိုယ်တိုင် ရောက်ခဲ့ချိန်မှာတော့ အများလက်ခံသည့် စာရေးဆရာ တစ်ယောက်ပါ ဖြစ်နေပြီမို့ အဲသည် အခွင့်အရေးကို ကျွန်တော် အသုံးချ၍ **'ချစ်စရာ အိမ်ကလေး'** ကို ရေးဖြစ်ခဲ့ပါသည်။ ပထမ သုံးအုပ်နှင့် လုံးဝ ကွဲပြား ခြားနားသွားသော စတုတ္ထစာအုပ်အတွက် ကျွန်တော် တော်တော် စိတ်ပူခဲ့ရသော်လည်း ပရိသတ်များ၏ တစ်ခဲနက် အားပေးခဲ့မှုကြောင့် ပီတိဖြာခဲ့ရပါသည်။

ချစ်စရာ အိမ်ကလေးကို ရေးခဲ့ချိန်မှာ တချို့သော ပရိသတ်များက သတိမထားမိသော်လည်း။ တချို့က သတိထားမိနေသည့် ထူးခြားချက် တစ်ခု ရှိနေပါသည်။ အဲဒါကတော့ Family မဂ္ဂဇင်းထဲမှာ **'ချစ်စရာ အိမ်ကလေး'** ကို ရေးနေတာနှင့် တစ်ပြိုင်နက်ထဲမှာ သရဖူ မဂ္ဂဇင်းထဲမှာ **'တိမ်တွေ တောင်တွေနှင့် .စရိုးသည်'** ကို ကျွန်တော် အပြိုင်ရေးနေခဲ့တာပါ။

အကြောင်းရင်း တစ်ချက်က ဆရာ ဒေါက်တာ ခင်မောင်လွင့် စကားကို နားထောင်၍ ဝတ္ထုရှည် စဉ်ဆက်မပြတ် ရေးနေချင်၍ပါ။ သို့သော် ပို၍ အရေးကြီးသည့် အချက်ကတော့

**'ချစ်စရာ အိမ်ကလေး'** က ဘဝမှာ ငယ်စဉ်ကတည်းက မဆုံးရှုံးသင့်ဘဲ ဆုံးရှုံးခဲ့ရသည့် 'အရွှံ' တွေကို ပြတာပါ။ ရှောင်နိုင်ကြစေချင်၍ပါ။ အဲသည့် ဝတ္ထုမှာ ကျွန်တော် ထွက်ပေါက် ရှာမပြခဲ့ပါ။ ပရိသတ်အတွက် ကျွန်တော်ပေးချင်သည့်အချက်နှင့် ကျွန်တော့် စေတနာကို ပရိသတ်က မြင်ကြသော်လည်း ကျွန်တော့် ရင်က မလင်းသွားပါ။

*'ပြဿနာ ကလေး'* တစ်ယောက် ဘဝကနေ ယခု ကျွန်တော် ရပ်တည်နေနိုင်သည့် လူငယ် တော်တော်များများ *'ဆရာလို ဖြစ်ချင်ပါသည်'* ဟု စာရေးပြောကြသည့် ဘဝတစ်ခုကို ထူထောင်နိုင်ဖို့အတွက် ဘယ်လို ခွန်အားတွေနှင့် ကျွန်တော် ရုန်းထွက်ခဲ့သည်ကိုလည်း ပြချင်ပါသေးသည်။ အဲဒါက ကျွန်တော့် ဘဝ၏ ဒုတိယမြောက် ထူးခြားချက်ပါ။ အဲဒါလေး ရေးပြပြီးမှ ကျွန်တော့် ရင်က လင်းမှာပါ။ ဒါကြောင့်လည်း သည်ဇာတ်လမ်းကို ပြိုင်တူ ရေးဖြစ်ခဲ့တာပါ။ ကံက အဓိကလား၊ ဉာဏ်က အဓိကလား၊ ဝီရိယက အဓိကလား၊ စိတ်နေသဘောထားကရော အဲဒါတွေထက်ပို၍အရေးကြီးသည့် အချက်ကော ရှိမနေနိုင်ဘူးလား၊ အဲဒါတွေ ကျွန်တော် ဆွေးနွေး ပြထားပါသည်။

တစ်ချိန်တည်းမှာပင် (မမ) နုနုရည် (အင်းဝ) ၏ ဆုံးမစကား တစ်ခွန်းကလည်း ဝတ္ထုရေးနေခိုက် ကျွန်တော့် ကလောင်ကို လွှမ်းမိုးပါသည်။

*စာရေးဆရာဆိုတာ ကိုယ် ကျင်လည်ခဲ့ရသည့် ခေတ်စနစ်ကို ကိုယ့်စာမှာ ထင်ဟပ်ပြနိုင်မှ တာဝန်ကျေသတဲ့။*

ကျွန်တော်က ၁၉၈၅ မှာ ကျောင်းပြီး၍ ၂၀၀၀ ပြည့်နှစ်မှာ လူငယ်လူရွယ် ဘဝကို စွန့်လွှတ်ခဲ့တာပါ။ အဲသည့် ကာလက ကျွန်တော်တို့ နိုင်ငံ၏ နိုင်ငံရေး အပြောင်းအလဲ အလွန် ပြင်းထန်သော ကာလဖြစ်ခဲ့သော်လည်း ကျွန်တော်က နိုင်ငံရေး အပြောင်းအလဲများကို ရေးမပြခဲ့ပါ။

အဲသည် ကာလအတွင်းမှ လူငယ်ဘဝကနေ လူလတ်ပိုင်း ဘဝထဲကို တိုးဝင် လှုပ်ရှားနေသည့် သာမန် ပြည်သူပြည်သား တချို့၏ ဘဝ အတွေ့အကြုံ ဖြတ်သန်းခဲ့ရသည့် အပြောင်းအလဲ ကလေးတွေကိုပဲ လှစ်ခနဲ တစ်ချက်စီ တစ်ချက်စီ ထင်ဟပ် ပြချင်ခဲ့တာပါ။

ဒါကြောင့်လည်း သည်ဝတ္ထုက ကျွန်တော် ရေးခဲ့သမျှ ဝတ္ထုတွေထဲမှာ အရှည်ဆုံး ဝတ္ထုဖြစ်ခဲ့ပြီး *'ချစ်စရာ အိမ်ကလေး'* ထက် အများကြီး နောက်ကျပြီးမှ ထွက်လာခဲ့တာပါ။

အခန်းဆက် ဝတ္ထုရှည်အဖြစ် ပါနေကတည်းက စိတ် ပါဝင်စားစွာ ဆွေးနွေး မေးမြန်းကြသည့် ပရိသတ်များကြောင့်လည်း မရေးစဖူး ဝတ္ထုအရှည်ကြီး ရေးဖြစ်သွားခဲ့တာပါ။

အဲသည်တုန်းက အားပေးခဲ့သည့် ပရိသတ်များကိုရော ယခု စောင့်မျှော် အားပေးကြသည့် ပရိသတ်များကိုပါ ကျေးဇူး အထူး တင်ရပါကြောင်း မှတ်မှတ်ရရ စကားလေး ဆိုပါရစေ။

**ဆန္ဒမွန်ဖြင့်**

**လက်ာရည်ကျော်**

www.burmeseclassic.com

www.burmeseclassic.com

## နိဒါန်း

တိတ်ဆိတ်နေသော အိပ်ခန်းထဲတွင် ဂျင်မ် ရိဗ်၏ *'နှင်းမှုန်တိုင်း'* သီချင်းမှ တီးလုံးကလေး လွင့်ပျံ့ လာသည်။ ပထမ တိုးတိုး၊ ပြီးတော့ တဖြည်းဖြည်း ကျယ်လာသည်။

စိမ်းဝေ အိပ်မှုန်စုံမွှားနှင့် ခုတင် ခေါင်းရင်းက နံပါတ်ကလေးများ လင်းနေသော နာရီကို လှမ်းကြည့်သည်။

ည ၁၂ နာရီ။

ခုတင်ဘေးက စားပွဲကလေးပေါ် လှမ်းကြည့်လိုက်တော့ စိမ်းဝေ၏ လက်ကိုင်ဖုန်းကလေးက မီးလင်း နေရင်းက တဆတ်ဆတ် ခုန်နေသည်။

သည်အချိန်ကြီး ဘယ်သူများ ဆက်ပါလိမ့်။ မြန်မာပြည်ကများ ဖြစ်နေ မလား။ မြန်မာပြည်မှာတော့ ညနေ ရုံးဆင်းခါစ အချိန်ပဲ ရှိဦးမည်။

ဖုန်းကို ကောက်ကိုင်ကြည့်လိုက်သည်။

၀၀၉၅၁. . .

ဟုတ်ပါပြီ။ ရန်ကုန်က၊ နောက်က နံပါတ်တွေကို အိပ်ချင်နေသော မျက်လုံးကို ပြူးပြဲ၍ ထပ်ဖတ်ကြည့်မိသည်။

ဘုရားရေ။

ကိုကို့ အိမ်ဖုန်းပါလား။

စိမ်းဝေရင်များ တဆတ်ဆတ် ခါလာသည်။ ကိုကို၊ ကိုကို စိမ်းဝေတို့ ဖုန်း မဆက်တာ အနည်းဆုံးတော့ ခြောက်လရှိပြီ ထင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဖုန်း ဘယ်ဘက် အောက်ခြေက အစိမ်းရောင် ခလုတ်ကလေးကို ကမန်းကတန်း နှိပ်၍ နားမှာ ကပ်လိုက်သည်။

'ကိုကိုလား'

တစ်ဖက်က ဘာသံမှ မကြားရ။ အသက်ရှူသံ လိုလိုသာ ကြားနေရသည်။

နေဦး။

အသက်ရှူသံ မဟုတ်ဘူး ထင်သည်။ ရှိုက်သံ၊ မိန်းမ တစ်ယောက် ရှိုက်သံပါလား။

'ဟဲလို ဘယ်သူပါလဲ'

ရှိုက်သံ သဲ့သဲ့တစ်ချက်။ မသဲမကွဲ။ ပြီးတော့မှ

'ညီမလေး စိမ်းဝေ၊ မမနှင်းပါ'

စိမ်းဝေ ပါးစပ် အဟောင်းသား ဖြစ်သွားသည်။ မမနှင်း အသံတွေ တုန်နေသည်ကိုပင် နားက အသိစိတ်နှင့် မကပ်လိုက်မိ။

ဘယ်လိုက ဘယ်လို မမနှင်းက ကိုကို့ဖုန်းနှင့် စိမ်းဝေဆီ ဆက်ရတာတဲ့လဲ။ ပြီးတော့ ကိုကိုကရော။

'မမနှင်း ကိုကိုရော'

မမနှင်း ရုတ်တရက် ပြန်မဖြေဘဲ အသံတိတ် နေသည်။ ခဏနေမှ တိုးတိုးကလေး ပြောသည်။

'ကိုကို နေမကောင်းဘူး ညီမလေး'

ထင်သည့်အတိုင်း ပါပဲ။ ကိုကို တစ်ခုခု ဖြစ်ပါပြီ။ စိမ်းဝေ မျက်နှာ တစ်ခုလုံး သွေးတို့ ပြည့်လျှံတက်လာသည်။ မျက်ရည်တွေက အလိုလို စို့တက်လာသည်။

'ဘာဖြစ်တာလဲ ဟင် မမနှင်း။ ကိုကို အခု ဘယ်မှာလဲ'

'ဆေးရုံကြီးမှာ သက်တော့ သက်သာပါတယ်၊ တစ်ရက် နှစ်ရက် နေရင်တောင် ခဏ ပေးဆင်းမယ်လို့တော့ ဆရာဝန်တွေ ပြောပါတယ်'

စိမ်းဝေ နည်းနည်း ပြန်စိတ်အေးသွားသည်။ သို့သော်

ခဏ ပေးဆင်းမယ်တဲ့၊ ခဏတဲ့ အဲဒါက ဘာလဲ။

'ဘာဖြစ်တာလဲ ဟင် မမနှင်း'

မမနှင်းက မသိမသာ ရှိုက်သည်။

'ကိုကို ခေါင်းကိုက်ကိုက်နေတာ ကြာပြီ၊ တိုင်းကြည့်ရင်လည်း သွေးပေါင်က နည်းနည်းကလေး တက် တက် နေတယ်၊ အသက်က ၃၀ ကျော်ပဲ



ဆိုပေမယ့် သူ့ဖေဖေလည်း ငယ်ငယ်ကတည်းက သွေးတိုးခဲ့တာပဲ ဆိုတော့ သွေးတိုး ကျဆေးလေး သောက်၊ သိပ်ဆိုးတဲ့နေ့ကျ အလုပ် မဆင်းဘဲနေ၊ ဒီလိုပဲ လုပ်နေခဲ့ကြတာ၊ နောက်တော့ အန်အန် လာတယ်၊ အရင် နှစ်ပတ်လောက်က ကျတော့ အိပ်ရာ နိုးလို့ မရလို့တဲ့၊ သူနဲ့ နေတဲ့ တပည့်တွေက ဆေးရုံလာပို့ကြတယ်၊ နောက်တော့'

မမနှင်း အသံ တိမ်ဝင်သွားပြန်သည်။

တစ်ဖက်မှ ရှိုက်သံကို နားထောင်နေရင်းက စိမ်းဝေ မစောင့်နိုင်တော့။

'အခုရော မမနှင်း'

မမနှင်းအသံ ပြန်ပေါ်လာသည်။

'တစ်ရက်လောက်နေတော့ သတိပြန်ရပါတယ်၊ ခုတော့ အစာလည်း စားပါတယ်၊ ဒါပေမဲ့ကွယ် ခေါင်းက ကွန်ပျူတာ ဓာတ်မှန်ရိုက်ကြည့်တော့ ဦးနှောက်ကင်ဆာတဲ့'

စိမ်းဝေ နားမျှား အူထွက်သွားပါသည်။

○

ဒါပဲလား ကိုကိုရယ်။

ကိုကို တစ်သက်လုံး ပင်ပင်ပန်းပန်း ကြိုးစားခဲ့ရတာတွေရဲ့ နောက်ဆုံးပန်းတိုင်က ဒါတဲ့လား။

အခက်အခဲ တစ်ခုကို ကျော်လွှားနိုင်အောင် ကြိုးစားလိုက်၊ အခက်အခဲတွေ ချောင်ကြို ချောင်ကြားက စိမ့်ထွက် မြို့ဆင်းလာလိုက်။

ဘယ်လောက် အခက်အခဲ တွေ့တွေ့ လက်မလျှော့တတ်လွန်းသည့် ကိုကို။ ဘယ်လောက် အကြိမ်ကြိမ် ပြန်ကြိုးစားရ ကြိုးစားရ ဘယ်တော့မှ အရှုံးမပေးတတ်သော ကိုကို။ သူ ဖွဲလုံ့လ ထည့်သည်နှင့်အမျှ ထိုက်တန်သော အောင်မြင်မှုကို အဆုံးသတ်မှာလည်း ရတတ်လွန်းသော ထိုအောင်မြင်မှုအတွက် သူ ဘယ်လို ကြိုးစားခဲ့ရသည်တို့ကိုလည်း ဂုဏ်ယူတတ်လွန်းသော၊ ထိုဂုဏ်ယူမှုအတွက်လည်း ပတ်ဝန်းကျင်က စိတ်ကြီးဝင်သူ၊ မာနကြီးသူဟု မကြာခဏ တီးတိုး တီးတိုး သဖန်းပိုး အထိုးခံရတတ်လွန်းသော အဲသည်လူတွေ သူ့အပေါ် ဘယ်လို ပြောပြော၊ သူ့ဘဝ၊ သူ့အကျင့်ကို ဘယ်တော့မှ မပြောင်းလဲတတ်သော ကိုကို။

www.burmeseclassic.com

www.burmeseclassic.com



'ကိုကို့ကို လူတွေက တိမ်ပေါ်မှာ လမ်းလျှောက်နေတဲ့ သူတဲ့ သိလား'

'အဲဒါ ဘာပြောတာလဲ'

'ဖနောင့်နဲ့ မြေကြီး မထိဘူးတဲ့၊ သူ့ အောင်မြင်မှုတွေ အပေါ်မှာ သူပြန် ဘဝင်မြင့် နေသတဲ့၊ တစ်ယောက်က ပြောတော့ နောက်တစ်ယောက်က ဖနောင့်နဲ့ မြေကြီး မထိရုံ ဘယ်ကမလဲ၊ သူက တိမ်ပေါ်မှာ လမ်းလျှောက်နေ တာလို့ ပြောပြီး ရယ်ကြတာ'

ကိုကိုက ပြုံးရုံ ပြုံးသည်။

'စိမ်းဝေ အစ်မကြီးတွေ မဟုတ်လား'

'ဟုတ်တယ်'

'သူတို့ မသိလို့ပါကွာ၊ ကိုကိုက တိမ်တွေပေါ်မှာ လမ်းလျှောက်နေတာ မှ မဟုတ်တာ၊ တောင်တက်လိုက်၊ တောင်ဆင်းလိုက်၊ တက်တော့လည်း ခက်ခက်ခဲခဲ ကုတ်ကတ် တွယ်တက်ရတယ်၊ အဆင်းကျတော့လည်း ပြုတ် မကျအောင် ကုတ်ကတ် ဆွဲထားရတယ်၊ တကယ်တော့ ကိုကိုက တောင် ပေါ်မှာ လမ်းလျှောက်နေတာ၊ ကြိုးစားမှုရဲ့ ရလဒ်ကတော့ တိမ်တွေလိုပဲ ပေါ့၊ တောင်ကို ဖုံးထားတော့ လူက တိမ်ပေါ်မှာ လမ်းလျှောက်နေတယ်လို့ ထင်နေရတာပေါ့၊ တကယ်တော့ အဲသည့် ဘဝက မလွယ်ပါဘူး'

အဲသည်လို ပြောခဲ့သော ကိုကို။

ယခုတော့ အဲသည့်ဘဝက အသက် ၃၀ မှာ ဆုံးခန်းတိုင်တော့မတဲ့။

○

စိမ်းဝေ မျက်ရည်များကို ကမန်းကတန်း သုတ်သည်။ အံကြိတ်သည်။

'မမနှင်း၊ စိမ်းဝေ ချက်ချင်း ပြန်လာခဲ့မယ်'

'နေဦး၊ ညီမလေး မလာနဲ့ဦး'

'ဘာဖြစ်လို့လဲ'

'မမတို့ သူ့ကို ဘန်ကောက် ခေါ်သွားမလို့'

'ကောင်းတယ်၊ ကောင်းတယ်၊ စိမ်းဝေ ဘန်ကောက်ပဲ လိုက်ခဲ့မယ်၊ ဘယ်တော့လဲ'

မမနှင်း သက်ပြင်းချသည်။

'မမတို့က ခေါ်ချင်တာ၊ သူက ငြင်းနေတယ်၊ သူ့အခြေအနေ သူ သိတယ် တဲ့၊ ဘယ်မှ မသွားတော့ဘူးတဲ့၊ ညီမလေးကိုပဲ ပြန်ခေါ်ပေးတဲ့၊ သူမှာချင်ခဲ့



တာတွေ ရှိလို့တဲ့၊ အဲဒါ စိမ်းဝေပဲ သူ့ကို ဖုန်းနဲ့ နည်းနည်း နားချပေးပါလား။ စိမ်းဝေ ဘန်ကောက်က စောင့်မယ်လို့'

စိမ်းဝေ မျက်ရည်များ တွေတွေ ကျလာပြန်သည်။

'စိမ်းဝေ နားလည်ပြီ မမ။ ဒါပေမဲ့ စိမ်းဝေ ချက်ချင်း ပြန်ခဲ့မယ်၊ သူ့ကို စိမ်းဝေကိုယ်တိုင် နားချပြီး ခေါ်မယ်၊ မရရင်လည်း အဲဒီမှာပဲ လိုအပ်သလို ပြုစုပေးမယ်၊ မကောင်းဘူးလား'

မမနှင်း ခဏ ငြိမ်သက်နေသည်။ ပြီးမှ

'အင်းလေ ကောင်းသားပဲ'

မမနှင်း ဖုန်းချလိုက်သည်နှင့် စိမ်းဝေ အိပ်ရာမှ လူးလဲ ထသည်။ စားပွဲ ပေါ်မှာ ကွန်ပျူတာကို ခလုတ်ဖွင့်သည်။

သည်အချိန် အွန်လိုင်း လက်မှတ် လှမ်းချိတ်၍ရတာတစ်နေရာရာတော့ ရှိမှာပါပဲ။ ရေချိုးခန်းထဲကို ဝင်၍ မျက်နှာသစ်သည်။

မျက်နှာသစ်ရင်းကပင် စိတ်က လွန်ခဲ့သော အနှစ် နှစ်ဆယ်ခန့်ဆီ ဒရော သောပါး ပြန်ပြေး သွားပါတော့သည်။

●

www.burmeseclassic.com

www.burmeseclassic.com

## ရဲဝင့် [ ၁ ]

သူ သတိလစ်သွားတာတော့ သေချာသည်။

သိပ်ကြီးတော့ ကြာလိုက်ဟန် မတူ။

မှောက်လျက် အနေအထား အတိုင်း၌ ရှိနေရာက ခေါင်းထောင် ကြည့်တော့ လမ်းဘေးမှာ ထိုးကျနေသော သုံးဘီးကားကို တွေ့ရသည်။ ကားသမားကိုတော့ ကားပေါ်မှာ မတွေ့ရ။ တစ်နေရာရာမှာ ပြုတ်ကျ ကျန်ခဲ့ပြီထင်သည်။

မိမိကိုယ်ကို မိမိ စမ်းသပ်ကြည့်တော့ ပွန်းရာ ပဲ့ရာများသာ တွေ့ရသည်။ ကြီးကြီးကျယ်ကျယ်တော့ ထိခိုက်ဟန် မတူ။ နဖူးက တစ်စုံတစ်ရာ စီးကျလာသည်ဟု ခံစားမိ၍ လက်ဖြင့် စမ်းကြည့်တော့ စေးထန်းထန်း။ လက်ချောင်းထိပ်မှာ အနီရောင်တွေပါလား။

ငါ့ ခေါင်းက သွေးထွက်နေပါလား။

အတူတူ စီးလာခဲ့သည့် သူငယ်ချင်း နှစ်ယောက်ကို ကမန်းကတန်း လှည့်ပတ်ကြည့်တော့ တစ်ယောက် တစ်နေရာစီ။ အဝေးပြေး လမ်းမပေါ်မှ ထိုင်လျက် တကျွတ်ကျွတ် စုတ်သတ်နေကြသည်။

သုံးဘီးကားက မှောက်မသွား။ စောင်းရုံကလေး စောင်းနေသည်။

ကားပေါ်မှာ အဒေါ်ကြီး နှစ်ယောက်နှင့် ၃ နှစ်ခန့် အရွယ် ကလေး တစ်ယောက်။ ကလေးက အဒေါ်ကြီး တစ်ယောက် ပေါင်ပေါ်မှာ သူတို့လည်း သိပ်ပြင်းပြင်းထန်ထန် ထိခိုက်ထားပုံ မပေါ်။ ကလေးက အော်ငိုနေသည်။ အဒေါ်ကြီး နှစ်ယောက်က ကြက်သေသေနေသည်။ အကြောက်လွန်နေကြသည့်ပုံ။



စောစောက တိုက်မလို ဖြစ်သွားသည့် ကုန်တင်ကားကြီးကိုတော့ အရိပ်အယောင်ပင် မမြင်ရတော့။ ရှောင်ပြေးသွားပြီ ထင်သည်။

ဟော ဟိုမှာ၊ သုံးဘီးဆရာ။

လမ်းဘေး မိုင်တိုင် တစ်ခုမှာ တစောင်း ထိုင်ရင်း တကျွတ်ကျွတ် ညည်းတွား နေသည်။ သူလည်း လွင့်ကျခဲ့တာပေါ့။

သုံးဘီးကား ဘက်ကို လှည့်ကြည့်လိုက်တော့ ရဲဝင့် မျက်လုံးပြူး သွားသည်။

ကားအောက်မှာ မီးတောက်တွေ ပါလား။

သုံးဘီးကားက ဆီက တစ်စက် တစ်စက် ကျပြီး ကျသည့် ဆီတွေက မီးထတောက် နေသည်။

ကားကိုများ မီးကူးသွားရင်

ရဲဝင့်နေရာမှ ဝုန်းခနဲ ထရပ်သည်။

'အဒေါ်ကြီးတို့ ဆင်းဆင်း၊ ကားအောက်မှာ မီးလောင်နေတယ်'

သွေးရူး သွေးတန်း လှမ်းအော်သည်။ မိန်းမကြီး နှစ်ယောက်က ကလေး ငိုသံနှင့် သူပြောတာကို သဘောပေါက်ပုံ မပေါ်၊ ကြောင်တက်တက် ပြန်ကြည့်နေကြသည်။

သူ့ သူငယ်ချင်း နှစ်ယောက်ကတော့ မီးတောက်ကို မြင်သွားဟန်တူသည်။ ကတ္တရာလမ်းပေါ်မှ လူးလဲ ထ၍ ပြေးလာနေကြသည်။

'ရဲဝင့် တွန်းရအောင်၊ ကားကို တွန်းဖယ်ရအောင်'

'အေး ကောင်းတယ်'

ကိုယ် တွန်းနေရင်း တန်းလန်း ကားကို မီးကူး၍ ပေါက်ကွဲသွားလျှင် ဆိုသည့် အတွေး ၁၆ နှစ်သား သုံးဦး၏ ခေါင်းထဲသို့ ဝင်မလာပါ။

ကမန်းကတန်း ကားခေါင်းဘက်မှာ နေရာယူ၍ ကားကို နောက်ပြန် တွန်းသည်။ အဒေါ်ကြီး နှစ်ဦးက 'ဟဲ့ အို' မြည်တမ်းလျက်၊ ကလေးက ကျွက်ကျွက်ညံအောင် အော်ငိုလျက်၊ ကားက ကတ္တရာလမ်းပေါ် ပြန်ရောက်လာသည်။

သုံးဘီးဆရာလည်း ဒယိမ်းဒယိုင်ဖြင့် ကားဘက် ပြန်လျှောက်လာနေသည်။ မီးတောက်က လမ်းဘေးမှာ ကျန်ခဲ့သည်။

သက်ပြင်းချရုံ ရှိသေး။

'ဟာ ဟော့ကောင်တွေ၊ စက်လောင်နေပြီကွ၊ ကားလောင်တော့မယ်'

www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်း တစ်ယောက်က ထအော်သည်။

သုံးဘီး ကားအလည်က အင်ဂျင်အဖုံးက ပွင့်ထွက်နေသည်။ အဲသည့်အထဲမှာတော့ မီးတောက်တွေ ရှိနေသည်။

သည်တော့မှ အဒေါ်ကြီး နှစ်ယောက် အခြေအနေကို ရိပ်မိဟန်တူသည်။ ဝူးဝူး ဝါးဝါး အော်၍ ကားပေါ်မှ ပြေးဆင်းသည်။ ကလေးက ငိုရင်းက ကြောင်တက်တက် မတ်တတ်ဆင်းရပ်၍ ကျန်ခဲ့သဖြင့် ရဲဝင့်က ဆွဲချီပြေး၍ အဒေါ်ကြီးတစ်ယောက် လက်ထဲသို့ ထည့်သည်။

'ရေ ရှာဟေ့ ရေရှာ'

'လမ်းဘေးမှာ ဘယ်လိုလုပ် ရေရှိမလဲကွ'

ရဲဝင့် ကျီးကန်းတောင်းမှောက် ပတ်ဝန်းကျင်ကို လှည့်ကြည့်သည်။ စိုထိုင်းထိုင်း ပေါက်နေသောမြက်ပင် တစ်ကွက်ကို နွံထဲမှာ တွေ့သည်။

'ရပြီဟေ့ လာကြ'

သူငယ်ချင်း သုံးယောက် မြက်ပင်တွေကို လက်နိုင်သလောက် ပြေးနှုတ်၍ သုံးဘီး အင်ဂျင် မီးလောင်နေသည့် နေရာကို ဝိုင်းဖို့ကြသည်။ သုံးလေးခေါက်လောက် လုပ်လိုက်တော့ မြက်မှ အစိုဓာတ်နှင့် မီးငြိမ်းသွားသည်။

လူငယ်သုံးဦး သဘောကျစွာဖြင့် လက်ဖဝါးများ ပုတ်ဖက်ခါ၍ လက်မထောင်ကြသည်။ လမ်းဘေးက မီးလောင်ကွက်လည်း ငြိမ်းသွားသည်။

သုံးဘီးဆရာလည်း ရှုံ့မဲ့၍ အနား ရောက်လာသည်။

'သုံးဘီး ဆရာကြီး၊ ခင်ဗျားကားကို ကျွန်တော်တို့ ကယ်လိုက်ပြီဗျ'

သုံးဘီးဆရာက ရှုံ့မဲ့၍ ခေါင်းခါပြသည်။

'ဘော်ဒီ မီးမလောင်တာတော့ ကျေးဇူးတင်ပါရဲ့ကွာ၊ စက်ကတော့ မင်းတို့ ထိုးထည့်တဲ့ မြက်ပင်တွေနဲ့ ပြင်လို့တောင်ရမှာ မဟုတ်တော့ပါဘူး'

လူငယ်သုံးဦး ခေါင်းကုတ်၍ ရယ်မိကြသည်။

○

'မြည်က နည်းနည်း လိုသေးတယ်ကွ၊ ဒီလမ်းက ဟိုင်းဝေးကမှ မဖြတ်ရင် မြည်ရောက်ဖို့ ဘာမှ အကြို မရှိဘူး'

ရဲဝင့်က ညည်းတွားတော့ သူငယ်ချင်းတစ်ဦးက ရယ်သည်။

'လူတောင် ကံကောင်းလို့ မသေတာ၊ မင်းက ရောက်ဖို့ လောနေသေးတယ်'

'ဟ ဒီည မင်းဘူးကားကို မမီရင် ငါ မင်္ဂလာဆောင် မမီတော့ဘူးလေကွာ'



နောက် သူငယ်ချင်း တစ်ဦးကပါ ဝင်ရယ်သည်။

'မမီ ဘာဖြစ်လဲကွာ၊ မီထွေးရမယ့် ကိစ္စ မင်း အဲသလောက် တက်ကြွနေစရာ မလိုပါဘူး'

မင်္ဂလာဆောင်မည့်သူက ရဲဝင့်၏ ဖေဖေပါ။

'စာမေးပွဲကပြီးတာ တစ်ပတ်တောင် ရှိပြီ၊ ငါက မင်းတို့နဲ့ လျှောက်လည်နေတာ၊ မင်္ဂလာဆောင်တောင် အမီ ပြန်မရောက်ရင် ဖေဖေက ငါ့ကို သူ မိန်းမယူတာ မကျေနပ်လို့ သက်သက်လုပ်တယ်လို့ ထင်တော့မှာပေါ့ကွ'

'နို့ မင်းက ကျေနပ်လို့လား'

ရဲဝင့်က ခေါင်းကို ဖြည်းညင်းစွာ ခါသည်။

'ဖေဖေ့အသက်က လေးဆယ်ပဲ ရှိသေးတာ၊ မေမေဆုံးတာ ငါးနှစ်တောင် ရှိပြီ၊ ငါလည်း အခု တက္ကသိုလ်တက်ရင် ဖေဖေနဲ့ ခွဲသွားရတော့မှာ၊ ဖေဖေ နောက်မိန်းမ ယူတယ်ဆိုတာက သူ့ရဲ့ ကိုယ်ပိုင် လွတ်လပ်ခွင့်လေကွာ၊ ငါက ဝင်မစွက်သင့်ဘူး၊ ငါလည်း သူနဲ့ တစ်သက်လုံး အတူနေမှာမှ မဟုတ်တာ၊ ပြီးတော့ ဖေဖေ့လို ဘာမှ အပိုဝင်ငွေ မရှိတဲ့ ကျောင်းဆရာကြီးကို ယူတယ်ဆိုကတည်းက တကယ် သံယောဇဉ် ထားနိုင်လို့က လွဲလို့ ဘာမျှမှ အကြောင်း မရှိတာ၊ သားလုပ်တဲ့လူက ဝင်တွန့်တိုနေစရာ အကြောင်း မရှိပါဘူး၊ ကိုယ်နဲ့ မဆိုင်ဘူးပဲ သဘောထားရမှာ'

သူငယ်ချင်း သုံးဦးသား အဝေးပြေး လမ်းမကြီးဘေး၊ မြက်ခင်းပြင်တွင် တိတ်ဆိတ်စွာ ဆက်ထိုင်နေရင်း ဝင်လုဝင်ဆဲ နေမင်းကြီးကို ငေးကြည့် နေမိကြသည်။

သုံးဘီးကားကတော့ လမ်းဘေး တစ်နေရာတွင် ပိုင်ရှင်မဲ့ တိတ်ဆိတ်စွာ ကျောက်ချထားသည်။ အဒေါ်ကြီး နှစ်ယောက်၊ ကလေးနှင့် သုံးဘီးဆရာတို့ နောက် သုံးဘီးကြုံတစ်စီးနှင့် ပါသွားပြီ။ သူတို့ပါလိုက်ဖို့ မဆံ့သဖြင့် ကျန်ခဲ့ကြခြင်း ဖြစ်သည်။

'မင်း မိထွေးက ဘာလုပ်သလဲ'

တစ်ယောက်က မေးသည်။

'ကျောင်းဆရာမပဲကွ၊ အသက် သုံးဆယ်ကျော်ပဲ ရှိသေးသတဲ့၊ သူလည်း မုဆိုးမပဲ၊ သူတို့ လက်ထပ်ပြီး မကြာခင်ပဲ ယောကျ်ားက ဆိုင်ကယ်တိုက်ပြီး ဆုံးသွားတာ၊ သူက ကိုယ်ဝန်နဲ့ ကျန်ခဲ့တာတဲ့၊ ဖေဖေတို့ ကျောင်းကပဲ'

သုံးယောက်သား ပြန် တိတ်ဆိတ် သွားကြပြန်သည်။ တစ်အောင့်လောက်

www.burmeseclassic.com

www.burmeseclassic.com



ကြာတော့မှ သူငယ်ချင်း တစ်ယောက်က ဟုတ်ပြီ။ ငါသတိရပြီဟု ဆိုသည်။

'ဘာလဲဟ'

'ပြည်၊ မန္တလေး ကားတွေလေ၊ ဒီလမ်းက ဖြတ်တာပဲ၊ ဒီ အချိန်ဆို တစ်စီးတလေ ကျန်နိုင်သေးတယ်၊ တို့အခု ပြည်ဘက်ကားကို မျှော်မယ့်အစား ပြောင်းပြန်စောင့်လိုက်၊ ကံကောင်းရင် မင်း နောက်တစ်နေ့မနက် မင်္ဂလာဆောင် မီရုံတင်မကဘူး၊ ဒီညတောင် အိမ်မှာ ညအိပ်အမီ ရောက်နိုင်တယ်'

ရဲဝင့်က လက်ပတ် နာရီကို ငုံ့ကြည့်သည်။

'ကုန်လောက်ပြီဟ'

'မထင်နဲ့ မောင်၊ လူမပြည့်ရင် မထွက်တဲ့ကားတွေ ရှိတယ်၊ နည်း နည်း စုတ်တာ၊ ရပ်စီးရတာ ရှိချင် ရှိမှာပေါ့၊ ဘာဖြစ်လဲ မကွေးရောက်ရင် တော်ပြီပေါ့၊ မင်းဘူး ကူးတဲ့ လှေက ရမှာပဲဟာ'

ရဲဝင့် သက်ပြင်းချသည်။

'အေးလေ ဒီနည်းပဲ ရှိတာပဲ'

မင်းဘူးအိမ်ကို ရဲဝင့် ပြန်ရောက် သွားသောအချိန်မှာ ညတော်တော် နက်နေပြီ ဖြစ်သော်လည်း အိမ်မီးများ ထွန်းထားပြီး စကားပြောသံများ ကြားနေရသဖြင့် ဧည့်သည်များ ရှိနေကြောင်း ရိပ်မိလိုက်သည်။

အန်တီခင်။

အန်တီခင်ကတော့ ဧည့်သည် မဟုတ်တော့။ ဖေဖေနှင့် လက်မှတ်ထိုးထားပြီး ဖြစ်၍ အိမ်တွင်ပင် ရှိနေလိမ့်မည်။

အခုက အန်တီခင် သာမက မင်္ဂလာဆောင်အတွက် ပေါက်ခေါင်းဘက်မှ ရောက်ရှိနေကြသော ဖေဖေ့ အမျိုးတွေရော ဆင်ဖြူကျွန်းဘက်မှ ရောက်ရှိနေကြသော အန်တီခင့် အမျိုးတွေပါ အိမ်မှာ တည်းနေကြတာ ဖြစ်မည်။

သူငယ်ချင်း နှစ်ဦးက သူ့ကို အမှောင်ထဲမှာပင် နှုတ်ဆက်၍ လမ်းဘက် ပြန်လျှောက်သွားကြသည်။

လမ်းထိပ်စာလျှင် အနိမ့်ပိုင်းမှာ ရှိနေသော အိမ်ကလေးဆီ လမ်းလျှောက် ဆင်းလာတော့ အိမ်ရှေ့ ဒန်းကလေးပေါ်မှာ တစ်စုံတစ်ဦး ထိုင်နေသည်ကို အမှောင်ထဲမှာ ဖျဖျကလေး မြင်သည်။

အသက် ၁၀ နှစ်ခန့် ကလေးမ ကလေးတစ်ဦး။

ဒန်းပေါ်မှာ ကြောင်တက်တက် ထိုင်၍ လရောင်ကို ငေးကြည့်နေသည်။

သူ အနားသို့ ကပ်သွားတော့ အိမ်တွင်းမှ သံဆန်ခါကွက်ကို ကျော်၍



ထွက်လာသော အလင်းရောင်နှင့် သူ့ကို ကောင်မလေးက မြင်သွားသည်။

အနည်းငယ် လန့်သွားပုံလည်း ပေါ်သည်။ အိမ်တွင်းဘက်သို့ ပြူးပြူး ပျာပျာ လှမ်းကြည့်သည်။

ဟုတ်ပါရဲ့။ သူကလည်း ပေရေ စုတ်ပြတ်နေတာကိုး။

'မကြောက်ပါနဲ့ နှမလေးရဲ့၊ အစ်ကိုက ဒီအိမ်ကပါ၊ လမ်းမှာ သုံးဘီး မှောက်လာလို့ပါ'

ရယ်၍ ရှင်းပြလိုက်သည်။

ကောင်မလေးက သူ့မျက်နှာကို သေသေချာချာ စိုက်ကြည့်နေပြီးမှ စိတ်အေး သွားပုံ ရသည်။

'အစ်ကို ရဲဝင့် ဆိုတာလား'

'ဟုတ်တယ်၊ ညီမလေးက ဘယ်သူလဲ'

'သမီးက ဒေါ်ခင်ခင်ရဲ့ သမီးပါ'

ဪ လက်စသတ်တော့ သူ့မိထွေး၏ သမီး။ သူနှင့် သွေးသား မတော်စပ်ဘဲ တစ်အိမ်တည်း နေရမည့် နှမပေါ့။

တော်ပါသေးရဲ့။ ကလေးလေး ဖြစ်နေလို့၊ ရွယ်တူတွေသာဆို လူပျိုပေါက်၊ အပျိုပေါက် အနေရအထိုင်ရ ကျပ်ပြီး တစ်ချိန်လုံး လက်ဖက်ရည်ဆိုင် သွားထိုင် နေရတော့မည်။

ခုတော့ အရွယ်မရောက်သေးသည့် ကလေးလေး။

စိတ်လျှော့လိုက်ရ၍လား မသိ။

ယခုမှပဲ ကိုယ်တွေ လက်တွေ ကိုက်ခဲ၍ နုံးချည့်လာသည်။

ကောင်မလေးက သိတတ်စွာ ဒန်းကို တစ်ဖက်သို့ တိုး၍ ထိုင်ပေးသဖြင့် ဘေးက လွတ်သော နေရာကို ရဲဝင့် ဝင်ထိုင်လိုက်သည်။

'အစ်ကို ဘာမှတော့ မဖြစ်ဘူး မဟုတ်လား'

ကောင်မလေးက စိုးရိမ်ဟန်ဖြင့် မေးတော့ ရဲဝင့်က ရယ်မိသည်။

'ညီမရယ်၊ သုံးဘီးမှောက်တာပဲဟာ၊ ကားကြီး မှောက်တာမှ မဟုတ်တာ၊ လွင့်ကျလို့ ပွန်းရုံ ရှရုံပဲပေါ့'

ကောင်မလေးက လိုက်ရယ်သည်။

'အစ်ကိုက နာမည်နဲ့ လိုက်တယ်၊ ရဲဝံ့ တဲ့။ သတ္တိ ရှိတယ်'

ရဲဝင့်က ပြုံး၍ ခေါင်းခါသည်။

'အစ်ကို့ နာမည်က ရဲဝံ့ မဟုတ်ဘူး၊ ဖေဖေ့နာမည် ဦးအောင်ဝင့်ကို

www.burmeseclassic.com

www.burmeseclassic.com



ယူထားတာ၊ ရဲဝင့်တဲ့ 'င'သတ် အောက်ကမြစ်နဲ့၊ ဝင့်ဆိုတာ သတ္တိ ရှိတာ မဟုတ်ဘူး၊ မာန ထောင်လွှားတာ'

ကောင်မလေးက ဟက်ဟက်ပက်ပက် ရယ်သည်။

'အစ်ကိုက သိပ်ပြောတတ်တာပဲ၊ အစ်ကိုနဲ့ စကားပြောရတော့ နည်းနည်း စိတ်ညစ်နေတာတောင် ပျောက်သွားပြီ'

'ညီမက ဘာလို့ စိတ်ညစ်နေတာလဲ'

နှာခေါင်းကလေး ရှုံ့ပြသည်။

'ဘာရယ် မဟုတ်ပါဘူး၊ မေမေ နောက်အိမ်ထောင်ပြုတာက နားလည် ပေးလို့ ရပါတယ်၊ ဆရာကြီး အဲလေ အစ်ကို့ ဖေဖေ အကြောင်းလည်း သိနေ တာပဲ၊ ဒါပေမဲ့ ထုံးစံအတိုင်း ပတ်ဝန်းကျင်က ပွစိပွစိနဲ့ဆိုတော့ စိမ်းဝေလည်း စိတ်ညစ်တာပေါ့'

'စိမ်းဝေ ဟုတ်လား'

'ဟုတ်တယ် စိမ်းဝေ နာမည်က 'စိမ်းဝေ' တဲ့၊ နှစ်လုံးတည်း'

●

## စိမ်းဝေ [ ၁ ]

စိမ်းဝေ ဘဝထဲသို့ ကိုကို ဘယ်လို စရောက်လာခဲ့တာလဲ ဆိုတာကို ပြန်စဉ်းစား ကြည့်တိုင်း စိမ်းဝေ ရင်နင့်စွာ အသိအမှတ် ပြုခဲ့ရသည့် အမှန်တရား တစ်ခု ရှိသည်။ အဲဒါကတော့ ကိုကိုသည် စိမ်းဝေ ဘဝထဲကို ဘယ်တုန်းကမှ ရောက် မလာခဲ့ပါဘူး ဆိုသည့် အချက်ပင် ဖြစ်လေသည်။

မွေးကတည်းက ဖခင်ကို မမြင်ဖူးခဲ့သော စိမ်းဝေ၊ ၁၀ နှစ်သမီးကျ ခါမှ ပထွေးတစ်ယောက် ရသည်။ ပြဿနာတော့ သိပ်မရှိ။ ဆရာကြီး ဦးအောင်ဝင့် သည် ဝတ္ထု ဇာတ်လမ်းတွေထဲက ပထွေးမျိုးနှင့် ဘယ်လိုမှ နှိုင်းယှဉ် ပြောစရာ အကြောင်းမရှိသောပထွေးမျိုးဖြစ်သည်။စိမ်းဝေဘဝမှာပထမဦးဆုံးဖေဖေဟု စခေါ်ရသူမှာဦးအောင်ဝင့်ဖြစ်သလိုသူ့ကိုလည်းအဖေအရင်းတစ်ယောက်လို စိမ်းဝေ သဘောထားနိုင်သည်။

ဦးအောင်ဝင့်မှာ ၁၀ တန်း ကျောင်းသား လူပျိုပေါက်အရွယ် သား တစ်ယောက် ရှိနေသည် ဆိုတာကိုလည်း ဘယ်လိုမှ စနိုးစနောင့် မဖြစ်။ ထိုစဉ်က စိမ်းဝေ ၁၀ နှစ် သမီးသာ ရှိသေးသည်။ ကိုယ့်ထက် ၆ နှစ်တောင် ကြီးသော အဲသည့်လူကို အစ်ကိုလို သဘောထားချင်ထား သို့မဟုတ်လျှင် သူစိမ်းလို သဘော ထားလိုက်ရုံသာ။

ဖေဖေ့ဘက်က ဘိုးဘိုး၊ ဘွားဘွားတွေကတော့ စိမ်းဝေကို ဆင်ပြူကျွန်း ခေါ်သွားမည်ဟု ဆိုကြသေးသည်။ မေမေ သဘောမတူပါ။

'သမီး အိမ်ထောင်ပြုတာ သမီး တစ်ယောက်တည်းအတွက် တွက်ပြီး ပြုတာ မဟုတ်ဘူး ဖေဖေ၊ အစ်ကိုကြီးဟာ သမီးကလေးအတွက် ဖခင် ကောင်း တစ်ယောက် ဖြစ်လာနိုင်တယ် ဆိုတာ သေချာလို့ ပေ့ာ၊ သမီး ကလေးကို သမီး လက်ပေါ်မှာပဲ ပေးကြီးမယ်'

www.burmeseclassic.com

www.burmeseclassic.com



ဘွားဘွားက သက်ပြင်းချသည်။

'မောင်အောင်ဝင့်က လူကောင်း တစ်ယောက်ဆိုတာ တို့လည်း ရိပ်မိပါတယ်၊ ဒါပေမဲ့ သူ့သားကလေးက ၁၆ နှစ်၊ တို့မြေးက ၁၀ နှစ်၊ အခုတော့ ဟုတ်တာပေါ့၊ နောင် ၆ နှစ် ၇ နှစ် ဆိုရင် အပျို လူပျို သွေးမတော် သားမစပ် တစ်အိမ်တည်း နေလို့ ဘယ်လိုလုပ် သင့်တော်မှာတဲ့လဲ'

မေမေက ပြတ်သားစွာ ခေါင်းခါသည်။

'ကောင်လေးက ၁၀ တန်း အောင်ရင် ရန်ကုန်သွား။ တက္ကသိုလ် တက်မှာ တစ်နှစ်မှာ အိမ်မှာလာနေ လှ တစ်လပဲ၊ ပြီးတော့ သည်အိမ်က သူတို့တစ်သက်လုံး နေလာတဲ့အိမ် ဆိုပေမယ့် အခု သမီးတို့ သားအမိရဲ့ အိမ်လည်း ဖြစ်နေပြီ၊ အနေကျဉ်းကျဉ်း ကျဉ်းရင် ခဏတစ်ဖြုတ် ဧည့်သည်လို ပြန်လာတဲ့ သူက ကျဉ်းရမှာ၊ သမီးရဲ့ သမီးကလေး ဘာမှ အနေကျဉ်းစရာ အကြောင်း မရှိဘူး'

သည်ဆွေးနွေးသံတွေကို ဘေးကနေ ကြောင်တက်တက်နှင့် ငြိမ်ငြိမ်ကလေး ထိုင် နားထောင်ရင်း စိမ်းဝေ တစ်ယောက် မောင်ရဲဝင့်ဆိုသည့် သူကို ဘယ်လို ဆက်ဆံရမည် ဆိုတာ တော်တော် တွေးရခက်နေခဲ့မိသည်။

တကယ် တွေ့ရတော့လည်း ဘာမှ မထူးခြားပါ။

ကားမှောက်ထားသဖြင့် ပေရေစုတ်ပြတ်ပြီး ရောက်လာသူ မောင်ရဲဝင့်မှာ သူ့ ပုံပန်းသဏ္ဌာန်ကြောင့် စိမ်းဝေကို ခေတ္တမျှ ထိတ်လန့်စေခဲ့သော်လည်း စကား စပြောကတည်းက ရင်းရင်းနှီးနှီး အေးအေးဆေးဆေး ရှိလှသည်။

နောက်ပိုင်း တစ်အိမ်တည်း နေကြရတော့လည်း စိမ်းဝေကို ကလေးလေး တစ်ယောက်လိုသာ ဆက်ဆံသည်။

သွေးမတော် သားမစပ် အတူ နေရမည့် ယောကျ်ားမျိုး တစ်ဦးဟုလည်း ဟန့်နေစရာ အကြောင်း မရှိ။ အစ်ကို တစ်ယောက်လို ရင်းရင်းနှီးနှီး ဆက်ဆံဖို့ကျတော့လည်း သူကိုယ်တိုင်ကိုက စိမ်းဝေကို 'ဟိတ် ညီမလေး၊ စားပြီးပြီလား' ဖေဖေတို့ ပြန်လာရင် ကိုကို သူငယ်ချင်းတွေအိမ် သွားတယ် ပြောလိုက်' တို့လောက်သာ ရှိပြီး ရင်းရင်းနှီးနှီးကြီးတော့လည်း မနေလှပါ။

အင်းလေ အရွယ်ကလည်း ကွာတာကိုး။

ဒါကြောင့် ပြောတာပေါ့။

စိမ်းဝေ ဘဝထဲကို ကိုကို တစ်ခါမှ တကယ် ရောက်မလာခဲ့ပါဟု။

၀



ထိုနှစ်က ကိုကို ၁၀ တန်းကို သုံးဘာသာ ဂုဏ်ထူးဖြင့် အောင်သည်။ မင်းဘူး အ. ထ. က တွင် အငယ်တန်းတွေ တက်ခဲ့စဉ်က ကိုကို ပညာထူးချွန်သည်ဟု ဘယ်သူမှ မပြော။ ရန်ကုန်မှာ ၁၀ တန်း သွားတက်ပြီး စာမေးပွဲ ဖြေတော့မှ ထူးချွန်စွာ အောင်ခြင်း ဖြစ်သည်။

ကိုကိုနှင့် အတူ မင်းဘူးမှ သူငယ်နှစ်ဦးလည်း ၁၀ တန်းကို ရန်ကုန်မှာ သွားနေပြီး ဖြေကြတာ ဖြစ်သော်လည်း သူတို့က ရိုးရိုးသာ အောင်မြင်သည်။ ၁၀ တန်းတုန်းက တော်တော် တွဲခဲ့ကြသော သူငယ်ချင်းတွေ ဖြစ်သော်လည်း အောင်စာရင်း ထွက်ပြီးနောက် ကိုကိုနှင့် သူတို့နှစ်ယောက် နည်းနည်း တန်းသွားကြသည်။ ကိုကို ပို၍ အိမ်ကပ်လာသည်။

တစ်ယောက်၏ နှမက စိမ်းဝေ သူငယ်ချင်းပါ။

'စိမ်းဝေရယ်၊ နင်က အစ်ကို တစ်ယောက် ရပေမယ့် ငါတော့ ကြီးလာရင် နင့်ကို ယောင်းမ မတော်ချင်ပါဘူး'

'အလိုတော် ဘာကြောင့်'

'နင့် အစ်ကိုက ရုပ်ကလည်း ဆိုးသေး၊ ဘဝင်ကလည်း မြင့်သေး'

'ဟယ် ပြောထည့် လိုက်တာ၊ သူများကို'

'တကယ် ပြောတာဟဲ့၊ ငါ့အစ်ကိုနဲ့ သူနဲ့ ဘယ်လောက်တွဲခဲ့လဲ နင်လည်း သိတာပဲ၊ အစ်ကိုက ရန်ကုန် ပို့ပြီး ဝိုင်းကောင်းတွေ ထားတာတောင် ဂုဏ်ထူး တစ်ခုမှ မထွက်လို့ အိမ်မှာ မျက်နှာမရ ဖြစ်နေတာ၊ အဲဒါ နင့် အစ်ကိုက အိမ်လာတိုင်း သူ ဆေးကျောင်း ရွေးရမလား၊ စက်မှုပဲ ရွေးရမလား စဉ်းစားလို့ ရေလို့ စိတ်ညစ်တဲ့ အကြောင်းတွေချည်း လာလာကြွားတော့ ကြာတော့ ငါ့အစ်ကိုက သည်းမခံနိုင်တော့ဘူးပေါ့၊ အဲဒါနဲ့ သူတို့ အခု သိပ်တောင် မခေါ်ကြတော့ဘူး'

စိမ်းဝေ ဘာပြန်ပြောရမည် မသိ။

၀

အဲ့ညတော့ စိမ်းဝေတို့ မောင်နှမ အိမ်ရှေ့ ဒန်းကလေးမှာ အတူ ထိုင်နေကြတုန်း စိမ်းဝေ အဲသည့် အကြောင်းတွေ ကိုကို့ကို ပြောပြဖြစ်သည်။

ကိုကိုက ရယ်သည်။

'ထင်သားပဲ၊ ဒါကြောင့် ဒီကောင်တွေ သွားခေါ်တိုင်း ဟိုအကြောင်းပြ သည်အကြောင်းပြနဲ့'

www.burmeseclassic.com

www.burmeseclassic.com



'ကိုကိုကလည်း အဲဒါတွေ သွား မပြောနဲ့ပေါ့'

ကိုကိုက ပြုံး၍ ခေါင်းခါသည်။

'ကိုကိုက သွားကြွားတာ မဟုတ်ရပါဘူးကွာ၊ အရင်းနှီးဆုံး သူငယ်ချင်းတွေ ဆိုပြီး သွားတိုင်ပင်တာပါ၊ ကိုကို တကယ် စဉ်းစားရ ခက်နေလို့'

'ကိုကိုကလည်း ဖေဖေနဲ့ မေမေကို တိုင်ပင်ပေါ့'

ကိုကို သက်ပြင်းချသည်။

'စိမ်းဝေရယ်၊ အန်တီခင်က ကိုကို့ မေမေမှ မဟုတ်တာ၊ ၁၆ နှစ် သားကျမှ စတွေ့ဖူးတဲ့လင်ပါသား၊ ဘယ်လောက်ပဲသူစိမ်းလို့မခြင်ဘူးထား၊ ကိုယ့်အမေလို သွားတိုင်ပင်လို့ ဖြစ်ပါ့မလား၊ ပြီးတော့ ဆေးပဲ တက်တက်၊ စက်မှုပဲ တက်တက်၊ ငါးနှစ်နဲ့ ခုနစ်နှစ်ကြား တက်ရမှာ၊ ဖေဖေ့ အနေအထားနဲ့ နိုင်ချင်မှနိုင်မှာ၊ ကိုကို သွားတိုင်ပင်ရင်တော့ ဖေဖေက 'ဆေး' ပဲ တက်ပဲ ပြောမှာ၊ ဖေဖေ့မှာက အိမ်ထောင်အသစ်နဲ့၊ ဘဝကာ ခုမှ ပြန်စနေရတာ၊ ကိုကို နားလည်မပေးလို့ မရဘူး၊ အဲဒါကြောင့် ဟိုကောင်တွေနဲ့ သွားတိုင်ပင်တာ၊ သူတို့က သူတို့ ခံစားချက်တွေ အဓိက ထားနေကြတာကိုး'

စိမ်းဝေ ပင့်သက် ရှိုက်မိသည်။

'ဒါဆိုလည်း စိမ်းဝေနဲ့ တိုင်ပင်လေ'

'ဟေ'

'ဘာ ဟေလဲ၊ စိမ်းဝေက အခု ကိုကို့ရဲ့ တစ်ဦးတည်းသော ညီမလေး၊ စိမ်းဝေနဲ့ မတိုင်ပင်ချင်ရအောင် ကိုကိုက စိမ်းဝေကို ညီမလေးလို့ သဘော မထားလို့လား'

နှုတ်ခမ်းကလေး စူ၍ ပြောနေသော စိမ်းဝေကို ကြည့်၍ ကိုကိုက ရယ်ပါတော့သည်။

'စိမ်းဝေရယ်၊ ညည်းက ကလေးလေး ရှိသေးတာ၊ ဘာနားလည်လို့လဲ'

'ကိုကိုနော်'

မသိမသာ ခြေဆောင့် ပြသော စိမ်းဝေကို ကြည့်၍ ကိုကိုက ဟက်ဟက်ပက်ပက် ရယ်သည်။ 'ဒါနဲ့ နေပါဦး၊ စိမ်းဝေ သူငယ်ချင်း ပြောတဲ့ အထဲမှာ ကိုကိုက ဘဝင်မြင့်တာ အပြင် ရုပ်ဆိုးတာလည်း ပါသေးတယ်၊ ကိုကို့ရုပ်က အဲသလောက် ဆိုးလို့လား'

စိမ်းဝေ သံဆန်ခါ အကွက် အလင်းရောင် ဟပ်နေသော ကိုကို့ မျက်နှာကို သေသေချာချာ ကြည့်မိသည်။ မျက်ခုံးထူလွန်းပြီး မျက်တွင်း နက်လွန်းသဖြင့်



ကိုကို့မျက်လုံးများကို မမြင်ရ။ အမှောင်ရိပ် ကွယ်နေသည်။

'ကိုကိုက'

'အင်း'

'အသား မည်းတယ်'

စိမ်းဝေက လက်ကလေးတစ်ချောင်း ချိုးပြသည်။ ကိုကိုက ပြုံး၍ ဒါပဲလား ဟု မေးသည်။

'မျက်တွင်း နက်တယ်'

'ပြီးတော့'

'ပါးခွက်တယ်'

'ကုန်ပြီလား'

'မြို့ပြောရရင်တော့ အရုပ်ဆိုးတာတော့ မဟုတ်ဘူးပေါ့ ကိုကိုရယ်၊ ရုပ်မလှဘူးပေါ့'

'ဘာထူးလဲဟ'

ကိုကိုက စိမ်းဝေ ခေါင်းကို မနာအောင် ခေါက်၍ ကောင်မလေး သူ့ကို ဘာမှ နားမလည်ဘူးပြောလို့ ငါ့ကို အငြိုးနဲ့ တွယ်နေတာဟု ဆိုသည်။

နောက်ဆုံးတော့ ကိုကို၊ စက်မှု တက္ကသိုလ်ပဲ လျှောက်ဖြစ်ပါသည်။ တက္ကသိုလ် ဝင်ခွင့်များ ထွက်လာ၍ ကိုကို တကယ် စက်မှုတက္ကသိုလ် တက်ခွင့်ရသော အခါ၌မူကား ဆေးတက္ကသိုလ် ဝင်မှတ် အနိမ့်ဆုံးကိုလည်း ကြားသိရသဖြင့် နဂိုကတည်းက ကိုကို ဆေးတက္ကသိုလ် လျှောက်လျှင်လည်း ကပ်ပြုတ်မည်ကို သိရသဖြင့် ကိုကိုရော စိမ်းဝေပါ စိတ်တုံးတုံး ကျသွားကြပါသည်။

သူငယ်ချင်းတွေကတော့ ဆေး အစကတည်းက ဝင်တာ မဟုတ်ဘဲနဲ့ အခြောက်တိုက် ကြီးကျယ်နေတဲ့ ကောင်ဟု ဆိုကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com

## ရဲဝင့် [ ၂ ]

အရှေ့မြင် အနောက်မြင် တောင်ထိပ်ကို တက်ကြည့်လိုက်တော့ လုံးနေသော တောင်ထိပ်ကို သေသေချာချာ မမြင်ရ။ အပေါ်က တိမ်တိုက်တွေ လျှင်မြန်စွာ ဖြတ်ပြေးနေသည်ကို မြင်ရသည်။

'တစ်ခြ ထပ်တက်ရဦးမှာပေါ့'

ဘေးမှာ အတူလျှောက်လာသော သူငယ်ချင်း ဟန်ပိုက ညည်းတွားတော့ သူတို့နောက်က ပါလာသော သရုပ်ပြဆရာမကလေး ဒေါ်ဆွေဆွေက ရယ်သည်။

'ဘာတစ်ပြလဲ ဟဲ့၊ အဲဒါကွယ် နေလို့ မမြင်ရတာ၊ နှစ်ကြော ရှိတယ်၊ နောက်ဆုံး အကြောကျမှကော့ တက်ရမှာ'

'အမေရေ သေပြီ'

စိတ်ပျက်လက်ပျက် ထိုင်ချလိုက်သော ဟန်ပိုကို ကြည့်၍ ရဲဝင့်နှင့် ဆွေဆွေ ဝိုင်းရယ်ကြသည်။

'ဘာလဲကွ၊ အစကတည်းက မောမှာ ကြောက်ရင် ဘာလို့ တောင်တက်သလဲ'

'မစွံလို့ပေါ့၊ မစွံလို့ဟ၊ မစွံတောင်တက်၊ မတက်လှေလှော်၊ မလှော်ရေကူး၊ မကူး စာသင်ဆိုတဲ့ ထဲမှာ လှေလှော်တာရော၊ ရေကူးတာရော၊ စာသင်တာရော ငါ ဘာမှ မလုပ်တတ်လို့ တောင်လာတက်တာ ရှင်းပြီလား'

ဟန်ပိုက အငေါ်တူးတော့ ရဲဝင့်က အားရပါးရ ရယ်သည်။

'မင်းဟာမင်း မစွံတာ ကြော်ငြာချင် ကြော်ငြာ၊ တို့တီချယ်တော့ မထိခိုက်စေနဲ့'

ဆရာမကလေး ဒေါ်ဆွေဆွေက အပျိုကြီးဖြစ်သည်။

'ခွေးကောင်ကလေးတွေ၊ နင်တို့ အမောမခံနိုင်တိုင်း ငါ့ ဆွဲမထည့်နဲ့'

'ဟုတ်ပါတယ် တီချယ်ရဲ့၊ ကျွန်တော်ကလည်း တီချယ့်ကို ဆွဲမထည့်ဖို့ ဒီကောင့်ကို ပြောနေတာပါ'



'တော်စမ်း ရဲဝင့်၊ နင့်အကြောင်း ငါသိတယ်'

နောက်က ဆရာဦးကျော်မြင့် အပါအဝင် ကျောင်းသား ကျောင်းသူ ၄၊ ၅ ယောက် မီလာသဖြင့် နားစွန်နားဖျားနှင့် ဆရာဦးကျော်မြင့်က ဘယ်သူ မစွံတာလဲ ဆွေဆွေရဲ့ဟု လှမ်းမေးတော့ ဝါးခနဲ ရယ်မိကြသည်။ ဆရာကလည်း လူပျိုကြီး မဟုတ်ပါလား။

တက္ကသိုလ် ကောလိပ် ပေါင်းစုံ ခြေလျင်တောင်တက် အဖွဲ့ပါ။ အရှေ့မြင်အနောက်မြင်တောင်က ကျောက်တောင်လည်း မဟုတ်၊ ရေခဲတောင်လည်း မဟုတ်သဖြင့် တက္ကသိုလ် ကောလိပ် ပေါင်းစုံမှ ကျောင်းသူ၊ ကျောင်းသား ၁၀၀ ကျော် တက်ကြရာ စက်မှုတက္ကသိုလ် ဒုတိယနှစ် ကျောင်းသားများ ဖြစ်ကြသော ရဲဝင့်နှင့် ဟန်ပိုတို့ပါ ပါလာကြခြင်း ဖြစ်ပါသည်။

'မစွံတာတော့ အားလုံးပါပဲ ဆရာ၊ အခုက ဟန်ပိုက ပျော့လွန်းလို့ ကျွန်တော်နဲ့ တီချယ် အားပေးနေရတာပါ'

ဦးကျော်မြင့်က ပြုံးသည်။

'မင်းနဲ့တော့ ဘယ်တူမလဲကွ၊ လှိုင်တက္ကသိုလ် ပတ်ပြီး မိုင် ၂၀ လမ်းလျှောက်ခိုင်းတုန်းက မင်းက နံပါတ် ၃ နဲ့ ဝင်တဲ့သူ၊ ဟန်ပိုက နောက်ဆုံးနားက ဝင်တဲ့သူ'

'အဲ ဒါ ကြောင့် ပြောတာပေါ့ ဆရာရဲ့၊ သတ်မှတ်ချိန် မဝင်တဲ့သူတွေ ဖြုတ်ခဲ့ပါလို့'

ရဲဝင့်က ဟန်ပိုကို မခံချင်အောင်စတော့ ဟန်ပိုက ထိုင်နေရာမှ မျက်စောင်း လှမ်းထိုးသည်။

'မင်းလည်း အဲဒီ သောက်ပြောတွေကြောင့် ငါကလွဲရင် ပေါင်းမယ့်သူ မရှိတာတောင် မမှတ်သေးဘူးလား'

ဟန်ပို တွယ်လိုက်တာ ချက်ကောင်း ထိသွားသဖြင့် ရဲဝင့် ဘာပြန်ပြောရမှန်း မသိ။ ကျန် ကျောင်းသူ ကျောင်းသားများက ဝိုင်းရယ်ကြသည်။

မိုင် ၂၀ လူစစ်ပွဲတုန်းက သိပ်နွေး နေသူများကို မခေါ်ခဲ့သင့်ကြောင်း ဆွေးနွေးသည့် အုပ်စုမှာ ရဲဝင့် ထိပ်ဆုံးက ပါခဲ့တာတော့ အမှန်ပါ။ နောက်ဆုံး ကျောင်းသားခေါင်းဆောင် ကိုမြင့်မောင်တို့ အဖွဲ့က တမင် နောက်ဆုံးက ဝင်အောင် ချန်လျှောက်သဖြင့် သူတို့ကို မခေါ်မဖြစ်သောကြောင့် ဆရာများက လူတစ်ရာကျော်စလုံး ရွေးလိုက်ရတာပါ။ ထိုစဉ်က ရဲဝင့်ကို အတန်းငယ်မှ ဖြစ်ပြီး စွာသည်၊ ရင့်သည်ဟု မကျေနပ်သူ အများအပြား ရှိခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟေး ဘာလုပ် နေကြတာလဲ၊ တို့တစ်တွေ အလံတောင် စိုက်ထား ပြီးပြီ၊ လာကြလေ၊ ဘက်ခဲ့ကြလေ'

တောင်စောင်းပေါ်မှ ကိုမြင့်မောင်၏ အော်သံကြီး ထွက်လာသဖြင့် ဟန်ပို နေရာမှ လူးလဲ ထရလေသည်။

○

ရပ်စောက်မြို့နယ်ဆိုတာ တိမ်တွေချည်းပါလား။

တောင်ထိပ်မှာ လေအေးကလေး တဖြူးဖြူး တိုက်ခတ်နေသည်။ ကျောအပြားလိုက် ခြေဆန့်၍ မျက်နှာအထက်က ပြေးနေသော တိမ်များကို ကြည့်ရတာ အရသာ ရှိလှသည်။ နောက်ဆုံးတစ်ချက် အတက်မှာ နှလုံးခုန် ရပ်မတတ် မောဟိုက်ခဲ့ရသည်များ ကြက်ပျောက် ငှက်ပျောက် ပျောက်ကုန်သည်။

ဟန်ပိုလည်း သူ့ဘေးမှာ ပက်လက်။

'ရဲဝင့်နဲ့ ဟန်ပို'

ကိုမြင့်မောင် အသံ ခေါင်းပေါ်မှ ပေါ်လာသဖြင့် ရဲဝံ့ လူးလဲ ထ၍ မော့ကြည့်သည်။ ကိုမြင့်မောင် မျက်နှာ သိသိသာသာ ပျက်နေသည်။

'ဟုတ်ကဲ့ အစ်ကို မြင့်မောင်'

'လူစစ်တာ မိန်းကလေးနှစ်ယောက် လိုနေလို့ကွ၊ မင်းတို့လမ်းမှာ ထိုင်နားနေတဲ့ မိန်းကလေးတွေများ တွေ့မိသေးလား'

ရဲဝင့်လည်း ခေါင်းနပန်း ကြီးသွားသည်။

'မတွေ့ဘူး အစ်ကို၊ ကျွန်တော်တို့က စု ၁ လေ၊ ထိပ်ဆုံးက လာတာ'

ကိုမြင့်မောင် စိတ်ပျက်လက်ပျက် ခေါင်းခါသည်။

'အေးကွာ၊ ငါးစုစလုံး ဝင်လာပြီ၊ အခု စု ၂ က နှစ်ယောက်လိုနေတာ၊ စု ၂ က စုမှူးကို မေးတော့ သိပ်မလိုက်နိုင်လို့ နောက်က အဖွဲ့နဲ့ လိုက်ခဲ့မယ်လို့ ပြောသတဲ့'

'နောက်ချန်အဖွဲ့ရော'

'အေး ဟုတ်သားပဲ၊ နောက်ချန်အဖွဲ့ ရောက်ပြီလားဟေ့'

ပက်လက် အိပ်နေသော လူလေးငါးဦး လက်ထောင်ပြသည်။

'မိန်းကလေး နှစ်ယောက် ကျန်နေတာ တွေ့ခဲ့လားဟေ့'



'တွေ့တယ်၊ အစ်ကို မောနေလို့တဲ့၊ ဖြည်းဖြည်း လိုက်ခဲ့မယ်တဲ့'

ရဲဝင့် ထောင်းခနဲ ဒေါသ ထွက်သွားသည်။

'အဲဒါ ထားခဲ့စရာလားကွ၊ မင်းတို့ ဘယ်လို နောက်ချန်အဖွဲ့လဲ'

ထိုအဖွဲ့ထဲမှ တစ်ယောက်က ကုန်းထသည်။

'လိုက်ခဲ့ဖို့ လမ်းသိလား မေးတာရတယ် ဆိုလို့ ထားခဲ့တာပေါ့ကွ၊ မင်းက ဘာကောင်မို့ ငါတို့ကို အော်ရတာလဲ'

ကိုမြင့်မောင် နှစ်ယောက်စလုံးကို လက်ကာပြသည်။

'ကဲ တော်ကြ၊ တော်ကြ၊ အားလုံး ဒီမှာပဲ ဆက်နားနေ၊ ငါနောက်ပြန် ပြန်ရှာပြီး ခေါ်ခဲ့မယ်၊ မဆင်းကြနဲ့ဦး'

'ကျွန်တော်လည်း လိုက်မယ်၊ အစ်ကို'

ကိုမြင့်မောင် သက်ပြင်းချ၍ ခေါင်းညိတ်သည်။ ရဲဝင့်ပခုံးကို ဖွဖွ နှစ်ချက် သုံးချက် ပုတ်သည်။

ကျေးဇူးပဲဟု ဆိုလိုတာလား၊ ငါ့ညီ အပြောအဆို ဆင်ခြင်ဟု ဆိုလိုတာ လားမသိ။

မိန်းကလေး နှစ်ယောက် လမ်း မပျောက်ကြပါ။ သို့သော် မောလွန်း၍ ဘယ်လိုမှ ဆက်မတက်နိုင်တော့ဟုဆိုကာ ပြန်ဆင်းလာမည့် အဖွဲ့ကို လမ်းပေါ်က ထိုင်စောင့်နေကြသည်။

တစ်ယောက်က စီးပွားရေး တက္ကသိုလ် ပထမနှစ် ကျောင်းသူ၊ တစ်ယောက်က နောက်ဆုံးနှစ် ကျောင်းသူ။

'မိုက်လိုက်တာ ညီမ တို့ရယ်၊ အစ်ကိုတို့က ဒီလမ်းက ဆင်းမှာ မဟုတ်ဘူး၊ တော်သေးတာပေါ့၊ ပြန်ရှာမိပေလို့ပေါ့'

ကိုမြင့်မောင်က ဆူတော့လည်း မျက်လုံးလေး ပေကလပ်၊ ပေကလပ် လုပ်နေကြသည်။ အကြီးမက တော်တော် ဝသည်။ ညိုညိုဝဝ။ အစ်ကို မောနေတာက သူ ဖြစ်ပုံရသည်။ အငယ်မကလေးက ဖြူဖြူသွယ်သွယ်။ ထူးခြားတာက အငယ်မကလေး၏ မျက်လုံးများက အညိုဖျော့ရောင် ဖြစ်နေသည်။ အသားကလည်း ဆွတ်ဆွတ်ဖြူသည်။ ဘို ကပြားမ ကလေးလား မသိ။ လှတော့ တော်တော် အလှသား။ ခြေလျင်တောင်တက် အသင်း၏ဝတ်စုံ ဝတ်ထားတာတောင် ခြေမွေး မီးမလောင်၊ လက်မွေး မီးမလောင် နုနယ်စွာ နေခဲ့ရသည့် ဟန်ပန်က မပျောက်နိုင်ပါ။

'တဲ မတတ်နိုင်ဘူး၊ ရှေ့မှာ သုံးတွေ့လောက်ပဲ လိုတော့တယ်၊ ရအောင်

www.burmeseclassic.com

www.burmeseclassic.com



လိုက်ရမှာပဲ၊ လိုရင် အစ်ကိုတို့ တွဲခေါ်မယ် ဖြစ်တယ် မဟုတ်လား'

အငယ်မကလေးက အသက်ဝင် လာသည်။

'သမီးက ရတယ် အစ်ကို၊ အစ်မက သိပ်မောနေတာ၊ အစ်မကိုပဲ တွဲကြပါ'

'ရပါတယ်၊ ကျွန်မလည်း တော်တော် အမောပြေသွားပါပြီ'

အကြီးမကလည်း သူ့ကိုယ်လုံးကြီးကို တွဲရမည့် သူတွေကို အားနာဟန် ရှိသည်။ ရဲဝင့်က ဒါဆို အစ်မတို့နှစ်ယောက် ရှေ့က လျှောက်ကြ၊ ကျွန်တော်နဲ့ အစ်ကို နောက်က လိုက်မယ်ဟု ဝင်ပြောသည်။

○

ကုန်းဂမူကလေးပေါ် သူတို့ လေးယောက်သား တက်လာကြတော့ ပေးခန် တစ်ခန့်နက် အော်သံကြီးနှင့်အတူ လက်ခုပ်သံများ ဆူညံသွားသည်။ ကိုမြင့်မောင်က ပြုံး၍ အဖွဲ့သား အားလုံးကို လက်ဖဲ့ယမ်းပြသည်။

အဖြူမကလေးက ရဲဝင့်ကို လှည့်ကြည့်၍ ယဲ့ယဲ့ ပြုံးပြသည်။ ဖြူဝင်းသော နားသယ်စပ်မှာ ချွေးဥများ အစီအရီ ခိုတွဲရာမှ စီးကျလျက် ရှိနေသည်။

'ပြန်လာခေါ်ပေးတာ ကျေးဇူးပဲနော်'

ရဲဝင့်က ပြုံးသည်။

'ကျေးဇူးတင်ရင် ရန်ကုန်ရောက်မှ မုန့်ကျွေး၊ စီးပွားရေးက မဟုတ်လား၊ လာလည်မယ်လေ'

'လာပါ အစ်ကို၊ နို့မို့ အစ်ကိုတို့ စက်မှုကို မလာရဲပါဘူး'

ရဲဝင့်က ရယ်သည်။

'စက်မှုကမှန်း သိတယ်ပေါ့'

'သိပါတယ်၊ အစ်ကို ရဲဝင့်က နာမည်ကြီးပဲ'

'အလို ဘာတွေ နာမည်ကြီးတာလဲ'

မိန်းကလေးက ဖြေရခက်သောဟန်ဖြင့် ရယ်သည်။ စကားပြောတာ ထောင့်မကျိုးဘူး။ ဒါပဲ ငါ့မှာ နာမည်ကြီးစရာ ရှိတာပဲဟု တွေးမိသည်။

'ညီမ နာမည်က'

'မနှင်းဖွေးပါ အစ်ကို၊ နှင်းလို့ ခေါ်ကြပါတယ်'

'ဟော့ နောက်မှ ဆက် မိတ်ဆက်ကြဟေ့၊ ဓာတ်ပုံ ရိုက်မယ်'

ကိုမြင့်မောင်၏ အော်သံကြီး ထွက်လာပါသည်။

●

## မနှင်းဖွေး [ ၁ ]

'ဂေါ်ပါမောက္ခ ရောက်နေသဟေ့'

မမသိန်းက မဲ့ကာ ရွဲ့ကာ ပြောရင်း ဝင်လာသဖြင့် မနှင်းဖွေး ရယ်ကျဲကျဲ နှင့် လက်ထဲက ဖတ်လက်စ စာအုပ်ကို ချလိုက်ရသည်။

မနှင်းဖွေးက အစိုးရအဆောင် မရသဖြင့် ဘဝတူ တက္ကသိုလ် ကျောင်းသူ တွေနှင့် ကမာရွတ် လှည်းတန်း၊ သုခလမ်းထဲရှိ အပြင်ဆောင်တစ်ခုတွင် ငှားနေ ရခြင်း ဖြစ်ပါသည်။

'ကိုရဲဝင့်လား'

'ဟုတ်ပ့ါ'

'မဂေါ်ရပါဘူး မမရယ်၊ ရိုးရိုး လာလည်တာပါ'

'ရိုးရိုး လာလည်တာ နေ့တိုင်း လာလို့ ရမလားဟဲ့၊ တကယ် မဂေါ် ဘူးပဲ ထား၊ သူ အဲသလို လာနေတော့ တကယ် ဂေါ်ချင်တဲ့သူတွေ ဘယ်လို လုပ် လာမလဲ၊ ညည်း အဲဒီတော့မှ ဘူပိတ်ရော၊ ငါကတော့ ဂေါ်တယ်ပဲ ထင်တယ်၊ အဲဒါကြောင့် ရှေးရုပ်ရှင် သီချင်းထဲက နာမည်ပေးတာ၊ နေ့စဉ် နေ့တိုင်း ဂေါ်လိုက် ရတာ ဂေါ်ပါမောက္ခလို့'

'မမက အဲဒီကောင်ကို နှင်းနဲ့ သဘောမတူဘူး ထင်တယ်'

ဘေးက ကျောင်းသူတစ်ယောက်က ဝင်မေးတော့၊ မမသိန်း မျက်စောင်း ထိုးသည်။

'ဟဲ့ တူစရာလား၊ ရုပ်ကလည်း ဆိုးသေးတယ်၊ စကားကြီး စကားကျယ် ကလည်း ပြောသေးတယ်၊ ဆင်းလည်း ဆင်းရဲသေးတယ်၊ ညီမက အခုမှ

www.burmeseclassic.com

www.burmeseclassic.com



၁၇ နှစ်၊ လှလှပပ၊ နုနုထွတ်ထွတ်၊ ဒီကောင်သာ လာမရှုပ်ရင် ဟိုစည့်ခန်းထဲမှာ ဆေးကကောင်တွေ၊ စက်မှုက ကောင်တွေ လျှံနေမှာ'

'သူလည်း စက်မှုကပါပဲ မမရဲ့'

'ဘာစက်မှုလဲ၊ ပုံဆွဲတဲ့ စက်မှု၊ ရရင်တောင် ဘီအီးမရဘဲ ဘီအာ့ချ် ရမှာ၊ ပြီးတော့ အူကြောင်ကြောင်နဲ့'

မနှင်းဖွေး ပြုံး၍ ခေါင်းခါမိသည်။

'မမဟာလေ၊ လူတစ်ယောက်ကို မကြိုက်မိရင်၊ ဗိသုကာလည်း အင်ဂျင်နီယာပါပဲ မမရဲ့၊ နောင်တစ်နေ့ တိုင်းပြည်မှာ အဆောက်အအုံကြီးတွေ အများကြီး ဆောက်ဖြစ်ရင် ဗိသုကာက ကျန်တဲ့ လိုင်းတွေထက်တောင် ပေါ်ပြူလာ ဖြစ်ဦးမှာ၊ ပြီးတော့ ကိုရဲဝင့်က ဘာ အူကြောင်ကြောင် နိုင်လို့လဲ'

'သိချင်ရင် ထွက်သာ ကြည့်၊ မနေ့ကလာတော့ ခြေလျင်တောင်တက်ဝတ်စုံ အကျီအဟောင်းကြီးကို လုံချည်အစုတ်၊ လွယ်အိတ် အစုတ်နဲ့ ဝတ်လာတယ်၊ ဒီနေ့ကျတော့ ကျောကုန်းမှာ Wrangler ဆိုတဲ့ စာတန်း အပြည့် ပါတဲ့ အပေါစား ယိုးဒယား ဂျင်းအကျီအကျပ်နဲ့ ဂျင်းဘောင်းဘီကို ခေါင်းအကြီးကြီး ပါတဲ့ ခါးပတ် ပတ်ထားတာ၊ တန်ဆောင်တိုင်မှာ တေးသရုပ်ဖော် ကမယ့် အတိုင်းပဲ'

အခန်းထဲရှိ မိန်းကလေးအားလုံး ဝိုင်းရယ်ကြတော့ မနှင်းဖွေးပါ ရှက်ရှက်နှင့် လိုက်ရယ်ရသည်။

'သနားပါတယ် မမရယ်၊ မိဘဆိုး၊ တစ်ကောင်ကြွက်၊ အဖေကလည်း နောက် အိမ်ထောင်နဲ့၊ မိထွေးနဲ့ကလည်း အဆင်ပြေတယ်လည်း မဟုတ်၊ မပြေဘူးလည်း မဟုတ်၊ ခပ်တန်းတန်းရယ်၊ ရင်းရင်းနှီးနှီး ခေါ်စရာပြောစရာ မိသားစုမှ မရှိတာ သူ့ခမျာ ခင်မိခင်ရာ ခင်ရှာမှာပေါ့၊ သူ့မို့လို့ အူကြောင်ကြောင် နိုင်ရုံ နိုင်တာ၊ သူ့လို အခြေအနေမှာ ပျက်စီးသွားတဲ့ လူငယ်တွေ အများကြီး'

မနှင်းဖွေးက ချေပတော့ သရုပ်ပြဆရာမလေး ကေသွယ်က ခေါင်းတဆတ်ဆတ် ညိတ်၍ ထောက်ခံသည်။

'နှင်း ပြောတာ ဟုတ်တယ်ဟဲ့၊ အမေရှိတော့ ချွဲလို့ နွဲ့လို့ရတဲ့ မိန်းမတစ်ယောက်ရှိနေတာ ယောကျ်ားကလေး တစ်ယောက်ရဲ့ စိတ်ကို သိပ်လုံခြုံစေတာ၊ အမေက တော်ရာ မတော်ရာလည်း တည့်မတ် ပေးလို့ရတယ်၊ အမေမရှိတဲ့ သားတစ်ယောက်ရဲ့ စိတ်ဟာ မျောနေတဲ့ ရေမှော်လိုပဲ၊ တွယ်ရာမှီရာ ရှာနေရော၊ ဒါပေမဲ့ နှင်းရယ်'



ကေသွယ်က မနှင်းဖွေးကို လှည့်ကြည့်သည်။

'အူကြောင်ကြောင်နိုင်တယ် ဆိုတာတော့ နှင်းလည်း ရိပ်တော့ ရိပ်မိတာပေါ့၊ ဟုတ်လား'

အားလုံးက ဝိုင်းရယ်ကြတော့ မနှင်းဖွေး ရှက်ရှက်နှင့် 'ဟာ မကေလည်း မကောင်းဘူး၊ သူများအားနည်းချက်ကို' ဟု ပြော၍ စည့်ခန်းဘက် ထွက်ခဲ့ပါတော့သည်။

○

သုခလမ်း အတွင်းရှိ ပလက်ဖောင်း အအေးဆိုင်ကလေးတွင်ပင် ထိုင်ဖြစ်ကြသည်။ သစ်ခွ ဖျော်ရည်တစ်ခွက်စီ မှာပြီးသည်နှင့် ရဲဝင့်က ခါးကြားက ပိုက်ဆံအိတ်ကို ထုတ်၍ ဖွင့်ကြည့်ပြီး ရယ်သည်။

'မန်းနီးကတော့ ခရေးဇီးပဲ'

မနှင်းဖွေးက မျက်မှောင်ကြုတ်သည်။

'အဲဒါ ဘာပြောတာလဲ'

'မန်းနီးက ပိုက်ဆံ၊ ခရေးဇီးက ရူးတာ၊ ပေါင်းလိုက်တော့ ဘာ အဓိပ္ပာယ်မှ မရှိဘူး၊ ဒါပေမဲ့ တို့ ငှားနေတဲ့ အဆောင်က ကောင်တွေက ပိုက်ဆံပြတ်ရင် အဲသလိုပဲ ညည်းနေကျ'

မနှင်းဖွေးက သောက်လက်စ သစ်ခွ ဖျော်ရည်ခွက်ကို ချ၍ ပိုက်ဆံအိတ်ကို ယူရင်း နှင်း ရှင်းလိုက်ပါ့မယ်ဟု ပြောတော့ ရဲဝင့် မျက်နှာမှာ အတော်ကြီးကို နေရ ထိုင်ရခက်သည့်ပုံ ပေါ်လာသည်။

'ဟာ မဟုတ်တာ၊ တို့ခေါ်တာပဲ၊ တို့ရှင်းမှာပေါ့၊ ရယ်စရာ ပြောတာပါ'

မနှင်းဖွေးက ရယ်သည်။

'အားမနာပါနဲ့ ကိုရဲဝင့်ရဲ့၊ အဆောင်နေ ဘဝတူချင်းပဲ၊ လကုန်ခါ နီးရင် ပြတ်တတ်တာပေါ့၊ နှင်း နားလည်ပါတယ်'

'ထားပါ'

ရဲဝင့်က အတင်း လုရှင်း လိုက်သည်။

'စိတ်မပူနဲ့၊ တို့က အလုပ်ရတော့မှာ'

မနှင်းဖွေး မျက်လုံး အဝိုင်းသား ဖြစ်သွားသည်။

'အလုပ် ဟုတ်လား၊ ကိုရဲဝင့်က ကျောင်းတက်တုန်း ဥစ္စာ'

'မိဘက နှင်းတို့လို ပြည့်စုံတာမှ မဟုတ်တာ နှင်းရယ်၊ ကျောင်းတက်ရင်းလည်း အလုပ် လုပ်သင့် လုပ်ရမှာပေါ့၊ အခုကလည်း ညနေပိုင်း ကလေး

www.burmeseclassic.com

www.burmeseclassic.com



ခဏပါပဲ၊ မိတ်ဆွေ တစ်ယောက် စက်ရုံမှာ နည်းနည်း ကြီးကြပ်ပေးရုံပါပဲ'

၁၉ နှစ်သားက 'မိတ်ဆွေ' ဟု စကားကြီး စကားကျယ် သုံးနှုန်းသည်ကို အနည်းငယ် ပြုံးမိရင်းက မနှင်းဖွေး ပြန်မေးမိသည်။

'ဘာစက်ရုံလဲ'

'စက္ကူစက်'

မနှင်းဖွေး မျက်လုံး ပြူးသွားပြန်သည်။

'စက္ကူစက်က စစ်တောင်းမှာ တစ်ခုပဲ ရှိတာ မဟုတ်လား'

ထိုစဉ်က ပုဂ္ဂလိက လုပ်ငန်းများ ခွင့်ပြုသေးသည့်ခေတ် မဟုတ်ပါ။ ဟုမ်းအင်ဒပ်စထရီ ခေါ် မိသားစု လက်မှု လုပ်ငန်းများလောက်ကိုသာ ပုဂ္ဂလိက မြှုလုပ်ခွင့် ပေးထားပါသည်။

ရဲဝင့်က အအေးသီးသွားအောင် ရယ်သည်။

'ကြီးကြီး ခန်ခန် နှင်းရယ်၊ စစ်တောင်း စက္ကူစက်က ဝါးကနေ စက္ကူ အကောင်းစားတွေ ထုတ်တာ၊ တို့လုပ်မယ့် စက္ကူစက်က စက္ကူ အဟောင်းတွေကနေ စက္ကူ ပြန်လုပ်တာ'

'စက္ကူ အဟောင်းကနေ ဟုတ်လား'

'ဟုတ်တယ်၊ ရီဆိုင်ကယ်လို့ ခေါ်တယ်၊ ကမ္ဘာမှာ လုပ်နေတာတော့ ကြာပြီ၊ ဒီမှာတော့ နှင်းတို့ အီကိုကပဲ အစ်ကိုကြီး တစ်ယောက် စလုပ်တာ၊ တို့က သူ့ဆီမှာ အချိန်ပိုင်း ဝင်လုပ်ရင်း ပညာလည်း သင်မလို့'

'ဟို သတင်းစာ စက္ကူကို အကြော်ထုပ်တာမျိုးလား'

မနှင်းဖွေးက တွန့်တွန့်ဆုတ်ဆုတ် မေးတော့ ရဲဝင့်က ဟက်ဟက်ပက်ပက် ရယ်ပြန်သည်။

'ကြဲကြဲဖန်ဖန် နှင်းရယ်၊ သတင်းစာ စက္ကူ အကြော်ထုပ်တာက ဒီအတိုင်း ဖြုံသုံးတာ၊ ဘာစက် လိုမှာတဲ့လဲ၊ အခုက အဲသလို စက္ကူတွေကို ဆေးတွေ ဖျက်ပစ်ပြီး ဖျော်ပစ်၊ ကြိတ်ပစ် လိုက်တာ၊ ပြီးတော့ စက္ကူအသစ် အချပ်လိုက် ပြန်ထုတ်တာ၊ ဟုတ်တယ်၊ လောလောဆယ်တော့ ပစ္စည်းထုပ်တဲ့ အိတ်တွေ လုပ်တဲ့ စက္ကူအကြမ်းလောက် ရမှာပေါ့၊ တဖြည်းဖြည်းနဲ့ နည်းပညာပိုင်း တိုးတက်လာပြီးရင် ဝတ္ထုစာအုပ်တွေ ပုံနှိပ်တဲ့ စက္ကူလောက်၊ အဲဒီကနေ ဆေးရောင်စုံ ပုံနှိပ်လို့ ရတဲ့ စက္ကူ အဆင့်လောက် အထိ တိုးတက်အောင် လုပ်သွားဖို့တော့ မှန်းထားကြတာပေါ့'

မနှင်းဖွေးက ပခုံး တွန့်ပြသည်။



'ကောင်းတာပေါ့၊ တက္ကသိုလ် နှစ်လည် မဂ္ဂဇင်းလုပ်တဲ့ အစ်ကိုကြီးတွေ ပြောတာ ပုံနှိပ်ဖို့ စက္ကူက ရှားတွေ အဆင့်ဆင့် လျှောက်ရတာတဲ့၊ ကိုရဲဝင့်တို့ စက္ကူစက်တွေ အောင်မြင်လာရင် လွယ်လွယ် ဝယ်လို့ ရလာမှာပေါ့'

'ဒါပေါ့'

'ဒါပေမဲ့ ကျောင်းစာတွေ ထိခိုက် နေပါဦးမယ် ကိုရဲဝင့်ရယ်'

ရဲဝင့်က ပခုံး တွန့်ပြသည်။

သို့သော် နောက် ၆ လ အကြာတွင် မထင်တာတွေ ဖြစ်လာပြန်သည်။

၀

ရန်ကုန် ဘူတာကြီး တစ်ခုလုံး ကျောင်းပိတ်၍ ပြန်ကြမည့် တက္ကသိုလ် ကျောင်းသူ ကျောင်းသားများ ကြိတ်ကြိတ်တိုး နေသည်။

မနှင်းဖွေးနှင့် သူငယ်ချင်းတစ်ဦးပေါင်း မိန်းကလေး နှစ်ယောက်တို့ ဆင့်ထားသော သံသေတ္တာနှစ်လုံးကို မနိုင့်တနိုင် လေးဘီးကားပေါ်ကချ၍ သည်သေတ္တာ နှစ်လုံးနှင့် သည်လူအုပ်ကြီးကို ဘယ်လို ထိုးဖောက် ဝင်ရောက် ရပါမည်နည်းဟု တွေးရင်း အကြံအိုက်နေသည်။

'နှင်းရေ ဟေ့ နှင်း၊ ဒီမှာ'

အဝေးက လှမ်းခေါ်သံ ကြားရသဖြင့် လှမ်းကြည့် လိုက်တော့ လူအုပ်ကြီးထဲက ခေါင်းတစ်လုံးစာ ခုန်ခုန်၍ လက်မြှောက် ပြနေသော ရဲဝင့်နှင့် တန်ပိုတို့ကို တွေ့ရသည်။

'အောင်မယ်လေး၊ တော်ပါသေးရဲ့'

ရဲဝင့်နှင့် ဟန်ပိုတို့ လူအုပ်ထဲမှ တိုးဝှေ့၍ မနှင်းဖွေးတို့ အနား ရောက်လာကြသည်။

'စကြီး ဘယ်လောက်လဲ နှင်း'

'တစ်ပဲ'

'တော်သေးတာပေါ့၊ လေးကားသာ ဒီသေတ္တာတွေနဲ့ တက်ရရင် ညည်းတို့တော့ ဝိုင်း အရိုက်ခံရတော့မှာပဲ'

ဟန်ပိုက ဝင်ညည်းတွားသဖြင့် စိတ်ညစ်သည့် ကြားက ရယ်ကြရသေးသည်။

'မန္တလေးကျတော့ ပြင်ဦးလွင်ကို ဘယ်လို ဆက်တက်မလဲ'

www.burmeseclassic.com

www.burmeseclassic.com



ရဲဝင့်က ဝင်မေးသည်။

'ဒါဒါက ဈေးလေးကို အိမ်က ကားနဲ့ ဆင်းကြိုမှာ'

'တော်သေးတာပေါ့'

ရဲဝင့်နှင့် ဟန်ပိုတို့ မနှင်းဖွေးတို့၏ သေတ္တာများကို ထူမ၍ ရထားပေါ် အရောက် လိုက်ပို့ပေးကြသည်။ တက္ကသိုလ် ကျောင်းသူ ကျောင်းသားတွေက အများစု ဖြစ်နေသဖြင့် ဘူတာရုံ ဝန်ထမ်းများကလည်း သည်နေ့ အဖို့တော့ တွဲပေါ်အထိ လိုက်ပို့ခွင့်ပြုထားသည်။

'ကောင်မလေးတွေ တက်ထား၊ တက်ထား၊ ရထားထွက်ခါနီးမှ တက်ရင် ကိုယ့်လိုလူတွေ ပြုတိုးတာနဲ့ တွေ့ဦးမယ်၊ ညည်းတို့ အပေါ်ရောက်တာ၊ မရောက်တာ ခေါင်းတွဲက မြင်ရတာ မဟုတ်ဘူး၊ စကားပြောချင်ရင် ပြတင်းပေါက်က ပြန်လာခဲ့'

ဟန်ပိုက စိတ်ပူတတ်စွာ လောဆော်သဖြင့် မနှင်းဖွေးတို့ မိန်းကလေး နှစ်ဦး ရထားတွဲပေါ် ရောက်သွားသည်။ ဟိုဘက်ခြမ်း ဖြစ်နေသော မနှင်းဖွေးက သည်ဘက်ခြမ်းက လူကို တောင်းပန်၍ ပြတင်းပေါက်ရှိရာသို့ တိုးဝှေ့ ထွက်ခဲ့ပြီး ရဲဝင့်ကို နှုတ်ဆက်သည်။

'ကိုရဲဝင့်ရော မင်းဘူး ပြန်မှာလား'

'ပြန်ရမှာပေါ့ နှင်းရဲ့၊ ကျောင်းက ဖွင့်ရက်မှ မသေချာသေးတာ၊ လောလော ဆယ်တော့ ကိုတင်စိုးတို့ စက်မှာ ခဏ သွားခိုနေမလို့'

'အလုပ်ကရော'

ရဲဝင့်က ရယ်သည်။

'ဒီလိုအချိန်မျိုး အလုပ်အပ်မယ့် လူ ဘယ်ရှိမှာလဲ၊ စက်လည်း ရပ်ထား ရတာပေါ့'

မနှင်းဖွေးက ဟုတ်သားပဲဟု ရေရွတ်သည်။ ဒါဆို ဘာလို့ မပြန်လဲဟုလည်း မေးသည်။

'ကားတွေ ခက်နေသေးလို့၊ မကွေး မင်းဘူးက နှင်းတို့ မနွလေးလောက် ဘယ်လွယ်မလဲ၊ နည်းနည်း ချောင်သွားတော့မှ ပြန်မှာ'

မနှင်းဖွေးက ကျပ်ညပ်နေသော ရထားကို လှည့်ကြည့်၍ ဒါလား လွယ်တာ. . . ဟု ပြောရင်း ရယ်သည်။

'ဘာပဲဖြစ်ဖြစ် တော်သေးတာပေါ့၊ ကိုရဲဝင့်တို့ မပြန်သေးလို့ နှင်းတို့ကို အခုလို လာကူညီနိုင်တာ၊ ကိုရဲဝင့်ရော၊ ကိုဟန်ပိုရော ကျေးဇူး တင်ပါတယ်နော်'



ဟန်ပိုက မဲ့ပြုံး ပြုံးသည်။

'ကျေးဇူး တင်ချင်ရင် တို့ကို ကျေးဇူးမတင်နဲ့၊ ၄၅ ကျပ်တန်ကို ကျေးဇူး တင်'

'အဲဒါ ဘာပြောတာလဲ'

'မသိလည်း နေပေါ့၊ ဟိုမှာ ရထားထွက်တော့မယ်တဲ့၊ တာ့တာ တာ့တာ'

'တာ့တာ တာ့တာ၊ ကိုရဲဝင့် တာ့တာ'

ရဲဝင့်နှင့် ဟန်ပို လက်ပြနှုတ်ဆက်နေကြစဉ် မနှင်းဖွေးပါသော ရထားကြီး တရွေ့ရွေ့ ထွက်ခွာသွားပါသည်။

●

www.burmeseclassic.com

## ရဲဝင့် [ ၂ ]

ရဲဝင့်က ခုတင်ပေါ်တွင် တင်ပျဉ်ခွေ ထိုင်၍ ရှေ့တူရှူကို ငေးငိုင်နေစဉ် ဟန်ပိုက အခန်းထဲ ဝင်လာသည်။

'ဟေ့ကောင် ဟန်ပို၊ လာ လာ အတော်ပဲ'

'တော်ရင် ထမင်းလိုက်ကျွေး'

'ဘုရားရေ ငါက မင်းဆီက ပိုက်ဆံချေးမလို့ စောင့်နေတာ'

ဟန်ပိုက ဟက်ဟက်ပက်ပက် ရယ်သည်။

'ညနေပိုင်းကလေး အလုပ်လုပ်တာနဲ့ ကိုတင်စိုးဆီက လခ ထောင်ကျော်ရနေတဲ့ကောင်က ငါ့လို ဘိုင်ကောင်ဆီက ချေးစရာလားကွ၊ ညနေတောင် ထမင်းစားစရာ ပိုက်ဆံ မရှိတော့လို့ မင်းဆီက ကပ်စားမလို့လာတာ မောင်'

'သေရောတွ'

ရဲဝင့်က နဖူးကို လက်နှင့် ရိုက်သည်။

'ဘာလဲဟ'

'ဘာရ မလဲကွာ၊ ကိုတင်စိုး ပေးတဲ့ ပိုက်ဆံတွေ တစ်နေ့ အရင်းအနှီး ပြန်လုပ်ချင် လုပ်ရမှာ ဆိုပြီး သေတ္တာထဲမှာ စုထားတာ ရာတန်ချည်းပဲ၊ အခု သုံးမရတော့ အိတ်ထဲမှာ ငါးကျပ်တောင် မရှိတော့ဘူး၊ နှင်းတို့က ဒီနေ့ ဘူတာ ဆင်းကြမှာ၊ အဲဒါ သွားလိုက်ပို့ပေး မလို့ဟာ၊ စီးစရာ ကားခမရှိလို့ မင်းလာရင် ပိုက်ဆံချေးမလို့ စောင့်နေတာဟ'

'မတတ်နိုင်ဘူး၊ ရှည်းစားလည်း မဟုတ်၊ ပိုးတာလည်း မဟုတ်၊ မစားရ အညှော်ခံ သွားမွှန် မနေနဲ့တော့၊ ကိုင်ဇာသီချင်း အလိုက်ကလေးနဲ့ မင်းလည်း



ငမွဲ၊ ငါလည်း ငမွဲဆိုပြီး ဟိုရေအိုးစင်က ရေသောက်ပြီးသာ အိပ်ပေတော့'

ရဲဝင့် အိပ်ရာပေါ် စိတ်ပျက် လက်ပျက် လှဲချလိုက်သည်။ ဟန်ပိုလည်း အိပ်ရာ ခြေရင်းဘက်တွင် ကန့်လန့်ဖြတ် ဝင်လှဲချမိသည်။

'အမေတို့များ တယ်ခက်ကွာ၊ သားကလေး အင်ဂျင်နီယာလောင်းကို ရွှေလက်စွပ်ကလေး တစ်ကွင်းတောင် လုပ်ပေး မထားဘူး၊ ရှိလို့ကတော့ ရွှေဈေးက လေးထောင်တောင် ဖြစ်သွားပြီ ပြောတယ်၊ သွားဖြော်ရုံပဲ'

ဟန်ပိုက ညည်းတွားနေဆဲ. .

ခေါင်းရင်းက ရဲဝင့် ရုတ်တရက် ဗျာယီးဗျာယာ လူးလဲထသံ ကြား၍ ခေါင်းထောင် ကြည့်တော့ ရဲဝင့် ခုတင်ပေါ်မှာ ဒူးထောက် ထိုင်ရင်းက ခေါင်းရင်း နံရံတွင် ကပ်ထားသော တစ်စုံတစ်ရာကို ကြိုးစားပမ်းစား ခွာနေသည်ကို တွေ့ရသည်။

'ဘာလဲကွ ဟေ့ကောင်'

'၄၅ ကျပ်တန်ကွ၊ ငါ ကိုတင်စိုးဆီမှာ အလုပ်မလုပ်ခင်တုန်းက လအလယ် ကောင်ကြီးမှာ ၄၅ ကျပ်တန် တစ်ရွက်တည်း ကျန်အောင် ဘိုင်ပြတ်ဖူးတယ်၊ အဲဒါ ကိုယ့်ကိုယ်ကိုယ် ဆုံးမတဲ့အနေနဲ့ အဲဒီ ၄၅ ကျပ်တန်ကို သုံးမပစ်ဘဲ ခေါင်းရင်းမှာ ကပ်ထားပြီး တစိမ့်စိမ့် ကြည့်နေတာ၊ အခုတော့ သုံးစရာ ဒါပဲ ရှိတော့တာ၊ ရပြီ'

ရဲဝင့်က ၄၅ ကျပ်တန်ကို အိတ်ကပ်ထဲ ထည့်၍ ခုတင်ပေါ်မှ ကမန်းတတန်း ဆင်းပြီး ဆင်ကြယ်ဖိနပ်ကို စီးသည်။

'ဘူတာလား'

'အေး မင်းလည်း လိုက်ခဲ့'

'ပြီးရင် ထမင်းကျွေး'

'ကျွေးပါ့မယ်ကွာ၊ ငါ့မှာ စားစရာ ရှိရဲ့သားနဲ့၊ မင်း ဇာတ်ထားမလား၊ ဘယ်တုန်းက ရဲဝင့် အဲသလို စိတ်မာတတ်ရှိဖူးသလဲ ပြော'

'ပြောပေါ့ကွာ၊ ၄၅ ကျပ်တန် တန်ခိုးက ကြီးတာကိုး'

သူငယ်ချင်း နှစ်ယောက်သား ရယ်၍ ဘူတာဆီသို့ သွားရန် ကားလမ်း ဘက်သို့ ပြေးခဲ့ကြသည်။

o

www.burmeseclassic.com

www.burmeseclassic.com



နောက် တစ်ပတ်ခန့် အကြာတွင် ရဲဝင့်လည်း မင်းဘူး ပြန်ရောက်လာသည်။ အဆင့်ဆင့် စီးခဲ့ရခြင်း ဖြစ်၍ သည်တစ်ခါတော့ နေ့လယ်ကြီး ရောက်လာခဲ့သည်။

အထက်တန်း ကျောင်းတွေလည်း ပိတ်ထားသဖြင့် ဆရာ ဦးအောင်ဝင့် အိမ်မှာပဲ ရှိနေသည်။ ဒေါ်ခင်ခင်နှင့် သမီး စိမ်းဝေတို့က အပြင်သွားနေသတဲ့။

'ဖေဖေတို့ အဆင်ပြေရဲ့လား'

ဦးအောင်ဝင့်က ရယ်သည်။

'သူများတွေက စီးပွားပျက်တာကွ၊ ဖေဖေ့မှာက ပျက်စရာ စီးပွားမှ မရှိတာ သားရယ်၊ ဘာထိခိုက်မှာတဲ့တုံး'

ရဲဝင့်လည်း လိုက်ရယ်မိသည်။ ဟုတ်ပ။ ကိုတင်စိုး ပေးထားသည့် ထောင်ဂဏန်း အနည်းငယ်မျှသော ပိုက်ဆံ ဆုံးရှုံးရသည်ကို သူ့မှာ တခုတ်တရ ညည်းနေရတာ၊ စီးပွားရေး လုပ်ငန်းရှင်များကြားလျှင် ဒေါ်ပွကြဦးမည်။

ဦးအောင်ဝင့်က ရဲဝင့်ကို အိမ်စောင့်ထားခဲ့၍ ကျောင်းဘက် တစ်ချက်သွားကြည့်ဦးမည်ဟု ဆိုကာ ထွက်သွားသည်။

ရဲဝင့်က အိမ်ရှေ့ ဒန်းကလေးတွင် ထိုင်၍ စာဖတ်နေသည်။

စက်ဘီးသံ။ မိန်းကလေး ငယ်ငယ် ရယ်သံ။ စကားပြောသံ။

အသံ သဲ့သဲ့တို့ကြောင့် အမြင့်တွင် ရှိနေသော ကတ္တရာလမ်းဘက် မော့ကြည့်မိသည်။

၁၄-၁၅-၆ နှစ် အရွယ် မိန်းကလေး နှစ်ဦး။

စက်ဘီး ကိုယ်စီကိုင်၍ ရပ်ရင်း စကား ပြောနေသည်။ နောက်တော့ တစ်ဦးက စက်ဘီးပေါ်တက်၍ စီးပြီး လက်ပြ ထွက်ခွာသွားသည်။

တစ်ဦးက ကုန်းစောင်းကလေးအတိုင်း စက်ဘီးကို တွန်း၍ ဆင်းလာနေသည်။

စစ်ရောင် ဘလောက်စ်အကျီ ကလေးနှင့်၊ ဆံပင်ကလေး ကျောဝဲရုံမျှလောက်ကို နှစ်ဖက်ခွဲ၍ ချည်ပြီး ပခုံးတစ်ဖက်စီမှာ ချထားသည်။ လုံချည်ကလေးက လေယာဉ်မောင်စ အပြာရောင်. . . ပြောင်။

မျက်တောင်တို့က ရှည်၍ ဖြောင့်စင်း နေသည်။ မျက်ခုံး ထူထူတို့က ထင်းနေသည်။ သနပ်ခါးမကူသော၊ ဆေးမခြယ်သော မျက်နှာကလေးက မဖြူမညို၊ ကွက်တိ အနေတော် ဖြစ်နေသော အသားလတ်လတ်၏ ကြည်လင်သန့်စင်မှုကို လက်ဖဝါးပေါ် တင်ပြထားသလို ရှင်းနေအောင် မြင်ရစေသည်။



လှလိုက်တဲ့ မိန်းကလေး။

နောက် နှစ်နှစ်လောက်ဆိုလျှင် မင်းဘူးတစ်မြို့လုံး မသိသူ မရှိ ဖြစ်တော့မှာပဲ။ အခု ငယ်ငယ်ကလေးနှင့်တောင် သည်လောက် လှနေတာ။ စိမ်းဝေ သူငယ်ချင်းလား မသိ။

အရွယ် မရောက်တရောက် မိန်းမလှလေးက ရဲဝင့် ထိုင်နေရာ ဒန်းဆီသို့ တည့်တည့်လျှောက်လာ၍ စက်ဘီးကို ဒေါက်ထောက်သည်။ ရဲဝင့်ကို ပြုံးပြသည်။

'စိမ်းဝေ မရှိဘူး သမီးရဲ့၊ အပြင်သွားနေတယ်တဲ့'

မိန်းကလေးက ပထမ ပါးစပ် အဝိုင်းသားကလေး ဖြစ်သွားသည်။ ပြီးတော့ ပြုံးစူစူ။ ပြီးတော့ မျက်စောင်းလှလှ တစ်ချက်ထိုးသည်။

'ကိုကို ဘယ်လို ဖြစ်နေတာလဲ၊ စိမ်းဝေလေ'

ဘုရားရေ ဒါ စိမ်းဝေတဲ့လား။

သည်တစ်ခါ ပါးစပ် အဟောင်းသား ဖြစ်သွားရတာက ရဲဝင့်ပါ။

●

www.burmeseclassic.com

www.burmeseclassic.com

## စိမ်းဝေ [ ၂ ]

မျက်တွင်းနက်သဖြင့် သူငယ်ချင်းများက ရုပ်ဆိုးလိုက်တာဟု ကဲ့ရဲ့ခံရသော ကိုကို မျက်တွင်းက ပိုနက်လာသည်။ အညာမှာ နေသော စိမ်းဝေ၏ အသားက မညိုဘဲ ရန်ကုန်မှာနေသော ကိုကို့အသားက ညိုရှိ ပြာနေသည်။

'ကိုကို အလုပ်လည်း လုပ်နေတယ်ဆို၊ အရမ်း ပင်ပန်းလားဟင်'

ကိုကိုက ပြုံးသည်။

'စတ္တုစက် ဆိုပေမယ့် ကိုကိုက ကြီးကြပ်ရုံလောက်ပါပဲ၊ ဒါပေမဲ့ သွားစရာ လာစရာရှိရင် ရန်ကုန်က တစ်ခါတစ်ခါ ထွက်တိုင်း ဒီမှာ မင်းဘူးနဲ့ မတွေ့လောက် သွားရတာ'

'မြစ်ကူးရလို့လား'

ကိုကိုက ရယ်သည်။

'ဒီတောင်မလေး ပေါက်ပေါက် ရှာရှာ၊ မြစ်တော့ ဘယ်ကူးရမလဲဟ၊ ဒါတောင် တစ်ခါတစ်ခါ သန်လျင်ဘက် အထိ သွားရင်တော့ သင်္ဘောစီးရသေးတယ်၊ အဲဒါက မပင်ပန်းပါဘူး။ မစုမိ လိုက်တာ နာတာ'

စိမ်းဝေက မျက်မှောင်ကြုတ်သည်။

'ကိုကိုက ဘာတွေ သုံးပစ်လို့လဲ'

ကိုကိုက ရယ်ပြန်သည်။

'ဘာသုံးရမလဲဟ၊ ရာတန် ဖြစ်သွားတာ ပြောတာ၊ ဒါပေမဲ့ အခုပြန်တော့ နည်းနည်း လဲပေးတော့ ရပါတယ်၊ ပြဿနာက လုပ်ငန်းတွေ ရပ်နေတာ၊ ဒီတစ်ခါ ပြန်စရင်တော့ ကိုကိုလည်း စက်ကလေး တစ်လုံးလောက် ခွဲလုပ်ချင်သေးတယ်၊ ကိုတင်စိုးကလည်း ကူညီမယ်တဲ့၊ ငွေလည်း ချေးမယ်၊ အခြေအနေတွေ ပုံမှန် ပြန်ဖြစ်ရင် အဲဒါကလေး လုပ်ချင်သေးတယ်'



စိမ်းဝေက နှုတ်ခမ်းကလေး စူသည်။

'ကိုကို့အသက်က ၁၉ တောင် မပြည့်သေးဘူး၊ ဘာလို့ ဒီလောက် ချမ်းသာချင်နေရတာလဲ၊ ကိုကို မိန်းမ ယူတော့မလို့လား'

ကိုကိုက ရယ်၍ ဒန်းကလေးတွင် အတူ ထိုင်နေသော စိမ်းဝေ၏ ခေါင်းကို ဖွဖွ ပုတ်လိုက်သည်။

'မိန်းမ ယူဖို့ နေနေသာသာ ရည်းစားတောင် မထားဖူးသေးပါဘူးကွာ၊ ကိုကိုတို့ ဘဝက ပြည့်စုံတာမှ မဟုတ်တာ၊ ဖေဖေက ကျတဲ့အရွယ် ရောက်နေပြီ၊ တစ်နေ့ကျရင် ဒီ အိမ်ထောင်စုကိုရော၊ စိမ်းဝေကိုပါ တာဝန်ယူနိုင်အောင် ကိုကို ကြိုးစားနေတာ'

အပျိုပေါက်မလေး အသက်ရှူဖို့ မေ့သွားသည်။

'စိမ်းဝေကို တာဝန်ယူဖို့၊ အဲဒါ ဘာပြောတာလဲ'

'ကျောင်းထားပေးဖို့လေ စိမ်းဝေရဲ့၊ စိမ်းဝေက ခုမှ ရှစ်တန်းပဲ ရှိသေးတာ'

စိမ်းဝေ သက်ပြင်း ခိုးချသည်။ ကိုကိုက ရယ်ပြန်သည်။

'ပြောသာ ပြောရ ဒီကောင်မလေး ငါ့အရင်တောင် အိမ်ထောင် ပြုချင်မြူမှာ'

စိမ်းဝေ မျက်နှာကလေး နီသွားသည်။

'ကိုကိုကလည်း'

'ကိုကိုက မလည်းနဲ့ အခုပြော၊ အပေါ်တန်းက ကောင်တွေ စိမ်းဝေကို စာလိုက်ပေးနေကြပြီ မဟုတ်လား'

စိမ်းဝေ နှုတ်ခမ်း စူသည်။

'ကိုကိုကလည်း စိမ်းဝေက မယူပါဘူး'

စိမ်းဝေ တစ်ခု သတိရသွားသည်။

'နေပါဦး ကိုကိုက ဘာလို့ စိမ်းဝေကို မမှတ်မိရတာလဲ'

ကိုကိုက ရှက်ကိုးရှက်ကန်းသာ ရယ်နေသည်။

'ပြောလေ၊ ဘာလို့ ကိုယ့်နှမကို မမှတ်မိရတာလဲလို့'

'စိမ်းဝေက စိတ်ဆိုးနေတာလား'

'ဆိုးတာပေါ့'

'တဲပြော၊ အဲဒါဆို ဘာဝယ် ကျွေးရမလဲ'

စိမ်းဝေက ပြုံးစူစူကလေး လုပ်ပြသည်။

'ဘာမှ ဝယ်မကျွေးနဲ့၊ ရွှေစက်တော် လိုက်ပို့'

www.burmeseclassic.com

'ဘယ်လို'

'ဟုတ်တယ် စိမ်းဝေက ကျောင်းက သူငယ်ချင်းတွေနဲ့ စုပြီး ရွှေစက်တော် သွားချင်တာ နှစ်တိုင်းပဲ ပူဆာလိုက်ရင် မေမေက မိန်းကလေးတွေ ချည်းပဲ အန္တရာယ် များတယ်တဲ့၊ သူစိမ်း ယောကျ်ားကလေးတွေနဲ့လည်း မထည့်နိုင်ဘူးတဲ့၊ စိမ်းဝေက ကလေးပဲ ရှိသေးတဲ့ဟာကို မေမေက အပျိုကလေး ကျနေတာပဲ၊ စိတ်ပူနေလိုက်တာ၊ အဲဒါ ကိုကို ပြန်ရောက်နေတဲ့ အခိုက်ဆိုရင်ကောလို့ မေးတော့၊ သွားတဲ့'

ကိုကိုက ဟက်ဟက်ပက်ပက် ရယ်သည်။

'စိမ်းဝေရယ်၊ အခု ရွှေစက်တော်က ဖွင့်လို့လား'

စိမ်းဝေ လျှာကလေး တစ်လစ်ထုတ်ပြသည်။

'ဟုတ်သားပဲ မဖွင့်သေးဘူး'

'တဲ ဒါဆိုလည်း အနံတီခင့်ကို ခွင့်တောင်း သူငယ်ချင်းတွေကို ချိန်း၊ ကျောင်းတော်ရာကို လိုက်ပို့ပေးမယ် ဟုတ်လား'

'ဟေး ဒါမှ တို့ကိုကိုကွ'

၀

ကျောင်းတော်ရာသွားဖို့ သူငယ်ချင်း တစ်ယောက်အိမ်မှ ကား စီစဉ်ပေးလိုက်သည်။ မောင်းမည့်သူတော့ ရှာတဲ့။ ကိုကိုက သူမောင်းမည် ပြောတော့ စိမ်းဝေ အံ့ဩရပြန်သည်။ အိမ်တွင် ကားမရှိသော ကိုကို ဘယ်လို ကားမောင်း သင်လိုက်ပါလိမ့်။

'ရန်ကုန်မှာ စက္ကူတင်တဲ့ ကုန်ကားတောင် မောင်းနေပါပြီ၊ စိမ်းဝေရယ်'

ကားက ဟိုင်းလပ်ကား၊ စိမ်းဝေက ခေါင်းခန်းမှာ ကိုကိုနှင့် မထိုင်ဘဲ နောက်မှာ သူငယ်ချင်းများနှင့် သွားထိုင်ချင်သည် ပြောတော့ ငယ်ငယ်က ကိုကို့ကို အမြဲကဲ့ရဲ့နေကျ သူငယ်ချင်း နွယ်နွယ်က ငါတော့ ဖုန်ပေမှာ ကြောက်တယ်ဟု ပြောကာ ရှေ့မှာ သွားထိုင်သည်။

တစ်လမ်းလုံး ကိုကိုနှင့် အစဉ်မပြတ် စကားပြောနေသော နွယ်နွယ့်ကို ကြည့်ကာ စိမ်းဝေရင်ထဲတွင် အစာမကြေချင်။

စန္ဒကူးတော အလယ်တွင် အားလုံး အမောဖြေကြသော်လည်း သူတို့ မြင်ချင်သည့် ဘုရားဖူး ငှက်ကြီးများကိုတော့ မတွေ့ရ။

'ငှက်ကြီးတွေ မလာကြတော့ဘူးလား အဘ'



အနားမှ လူကြီးတစ်ယောက်ကို မေးကြည့်တော့ လူကြီးက ခေါင်းခါသည်။

'လာတဲ့အခါလည်း လာတယ်ကွယ့်၊ အရင်ကနဲ့ စာရင် တော်တော် နည်းသွားပြီ၊ လူတွေကလည်း စည်းကမ်း မရှိ၊ သီလ မရှိကြတော့ဘူးကွယ့်၊ ငှက်ကြီးတွေကို အပြန်မှာ စောင့်စောင့် ဖမ်းကြတယ်'

လူ တစ်ယောက်စာလောက် ရှိနေသည့် ထူးဆန်းသည့် ငှက်ကြီးများကို ဘုရားတွင် ကပ်ထားသော ဓာတ်ပုံများတွင်သာ ကြည့်ရသဖြင့် သူငယ်ချင်း တစ်သိုက် မပျော်ကြ။

ကိုကိုကတော့ အေးအေးဆေးဆေး သူတစ်ယောက်တည်း ဘုရားကို အကြာကြီး ရှိခိုးနေသည်။

'ယောင်းမရေ နင့် အစ်ကိုက ငယ်ငယ်ကလောက်တော့ စကားပြောရင် ကြီးကျယ်တော့ဘူးဟ'

နွယ်နွယ်က စိမ်းဝေကို စတော့ စိမ်းဝေက အောင့်သက်သက်။

'ဘာလဲ ငယ်ငယ်ကလောက် မကြီးကျယ်တော့ဘူးဆိုတော့ နည်းနည်းတော့ ကြီးကျယ်တုန်းပဲလို့ နင်က ပြောချင်တာလား'

'ဒီလိုဟာ သူ တော်တာတွေတော့ မပြောတော့ဘူး၊ သူ ဘယ်လို ရုန်းကန်ရတယ်၊ ကြိုးစားနေရတယ်တွေတော့ လျှောက်ပြောနေတုန်းပဲ'

'အဲဒါ သူ တကယ် ရုန်းကန်ရလို့ ရုန်းကန်ရတယ် ပြောတာပဲ၊ နင်က ဘာလို့ ကြီးကျယ်တယ်လို့ ပြောရတာလဲ'

'ဟဲ့ လူဆိုတာ ကိုယ့်ဘဝနဲ့ ကိုယ် ဒီလိုပဲ ရုန်းကန်ကြရတာပဲ၊ သူများ တွေက သူ့လို လျှောက်ပြောမနေဘူးလေ'

'သူများတွေကမှ သူ့လောက် မရုန်းကန်ရတာ၊ ငါ့အစ်ကိုက သူ့ သက်တူ ရွယ်တူ ယောကျ်ားလေးတွေ အများစုထက်တော့ ကိုယ့်ဘဝကို ကိုယ် နားလည် တယ်၊ ကိုယ့်အချိန်ကို ကိုယ် တန်ဖိုးထားတယ်၊ ဒါကြောင့် အချိန်ရှိသရွေ့ ဘာ တိုးတက်ရာ တိုးတက်ကြောင်းပဲ လုပ်နေတာ၊ ဒါပဲ အာရုံရှိတော့ ပြောလည်း ဒီစကားတွေပဲ ထွက်လာမှာပဲ၊ အဲဒါ ကြီးကျယ်တယ် ထင်ရင် ဘာလို့ စည့်ထောက်ခံနေသေးလဲ၊ ငါ နောက်က ကြည့်နေတာ နင်တို့ ပြောတာ ရပ်တောင် မရပ်ဘူး'

နွယ်နွယ် ရုတ်တရက် ပါးစပ် အဟောင်းသား ဖြစ်သွားပြီးမှ ရယ်သည်။

'ချင်စရာ ပြောတာပါ ယောင်းမရယ်၊ သူ့အစ်ကိုဘက်က နာနေလိုက်တာ၊

www.burmeseclassic.com



သူပြောတာ နားထောင်လို့ ကောင်းပါတယ်၊ ငါက အပြန် တစ်လျှောက်လုံး ထပ် နားထောင်ဦးမှာ'

'မရဘူး'

'ဘာလို့'

'နင်ပဲ ဖုန်ကြောက်တာ မဟုတ်ဘူး၊ ငါလည်း ကြောက်တာပဲ၊ အပြန်ကျရင် ငါ ရှေ့က ထိုင်မယ်'

နွယ်နွယ်က ဟက်ဟက်ပက်ပက် ရယ်။

'ဖုန်ကြောက်တာ မဟုတ်ပါဘူး ဟယ်၊ တွန့်တိုတာ ငါ သိပါတယ်'

'ဘာကို တွန့်တိုနေကြတာလဲ'

ရဲဝင့် အနားသို့ ရောက်လာပြီး ရုတ်တရက် မေးလိုက်သဖြင့် အားလုံး ရှက်ကိုးရှက်ကန်း ဝိုင်းရယ်ကြသည်။

အပြန်ခရီးတွင်တော့ စိမ်းဝေ ရှေ့က ထိုင်သည်။

'ကိုကို'

'ဟေ'

'နွယ်နွယ်နဲ့ ဘာတွေ ပြောလာကြတာလဲ'

ကိုကိုက လှည့်ကြည့်၍ ရယ်သည်။

'ဘာတွေ ပြောလာမှန်းတောင် မမှတ်မိပါဘူးဟာ၊ ဘာဖြစ်လို့လဲ'

စိမ်းဝေ ရုတ်တရက် ဘာပြန်ပြောရမှန်း မသိ၊ ခဏနေမှ မေးသည်။

'ကိုကို နွယ်နွယ်က လှသလားဟင်'

ကိုကိုက စိမ်းဝေမျက်နှာ ကလေးကို ငုံ့ကြည့်၍ ပြုံးသည်။

'စိမ်းဝေရယ်၊ စိမ်းဝေ သူငယ်ချင်းတွေထဲမှာ စိမ်းဝေက လှသလားလို့ မေးရလောက်အောင်တော့ တစ်ယောက်မှ မပါပါဘူးဟာ'

'ရှင်'

ဒါက ဘာကို ဆိုလိုတာလဲ။ စိမ်းဝေကို သိပ်လှသည်ဟု ကိုကိုက ဆိုလိုတာလား။ စိမ်းဝေကို သိပ်လှသည်ဟု ပြောသူတွေတော့ စိမ်းဝေ မကြာခဏ တွေ့ရဖူးပါသည်။ သို့သော် ဒါက ကိုကိုလေ၊ မောင်နှမချင်း သည်လိုပြောစရာ မှ မဟုတ်တာ။

ဘုရားရေ တကယ်တော့ ငါတို့ ဘာမှလည်း မတော်ကြပါလား။

စိမ်းဝေ ရှက်စနိုးနှင့် ခေါင်းငုံ့သွားပါသည်။

ဝ



ကျောင်းတွေ ပြန်ဖွင့်တော့ ကိုကို ရန်ကုန် ပြန်သွားသည်။

တော်တော်နှင့် ဆုံဖို့ မလွယ်တော့ဟု တွေးမိသဖြင့် စိမ်းဝေရင်ထဲမှာ ဟာတာတာ ဖြစ်မိသည်။ သို့သော် ကိုကိုက တစ်နှစ်မပြည့်ခင်ပင် ပြန်ရောက်လာသည်။

ရွှေစက်တော် ရာသီပါ။ စိမ်းဝေကို ရွှေစက်တော် ပို့ပေးမလို့တဲ့။ စိမ်းဝေ အပေါ် မှတ်မှတ်သားသားရှိသော ကိုကို့ကို ရင်ထဲက နွေးထွေးစွာ ကျေးဇူး တင်မိသည်။

သို့သော် စိမ်းဝေ ကံမကောင်းပါ။

မုန်းချောင်းရေ ရုတ်တရက် ပြိုကျ လျှံဆင်းလာသဖြင့် ရွှေစက်တော် ဘုရားပွဲ ပျက်သွားသည်။ သေသူတွေလည်း ရှိသည်။ ဒဏ်ရာ ရသူတွေလည်း ရှိသည်။ စိမ်းဝေတို့ ရွှေစက်တော် မသွားဖြစ်တော့။

'မင်းဘူး ဆေးရုံမှာ အန်ကယ်စိုးတို့နဲ့ သွားတွေ့လိုက်ဦးမယ်'

ကိုကိုက ဖေဖေ့ကို ခွင့်တောင်းသည်။

'သူတို့ ဆရာဝန်တွေ ဘုရားပွဲက ဒဏ်ရာရလာတဲ့ လူနာတွေနဲ့ အလုပ် ရှုပ်နေတာ သားက ဘာသွားလုပ်မလို့လဲ'

'ဘာ ကူညီရမလဲလို့ ဖေဖေ၊ သားတို့က မြို့ခံလူငယ်တွေ၊ ဝိုင်းကူဖို့ တာဝန် ရှိတာပေါ့'

'မင်းက ဆေးကုတတ်တာမှ မဟုတ်တာ'

'ဟိုပြေး သည်လွှား ခိုင်းလို့ ရတာပေါ့ ဖေဖေ၊ လိုတဲ့လူရှိရင် သား သွေး ထည်း လှူခဲ့မယ်'

'သမီးလည်း လိုက်မယ်'

စိမ်းဝေက ဝင်ပြောတော့ မေမေက မျက်စောင်းထိုးပြသည်။

'စိမ်းဝေ၊ ကလေးက ကလေးနေရာ နေစမ်း'

'မေမေကလည်း'

ဖေဖေက ရယ်၍ 'သူ့အစ်ကိုနဲ့ပဲကွယ်၊ သွားပါစေ၊ သားတို့ နောက်သာ ...ကြနဲ့' ဟု ပြောသည်။

စိမ်းဝေ ကိုကိုနင်းသော စက်ဘီး နောက်ထိုင်ခုံမှာ ထိုင်၊ ကိုကို့ ခါးကို ...၍ ကျေနပ်စွာ လိုက်ပါသွားပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## မနှင်းဖွေး [ ၂ ]

မင်းဘူးမြို့ကို ရောက်ကတည်းက ကိုရဲဝင့်နှင့်များ ဆုံနေဦးမလားဟု တွေး၍ မနှင်းဖွေး စိတ်လှုပ်ရှားနေသည်။

ရွှေစက်တော် ဘုရားပွဲ အမီပြန်မည်ဟု ပြောပြီး ရန်ကုန်က ပြန်သွားခဲ့သူမို့ ချေကြီး၍ ထိခိုက်ပျောက်ရှသည့် သူတွေထဲမှာ ကိုရဲဝင့်ရော ပါနေဦးမလားမသိ ဟူ၍လည်း စိတ်ပူနေသည်။

တကယ် ပါသွားတာက မြင်ဦးလွင် အထက်တန်း ကျောင်းသူ ဘဝတုန်းက မနှင်းဖွေးကို အလွန်ချစ်သည့် ဆရာမ။ ဆရာမ ညီမတွေက မနှင်းဖွေးကို လှမ်းပြောစဉ်က မနှင်းဖွေးလည်း တော်တော် စိတ်ပူသွားခဲ့သည်။ ဒဏ်ရာရရုံလောက်ပါပဲ။ မင်းဘူး ဆေးရုံမှာ တင်ထားရသည်။ မနှင်းဖွေးပါ လိုက်ခဲ့ပေးပါဟု ပြောတော့ မနှင်းဖွေး သူငယ်ချင်း တစ်ယောက်ကို အဖော်ခေါ်၍ စတားဘတ်စ်ကားကြီးစီးပြီး တက်လာခဲ့သည်။

မင်းဘူး ဆေးရုံကတော့ ရုံပြည့် ရုံလျှံ ဖြစ်နေသည်။ တချို့လည်း မကွေးတိုင်း ပြည်သူ့ ဆေးရုံကြီးကို ဆက်ပို့ရသတဲ့။

ဆရာမကတော့ အခြေအနေ မဆိုးပါ။ ပြေးရင်းလွှားရင်း လဲရာမှ ခြေသလုံး အရိုးသိမ်ကလေးသာ ကျိုးသတဲ့။ အရိုးမကြီးဆိုလျှင် တော်တော်နှင့် လမ်းလျှောက်နိုင်မည့်ပုံစံ မပေါ်။

'ဘောလုံးသမားတွေ ကျိုးနေကျ အရိုးတဲ့ သမီးရဲ့၊ တီချယ်တော့ ပထမဦးဆုံး မြန်မာ မိန်းကလေး ဘောလုံးသမား ဖြစ်ပြီ'

တီချယ့်ကို အရယ်အပြုံးမပျက် တွေ့ရတော့မှ မနှင်းဖွေး စိတ်အေးရတော့သည်။



တီချယ်က မနှင်းဖွေး ပခုံးကို ကျော်ကြည့်၍ ပြုံးပြသည်။

'အေးအေး သား၊ ဗီရိုပေါ်သာ တင်ခဲ့၊ မင်းမှာလည်း သွေးလျှုထားခါစ တီချယ် ကိစ္စတွေ လိုက်လုပ်ပေး နေရတာ၊ နားပါဦး'

လူငယ်တစ်ဦးက လူနာခုတင်ဘေးက ဗီရိုပေါ်က ဆေးပုလင်းများ ပါသော ကြွပ်ကြွပ်အိတ် တစ်အိတ်ကို လှမ်းတင်သည်။

လူငယ်၏ မျက်နှာကိုမြင်တော့ မနှင်းဖွေး၏ မျက်ဝန်းညိုညိုကလေးများ ဝိုင်းစက် သွားပါသည်။

'ဟယ် ကိုရဲဝင့်'

'ဟာ နှင်း။ ဘယ်လိုလုပ်ပြီး'

တီချယ်က သူတို့မျက်နှာများကို အကဲခတ်ပြီး သဘောကျစွာ ဝင်မိတ်ဆက်ပေးသည်။

'သားတို့ သမီးတို့က သိနေကြတာကိုး၊ ဒါ စောစောက ပြောတဲ့ တီချယ့်သမီးလို နေတဲ့တပည့် လိုက်လာလိမ့်မယ် ဆိုတာလေ၊ သမီးရေ မောင်ရဲဝင့်က မင်းဘူးမြို့ခံ လူငယ်တချို့နဲ့ ဒီမှာ လိုတာတွေ လာကူညီ နေကြတာ၊ တီချယ့်ကို အဖော် မပါဘူးဆိုလို့ မိတ်ဆက်ပြီး လာလုပ်ကိုင် ပေးနေတာ၊ ခုပဲ ခွဲရမယ့် လူတစ်ယောက် အတွက် သွေးလှူထား သေးတယ်၊ မနားဘူး၊ သမီး သူငယ်ချင်းလား'

'တက္ကသိုလ်မှာ ခင်တာပါ တီချယ်'

မနှင်းဖွေး စကား ပြောရင်း လှည့်ကြည့်ရင်းနှင့် ရဲဝင့် ဘေးတွင် အဖော်တစ်ယောက် ပါလာသည်ကို သတိထားမိသည်။

အလို။

သိပ်လှတဲ့ မိန်းကလေး တစ်ယောက်ပါလား။

၁၃ နှစ်၊ ၁၄ နှစ်လောက်ပဲ ရှိဦးမည် ထင်သည်။ အနေတော် လတ်သော အသားအရေ ကလေးက တစ်ပြေးညီ ဝင်းမွတ်နေသည်။

မျက်ခုံးက ထူထူ၊ မျက်လုံးက ဝိုင်းဝိုင်း ဖြောင့်စင်း၍ ရှည်လျားသော မျက်တောင်တို့နှင့်။

လှပါသည်ဟု အများက ချီးမွမ်းတာ အမြဲခံရသော မနှင်းဖွေး ကိုယ်တိုင်ပင်လျှင် မှင်တက် ငေးမော ကြည့်ရလောက်အောင် လှလွန်းသည့် မျက်နှာတလေး။

www.burmeseclassic.com

www.burmeseclassic.com



အရွယ်ကလေး မရောက်တရောက်မို့သာပေါ့။ အရွယ်ရောက် တက္ကသိုလ် သာ တက်လို့ကတော့ မသိသူ မရှိလောက်အောင် ထင်ရှားဦးမှာ။

ရဲဝင့်က မနှင်းဖွေးအကြည့်ကို ရိပ်မိသွားသဖြင့် လှည့်ကြည့်ပြီး ရယ်ပြသည်။

'ဒါ ညီမလေးလေ၊ စိမ်းဝေတဲ့'

အို ဟုတ်တာပေါ့။

ကိုရဲဝင့် ဖခင်၏ မယားပါသမီး။ အဲသည့် နာမည်ကို ကိုရဲဝင့် ပြောပြဖူးသည်။ သည်မျှ လှသည့် မိန်းကလေး တစ်ယောက် ဆိုတာတော့ တစ်ခါမှ ပြောမပြဖူးပါ။ အင်းလေ ကလေးက အခုမှ အရွယ်စရောက်တာကိုး။

'လှလိုက်တာ ညီမလေးရယ်'

မနှင်းဖွေး မနေနိုင်ဘဲ မှတ်ချက်ချတော့ ကလေးမလေးက ရှက်ကိုးရှက်ကန်းနှင့် ရယ်ပြီး မမလည်းသိပ်လှတာပါပဲ။ ကိုကိုနဲ့ ဘယ်လို ခင်မိသွားတာလဲဟု မေးသည်။

ရဲဝင့်က ရယ်၍ စိမ်းဝေခေါင်းကို မနာအောင် ထုသည်။

'စိမ်းဝေရယ်၊ စိမ်းဝေပြောပုံက ကိုကိုက ရုပ်ဆိုးလွန်းလို့ပဲ နှင်းက မပေါင်းသင့်ဘူးလိုလို'

စိမ်းဝေက လျှာကလေးတစ်လစ် ထုတ်ပြသည်။

မနှင်းဖွေးကတော့ သည်မျှ လှပသည့် မိန်းကလေး တစ်ဦး ဘာသွေးသားမှ မတော်စပ်ပါဘဲ ကိုရဲဝင့် ဘေးတွင် တရင်းတနှီး မကြာမီ လူလားမြောက်လာတော့မည်ကို တွေးမိကာ ရင်ထဲတွင် တစ်မျိုး ခံစားနေရပါတော့သည်။

●

# ရဲဝင့် [ ၄ ]

ကိုတင်စိုးက စားပွဲပေါ်က ၁၀ တန်ချည်း သက်သက်ပါသော ကြွပ်ကြွပ်အိတ်ထုပ်ကြီးကို ကြည့်၍ စိတ်မသက်သာစွာ ခေါင်းခါသည်။

'ရဲဝင့်ရာ၊ မင်းကို ငါပေးလိုက်တာ ၇၅ ကျပ်တန်တွေချည်းပဲ၊ မင်း ဘာမှ မသုံးလိုက်ရသေးဘူး ဆိုတာလည်း ငါအသိ၊ မင်းဟာမင်း ထပ်စု ထားတဲ့ ပိုက်ဆံတွေလည်း ဟိုတစ်ခါ ရာတန်တုန်းကမှ ပြန်ရသေးတယ်၊ ဒီ တစ်ခါ ပလုံသွားတာ ငါအသိ၊ ဒီ ပိုက်ဆံတွေကို ပြန်ဆပ်ဖို့ မပြောနဲ့၊ မင်း ယူထားတဲ့ စတ်ဖိုးတောင် ဖြည်းဖြည်းချင်းပဲ ဆပ်တော့လို့ ငါပြော မလို့၊ မင်းက အခုဒါတွေ ဘာလို့ လာပေးရတာလဲ'

ရဲဝင့်က စပ်ဖြဲဖြဲ လုပ်ပြသည်။

'အစ်ကို မသိသေးတာ ရှိသေးတယ်'

'ဘာလဲ'

'ရွှေဈေးက ခြောက်ထောင် ဖြစ်သွားတော့ ကျွန်တော် ရွှေရောင်းလိုက်တာ ထင်တာထက် မြတ်သွားတယ်'

'မင်း ဘယ်က ရွှေရှိလို့လဲ'

'ဟိုတစ်ခါ ပြီးကတည်းက နည်းနည်း၊ နည်းနည်း ဝယ်ထားတာ နှစ်နှစ်နီးနီး ရှိပြီဆိုတော့ နည်းနည်း ရှိနေပြီ၊ ဖေဖေ့ဆီကလည်း မေမေ့ပစ္စည်း ကျန်ခဲ့တာ တချို့ သွားယူတယ်၊ အမွေ တောင်းလာတာပေါ့'

ကိုတင်စိုးက စိတ်ပျက်လက်ပျက် ခေါင်းခါသည်။

'မိဘ အမွေအနှစ် ရောင်းပစ်ရသလားကွ'

ရဲဝင့်က ပခုံး တွန့်ပြသည်။

www.burmeseclassic.com

www.burmeseclassic.com



'ပညာတ်တွေပါ အစ်ကိုရဲ့ အမေတောင် ဆုံးရှုံးခဲ့ရသေးတာ၊ အမေ ဝတ်ခဲ့တဲ့ ရွှေကျော့မှ နှမြောစရာလား၊ ဒီလို အချိန်မျိုးကြီးထဲမှာ ကျွန်တော့်ကို အဘက်ဘက်က ကူညီခဲ့၊ သင်ပေးခဲ့တဲ့ အစ်ကို ဆုံးရှုံးရတာတွေ များတဲ့အပြင် ကျွန်တော့်ကို ပေးလိုက်တာတွေလည်း ဆုံးရှုံးရပြီလို့ ထင်နေရရင် ကျွန်တော်လည်း လုပ်ငန်းကံမကောင်း နိုင်ဘူး၊ ဒါကြောင့် အစ်ကို့ငွေကို ချက်ချင်း ပြန်ဆပ်တာ၊ အမေ ရှိရင်လည်း အမေက သူ့သားကို အဲလိုပဲ ဖြစ်စေချင်မှာ'

ကိုတင်စိုးက သက်ပြင်းချသည်။

'ငါလည်း မင်းစိတ်ဓာတ်ကို ချီးကျူးပါတယ်၊ ဒီငွေတွေ မင်းမှာဘယ်လောက် ခက်ခဲရတယ်ဆိုတာ သိပေမယ့်လည်း ယူရမလို ဖြစ်နေပြီ၊ ကျန်တဲ့ ငါ ရစရာရှိတဲ့ နေရာတွေက လူတွေက မင်းလို မဟုတ်ဘူးကွ၊ မရှိဘူးပဲ ပြောကြတော့တာ၊ အေးလေ စက်ဖိုးတော့ မင်း နှစ်ပေါက်သာ စောင့်ဆပ်တော့ ဟုတ်ပြီလား'

ရဲဝင့်က မချိပြုံး ပြုံး၍

'စိတ်ချ အစ်ကို၊ မြတ်မှ အမြတ်ထဲက ဆပ်ရမှာ။ မြတ်ပါစေသာ အစ်ကို ဆုတောင်းပေး' ဟု ဆိုသည်။

'ကျောင်းရော ဘယ်လို လုပ်ထားလဲ'

'ဒီတစ်ခါ ပြန်ဖွင့်ရင် ဖိုင်နယ်ပဲ အစ်ကို၊ ဒီတစ်နှစ်တော့ ဒီလိုပဲ ပြီးသွားမှာပါ။ ဘွဲ့ကတော့ ရသွားမှာပဲ၊ ပုံတော့လည်း တကယ် မဆွဲတတ်သေးဘူးပေါ့။ ပြီးမှ ဆက်လေ့လာရမှာပဲ'

ကိုတင်စိုးက ခေါင်း တဆတ်ဆတ် ညိတ်သည်။

'ကောင်မလေးလည်း ပြီးတော့မှာ မဟုတ်လား။ ယူဖို့ရော ဘယ်လို စီစဉ်ထားသလဲ'

ရဲဝင့် မျက်လုံးပြူး၍ အစ်ကိုပြောတာ နှင်းကိုလားဟု မေးသည်။

'အေးလကွာ၊ မင်း တွဲနေတာကြာလှပြီ'

ရဲဝင့် သက်ပြင်းချ၍ ခေါင်းခါသည်။

'နှင်းက သူငယ်ချင်းပါ အစ်ကိုရာ၊ အမေက မရှိ၊ တစ်ကောင်ကြွက်လို ဖြစ်နေလို့ မိန်းကလေး သူငယ်ချင်း တစ်ယောက် ရင်းရင်းနှီးနှီး တိုင်တိုင်ပင်ပင် ရထားတာ စိတ်ချမ်းသာပြီး တွဲနေတာ၊ ရည်းစား မဟုတ်ပါဘူး'

ကိုတင်စိုးက မျက်လုံး ပြူးပြသည်။

'မဟုတ်သေးလည်း ဟုတ်လိုက်တော့လေကွာ၊ မင်းဟာက ဒီကောင်မလေးနဲ့မှ မဟုတ်ရင် ဘယ်သူ သွားဟုတ်မလဲ'



ရဲဝင့် ခေါင်းခါသည်။

'အချစ်ဆိုတာ ရှိလား မရှိလား မသိပါဘူး အစ်ကိုရာ၊ အချစ်ဆိုတာ ပါရင်တော့ ရင်ထဲမှာ နွေးခနဲ ဒိတ်ခနဲတော့ ဖြစ်ရမယ်ထင်တာပဲ၊ နှင်းနဲ့က မဖြစ်ဘူး။ တော်ကြာ မချစ်ဘဲ ချစ်တယ် ပြောမိတာမျိုးဖြစ်မှာ ကြောက်တယ်'

'မင်းဟာကလည်း နှင်းနဲ့က နွေးခနဲ ဒိတ်ခနဲ မဖြစ်ဘူးဆိုတော့ တခြား မိန်းကလေးနဲ့ ဖြစ်နေတာမျိုးများ ရှိလို့လား'

ရဲဝင့်က ကိုတင်စိုးမျက်နှာကို ကြောင်တက်တက် ပြန်ကြည့်သည်။

'အင်း ရှိတယ်ပြောလည်း ခက်၊ မရှိဘူး ပြောလည်း ခက် မသိတော့ပါဘူး အစ်ကိုရာ'

ရဲဝင့် လေးကန်သော ခြေလှမ်းများနှင့် ထွက်သွားပါတော့သည်။

●

www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်မှာလည်း တက္ကသိုလ်တွေ ပိတ်ပြန်သတဲ့။ တော်သေးတာပေါ့။ ကိုကိုက ကျောင်းပြီးသွားလို့။ စပိတ်တာက ကိုကိုတို့ ကျောင်း။ နောက်ပိုင်း ကျတော့ မမနှင်းတို့ဘက် တွေလည်း ပိတ်ရသတဲ့။ မမနှင်းကတော့ ကျောင်း ပြီးလို့ မြင်ဦးလွင် ပြန်ရောက်နေပြီ။

ဇွန်လ နောက်ပိုင်းမှာ ရန်ကုန်ဘက်က သတင်းများက တဖြည်းဖြည်း စိတ်ပူစရာ ဖြစ်လာသည်။ မင်းဘူးက ဘာမှ သိပ်မထူးခြား။ မကွေးဘက် ကမ်းမှာလည်း ဘာမှ ထူးခြားမှု သိပ်မရှိ။

ဖေဖေကတော့ မိုးလင်းစ ကတည်းက ရေဒီယိုတစ်လုံးကို လိုင်းပေါင်းစုံ ပြောင်းဖမ်း၍ အလုပ်ရှုပ်နေသည်။

'သားကလည်း ပြန်လာတာ မဟုတ်ဘူး'

တစ်ခါတလေလည်း အဲသလို မြည်တွန် တောက်တီးသည်။

ဆင်ဖြူကျွန်းက မေမေ့ အမျိုးတွေလည်း တက်လာသည်။ မေမေနှင့် စိမ်းဝေကို လာခေါ်တာတဲ့။ မင်းဘူးမှာ ဘာမှ ထူးထူးခြားခြား အပြောင်းအလဲ မရှိတာကို မျက်မြင်တွေ့ရတော့မှ စိတ်ချပြီး ပြန်သွားကြသည်။

စိမ်းဝေကတော့ တစ်နေ့သုံးကြိမ်လောက် ဘုရားရှိခိုးပြီး ကိုကို ဘေးကင်း ပါစေဟု ဆုတောင်းသည်။

နောက်ပိုင်း စာအဆက်အသွယ် ပြတ်တောက် သွားတော့ 'ရှင်ပင် စက္ကုတဲ' ဘုရားမှာ ကျောက်တုံးတောင် သွားမသေးသည်။

ကိုကို ဘေးကင်းလျှင် ကျောက်တုံး ပေါ့ပါစေပေါ့။

ကျောက်တုံးက ပေါ့ပေမယ့်လည်း စိမ်းဝေရင်က လေးမြဲ လေးနေသည်။

●

## စိမ်းဝေ [ ၃ ]

စိမ်းဝေ ၉ တန်း စတက်တတည်းက ရန်ကုန်ပြန်သွားသော ကိုကိုသည် စိမ်းဝေ ၁၀ တန်း ဖြေပြီးသည်အထိ ပြန်မလာ။

နောက်ဆုံးနှစ် စာမေးပွဲ ဖြေနိုင်ကြောင်းတော့ စာရေးသည်။ စိမ်းဝေ ၁၀ တန်း ဖြေနိုင်လားဟု မေးသည်။ စက္ကူစက်ကလေးက မိတ်ရလာသဖြင့် ကြွေးကျေအောင် ကြိုးစားနေရသတဲ့။ ဟုတ်မှာပါ။ ကိုကိုနှင့် တစ်ခါမှ သိပ်ကြာကြာ အတူတူ မနေရသော်လည်း ကိုကို့စိတ်ကို စိမ်းဝေ သိသည်။ သူ့ကို အားကိုး၍ အလုပ်အပ်ချင်သူတွေကို တစ်ယောက်ယောက်နှင့် ခဏထားခဲ့ပြီး ထွက်လာမည့် လူစားမျိုး မဟုတ်။ ငွေထက် ယုံကြည်ခံရမှုကို ဦးစားပေးမည့် သူမျိုးဖြစ်သည်။ ယုံကြည်ခံရမှု၏ အရှေ့မှာ မိသားစုကိုလည်း ထားမည့်သူ မဟုတ်။

မိသားစု။

ဘုရားရေ။ တကယ်တော့ ကိုကို့ မိသားစုအစစ်က ဖေဖေ တစ်ယောက်တည်းသာ မဟုတ်ပါလား။ စိမ်းဝေတို့ကို ဘယ်လိုလုပ် မိသားစုလို့ ပြောမှာတဲ့လဲ။

စိမ်းဝေ မျက်ရည် စို့လာသည်။ မဟုတ်သေးဘူးလေ။

စိမ်းဝေကို တာဝန် ယူနိုင်ဖို့ ကိုကို ကြိုးစား နေတာတဲ့။ ကိုကို ပြောသွားတာပဲ။ သူ ငါ့ကို မိသားစုလို တကယ် သဘောထားလို့ပေါ့။

မိသားစုလို တကယ် သဘောထားရင် ခဏဖြစ်ဖြစ်တော့ တစ်ခေါက် ပြန်လာပါ ကိုကိုရယ်ဟု ညည်းတွားမိသည်။

www.burmeseclassic.com

www.burmeseclassic.com

## ရဲဝင့် [ ၅ ]

ရဲဝင့် ဝင်လာသော လူနှစ်ဦးကို မော့ကြည့်သည်။

တစ်ဦးက မျက်နှာစိမ်း၊ တစ်ဦးကတော့ ကိုတင်စိုးစက်မှာ ခဏခဏ ဆုံဖူးသည်။ နာမည်တော့ မေ့တော့တော့။

'ညီလေးရေ့ နည်းနည်း ရနိုင်မလား၊ ကိုစိုးစက်မှာ ပြတ်နေလို့'

ရဲဝင့်က လက်ထဲက စာအုပ်ကို လှန်လျှောကြည့်သည်။

'နည်းနည်းတော့ရမယ် အစ်ကို၊ အများကြီးတော့ မရှိတော့ဘူး'

'ရသလောက်ပေါ့ကွာ၊ ဒီရက်ထဲတော့ လက်မလည်ဘူးဟေ့'

ရဲဝင့်က ရယ်၍ အလုပ်သမား တစ်ဦးကိုခေါ်ပြီး လက်ကျန် အနေအထား တွက်ချက်ခိုင်းသည်။ နောက် တစ်ဦးကို အနားက လက်ဖက်ရည်ဆိုင်မှာ လက်ဖက်ရည် နှစ်ခွက် သွားဝယ်ရန် လွှတ်လိုက်သည်။

'ညီလေးရော ဘယ်မှ မသွားဘူးလား'

ပါလာသည့် မျက်နှာစိမ်း ဧည့်သည်က ရင်းရင်းနှီးနှီး ဟန်ပန်နှင့် မေးသည်။ ရဲဝင့်က ပခုံး တွန့်ပြသည်။

'ဒီမှာပဲ နေ၊ ဒီမှာပဲ အိပ်ရတာပဲ၊ အလုပ် မဆင်းတဲ့ လူတွေက အများကြီးပဲလေ၊ အလုပ်ကလည်း မပြတ်တော့ ကိုယ်စောင့်နေမှ ပြေလည်တယ်'

ဧည့်သည်မျက်နှာက အလိုမကျဟန် ပေါ်လာသည်။

'အဲဒါပြောတာ မဟုတ်ဘူးလေကွာ၊ အစ်ကိုတို့လို မထွက်ဘူးလားလို့'

ရဲဝင့် ခေါင်းခါသည်။



'သိပ်နားမလည်ဘူး အစ်ကိုရာ၊ ကျွန်တော် သိပ်နားမလည်တဲ့ အလုပ်ကို ယောင်တောင်ပေါင်တောင်နဲ့တော့ သွားမလုပ်ချင်ဘူး'

'ညီလေးက ညီလေးနဲ့ မဆိုင်ဘူးလို့ ထင်တာလား'

မျက်နှာသိ ဧည့်သည်က ဟန့်သလို လက်ထောက်ပြသည်။ ရဲဝင့်ကတော့ ဒုတိယအကြိမ်သာ ပခုံး တွန့်ပြသည်။

'ဒါ လူတိုင်းနဲ့ဆိုင်တဲ့ ကိစ္စပဲ ညီလေးရဲ့'

'လူတိုင်းနဲ့ဆိုင်တဲ့ ကိစ္စတွေ အများကြီးပဲ၊ အဲဒါတွေ အားလုံးကို လူတိုင်းကတော့ လုပ်မနေပါဘူး၊ ကျွန်တော့် သဘောကတော့ ကိုယ်နားလည်တာဆိုရင် လုပ်တယ်၊ ကိုယ် နားမလည်တာဆိုရင် မလုပ်ဘူး'

ဧည့်သည် မျက်နှာ နည်းနည်း နီလာသည်။

'ကဲ မင်း နားလည်တာက ဘာလဲ၊ ပြောပြပါဦး'

ခေါ်လာသူက မျက်နှာ ပျက်စ ပြုနေသော်လည်း ရဲဝင့်က မျက်နှာ မပျက်ဘဲ ခပ်အေးအေးပင် ဖြေသည်။

'ကျွန်တော် နားလည်တာက ကျွန်တော်တို့ မိသားစုက ဆင်းရဲတယ်၊ သိပ်အဆင်းရဲကြီး မဟုတ်ပေမယ့် ဖေဖေ့အသိပညာ၊ ကျွန်တော့် အသိပညာနဲ့ ထိုက်ထိုက်တန်တန် မနေနိုင်လောက်အောင် ဆင်းရဲတယ်၊ အဲဒါကို အသင့်အတင့် ရှိလာချင်ရင် ကျွန်တော် အလုပ်ကြိုးစားရမယ်၊ ဒါပဲ'

'ပိုက်ဆံရှာတာပဲ စိတ်ဝင်စားတယ်ပေါ့ ဟုတ်လား'

'ဟုတ်တယ်၊ တစ်ခုတော့ ရှိတယ်၊ ငါးပါးသီလတော့ လုံချင်တယ်၊ ငါးပါးသီလ ကျိုးမှရမယ့် ပိုက်ဆံတော့ မလိုချင်ဘူး'

ဧည့်သည်မျက်နှာ အနည်းငယ် ပြေလျော့သွားသည်။

'အေးလေ၊ ဘာပဲဖြစ်ဖြစ် တစ်မျိုး ကောင်းပါတယ်၊ ညီလေးက ကိုယ့်ယုံကြည်ချက်နဲ့ ကိုယ်ပဲ ခိုင်ခိုင်မာမာ နေတတ်တယ်၊ ဒါလည်း လေ့လာစရာတွေ ကျန်နေသေးတာကိုး၊ လေ့လာရင်းက ပို လုပ်ချင်လာတာတွေရှိတော့ တစ်မျိုးပေါ့၊ ဟုတ်လား'

ရဲဝင့် တတိယအကြိမ် ပခုံးတွန့်ပြမိပါသည်။

●

www.burmeseclassic.com

www.burmeseclassic.com

## မနှင်းဖွေး [ ၃ ]

လက်ဖက်ရည်ဆိုင်ထဲမှ မလိုင် နံပြား ထည့်ထားသော ကြွပ်ကြွပ်အိတ်ကလေးကို ဆွဲ၍ ထွက်လာပြီး စက်ဘီးပေါ် တက်မည့်ဟန် ပြင်လိုက်စဉ် လမ်းတစ်ဖက် ကျောပိုးအိတ် ဆိုင်ရှေ့မှ လမ်းဖြတ်ကူးလာသော ကိုဟန်ပိုကို မထင်မှတ်ဘဲ လှမ်းတွေ့ လိုက်ရသည်။

အတူ ပါလာသော ဝမ်းကွဲ ညီမလေးလက်ထဲသို့ မလိုင်နံပြားထုပ်ကလေးကို လှမ်းပေးပြီး မနှင်းဖွေး လက်ခုပ်လက်ဝါး တီး၍ လှမ်းခေါ်သည်။

'ကိုဟန်ပို၊ ကိုဟန်ပို'

ကိုဟန်ပိုက လှမ်းကြည့်ပြီး ဝမ်းသာအားရ လက်ဝှေ့ယမ်း ပြသည်။ ဘေးဘယ်ညာ ကားရှင်း မရှင်း ကြည့်၍ လမ်းကို ကမန်းကတန်း ပြေးကူးလာသည်။

မနှင်းဖွေးတို့ ရှေ့ရောက်တော့ အရှိန်သတ်၍ အားရဝမ်းသာ ဗလုံးဗထွေး ပြောသည်။

'ငါ မြင်ဦးလွင် ရောက်ကတည်းက နင်နဲ့ ဆုံချင်ဆုံမှာ၊ လိပ်စာ မတောင်းထားမိတာ မှားတာပဲဆိုပြီး လမ်းသွားတိုင်း ကောင်မလေးတွေ မျက်လုံးလိုက်လိုက်ကြည့်နေရတာ'

'ကိုဟန်ပိုကြီးကလည်း ဘာဆိုင်လို့လဲ'

'ဆိုင်တာပေါ့ဟ၊ နင့်မျက်လုံးက ရှားရှားပါးပါး အညိုဖျော့ရောင် ကလေး မဟုတ်လား၊ နင် ပိန်သွား၊ ဝသွားလို့ ငါ ရုပ်မမှတ်မိလည်း မျက်လုံးတော့



မှတ်မိမှာပဲ ဆိုပြီး လိုက်ကြည့်တာ၊ အာပါးပါး၊ တစ်မြို့လုံး မျက်လုံး အညိုဖျော့ရောင်တွေ အများကြီးပဲ၊ ကုလားမ ဖြူဖြူကလေးတွေ'

ကိုဟန်ပို ထုံးစံအတိုင်း အားပါးတရ ပြောနေရာမှ မနှင်းဖွေးက မသိမသာ ညီမကလေးဘက်သို့ မျက်ရိပ်ပြလိုက်တော့မှ ပါးစပ်အဟောင်းသားနှင့် ရပ်သွားသည်။

မနှင်းဖွေး၏ ဝမ်းကွဲ ညီမလေးကလည်း အသားက ဆွတ်ဆွတ်ဖြူသော်လည်း ရုပ်ကြည့်လိုက်တာနှင့် သိသာထင်ရှားသော ကုလားမကလေးပါ။

လက်စသတ်တော့ ဒါကြောင့် မနှင်းဖွေး မျက်လုံးတွေက အညိုဖျော့ရောင် ဖြစ်နေတာကိုးဟု သဘောပေါက်သွားဟန် တူသည်။ အသံ တိတ်သွားသည်။

'ကဲပါ၊ အဲဒါတွေထား၊ ကိုဟန်ပို ဒီဘာလာလုပ်တာလဲ ပြောဦး'

ဟန်ပိုက ဘယ်ညာကို ကျီးကန်းတောင်းမှောက် ကြည့်သည်။

'အမှန်ကတော့ အစက ငါ ထွက်ပြေးလာတာဟ'

မနှင်းဖွေး မျက်မှောင်ကြုတ်သည်။

'ကိုဟန်ပိုက ပါသေးလို့လား'

'ပါတာပေါ့ဟ၊ ငါတို့ အတန်းထဲက အဖွဲ့တွေက စကတည်းက ပါကြတာ၊ မပါတာဆိုလို့ နင့်ကောင် ရဲဝင့်ပဲ ရှိတယ်၊ ဒီကောင်က တောက်လျှောက် သူ့စီးပွားရေးပဲ သူ လုပ်နေတာ'

သတင်း အဆက်အသွယ် မရသဖြင့် ရဲဝင့်အတွက် စိတ်ပူနေခဲ့ရသော မနှင်းဖွေး ဟန်ပို့စကားကြောင့် တော်တော် ရင်အေးသွားသည်။

'သူ့လုပ်ငန်းတွေက ရပ်မနေဘူးလား'

'ကြံကြံဖန်ဖန်၊ ဒီကောင် စီးပွားဖြစ်လိုက်သမှ ခဏနေရင် နင့်တောင် လာတောင်းချင် တောင်းတော့မှာ'

မနှင်းဖွေး၏မျက်နှာ ဖြူဖြူကလေး သွေးရောင်လွှမ်းသွားသည်။

'ကိုဟန်ပိုကြီးကလည်း နှင်းတို့ နှစ်ယောက်က ရိုးရိုး သူငယ်ချင်းတွေပါ'

ဆန်းဖို့လည်း သူ ကြိုးစားတော့မှာ မဟုတ်ပါဘူးလေဟု ရင်ထဲက ကြိတ်၍ သက်ပြင်းချရသည်။ ပြီးမှ ဟန်ပို့ကို မေးသည်။

'နို့ အခုရော ကိုဟန်ပို့အစီအစဉ်က ဘာလဲ'

'ပြန်မှာပဲ၊ ကောလာဟလတွေတဲ့၊ ရန်ကုန်မှာလည်း ငါ့ ဘေးဒါတွေ အေးအေးဆေးဆေး ပဲတဲ့၊ အိမ်က ပြန်ခေါ်နေပြီ၊ အဲဒါ ပြန်တော့မလို့ လုပ်နေတုန်း နင်နဲ့ဆုံတာ၊ ဟိုကောင်ကြီးဆီ ဘာမှာဦးမလဲ'

www.burmeseclassic.com

www.burmeseclassic.com



'ကိုဟန်ပိုနဲ့ တွေ့မှာ မို့လို့လား'

'တွေ့မယ်၊ ငါတို့ ဖုန်းနဲ့တောင် ချိန်းထားပြီးပြီ၊ ငါက ငါလည်း ဘွဲ့ရ အလုပ်လက်မဲ့ စာရင်းဝင်နေပြီ၊ မင်းစက်မှာ လာအလုပ်လုပ်မယ်ပြောတော့ ဒီကောင်က ဆောက်လုပ်ရေးလုပ်ငန်းတွေ များလာမယ့် အရိပ်အယောင် ရှိတယ်တဲ့၊ မင်းနဲ့ ငါ ဗိသုကာ ပြန်လုပ်သင့် လုပ်ရမယ်၊ စာတွေလည်း ပြန်ဖတ်ထား၊ ငါနဲ့ လာနေပြီး တိုင်ပင်ကြရအောင်တဲ့'

'ကောင်းတာပေါ့၊ အဲဒါဆို နှင်းလည်း စာရင်းကိုင် လာလုပ်မယ် ပြောလိုက်'

ဟန်ပိုက ရယ်သည်။

'သူဌေးကတော်ပဲ လုပ်ပါဟာ'

'ကိုဟန်ပိုကြီးနော်'

မနှင်းဖွေး မျက်နှာကလေးက နီရဲသွားပြန်သည်။

●

## ရဲဝင့် [ ၆ ]

အရာရှိကလေး ဖုန်းပြောနေသည်ကို ရဲဝင့်က ညှော်ခန်း ဆက်တီပေါ်တွင် ထိုင်ရင်း စိတ်လှုပ်ရှားစွာ စောင့်နေသည်။

ခဏနေတော့ အရာရှိကလေးက ဖုန်းကိုချ၍ ဆက်တီတွင် ပြန်လာ ထိုင်ရင်း ရဲဝင့်ကို ပြုံးပြသည်။

'ခဏလေးနော် ကိုရဲဝင့်၊ ကျွန်တော်တို့ကား လူတစ်ယောက် သွားကြို နေတယ်၊ ပြန်လာရင် ကိုရဲဝင့်ကို လိုက်ပို့ပေးမယ်'

ရဲဝင့် ပါးစပ် အဟောင်းသား ဖြစ်သွားသည်။

'ဘာပြောတာလဲ၊ ကျွန်တော်က ပြန်ရမှာလား'

အရာရှိကလေးက ပြုံး၍ ခေါင်းညိတ်ပြသည်။

'သိချင်တာလေးတွေ ရှိလို့ ခဏ ခေါ်မေးတာပါဗျာ၊ ကိုရဲဝင့်ကို ပြန်ပို့ ပေးမှာပေါ့'

ရဲဝင့်က ဝမ်းသာအားရ နေရာမှ ထရပ်သည်။

'ဟာ မပို့နဲ့တော့၊ ရတယ်၊ ကျွန်တော့်ဟာ ကျွန်တော်ပြန်မယ်'

'နေပါဦး၊ ကားက အခု လာတော့မှာ၊ ဘတ်စ်ကားတွေက နည်းနေသေးတာ၊ ကျွန်တော်တို့ ပြန်ပို့ပေးပါမယ်'

'ဒီခရီးလောက်တော့ လမ်းလျှောက်နိုင်ပါတယ်ဗျာ၊ ကျွန်တော် လမ်း လျှောက်ပဲ ပြန်တော့မယ်'

အရာရှိကလေးက ပြုံး၍ နေရာမှထပြီး လက်ဆွဲ နှုတ်ဆက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒါဆိုလည်း သဘောပဲ၊ ညီအစ်ကိုလို အကြံ ပေးရရင်တော့ ကိုရဲဝင့် မပင်ဘူး ခဏ ပြန်ချပ်ပြန်ပါလား'

'ဘာဖြစ်လို့လဲ'

'ခင်ဗျား တစ်လျှောက်လုံး ရန်ကုန်မှာပဲ ရှိနေတာ၊ ဟိုက မိဘတွေ၊ အင်းလေ အမေပေါ့၊ ခင်ဗျားအမေ စိတ်ပူနေရောပေါ့၊ ခဏတစ်ဖြုတ်တော့ ပြန်လိုက်ဦးလေ၊ ကားတွေလည်း ပုံမှန် ထွက်နေပါပြီ'

ရဲဝင့် တွေဝေ စဉ်းစားသည်။

အာရုံထဲတွင် ဖေဖေ့ပုံ မပေါ်ဘဲ မျက်နှာကလေးညှိုးနေသော စိမ်းဝေပုံ ပေါ်လာသည်။

'အေးဗျာ၊ ဟုတ်တယ်၊ ကျေးဇူးပဲ၊ ကျွန်တော် နက်ဖြန် သွားလိုက်မယ်'

'ဂွတ်လပ်ဗျာ'

၁

မောင်နှမနှစ်ယောက် အိမ်ရှေ့က ဒန်းကလေးမှာ ထိုင်ဖြစ်ကြသည်။

'ကိုကို ပိန်သွားတယ်'

စိမ်းဝေက ရဲဝင့် လက်မောင်း တစ်ဖက်ကို ကိုင်ကြည့်ရင်း တိုးတိုးပြောသည်။ ရဲဝင့်ကတော့ ပြည့်ဝန်းနေသော လကို မော့ကြည့်နေရင်းက တိုးတိုး ရယ်သည်။

မြေပြင်ပေါ်မှာလည်း လတစ်စင်းက ထင်းနေအောင် ဝင်းပ နေသည်။

ဟုတ်ဘူးလေ။ သိပ် လှလာတယ်ဆိုတဲ့ စကားမျိုးက ကိုယ့်နှမ လိုပဲ သဘောထားရမည့် သူကို ပြောခွင့်ရှိသည့် စကားမျိုးမှ မဟုတ်တာ။

'ဝယ်ရေးချက်ရေး တော်တော် ခက်သွားသေးတယ်ကွ၊ ပြီးတော့ ညလည်း ရုပ်တွက်မှာ တင်းစောင့်ရ နေ့လည်း အလုပ်လုပ်ရ'

'အခုရော အလုပ်တွေ ဒီလိုပဲ ထားခဲ့တာလား'

'အလုပ်က နားထားရတယ်၊ စိစစ်နေကြတယ်၊ ကြာမှာ'

စိမ်းဝေ မျက်နှာကလေး စိတ်ပူဟန် ပေါ်လာသည်။

'ဘယ်လို လုပ်မလဲ ကိုကို'

'ဗိသုကာဘွဲ့ ရပြီပဲကွာ၊ ဗိသုကာ ပြန်လုပ်မှာပေါ့၊ အဆောက်အအုံ လုပ်ငန်းတွေ ခေတ်ပြန်ကောင်းမယ်လို့ မှန်းထားကြတယ်၊ အရင် အလုပ်က စုမိထားတာလေးနဲ့ အဲဒီဘက် လှည့်မလားလို့ ကိုကို့ သူငယ်ချင်း ဟန်ပိုကြီးနဲ့



ထောင် တိုင်ပင်ထားတယ်၊ အဲဒါတွေ ထားပါဦး၊ စိမ်းဝေက အခု ၁၀ တန်း ပြီးထားပြီး တက္ကသိုလ်တွေက စောင့်ရဦးမှာဆိုတော့ ဘာလုပ်မယ် စိတ်ကူး ထားလဲ'

စိမ်းဝေက ပခုံး တွန့်ပြသည်။

'ရန်ကုန်မှာတော့ ကွန်ပျူတာတို့၊ အင်္ဂလိပ်စာတို့ တက်နေကြတယ် ကြားတယ်၊ ဒီမှာက ဘာမှမှ မရှိတာ'

ရဲဝင့် အသက်ရှူဖို့ ခဏမေ့သွားသည်။

လရောင်အောက်က ပိုးတဝါး အလင်းရောင်မှာပင် ဝတ်ဆင်ထားသည့် အိမ်နေရင်း သာမန် အဝတ်အစား တီရှပ်အဟောင်း၊ လုံချည်ဗြောင်တို့နှင့် မလိုက်ဖက်လောက်အောင် သိသိသာသာ လှပလွန်းနေသည့် ၁၆ နှစ်အရွယ် မိန်းမငယ်၏ မျက်နှာကလေးကို ငေးကြည့်ရင်းက စဉ်းစား တုံ့ဆိုင်းနေသည်။

ပြီးမှ တိုးတိုးပြောသည်။

'ရန်ကုန် လာခဲ့လေ၊ ကိုကို ထားပေးမှာပေါ့'

သွေးသား မတော်ဘူး ဆိုသည့် အသိကြောင့် ရင်ခုန် တွန့်ဆုတ်စွာ ပြောလိုက်ရသော်လည်း စိမ်းဝေ မျက်နှာကလေးက အေးအေးဆေးဆေးပင်။

'လာချင်တာပေါ့ ကိုကိုရယ်၊ မေမေက ဘယ်လွှတ်မလဲ'

'ဒီလို လုပ်လို့ ရတယ်လေ'

'ဘယ်လိုလဲ'

'ကိုကိုက အခု ကြည့်မြင်တိုင်မှာ အိမ်သေးသေးကလေး တစ်လုံး ငှားထားတယ်၊ စက်မှာလည်း လောလောဆယ် နေလို့မရတာနဲ့၊ အဲဒါ နော်လေးဖော ဆိုတဲ့ ကရင်အဒေါ်ကြီး တစ်ယောက်က နေ့ဆိုလာချက်ပြုတ် လုပ်ကိုင်ပေးတာ၊ အမှန်က သူက နေပေးလို့ ရတယ်၊ ကိုကိုက တစ်ယောက်တည်း နေတာမို့ မခေါ်တာ၊ စိမ်းဝေ လာနေချင်ရင် အခန်းလည်း သတ်သတ်ရှိတယ်၊ သူ့လည်း ခေါ်ထားလို့ ရတယ်၊ အန်တီခင်လည်း လောလောဆယ် ကျောင်းပိတ်ထားတော့ ခဏ လာနေပေ့ါ၊ စိမ်းဝေ အခြေကျရင် ပြန်လို့ရတာပဲ'

'ဖေဖေ့ ဘယ်လို လုပ်မလဲ'

'ဖေဖေက ကိုကို ၁၀ တန်း ကတည်းက တစ်ယောက်တည်း နေနေကျပဲ၊ ရမှာပါ'

စိမ်းဝေ တွေဝေ စဉ်းစားနေသည်။

www.burmeseclassic.com

www.burmeseclassic.com



'စိမ်းဝေကတော့ တက်ချင်တယ်၊ ဖေဖေနဲ့ မေမေ့ကို ပြောကြည့်မယ်လေ၊ ကိုကိုပါ ဝိုင်းပြောပေး'

'ပြောပေးမှာပေါ့'

ရဲဝင့် ရင်ထဲတွင် ငြိမ်းချမ်း နွေးထွေး သွားသည်။ စုံကန္တာ နေပူကြီးမှာ ထီးမပါ၊ ဖိနပ်မပါ တစ်ယောက်တည်း လျှောက်နေရာက ယခုတော့ နှမ လှလှကလေး တစ်ယောက် တကယ် အပိုင်ရတော့မည်လား မသိ။

○

အန်တီခင်က ပထမတော့ သဘောမတူ။

သူ့ စိတ်ထဲတွင် ကလေးဟုပဲ မြင်နေသော စိမ်းဝေကို အစ်ကိုဆိုသော်လည်း သွေးသား မတော်စပ်သူနှင့် ထားချင်ဟန် မတူ။ နောက်တော့ ဖေဖေက ဝင်ကူ ပြောသည်။

'ခင် စိတ်ပူရင် ဟိုမှာ ကြိုက်သလောက် ကြာကြာနေ၊ သမီးက အခု ကလေးပဲ ဆိုပေမယ့် ကျောင်းတွေ ဖွင့်တာ ထိုင်စောင့်ရင်း အချိန်တွေ အလကား ကုန်ပစ်လို့လည်း မဖြစ်သေးဘူးလေ၊ သားက ဟိုမှာ ရှန်းကန် နေရတော့ မျက်စိပွင့်တယ်၊ သူ့နှမကို သူ လမ်းညွှန်နိုင်တယ်၊ ဒီလို အခွင့်အရေး မျိုး လူတိုင်း ဘယ်ရမလဲ'

နောက်ဆုံးတော့ ရဲဝင့် ပြန်နှင့်၊ အန်တီခင်နှင့် စိမ်းဝေ စီစဉ်ပြီး လိုက်ခဲ့မည်ဟု ဖြစ်သွားသည်။

ရဲဝင့် အပြန် ခရီးတွင်တော့ ခြေလှမ်းတို့ သိသိသာသာ သွက်လက် ဖျတ်လတ်နေသည်။

○

ဟန်ပိုက သဘော်ဆေးနံ့ မပြယ်သေးသည့် တိုက်ခန်းသစ်ကို လှည့်လည် ကြည့်ရှုရင်းက ခေါင်းခါသည်။

'ဘာလဲဟ'

ရဲဝင့်က မေးတော့ နှာခေါင်း ရှုံ့ပြသည်။

'ငါ့ပိုက်ဆံတော့ မဟုတ်ပါဘူးကွာ၊ ဒါပေမဲ့ ဝင်ငွေက တစ်ပြားမှ မရှိ သေးဘူး၊ တိုက်ခန်းဖိုးက ငါးသိန်းဆိုတော့ တို့လုပ်ငန်းက အရှုံးနဲ့ စရသလို ဖြစ်နေလို့'



ရဲဝင့်က ရယ်သည်။

'မင်းက ငှားစေချင်တာလား'

'ဒါပေါ့ကွ၊ ဒါ အပေါ်ထပ်အခန်း၊ အလွန်ဆုံး ငါးထောင်ပေါ့'

'ရပါလိမ့်မယ်၊ အားကြီးကြီး၊ ဒီမှာ ငါပြောမယ်၊ ဒီအခန်း နောက် ၁၀ နှစ်ကြာလို့ နှစ်ဆ မမြတ်ရင် မင်းပြောချင်တိုင်းပြော'

ဟန်ပိုက လေအေးစက် တပ်ဆင်နေသော အလုပ်သမားများဘက်သို့ လှည့်ကြည့်သည်။

'မင်း မီးကရော မှန်လို့လား'

'ဒီစမ်းချောင်း တောင်ဘက်က မှန်တယ်ကွ'

ကန့်ထားသော သုံးထပ်သား အခန်းကလေးကို လှမ်းကြည့်ပြန်သည်။

'ငါက အဲဒီမှာနေ ဟုတ်လား'

'အေး'

'ငါ့ကို ညစောင့်ဖိုး ထပ်ပေးမှာလား'

ရဲဝင့်က ဟက်ဟက်ပက်ပက် ရယ်သည်။

'မင်း အိမ်ငှားခပဲ ထပ်မတောင်းရင် ကံကောင်းမှတ်၊ မင်း အတွက် အဆင်ပြေအောင် စီစဉ်ပေးတာ၊ ငါ့ဟာ ငါက စောင့်အိပ်မယ့်လူ ရှိပြီးသား'

ဟန်ပိုက နှုတ်ခမ်းမဲ့ပြသည်။

'မင်းအိမ်နေလည်း ရတာပဲကွာ၊ ဒါမှမဟုတ် မင်းလည်း ငှားထားတာ ပြန်အပ်ပြီး ဒီလာနေရတာပဲဟာ'

'ငါ့ဟာ ငါက ဘယ်လို နေနေ ရတယ်ကွ၊ အခုက ငါ့ညီမလေးက သင်တန်းတွေ တက်ရင်း ငါနဲ့ ခဏ လာနေမလို့၊ ဟိုအိမ်မှာပါ အမိုးကို ညပါ အိပ်နိုင်းထားတယ်'

ဟန်ပိုက မျက်မှောင်ကြုတ်ပြသည်။

'မင်းနှမဆိုတာ ဟို ဘင်္ဂလား နှမကိုပြောတာ မဟုတ်လား'

'ဟေ့ကောင်'

'ဟ ဟုတ်တယ်လေကွာ၊ မင်းမိထွေးသမီး မဟုတ်လား၊ ဘာတဲ့၊ စိမ်းဝါ ဆိုလား'

'စိမ်းဝေပါကွ'

'အေးလေ၊ ကလေးလေးဟာ၊ ဘယ်အရွယ် ရှိသေးလို့ မင်းက ငါ့ကို ခြိုးထုတ်နေတာတုံး'

www.burmeseclassic.com

www.burmeseclassic.com



'၁၆ နှစ်'

'၁၆ နှစ်လည်း ကလေးပါပဲကွာ၊ ဟော့ကောင် ဒီမှာ ဟန်ပိုတို့က ရှပ်ဆိုးလို့ လူပျိုဘဝ မကျွတ်တာ မှန်တယ်၊ ဒါပေမဲ့ အရွယ်မရောက်သေးတဲ့ မိန်းကလေး စိတ်နဲ့တောင် မပြစ်မှားဘူး မှတ်'

ရဲဝင့်က ရယ်၍ ဟန်ပို့ ပခုံးကိုဖက်သည်။

'ဒေါသမကြီးပါနဲ့ကွာ၊ မင်းလည်း ခွဲထုတ်တာ မဟုတ်ပါဘူး၊ စိမ်းဝေတင် မကဘူးကွ၊ သူ့အမေ အန်တီခင်ပါ ပါလာမှာ၊ မင်း အနေကျို့မှာ စိုးလို့ပါ'

'ပြီးရော'

ရဲဝင့်က အနီး စားပွဲလွတ်မှ ကားသော့ကို ကောက်ယူသည်။ ဟန်ပိုက 'မင်း စက်ရောင်းတာ ဒီအခန်းနဲ့ အဲဒီပရက်စ်တို ကားတစ်စီးပဲ ရတာဟုတ်လား' ဟု မေးသည်။

'ရှေ့တော့ ဝယ်ဖြစ်သေးတာပေါ့ကွာ၊ လာပါ။ လောလောဆယ်တော့ ငါ ဘိုင်မပြတ်သေးပါဘူး၊ ၄၅ ကျပ် မကတော့ ရှိပါသေးတယ်၊ အခု မင်းကို ဆိုင်လိုက်ကျွေးပါ့မယ်'

'အင်း ခုနေခါတော့ မင်း ၄၅ ကျပ်ပဲ ရှိရင်လည်း တစ်ရက်ပဲ ခံမှာပဲ'

သူငယ်ချင်းနှစ်ယောက် ရယ်မောရင်းက ပြင်ဦးလွင်တွင် ကျန်နေခဲ့သည့် မနှင်းဖွေးကို ပြိုင်တူ သတိရမိကြပေသည်။

○

ပိတောက်ပင် လမ်းထိပ်က လက်ဖက်ရည်ဆိုင် ကလေးက လမ်းဘေး ပလက်ဖောင်းပေါ်မှ ခုံပု ကလေးတွေ ချထားသော ဆိုင်မျှသာ ဖြစ်သော်လည်း ယောကျ်ားကြီးငယ်တို့ စည်ကားနေသည်။

ရဲဝင့်က စားပွဲခုံ သေးသေး ကလေးပေါ်မှာ သူ့ရမည်ဟု ခန့်မှန်းထားသော လုပ်ကွက်ဆိုင်ရာ စာရွက်စာတမ်းဖိုင်ကို ချ၍ သဲကြီးမဲကြီး လေ့လာနေသည်။

'လှလှချည်လား ရွှာစားရဲ့'

ဟန်ပိုက နောက်တောက်တောက် မှတ်ချက်ချတော့ ရဲဝင့်က ခေါင်းမော့ မကြည့်ဘဲ 'ဘာဆိုင်းသံမှလည်း မကြားပါဘူးကွာ' ဟု ဆိုသည်။

'ကြားရော ငါက ဆိုင်း စိတ်ဝင်စားတဲ့ သူမှ မဟုတ်တာ၊ ဒီခေတ် မိန်းကလေးတွေကို ပြောနေတာ၊ လှလှချည်လားလို့၊ ငါတို့ ကျောင်းသား



တုန်းက မနှင်းဖွေးလောက်ကို အလှဆုံး ထင်တာ၊ ဒီခေတ် မိန်းကလေးတွေက ပိုလှကုန်တော့၊ အမေ ငါ့ကိုမွေးတာ ငါးနှစ်လောက် စောသွားပြီလို့ မကျေမနပ် ရေရွတ်တာ၊ ရှင်းပြီလား'

ရဲဝင့်က ရယ်သည်။

'ကဲ ပြစမ်းပါဦး၊ မင်းပြောတဲ့ ဒီခေတ်အလှ'

'ဟိုမှာ'

ဟန်ပိုက လမ်း ဟိုဘက်ခြမ်းမှာ လမ်းလျှောက်လာသည့် မိန်းမငယ် တလေး တစ်ယောက်ကို ပြတော့ ရဲဝင့် အပြုံးလျော့သွားပြီး ဩော်ဟု တိုးတိုး မြည်တမ်းသည်။ မိန်းကလေးက သူတို့နှစ်ဦး ထိုင်နေတာတွေ့တော့ လှမ်းပြုံး ပြ၍ လမ်း ကူးလာသည်။

အနားမှာ လာရပ်တော့ ဟန်ပိုက မင်သက်နေသည်။

'စိမ်းဝေ သင်တန်း ပြီးပြီလား'

'ပြီးပြီ၊ အိမ်မှာ မေမေက စိမ်းဝေကို ပဲစောင်းလျားသီးသုပ်တာ သင်ပေး မလို့တဲ့၊ အဲဒါ စိမ်းဝေ သုပ်ထားမှာ၊ ကိုကို အပြင်မှာ မစားခဲ့နဲ့လို့ လာမှာတာ'

ရဲဝင့်ကပြုံး၍ ခေါင်းညိတ်ပြီး အေးပါ စိမ်းဝေရယ်ဟု ပြောသည်။ စိမ်းဝေ တ တာ့တာဟုဆိုကာ ထွက်ခွာသွားသည်။

ဟန်ပိုက ပါးစပ် အဟောင်းသားနှင့်၊ ဒါ စိမ်းဝေလားဟု မေးသည်။ ရဲဝင့် က စာရွက်တွေ လှန်လှောနေရင်းက အေး ဟု ဆိုသည်။

'ဒါ စိမ်းဝေဆိုရင်တော့ ငါ့စကား ဝါကျဆက်ရမယ်ကွ'

'ဘာစကားတုံး'

'အရွယ်မရောက်သေးတဲ့ မိန်းကလေး စိတ်နဲ့တောင် မပြစ်မှားဘူး ဆိုတာ လေ၊ နောက်က ဆက်မယ်၊ သိပ်လှရင်တော့ ဘွာတေးလို့'

'ခွေးကောင်'

ဟန်ပိုက တဟားဟား ရယ်နေပါသည်။

●

www.burmeseclassic.com

www.burmeseclassic.com

## စိမ်းဝေ [ ၄ ]

ကံအားလျော်စွာပင်။

ကက်ဆက် ပုကလေးများနှင့် ခေါင်းချိတ် နားကြပ်များ တပ်ထားသည့် နေရာနှစ်ခု ဘေးတိုက်ယှဉ်လျက် လွတ်နေသည်။

စိမ်းဝေနှင့် သူငယ်ချင်း နန္ဒာတို့ နှစ်ယောက်သား ဝမ်းသာအားရ ဝင်ထိုင်လိုက်ကြသည်။ ရှေ့က ကက်ဆက်အံကို ခလုတ်နှိပ်၍ ဖွင့်ပြီး စာစောက စာကြည့်တိုက်ဝန်ထမ်းဆီက ငှားလာသော တိပ်ခွေသေးသေးလေး ကလေးများကို ကိုယ်စီ ထုတ်ချ၍ လက်ထဲက စာအုပ်ရှည်ကြီးများကို ဖွင့်ကြသည်။

စိမ်းဝေနှင့် ကျောချင်းပေးလျက် ထိုင်နေသည့် အသက် ၁၈ နှစ်ခန့်ရှိ ယောကျ်ားကလေးက ဖျတ်ခနဲလှည့်၍ စိမ်းဝေ စားပွဲပေါ်သို့ စာရွက်ခေါက် ကလေးတစ်ခု ပစ်ချလိုက်သည်။ စိမ်းဝေက ရုတ်တရက် လန့်သွားသော်လည်း ပြီးမှ သတိပြင်းချ၍ စာရွက်ကလေးကို ဖွင့်ကြည့်လိုက်သည်။

'ခင်ချင်လို့ . . .၊ ကျော်စွာ'

စာလုံးကြီးကြီးတွေနှင့် အဲဒါပဲ ရေးထားသည်။ နန္ဒာက လှည့်ကြည့်၍ မျက်ခုံးပင့်ပြသဖြင့် စာရွက်ကို ထောင်ပြလိုက်သည်။ နန္ဒာက ကောင်ကလေးကို လှည့်ကြည့်၍ ခစ်ခနဲ ရယ်သည်။

စိမ်းဝေက သူ့စာရွက်ပေါ်မှာ သေလိုက်ဟု ထပ်ရေးသည်။ ပြီးတော့ နန္ဒာ့ကို ထောင်ပြ၍ စာရွက်ကို ပြန်ခေါက်ပြီး ကောင်ကလေး စားပွဲပေါ် ပြန်တင်ပေးလိုက်သည်။

○



ယောမင်းကြီး လမ်းထဲက အမိုးချွန်ချွန် စားသောက်ဆိုင် ကလေးထဲသို့ ရောက်သည်အထိ နန္ဒက ပြန်တွေးလိုက် ရယ်လိုက် လုပ်နေတုန်း ရှိသေးသည်။

အဝင်ဝနားက စားပွဲမှာ ထိုင်မိပြီးတော့ စိမ်းဝေက မျက်စောင်း ထိုးသည်။

'နင် ဘာတွေ ဒီလောက် ရယ်စရာ ကောင်းနေရတာလဲ'

နန္ဒာက မျက်နှာပိုး သတ်၍ ဖြေသည်။

'ဟိုကောင်က ကျော်စွာ မျက်နှာကြီး အီးမှန်သွားသလို ဖြစ်သွားတာ ရယ်ချင်လို့ပါဟာ၊ နင်ကလည်း နင်ပဲ၊ ဟိုက ခင်ချင်တယ် ပြောတာလေးကို နင်က အဲသလောက် တွယ်ထည့်ရလား'

'ငါမှ မခင်ချင်တာ'

စားပွဲထိုးကလေး အနားရောက်လာသဖြင့် နန္ဒာက 'ချစ်ကင်း ဘာဂါ နှစ်ပွဲနဲ့ ကုတ်နှစ်ခွက်' ဟု မှာသည်။ စိမ်းဝေက မျက်မှောင်ကြုတ်သည်။

'ဘာတွေလဲဟ'

'ကြက်သား ဘာဂါနဲ့ ကိုကာကိုလာလေဟာ၊ ဒီဆိုင်က ဒါရောင်းတာပဲ၊ ငါက နင့်ကို စားစေချင်လွန်းလို့ ဒီအထိ ခေါ်လာတာ'

'ဘာဂါ ငါမှ မစားဖူးတာ၊ ကြိုက်မယ် မထင်ပါဘူး'

'ဒီလို ဆိုင်မျိုးတွေက တို့ဆီမှာ ခုမှ စပေါ်လာတာကိုးဟ၊ ငါလည်း စားဖူးတာ မကြာသေးပါဘူး။ နင့်ကို ကြိုက်လာအောင် လေ့ကျင့်ပေးမလို့'

စိမ်းဝေက မျက်မှောင်ကြုတ်ပြန်သည်။

'ငါက ဘာလို့ ကြိုက်လာရမှာလဲ'

နန္ဒာက သက်ပြင်းချသည်။

'ခက်ပ့ါ စိမ်းဝေရယ်၊ နိုင်ငံခြားသွား ပညာသင်ချင်တဲ့လူက ဘာဂါတော့ စားတတ်မှ ဖြစ်မှာပေ့ါဟ'

စိမ်းဝေ ပခုံးတွန့်သည်။

'ငါက ပညာသင်ဖို့ သွားချင်တာ၊ ဘာဂါစားဖို့ သွားမှာမှ မဟုတ်တာ'

နန္ဒာ နှာခေါင်းရှုံ့သည်။

'ဂျစ် မတိုက်နဲ့ဟာ၊ နိုင်ငံခြားရောက်ရင် ဘာဂါ စားရမှာပဲ၊ နင် အဲသလို ချစ်တျတတ်လို့ ဟိုကောင့်ကို မခင်ချင်တာ'

စိမ်းဝေက ပြုံး၍ ခေါင်းခါသည်။

'ဘာဂါမှ မဟုတ်ဘူးဟာ၊ အဲဒါ စားမှ ဖြစ်မယ်ဆိုတဲ့ အခါကျတော့ ဘာမဆို စားရမှာပါ။ ကြိုက်အောင် ကြိုလေ့ကျင့် စရာ မလိုဘူးလို့ ပြောတာပါ၊

www.burmeseclassic.com

www.burmeseclassic.com



ငါတို့ တစ်တွေက ကိုယ် ဘာလုပ်နေတယ် ဆိုတာတော့ ကိုယ် ရှင်းရှင်း သိထားမှဟာ၊ ပညာ တိုးတက်ချင်လို့ နိုင်ငံခြား သွားဖို့ ကြိုးစားနေ ကြတာ၊ ကိုယ့်လူမျိုး ဖြစ်ရတာထက် နိုင်ငံခြားသား ဖြစ်ရတာကို ပိုမက်လို့၊ နိုင်ငံခြားသား ဖြစ်ချင်လို့ ကြိုးစားနေကြတာ မဟုတ်တာ၊ အဲဒါ ရင်ထဲ မရှင်းရင် နိုင်ငံခြား အထင်ကြီးတဲ့ စိတ်ကပဲ ဦးဆောင် နေပြီး ကြိုးစား အားထုတ်မှု လိုက်မလာတဲ့ ဝေလေလေ ယောင်ချာချာတွေပဲ ပါသွားမှာပေါ့၊ စောစောက ကျော်စွာ ကြည့်ရတာ အဲသလို ပုံမျိုးပဲ၊ ဒါကြောင့် ငါ မခံချင်တာ၊ ဂျစ်တာ မဟုတ်ဘူး။

နန္ဒာက ရင်ဘတ်လေး ဖိ၍ နင်သည့် အမူအရာ လုပ်ပြသည်။

'စိမ်းဝေရယ်၊ နင့်အသက်က ဆဲဗင်တင်း (၁၇ နှစ်) နော်၊ ဆဲဗင်တီး (အသက် ခုနစ်ဆယ်) မဟုတ်ဘူး၊ နင့် စကားလုံးကြီးတွေက ကြီးမားလိုက်တာ'

စိမ်းဝေက လျှော့ချ၍ ရယ်လိုက်သည်။

'ငါ့စကားလုံး မဟုတ်ပါဘူးဟာ၊ နိုင်ငံခြားမှာ ကျောင်းသွား တက်ချင်တယ် ပြောတုန်းက ငါ့အစ်ကိုပြောတဲ့ စကားတွေပါ၊ သူ့ကိုလည်း သူ့အဖေ သင်ပေးထားတာတဲ့'

နန္ဒာ မျက်မှောင်ကြုတ်သည်။

'ဘာလဲဟ သူ့အဖေ၊ နင့်အစ်ကိုရဲ့ အဖေက နင့်အဖေ မဟုတ်ဘူးလား'

'ဟုတ်တယ် ဆိုပါစို့ဟာ ငါ့ ပထွေးပေါ့၊ ဒါပေမဲ့ အဖေရင်းလိုပဲ ကောင်းရှာပါတယ်၊ သူကလည်း အစ်ကိုရင်းလိုပါပဲ'

စိမ်းဝေက ရဲဝင့်တို့ သားအဖနှင့် သူတို့ သားအမိ ဆုံစည်းခဲ့ပုံများကို ပြန်ရှင်းပြလိုက်သည်။ နန္ဒာက ခေါင်းတဆတ်ဆတ် ညိတ်၍ နားထောင်သည်။

'ငါတော့ သဘောကျတယ်ဟာ'

စိမ်းဝေက ပြုံးကြည့်သည်။

'ဘာကိုလဲ'

'နင့်အစ်ကို ကိုလေဟာ'

'နင်နော်'

'ဟဲ့ တွန့်တို မနေစမ်းပါနဲ့၊ ဘဂ်လား အစ်ကိုကို'

'နန္ဒာနော်'

နန္ဒာက မျက်လုံးကလေး ပိတ်အောင် ရယ်သည်။



'နင် တွန့်တိုမယ်ထင်လို့ သက်သက် စတာပါဟာ၊ ငါ သဘောကျတယ် ဆိုတာက သူ့စိတ်ဓာတ်ကို ပြောတာပါ။ သူက လူတွေ သူ့ကို စွပ်စွဲသလိုပဲ ခွတီးခွကျ အပေါက်ဆိုးတော့ ဖြစ်ချင် ဖြစ်မယ်၊ ဒါပေမဲ့ နင် ပြောပြတဲ့ ဇာတ်လမ်းအတိုင်း ဆိုရင် သူက ငါတို့ အရွယ်လောက် ကတည်းက သိပ် အတွေးအခေါ်ရှိပြီး တည်ငြိမ် ပြည့်ဝနေခဲ့တာလား၊ ဒါမှမဟုတ်'

'ဒါမှမဟုတ် ဘာဖြစ်လဲ'

'ငါပြောရင် နင် နီးရာနဲ့ ကောက်ပေါက်တော့မယ်၊ ဒါမှမဟုတ် အဲဒီ အရွယ်ကတည်းက သူ့ကို အမှတ်တွေ ပစ်ခတ် ပေးနေတတ်တဲ့ လူက ပြန်ပြောပြနေတာလား. . . အောင်မယ်လေး'

ပြောနေရင်းတန်းလန်း စိမ်းဝေက လက်သုတ်ပဝါဖြင့် ကောက်ပေါက်သဖြင့် နန္ဒာက တဟားဟား အော်ရယ်ရင်း ငါပြောတာ မှန်တယ်၊ တွေ့လားဟု စလေသည်။

စားပွဲထိုးကလေးက စားစရာများ လာချသဖြင့် နန္ဒာက မျက်နှာပိုးသတ်၍ ပြန်မေးသည်။

'သက်သက် စတာပါ ယောင်းမရာ'

'လာပြန်ပြီ ယောင်းမ'

'အေးပါဟာ၊ ပေးမှ ယူမှာပါ၊ အခုတော့ ဒီဘာဂါ ငါကျွေးတာ ကလေး စားပြီးတော့ ငါ့ကို နင့်အစ်ကို အကြောင်း ဆက်ပြောပြ'

'ပြောပြီးပြီလေ'

'မဟုတ်ဘူးလေ၊ နိုင်ငံခြား ပညာသင် သွားချင်ရင် ဘယ်လို စိတ်မွေး ရတယ်ဆိုတာ နင့်အစ်ကို ပြောပြတာ ပြန်ပြောပြဦးလေ အပြည့်အစုံ၊ ငါလည်း သွားမှာပဲ၊ မှတ်သားရတာပေါ့'

စိမ်းဝေက နှုတ်ခမ်းစူထားရာက ပြေလျော့သွားသည်။

'အင်္ဂလိပ်လို အက်စ် ငါးလုံးတဲ့'

စတတ် (Start)

ဆပ်စတိန်း (Sustain)

ဆက်တစ်စဖက်ရှင်း (Satisfaction)

ဆွိနက်စ် (Sweetness) နဲ့

ဆင့်နစ် (Sense) တဲ့'

'အဓိပ္ပာယ်က'

www.burmeseclassic.com

www.burmeseclassic.com



'အဓိပ္ပာယ်က start ဆိုတာ အလုပ်တစ်ခုကို လုပ်ချင်တယ်၊ အောင်မြင်မှု တစ်ခုခုကို ရချင်တယ် ဆိုရင် ဘယ်တော့ စလုပ်ရကောင်းမလဲ၊ ဘယ်လို စလုပ်ရ ကောင်းမလဲလို့ တွေဝေ မိန်းမော မနေရဘူးတဲ့၊ ချက်ချင်း စဖြစ်အောင် စရတယ်တဲ့၊ တို့ မြန်မာတွေက အစကောင်းမှ အနှောင်းသေချာလို့ ပြောလေ့ ရှိတာ မှန်ပေမယ့် စဖို့ကို နှေ့နှေးညှေးနှေး မလုပ်ရဘူးတဲ့၊ အခု တို့က ဗြိတိသျှ ကောင်စယ်သွား၊ အိုင်အီးအယ် တီအက်စ် တက်နေကြတာ၊ ဒါ စနေတာပေါ့ ဟာ'

နန္ဒာက ဒီတစ်ခါတော့ တည်ငြိမ်စွာ ခေါင်းညိတ်သည်။

'ကောင်းလိုက်တာဟာ ဟုတ်တယ်ဟ၊ တို့ မစဖြစ်ခဲ့ရင် ဒီလောက်တောင် ခရီးရောက်နှင့်နေကြမှာ မဟုတ်ဘူး၊ ဆပ်စတိန်းကရော'

'Sustain ဆိုတာ ထိန်းထားတာကို ပြောတာ၊ ကြိုးစားအားထုတ်မှုကို ထည့်လိုက်၊ မထည့်လိုက် မလုပ်ရဘူးတဲ့၊ စဉ်ဆက်မပြတ် တစူးစိုက်စိုက် အားထုတ်နေရမယ်၊ အားလျှော့ မလွှယ်ရဘူး။ စိတ်ပျက် မလွယ်ရဘူးလို့ ပြောတာ'

'ဒါလည်း ကောင်းတာပဲ၊ ဆက်စ်တစ်စဖက်ရှင်းနဲ့ ဆွိနက်စ်ကျတော့ ငါ စဉ်းစားလို့ မရဘူး'

'Satisfaction နဲ့ Sweetness က ကြိုးစားနေရင်းက ကြိုးစားနေရတဲ့ ဘဝကို မြန်ပြီး ကျေနပ်နေတာ၊ ပျော်နေတာ၊ လုပ်နေရင်းက ပင်ပန်းတယ်ဆိုပြီး စိတ်ညစ်နေပြီး ဒီကိစ္စကြီးက မြန်မြန်ပြီးပါတော့ ပြီးချင်လှပြီလို့ တွေးနေရင် ဘယ်လိုလုပ် အောင်မြင်မှာတဲ့လဲ၊ တို့ ၁၀ တန်း အောင်တုန်းက စာကျက်တာ မှတ်မိတယ် မဟုတ်လား၊ စာကျက်လေ ရလာလေ၊ ရလာတာကို အားရလေ ပျော်လေ၊ ထပ်ကျက်ချင်လေ၊ အဲသလို ဖြစ်နေတဲ့လူမှ အမှတ်ကောင်းတာလေ'

'ဟုတ်တယ်နော်၊ နောက်ဆုံး ဆင့်နစ်ကျတော့'

'Sense က concentration (ကွန်ဆန်ထရေးရှင်း) ကို အတိုချုပ် ပြောတာ၊ ဦးစိုက်မှု ရှိရမယ်၊ ရည်မှန်းချက် ပြတ်သားရမယ်၊ ဟိုယောင်ယောင် ဒီယောင်ယောင် မဟုတ်ဘူးပေါ့၊ နိုင်ငံခြား သွားချင်တယ်၊ ဘာဖြစ်လို့လဲ၊ ပညာသင်ချင်လို့ ဒါပဲ၊ နိုင်ငံခြားက ဘဝမျိုး နေဖူးကြည့်ချင်လို့ ဆိုတဲ့စိတ်မျိုးတွေ ဝင်လာရင် ပျက်ဖို့ များပြီ'

နန္ဒာက ခေါင်းညိတ်သည်။

'ကောင်းလိုက်တာ၊ အဲဒါ ဘီလျံနာကြီး တစ်ယောက်ယောက် ပြောခဲ့တဲ့



စကားတွေလား၊ ဒါမှမဟုတ် ပရော်ဖက်ဆာကြီး တစ်ယောက် ပြောခဲ့တဲ့ စကားတွေလား'

စိမ်းဝေက မျက်စိကလေးပိတ်အောင် ရယ်သည်။

'သူလည်း ဖေဖေ့ကို အဲသလို မေးဖူး တယ်တဲ့၊ တကယ်တော့ ဗုဒ္ဓ ဟောပြောခဲ့တဲ့ စကားတွေပါဟာ၊ အဘိဓမ္မာ ကျမ်းထဲက ဈာန်အင်္ဂါ ငါးပါးပါ၊ ဝိတက်ကို start လို့ ဘာသာပြန်တာ၊ ဝိစာရက sustain၊ ပီတိက satifaction၊ သုခက sweetness၊ ဧကဂ္ဂတာက concentration သို့မဟုတ် sense ပေါ့၊ ခေတ်လူငယ်တွေ နားလည်အောင် တမင် အင်္ဂလိပ်စာနဲ့ လှယ်ပြောတာတဲ့၊ ဒါပေမဲ့ သစ္စာတရားလို့ တကယ်ခေါ်နိုင်တဲ့ အတွေးအခေါ်တွေ၊ ခံယူချက်တွေဟာ ကိုယ့်လူမျိုး ကိုယ့်ဘာသာထဲမှာပဲ အမြဲ အဆင်သင့် ရှိနေတယ်ဆိုတာ ဘယ်တော့မှ မမေ့နဲ့လို့ ဖေဖေက အမြဲ ပြောလေ့ ရှိသတဲ့'

နန္ဒာ အအေးခွက်ကို သောက်ရန် လေထဲမှာ မြှောက်ကိုင်ရင်း တန်းလန်း တန့်သွားသည်။

'ဟာ ဒါဆိုရင်တော့ နင့်အစ်ကိုကို နင် အမှတ်တွေ ပေးနေတာ မဟုတ်ဘူးဟ၊ နင့်အစ်ကိုရော သူ့အဖေရော တကယ် တော်တာပဲ'

စိမ်းဝေ ပြုံးစူစူ လုပ်ပြသည်။

'ခုမှ'

'တကယ် ပြောတာဟ၊ ငါတော့ နင့်ကို တကယ် ယောင်းမ တော်ချင် လာပြီ၊ သူ့မှာ ရည်းစား မရှိသေးဘူး မဟုတ်လားဟင်'

စိမ်းဝေက မျက်စောင်းထိုး၍ 'ထင်တာပဲ' ဟု ပြောရင်းက မမနှင်းကို ဖျတ်ခနဲ သတိရမိလေသည်။

●

www.burmeseclassic.com

www.burmeseclassic.com

## မနှင်းဖွေး [ ၄ ]

ကြည့်မြင်တိုင် အဝေးပြေး ကားဝင်း အတွင်းသို့ သူ စီးလာသော ကားကြီး ဝင်လာ ကတည်းက ရဲဝင့်များ လာကြို နေမလားဟု မျှော်လင့်ချက်ဖြင့် ခေါင်းပြူကြည့်နေသော မနှင်းဖွေးမှာ ဟန်ပို၏ ပြုံးဖြီးဖြီး မျက်နှာကြီးကို မြင်လိုက်တော့မှ သက်ပြင်းချမိသည်။

'ကိုဟန်ပို ကိုရဲဝင့်ရော'

'ခေါ်ပါတယ်ဟာ၊ နှင့် ကောင် တကယ် အလုပ်များနေလို့ပါ'

မနှင်းဖွေးက မျက်စောင်း မသိမသာ ထိုးသည်။ ဟန်ပိုက မမြင်ချင်ဟန် ဆောင်၍ ရယ်နေသည်။

'အိမ်က အခု ဒီ ကြည့်မြင်တိုင်မှာပဲဆို နီးနီးလေးပဲဟာ'

'ဒီ ကားဝင်းက မြောက်ဥက္ကလာပဘက်ကို ရွှေ့ဖို့ ရှိတယ်ဟ၊ အဲဒါ ဒီကောင် အလုပ်တွေများပြီး ကြောင်တောင်တောင်နဲ့ ရွှေ့သွားပြီ မှတ်ပြီး မလိုက်တာ နေမှာ'

'ကိုဟန်ပို ရွှေ့နေ လိုက်ခ ဘယ်လောက်ရသလဲ'

ဟန်ပိုက တဟားဟား အော်ရယ်သည်။

'လိုက်သာ မလာတာ သူကား ပေးလိုက်တယ်ဗျာ၊ နှင့်ကို ခေါ်ပြီးရင် သူ့ကို ကြည့်မြင်တိုင်အိမ်မှာ ဝင်ခေါ်တဲ့၊ ရန်ကင်း စိန်လျှံမှာ သွားစားကြမယ်တဲ့၊ နှင့် မျက်နှာရော သစ်ပြီးရဲ့လား'

'ပဲခူးမှာ ရပ်တုန်းက သစ်ခဲ့ပါတယ်၊ ကိုဟန်ပိုကြီးကလည်း'

ဟန်ပိုက မနှင်းဖွေး၏ သေတ္တာများကို ကူသယ်၍ မလှမ်းမကမ်းတွင် ရပ်ထားသော ကားအဖြူကလေးဆီ ဦးဆောင် လျှောက်သွားသည်။

မနှင်းဖွေးက မျက်မှောင်ကြုတ်သည်။



'သူပြောတာ ပရက်စတိုပစ်ကတ် ကလေးဆိုလို့ နှင်းက သေတ္တာကြီးတွေ ထည့်ခဲ့တာ၊ အခု ဆလွန်းကားလေး တင်လို့ ရပ့်မလား'

'နောက်ဖုံး ဆံ့ပါတယ် ဟာ၊ နှင့်ကောင်က ခွင်ကြီး သုံးလေးခု ဆက်တိုက် ရထားတော့ ထောနေတယ် ဟ၊ ဒီကြားထဲ ဒီကားက ၈ သိန်းလောက် ပေါက်တာကို ငွေလိုတဲ့လူက ၆ သိန်းနဲ့ ထိုးပေးတော့ ဒီကောင် လဲလိုက်တာ'

မနှင်းဖွေး မျက်လုံးပြူးသွားသည်။

'ကားတစ်စီးက ၈ သိန်းတောင် ပေါက်တယ် ဟုတ်လား'

ဟန်ပိုက ပြုံးသည်။

'ဈေးကွက် စီးပွားရေးခေတ် ရောက်သွားပြီ ကြီးဒေါ်ရဲ့၊ အဲဒါ ကုမ္ပဏီမှာ လည်း ငွေဝင်ငွေထွက် များနေပြီ၊ ညည်းကို လူယုံမို့ ငွေထိန်း စာရင်းစစ် လုပ်ပေးဖို့ ခေါ်လိုက်တာ၊ ညည်းလည်း နည်းနည်း မျက်စိပွင့် နားပွင့်မှ ရတော့မယ်၊ ကားတစ်စီး ၈ သိန်းတန်တာ အံ့သြနေလို့ မရတော့ဘူး'

မနှင်းဖွေးက ဟန်ပို ဖွင့်ပေးသော ကားနောက်ဖုံးထဲသို့ အိတ်တစ်လုံး လှမ်းထည့်ရင်းက ပခုံးတွန့်ပြသည်။

'လူရည်မလည်ရင်လည်း အလုပ်ပြုတ်ရုံရှိတာပဲ ကိုဟန်ပိုရယ်၊ ကျောင်းပြီး ကတည်းက ပြင်ဦးလွင်မှာပဲ အိမ်တွင်းပုန်း လုပ်နေတာ'

ဟန်ပိုက ရယ်သည်။

'နှင်က ရိုးရိုး ပြုတ်မှာမှ မဟုတ်တာ၊ စာရင်းစစ် ဘဝကနေ ကုမ္ပဏီ ပိုင်ရှင် ဘဝ တန်းရောက်သွားမှာ'

မနှင်းဖွေး၏ ဖြူဝင်းသော မျက်နှာကလေး ရွှေးရွှေးနီသွားပြီး ဟန်ပို၏ ပခုံးကို တရစပ် ထုပါတော့လေ၏။

ဝ

ကြည့်မြင်တိုင်ရှိ ရဲဝင့် တို့၏ အိမ်ကလေးမှာ ခြံနှင့် အိမ် အပြည့် နီးနီး ဆောက်ထားသော နှစ်ထပ်အုတ်တိုက်ကလေး ဖြစ်သည်။ အိမ်အရှေ့တွင် အနည်းငယ် ကျန်သည့် နေရာတွင် နှစ်ယောက်ထိုင် ခုံတန်းလေး လုပ်ထားပြီး ခုံးပေါ်တွင် စာရွက်တစ်ပုံနှင့် ရဲဝင့် ရှိနေသည်။

မတွေ့ရတာ အတန်ငယ် ကြာသွားပြီဖြစ်သော ရဲဝင့်ကို တွေ့ရွေ့ချင်း မနှင်းဖွေးရင်မှာ ဖြစ်လာသည့် ခံစားချက်က နှစ်ခု။

တစ်ခုက တော်တော်နှင့် ထပ်တွေ့ရဦးမှာ မဟုတ်ဘူးဟု ထင်ထားရာက

www.burmeseclassic.com

www.burmeseclassic.com



ပြန်တွေ့ရသဖြင့် ဝမ်းသာစိတ်။ နောက်တစ်ခုက သိသိသာသာ ထပ်ပိန်သွားသည်ကို သတိထားမိသဖြင့် စိတ်မကောင်းစိတ်။

အဲဒီ စိတ်နှစ်ခုဖြင့် ကားပေါ်မှ ဆင်းလာပြီး အတန်ကြာသည်အထိ မနှင်းဖွေး စကားမပြောနိုင်။

ရဲဝင့် ကတော့ မော့ကြည့်ပြီး မနှင်းဖွေးကို တွေ့သည်နှင့် နေ့တိုင်းတွေ့နေရသူ တစ်ဦးကို နှုတ်ဆက်သလိုပင် ပြုံး၍ နှုတ်ဆက်သည်။

'နှင်းပစ္စည်းတွေ ချလေ၊ မနက်စာ သွားစားရအောင်၊ မျက်နှာသစ်၊ ခြေလက် ဆေးချင်သေးသလား'

မနှင်းဖွေးက ကြိုးစား၍ ပြန်ပြုံးပြပြီး ခေါင်းခါသည်။

'ပစ္စည်းတွေ အဆောင်ကျမှ ချတော့မယ်'

ရဲဝင့်က မျက်မှောင်ကြုတ်သည်။

'အဆောင်က ဒီနေ့မှ သွားပြောရမှာ မဟုတ်လား၊ ဒီနေ့ ဒီမှာနေလို့ရအောင် လုပ်ပေးထားတယ်လေ'

'ရတယ် ကိုရဲဝင့်၊ နှင်းက အဆောင်ရှင်ကို ကြိုဖုန်းဆက်ထားပြီးသား၊ လူဟောင်းတွေဆိုတော့ ဘာမှ ပြဿနာ မရှိဘူး'

ဟန်ပိုက ဒန်းပေါ်မှာ ချထားသော စာရွက်စာတမ်းများကို ကောက်ယူကြည့်သည်။

'ဟာ ဓာတ်လှေကား ကတ်တလောက်တွေ ပါလား၊ ငါကောင်း စိတ်နည်းနည်း လျှော့ပါဦးကွာ၊ တို့ဆီမှာ ဓာတ်လှေကားနဲ့ တိုက်ခန်းတွေ မဆောက်သေးပါဘူး'

ရဲဝင့်က နှာခေါင်းရှုံ့ပြသည်။

'မန္တလေးက ဟိုတယ်တစ်လုံးမှာ တပ်ပြီးသွားပြီကွ၊ မင်းတို့ကို ဈေးကွက်ကို လေ့လာပါ၊ လေ့လာပါလို့ အဲဒါကြောင့် ငါ ပြောပြောနေတာ၊ မင်း စောင့်ကြည့်နေ၊ ရန်ကုန်မှာလည်း တစ်နေ့နေ့ အဆောက်အအုံ ဘယ်နှထပ် ကျော်ရင် ဓာတ်လှေကား မတပ်မနေရ ဆိုတာမျိုးတွေ လာလိမ့်မယ်'

မနှင်းဖွေးက သက်ပြင်းချရင်း ရယ်သည်။

'အလုပ်ရှင်က ဒီပုံစံ ဆိုရင်တော့ အလုပ်ဝင်ရမှာတောင် လန့်လာပြီ'

ရဲဝင့်က ရှက်ရယ် ရယ်သည်။

'အလုပ်ရှင်လို့ မပြောစမ်းပါနဲ့ နှင်းရယ်၊ တို့က မောင်နှမတွေဟာ'

'ရှင် ကိုကို ဘာလဲဟင်'



မမျှော်လင့်သော အသံနှင့်အတူ အိမ်ထဲမှ မိန်းကလေးတစ်ဦး ထွက်လာသည်ကို တွေ့ရသည်။

ဘလောက်စ်အင်္ကျီအဖြူ၊ ကချင်လုံချည် အစိမ်းရောင်ကလေးနှင့်။

ဘုရားရေ သိပ်လှသည့် မိန်းကလေးတစ်ဦး ပါလား။ အသက်က ၁၈ နှစ်လောက်ပဲ ရှိဦးမည်။ ဒီလောက်လှသည့် မိန်းကလေး တစ်ဦး ရဲဝင့်ဆီမှာ ဘယ်လိုလုပ် ရှိနေရတာတဲ့လဲ။

မိန်းကလေးက မနှင်းဖွေးဘက် လှည့်ကြည့်၍ ပြုံးပြသည်။

'မမနှင်း ရောက်လာပြီလား၊ မမနှင်းက ပိုတောင် လှလာသေးတယ်'

ဩော် စိမ်းဝေ စိမ်းဝေပဲ။

မနှင်းဖွေးက အနားကပ်လာသော စိမ်းဝေ၏ ပခုံးကလေးကို ဖက်လိုက်သည်။

'စိမ်းဝေက အများကြီး ပိုလှသွားပါပြီကွယ်၊ စိမ်းဝေ ရန်ကုန် ရောက်နေတာလား'

'နိုင်ငံခြားမှာ ကျောင်းဆက်တက်ချင်လို့တဲ့လေ၊ ဒီမှာလိုတဲ့ သင်တန်းတွေ လာတက်နေတာ၊ အစကတော့ အန်တီခင်ပါ လိုက်နေတယ်။ အခုတော့ ပြန်သွားပြီ၊ ဒီမှာ စိမ်းဝေ အဖော်ရအောင် ကရင်အဒေါ်ကြီး တစ်ယောက်လည်း ခေါ်ထားတယ်၊ အဲဒါကြောင့် နှင်း နေချင်နေလို့ရတယ်လို့ ပြောတာ'

ဩော် လက်စသတ်တော့ ကိုရဲဝင့်တစ်ယောက် နှမလှလှကလေး အပိုင်ရထားမှုကိုးဟု မနှင်းဖွေး တွေးမိသည်။

ရဲဝင့်က စိမ်းဝေကို လှမ်းပြောသည်။

'ကဲ စိမ်းဝေ၊ တစ်ခါတည်း လိုက်ခဲ့၊ ကိုကိုတို့ စိန်လျှံမှာ သွားစားကြပြီးရင် စိမ်းဝေကို ရန်ကင်းက သင်တန်းကို တန်းပို့ပေးမယ်'

'ဟုတ်ကဲ့ ကိုကို'

စိမ်းဝေက အိမ်ထဲ ပြန်ဝင်သွားသည်။

ခဏနေတော့ ကျောင်းလွယ်အိတ်လေး တစ်လုံး လွယ်၊ ဖိုင်တွဲတစ်တွဲ ပိုက်ပြီး ပြန်ထွက်လာသည်။

'ကိုကို ဝဇီရာပြဇာတ်လက်မှတ် ဝယ်ပြီးသွားပြီလား'

ရဲဝင့်က ရယ်၍ ခေါင်းကုတ်သည်။ စိမ်းဝေက လိုက်ရယ်သည်။

'မဝယ်ရသေးလည်း ကောင်းတာပဲ၊ မမနှင်းပါ ခေါ်ကြရအောင် ကိုဟန်ပိုကြီးရောပေါ့၊ မကောင်းဘူးလား'

www.burmeseclassic.com

www.burmeseclassic.com



မနှင်းဖွေးက မျက်မှောင်ကြုတ်သည်။

'ဘာလဲ ညီမလေးရဲ့ ဝဇီရာ ပြဇာတ်ဆိုတာ'

'ဝဇီရာ ရုပ်ရှင်ရုံဟောင်းကို ပြန်ပြင်ပြီး ပြဇာတ်ရုံ လုပ်ထားတယ်လေ၊ ရုပ်ရှင်ကားတွေကလည်း သိပ် ထွက်မလာသေးတော့ နာမည်ကြီး မင်းသား၊ မင်းသမီးတွေနဲ့ ကကြတာ၊ အရမ်း ရယ်ရတာပဲတဲ့၊ အဲဒါ ကိုကို့ကို လိုက်ပြဖို့ ပူဆာနေတာ ကိုကိုက ထုံးစံအတိုင်း အလုပ်များတယ်ဆိုပြီး နေ့ရွှေ့ ညရွှေ့နဲ့၊ အခု မမနှင်း ရောက်လာတော့ အတော်ပဲ မမနှင်းကိုပါ ပြဖို့ဆိုရင် ကိုကိုက ဝယ် ဖြစ်မှာပါ'

မနှင်းဖွေးမျက်နှာ ရှက်သွေးဖြန်း သွားပြန်သည်။

'ကဲပါ နက်ဖြန်ညပဲ သွားကြတာပေါ့နော် နှင်း'

ရဲဝင့်က ပြောတော့ မနှင်းဖွေး ခေါင်းငုံ့နေရင်းကပင် ခေါင်းညိတ်ပြမိသည်။

○

စင်ပေါ်မှ လူရွှင်တော် ကွမ်းသီးနှင့် မောင်မေတ္တာတို့၏ ပြက်လုံးများကြောင့် ပြဇာတ်ရုံ တစ်ရုံလုံး ပတ်တုတ်၍ မရအောင် ရယ်မောနေကြသည်။

မနှင်းဖွေးကတော့ ပါးစပ်ကလေးကို လက်ကိုင်ပဝါနှင့် အုပ်၍ မသိမသာ ရယ်မောရင်းကပင် သူ့ ဘယ်ဘက်ခြမ်းတွင် ထိုင်နေသော ရဲဝင့်ကို ခိုးကြည့်မိသည်။ ရဲဝင့်လည်း ရယ်မောရင်းက ထွက်လာသော မျက်ရည်များကို လက်ဖမိုးနှင့် သုတ်နေသည်။ ရဲဝင့်၏ ဟိုဘက်ဘေးတွင် ထိုင်နေသော စိမ်းဝေ ကလေးကတော့ ကလေး အမူအရာလေးနှင့် ရဲဝင့်၏ ဘယ်ဘက် အင်္ကျီ လက်မောင်းစကို ဆွဲ၍ မှီထားရင်းက တသိမ့်သိမ့် ရယ်မောနေပါသည်။

ကြည့်ပါဦး။

ကိုရဲဝင့် တစ်ယောက် ပျော်နေလိုက်တာ။

ရဲဝင့်နှင့် ခင်မင် ရင်းနှီးခဲ့ရသည့် နှစ်ပေါင်း ငါးနှစ်ကျော်ကျော် အတွင်းတွင် ရဲဝင့် သည်မျှ ရွှင်လန်းနေသည်ကို တစ်ခါမှ မမြင်ဖူးသေးကြောင်း သတိရမိလိုက်သဖြင့် မနှင်းဖွေး ရဲဝင့်အတွက်တွေးပြီး စိတ်ချမ်းမြေ့ သွားသည်။

တစ်ဆက်တည်းမှာပင် မနှင်းဖွေး၏ စိတ်တို့ လေးလံထိုင်းမှိုင်း သွားပြန်သည်။

●

## ရဲဝင့် [ ၆ ]

ညတစ်နာရီ သံချောင်းခေါက်သံ တစ်ချက်ကို ကြားရသည်။

အိမ်ရှေ့ ဒန်းကလေးပေါ်တွင် ထိုင်၍ စာရွက်စာတမ်းများကို လေ့လာနေရာမှ ခါးကို ဆန့်လိုက်တော့ ခါးက တဖြောက်ဖြောက် မြည်သည်။

ခေါင်းက စူးတူးတူး၊ ကိုက်တိုက်တိုက်။

အသက်နှစ်ဆယ်ကျော်နှင့်များ မျက်မှန်လိုနေပြီလား မသိ။ စာဖတ်ရင်း ခေါင်းကိုက်ကိုက် လာတတ်သဖြင့် မျက်မှန်စမ်းဦးမှပဲဟု ခဏခဏ တွေးမိဖူးသည်။ သို့သော် တွေးရုံ အဆင့်နှင့်သာ ပြီးပြီး နောက်တစ်နေ့ မေ့သွားတတ်သည်က ထုံးစံ ဖြစ်နေသည်။

စောစောကပင် တစ်ခေါက်ယူ၍ နားထင်ကို အေးအောင် ရေနည်းနည်း ဆွတ်ခဲ့ပြီး ဆက်ဖတ်နေသေးသည်။ ဒီတစ်ခါတော့ ရေလည်း ကယ်နိုင်တော့မည် မထင်။ တကယ် ဝင်အိပ်မှ ရတော့မည်။

အိမ်ဘက်ကို တစ်ချက် ငုံ့စောင်းကြည့်မိသည်။

စိမ်းဝေကလေးက ဆယ်နာရီ ကတည်းက အိပ်နေပြီ။

'တစ်ခါတလေလည်း စောစော အိပ်ပါလား ကိုကိုရယ်၊ ကျန်းမာရေး ထိခိုက်နေပါဦးမယ်၊ ကိုကို့မှာ အိမ်ပိုင်၊ ကားပိုင်နဲ့ အသက်ငယ်ငယ်လေး ရှိသေးတာ၊ ဘာဖြစ်လို့ ဒီလောက် ကြိုးစားနေရတာလဲ'

ချစ်စဖွယ် မျက်မှောင်ကလေးကြုတ်၍ ပြောသွားသေးသည်။

'မီးပျက်တဲ့ညဆို အိပ်တာပဲ စိမ်းဝေရယ်'

သူက ရယ်၍သာ ဖြေလိုက်သည်။

ပြန်စဉ်းစားရင်းက ဒန်းပေါ်သို့ အလင်းရောင် ပေးနေသော အိမ်ရှေ့ မီးကလေးကို မော့ကြည့်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ပါရဲ့၊ အိမ်က အလုပ်တိုက်လောက် မီး မမှန်။ တစ်ခါတလေ အလုပ်ကိစ္စ အရေးကြီးရင် ဟန်ပိုကြီးနှင့် အတူသွားအိပ်ရတာပင် ရှိသည်။

'ကလေး တစ်ယောက်တည်း စိတ်မချဘူးကွာ၊ မင်း ဒီမှာ အိပ်ရင် ငါ ဟိုသွား အိပ်လိုက်မယ်'

'အမိုးရှိတယ်မောင် မသွားနဲ့၊ မင်း ငါ စိတ်မချတာ'

ရဲဝင့် တွန့်တိုမှန်းသိ၍ ဟန်ပိုက အမြဲ မခံချင်အောင် စတတ်သော်လည်း တကယ်တမ်းကျတော့ စိမ်းဝေကို ဟန်ပိုက ညီမလေး အရင်းကလေးလိုပင် ရင်းရင်းနှီးနှီး ဆက်ဆံရှာပါသည်။

မှောင်နေသော အိမ်အတွင်းသို့ ရဲဝင့် တစ်ချက် ငဲ့ကြည့်ရင်းက ရဲဝင့် ပြုံးမိပြန်သည်။ အင်းလေ၊ ဒီလောက် လှပသည့် နှမကလေး တစ်ယောက်ကို အုပ်ထိန်းနေရသည့် အစ်ကို ဆိုတော့လည်း စိတ်ပူတတ်မှ တွန့်တိုတတ်မှ တာဝန်ကျေတော့မပေါ့။

ရင်ထဲတွင် နွေးထွေးစွာ ခုန်နေမိပြန်သည်။

●

## မနှင်းဖွေး [ ၅ ]

ရုံးခန်းတံခါးကို ရောက်တော့ အတွင်းက ပိတ်ထားတာ တွေ့ရသည်။

ကိုဟန်ပိုကြီး သည်တစ်ခါ လက်ဖက်ရည်ဆိုင်က ပြန်ရောက်တာ စောသားပဲဟု တွေး၍ မနှင်းဖွေး တံခါးကို ဖွဖွခေါက်လိုက်သည်။

သို့သော် တံခါး လာဖွင့်သူက ရဲဝင့် ဖြစ်နေသည်။

'ဟင် ကိုရဲဝင့်၊ ညက အိမ်မှာ မီးပျက်လို့လား'

ရဲဝင့်က အနည်းငယ်မို့အမ်းနေသော မျက်လုံးကို ရှက်ကိုးရှက်ကန်း ပွတ်ရင်း ရယ်သည်။

'ညက အိမ်မှာပဲ အိပ်တာပါ၊ မနက်စောစော လုပ်စရာလေးတချို့ သတိရလို့ စောလာလိုက်တာ'

မနှင်းဖွေးက ရုံးခန်းထဲ လှမ်းဝင်လိုက်ရင်း လက်ပတ်နာရီကို ငုံ့ကြည့်သည်။

'ခုမှ ၈ နာရီပဲ ရှိသေးတယ်၊ ဘယ်အချိန်တည်းက ရောက်နေတာလဲ'

'၆ နာရီခွဲလောက် ထင်တယ်'

မနှင်းဖွေးက ရဲဝင့် စားပွဲပေါ်မှာ ပြန့်ကျဲနေသော စာရွက်စာတမ်းများကို သိမ်းပေးမည် စိတ်ကူးပြီးမှ သူ့ အမှတ်အသားနဲ့သူ ရှိပါစေလေဟု တွေး၍ ဒီအတိုင်း ထားလိုက်သည်။

မီးဖိုချောင်ဘက်သို့ ဝင်သွား၍ စားပွဲပေါ်တွင် အဆင်သင့် ရှိနေသော ရေနွေးကရားကို ယူ၍ ရေဖြည့်သည်။

'နှင်း ကော်ဖီ ဖျော်မလို့လား'

www.burmeseclassic.com

www.burmeseclassic.com



နောက်မှ လိုက်လာသော ရဲဝင့်က မေးတော့ မနှင်းဖွေး ခေါင်းညိတ်ပြသည်။

'မသောက်ရသေးဘူး မဟုတ်လား'

'အင်း'

'မနက်စာရော'

'သံဘူးတစ်ပုံး ဖောက်လိုက်တယ်'

'နှင်းဖွေးက နှာခေါင်း ရှုံ့သည်။

'အဲဒီ အခြောက်အခြမ်းကလေးတွေနဲ့ ဘယ်လိုလုပ် ဝမှာလဲ၊ ဒီနားမှာ မုန့်ဟင်းခါး သွားဝယ်ပေးရမလား'

ရဲဝင့်က မီးဖိုချောင် အဝင်တံခါးဝကို ဘေးတိုက်မှီ၍ မျက်နှာကို လက်ဝါးနှစ်ဖက်နှင့် သပ်ချရင်းက ရယ်သည်။

'နှင်းက စာရင်းကိုင်လေ၊ အဲဒါက အတွင်းရေးမှူးမကလေး လုပ်ရမှာ'

'ဘယ်က အတွင်းရေးမှူးမကလေး ရှိလို့လဲ'

ရဲဝင့်က ရယ်ပြန်သည်။

'ကပ်စေးနဲ့ပြီး မခန့်ထားတာလေ၊ မှတ်လောက်သားလောက် ရှိအောင် ပစ်ထားရတယ်၊ လိုက်လိုက် ဂရုစိုက်မနေနဲ့'

မနှင်းဖွေးက နှုတ်ခမ်းစူသည်။

'အစ်ကိုလို သဘောထား လုပ်ပေးတာပါနော်၊ မကြိုက်ရင် လုပ်မပေးဘူး'

ရဲဝင့် မျက်နှာ တွေဝေ မိန်းမောသွားသည်။ ပြီးမှ ရယ်သည်။

'စတာပါ နှင်းရယ်၊ မောင်နှမလို နေလို့ရတဲ့ သူနဲ့ပဲ အလုပ်လုပ်ချင်လို့ အစကတည်းက နှင်းကို ရွေးခေါ်တာပေါ့၊ ကဲ ကော်ဖီပဲ ဖျော်ပါ၊ နှင်းလည်း သောက်'

'နှင်းက သောက်ပြီးပြီ'

'ထပ်သောက် ပါကွာ၊ တစ်ယောက်တည်း သောက်ရမှာ ဖျင်းလို့ပါ'

ရဲဝင့်က ပြောပြောဆိုဆို စားပွဲပေါ်မှာ ဝင်ထိုင်လိုက်သည်။

ဘာကြောင့်ရယ် မသိ၊ ရဲဝင့်နှင့် အတူ ဝင်ထိုင်၍ ကော်ဖီ သောက်ရမှာကို မနှင်းဖွေး ရင်ဖိုသွားသည်။

မနက်စောစော အိမ်မှာ မနက်စာ အတူစားနေကြသည့် လူငယ်နှစ်ဦး မောင်နှံနှင့်ပင် တူနေသလိုလို။ အို မဟုတ်တာ။ သူနဲ့ ငါက ချစ်သူတွေတောင်မှ မဟုတ်တာ။



ရင်ကလေး တလှိုက်လှိုက်နှင့်ပင် ကော်ဖီနှစ်ခွက်ကို ချ၍ မနှင်းဖွေး ဝင်ထိုင်သည်။

'ဘာတွေ ဒီလောက် အရေးကြီးနေရတာလဲ'

ရဲဝင့်က လက်ထဲတွင် ကိုင်လာသည့် ဖိုင်တွဲကို ပြသည်။

'တင်ဒါ သွင်းရမှာလေ၊ ဝန်ကြီးဌာနမှာလည်း ပညာရှင်တွေ ရှိတာပဲ၊ ကိုယ့်ဘက်က ဟာကွက်ရှိနေရင် ရွှေမှာမဟုတ်ဘူး၊ ဇွေနေအောင် စစ်ဆေးရတယ်'

မနှင်းဖွေးက ကော်ဖီကို မှုတ်သောက်ရင်းက နှာခေါင်း ရှုံ့ပြသည်။

'ပြိုင်ဘက်က တခြားနည်းနဲ့ပညာ ပြသွားမှ မောထားသမျှ အမောဆို့နေရမယ်'

ရဲဝင့်က ပခုံးတွန့်ပြသည်။

'မတတ်နိုင်ဘူးလေ၊ ပညာဆိုတာက ပညာတိုင်း မြတ်တာမှမဟုတ်တာ၊ ဆိုတာပညာက ပြကောင်းသောပညာ အောက်လမ်းနည်းတွေက မပြကောင်းသော ပညာ၊ အောက်လမ်း ပညာသည်ကို ကောင်းသောပညာနဲ့ပဲ အနိုင်ယူချင်တယ်၊ သည်တစ်ခွင် လွတ်သွားရ ဆုံးရှုံးရလည်း နောက်တစ်ခွင် ထပ်ပြိုင်လို့ရတယ်၊ ကိုယ့်ကိုယ်ကိုယ် ပြန်ရှိသေမှုက ဆုံးရှုံးသွားရင် ပြန်မရနိုင်တော့ဘူး၊ အဲဒီ အခါကျမှ တကယ် မအောင်မြင်သော လူသားဖြစ်မှာ'

မနှင်းဖွေးက ဖြည်းညင်းစွာ ခေါင်းခါသည်။

'နှင်းက အဲဒါတွေ နားမလည်ဘူး၊ အင်းလေ ဒါပေမဲ့ ကိုရဲဝင့် အဲသလို စိတ်ထားပဲ ထားတာကိုတော့ သဘောကျပါတယ်၊ ပင်ပန်းလွန်းနေသလားလို့ပဲ တွေးမိတာပါ'

'ငါလည်း ပင်ပန်းတာပဲဟ'

နောက်မှ အသံသြကြီး ပေါ်လာသဖြင့် မနှင်းဖွေးလန့်ပြီး တုန်သွားသည်။ ကြည့်တော့ ဖြူးဖြိုးဖြိုးကြီး လုပ်ပြနေသော ဟန်ပိုကို တွေ့ရသည်။

'အမယ် ကိုဟန်ပိုက ကိုရဲဝင့်လောက် မပင်ပန်းပါဘူး'

ဟန်ပိုက ဝင်ထိုင်သည်။

'အေးဆေးပေါ့၊ ဘာလုပ်မလဲ၊ ငါ့ ရုပ်နဲ့လည်း ဘယ်သူမှ ငါ့မယူမယ့် အတူတူ တစ်ယောက်တာပဲ ရှာတော့မယ်၊ ဒီကောင်သာ အနားမှာ ဝိုင်းနေတာ'

ရဲဝင့်က မျက်လုံးပြူးပြ၍ ဟော့ကောင်ဟု ဟန့်သည်။

မနှင်းဖွေးက ရုတ်တရက် အဓိပ္ပာယ် မပေါက်ဘဲ မေးသည်။

'ဟုတ်လား၊ ကိုရဲဝင့်နားမှာ ဘယ်သူတွေ ဝိုင်းနေလို့လဲ'

www.burmeseclassic.com

www.burmeseclassic.com



'နာမည်တော့ မသိပါဘူးဟာ အသားဖြူမြူ မျက်လုံး ညိုညိုနဲ့ ကောင်မလေး တွေ'

မနှင်းဖွေး မျက်နှာကလေး နီရဲသွားသည်။

'ဟာ ကိုဟန်ပိုကြီးနော်'

ဟန်ပိုက ဟက်ဟက်ပက်ပက် ရယ်သည်။

'ကိုယ့်ညီမဗွီ ချစ်လို့ စတာပါဟာ၊ ဒါနဲ့ နင် အအေးမိနေလား'

မနှင်းဖွေး အူကြောင်ကြောင် ဖြစ်သွားသည်။

'မမိပါဘူး ဘာဖြစ်လို့လဲ'

'နင့်မျက်နှာ နီနေသလားလို့'

မနှင်းဖွေး ယောင်၍ မျက်နှာကို လက်နှင့် စမ်းကြည့်မိသည်။ ပြီးမှ ဟန်ပို ထပ်စနေမှန်း ရိပ်မိ၍ ရှက်သွားပြီး ဟာဟုဆိုကာ ဟန်ပို့ကိုလက်သုတ်ပဝါနှင့် ပေါက်သည်။

ဟန်ပိုက တဟားဟား ရယ်နေသည်။

ရဲဝင့်က နေရာမှ ထသည်။

'ကျန်တဲ့ အဖွဲ့တွေ မလာခင် မင်းနဲ့နှင်းနဲ့ ခဏစောင့်လိုက်ဦး၊ ငါ ဆေးရုံ ကြီးဘက် ပြေးလိုက်ဦးမယ်'

မနှင်းဖွေးက မျက်လုံးကလေး ပြူးပြူး၍ ဆေးရုံကြီး ဟုတ်လားဟု မေးသည်။

'ဟုတ်တယ်၊ မနေ့က တိုက်ပြိုကျတဲ့ အထဲမှာ ပန်းရန်ဆရာက တို့ဆိုက် မှာလည်း လုပ်သွားတဲ့လူပဲ၊ ဒီနေ့ ခွဲခန်း ထပ်ဝင်ရမယ်၊ သွေးလိုချင် လိုမယ်တဲ့၊ အဲဒါ သွားလှူမလို့'

မနှင်းဖွေး မျက်နှာ စိုးရိမ်ဟန် ပေါ်လာသည်။

'ဖြစ်ပါ့မလား ကိုရဲဝင့်ရယ်၊ ဒီလောက် အိပ်ပျက်စားပျက်နဲ့'

ရဲဝင့်က ရယ်သည်။

'အသက် သုံးဆယ်တောင် မပြည့်သေးဘူး၊ ဒီအချိန်မှာမှ သွေး လှူလောက်အောင် မကျန်းမာဘူးလို့ ကိုယ့်ကိုယ်ကိုယ် ထင်ရင် ဘယ်တော့မှ သွေးလှူဖြစ်မှာ မဟုတ်ဘူး'

ဟန်ပိုက ခေါင်းဆတ်ပြသည်။

'အဖမ်းခံထားရတဲ့ ကန်ထရိုက်လည်း မင်း ဘော်ဒါပဲ မဟုတ်လားကွ၊ သွားကြည့်ဦးလေ'

ရဲဝင့်က နှာခေါင်း ရှုံ့ပြသည်။



'မကြည့်ပါဘူး၊ မဖြစ်ခင် ကတည်းက ငါ သိတယ်၊ သုံးမတ်လုံး သံချောင်း သုံးရမယ့်နေရာ ငါးမူးလုံးတွေ သုံးတဲ့ကောင် ခံရတာတောင် နည်းသေးတယ်'

ဟန်ပိုက ရယ်သည်။

'ဒီ အပြောအဆို လေးတွေကြောင့် ရဲဝင့်ကို လူချစ်လူခင် များတာ'

မနှင်းဖွေးက ဟန်ပိုကို မျက်စောင်း ထိုးပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## ရဲဝင့် [ ၇ ]

တော်ဝင် လူကူးတံတားပေါ်မှနေ၍ နေပြည်တော် ရုပ်ရှင်ရုံကိုတစ်လှည့်၊ ပပဝင်း ရုပ်ရှင်ရုံကို တစ်လှည့် တစ်လှည့်စီ အကြာကြီး စိုက်ကြည့်ရင်း စဉ်းစားနေသော ရဲဝင့်ကို ကြည့်၍ ဟန်ပိုက စိတ်မရှည်စွာ စုတ်သတ်သည်။

'ဘာလဲကွာ၊ မင်းက'

ရဲဝင့်က နေပြည်တော် ရုပ်ရှင်ရုံဘက်ကို လက်ညှိုး ညွှန်ပြသည်။

'ရုပ်ရှင်ရုံတွေ ပုဂ္ဂလိက ချပေးတော့မယ်ကွ'

ဟန်ပိုက ပခုံးတွန့်ပြသည်။

'အဲဒါလောက်တော့ ငါလည်း ကြားပါတယ်ကွာ၊ အဲဒါနဲ့ မင်း ဒီ တံတားပေါ် လာရပ်ပြီး ကသိုဏ်းရှုနေတာနဲ့ ဘာဆိုင်လို့လဲ၊ လမ်းသွားလမ်းလာတွေတောင် မင်းကို ကွက်ကြည့် ကွက်ကြည့်နဲ့ မင်းကို အရူးထင်ရင် အကြောင်းမဟုတ်ဘူး ငါ့ပါ ထင်မှာ'

ရဲပင့်က ရယ်၍ နေပြည်တော် ရုပ်ရှင်ရုံကို ထပ် လက်ညှိုး ညွှန်ပြသည်။

'ရွှေနေတာဟ၊ ရုပ်ရှင်တွေ ပုဂ္ဂလိကတင်သွင်းရင် ဟိုတုန်းကလို ကားပေဟာင်း၊ ကားဆွေးတွေ သွင်းမှာ မဟုတ်ဘူး၊ ဟိုမှာ ရုံတင်ခါစ အသစ်တွေ ဝင်လာမှာ ရုံကောင်းကောင်း အသံစနစ် ကောင်းကောင်းတွေ လိုတယ် ရုံတွေကို ရီနိုဗိတ်လုပ်ပြီး အကြီးစား ပြန်မွမ်းမံကြလိမ့်မယ်၊ ကိုယ်က နဂိုရုံတွေ အနေအထားကို လေ့လာ ထားရင် သူများလိုတော့ ချက်ချင်း ပြေးဝင်နိုင်တာပေါ့၊ ပထမအဆင့် ပပဝင်း လေ့လာရမလား၊ နေပြည်တော် လေ့လာရမလား စဉ်းစားနေတာ၊ အခု ရွေးလိုက်ပြီ နေပြည်တော်ပဲ'

'ပပဝင်းက ဘာဖြစ်လို့လဲ'



ရဲဝင့်က ပပဝင်းဘက်ကို ပြန်လှည့်၍ လက်ဝှေ့ယမ်းပြသည်။

'မင်း ပပဝင်းကနေစပြီး ဟို အနော်ရထာလမ်း မီးပွိုင့်အထိ တစ်ဆက်တစ်စပ်တည်း မြင်ကြည့်လိုက်၊ ရုပ်ရှင်ရုံ သေးသေး ကလေးတွေပဲ ရှိတယ်၊ ဟိုဘက်က လက်ရွေးစင် ကော်ဖီဆိုင်လောက် အထိ၊ ငါသာ အရင်းအနှီး ကြီးကြီးနဲ့ ကုမ္ပဏီဆိုရင် ဟိုတယ် အကြီးကြီး ဆောက်ပစ်လိုက်လို့ ရတယ်၊ ဒါကို မြင်တဲ့လူက ဝင်လာမှာပဲ၊ သိပ် အပိုင်တွက်လို့ မရဘူး'

'အရင်းအနှီးက ကြီးမှာလေ'

'ဟုတ်တယ်၊ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုတွေက စနေပြီဆိုတော့ ပြောလို့ ရဘူး၊ ဖြစ်သွားနိုင်တယ်'

ဟန်ပိုက ခေါင်းကုတ်သည်။

'မင်းနဲ့ လိုက်စဉ်းစားရတာနဲ့ ခေါင်းတွေလည်း ပူလာပြီကွာ၊ တော်ပြီ တော်ပြီ ငါ့ကို အအေးလိုက်တိုက်'

ရဲဝင့်က ရယ်သည်။

'ရပါတယ်ကွာ၊ တိုက်ပါ့မယ်၊ လောလောဆယ်တော့ ဟိုနေပြည်တော် ဘက်မှာ အင်းဝ စာအုပ်ဆိုင် ပြန်ဖွင့်တယ်တဲ့၊ စိမ်းဝေအတွက် စာအုပ်ကလေး တချို့ အရင် သွားဝယ်ရအောင်'

၁

၂၂ လမ်းထိပ်က အအေးဆိုင်မှာ ထိုင်မိကြတော့ ဟန်ပို တစ်ကိုယ်လုံး ချွေးများ ရွှဲနစ်နေသည်။

ရဲဝင့်က ဖာလူဒါ နှစ်ခွက်မှာ၍ ဟန်ပို့ကို ကြည့်ပြီး ရယ်သည်။ ဟန်ပို က မျက်စောင်း ထိုးသည်။

'ရယ်မနေနဲ့၊ မင်းကို မင်း အလုပ်နဲ့ ပတ်သက်ပြီး ကြံတွက်တာတွေ စဉ်းစားနေတာနဲ့ ဘဝင်မြင့်မနေနဲ့ ကိုယ့်ကိုယ်ကိုယ်နဲ့ ပတ်သက်လို့ ဘာမှ မကြံတွက်တတ်တာလည်း သတိရဦး'

'မင်း ဘာကို ပြောတာလဲ'

'ဘာကို ပြောရမလဲကွ၊ အသက်က နှစ်ဆယ်ကျော်လို့ သုံးဆယ်ထဲ ရောက်လာပြီ၊ စီးပွားရေးလည်း အောင်မြင်စပြုပြီ၊ အိမ်ထောင်တစ်ခု ထူထောင် ဖို့ ဘာမှ အစီအစဉ် မရှိသေးဘူး'

ရဲဝင့်က ရယ်သည်။

www.burmeseclassic.com

www.burmeseclassic.com



'မင်းကျ ရှိတာကျလို့'

ဟန်ပိုက အသံမထွက်အောင် ဆဲသည်။

'ရရင်ယူချင်တာ တစ်ပိုင်းကို သေလို့ မရလို့ဟ၊ ရုပ်ဆိုးတာချင်း အတူတူ မင်းကျတော့ အလုပ်အပ်တဲ့ ကောင်မလေးတွေ ကောင်မကြီးတွေ ကပါ အစ်ကိုတွေ၊ မောင်လေးတွေ ထပ်လို့'

'မင်းက နည်းနည်း ပိုအရုပ်ဆိုးလို့ ဖြစ်မှာပေါ့'

ဟန်ပိုက အသံမမြည်အောင် ဆဲပြန်သည်။

ရဲဝင့်က ရယ်၍ ဖာလူဒါခွက်ကို မွှေနှောက်ရင်း အကြာကြီး စဉ်းစား နေသည်။ ပြီးတော့မှ တွေးတွေးဆဆ ပြောသည်။

'အိမ်ထောင် ပြုဖို့ ဆိုတာက ချစ်သူတွေ ဘာတွေ ရှိမှ ဖြစ်မှာကွ၊ ခက်တာက အဲဒီ ချစ်တယ် ဆိုတာကို ဘာလဲဆိုတာတောင် ငါ မသိဘူး'

ဟန်ပိုက ခေါင်းညိတ်သည်။

'ဘယ်သူမှလည်း သေသေချာချာသိဟန် မတူပါဘူးကွာ၊ နီးစပ်တဲ့ထဲက ကိုယ်နဲ့ အဆင်ပြေမယ် ထင်တာရှိရင် ညှိကြည့်၊ တစ်ခါတလေ စွဲလမ်းသွားပြီးရ၊ တစ်ခါတလေလည်း မစွဲလမ်းဘဲရ၊ တစ်ခါတလေ စွဲလမ်းပြီး မရ၊ အဲသလိုပဲနဲ့ တူပါရဲ့'

ရဲဝင့်က ရယ်၍ မင်းပြောမှ အချစ်ဆိုတာတော့ ပျက်ပြီဟု ဆိုသည်။ တော်တော်ကြာကြာ စဉ်းစားနေပြီးမှ တိုးတိုး ပြောသည်။

'ငါ တကယ်တမ်း သံယောဇဉ်ရှိတာ တစ်သက်လုံး ရင်အုပ်မကွာ စောင့်ရှောက်ချင်တာက ငါ့ညီမလေး စိမ်းဝေပဲ၊ စိမ်းဝေ လိုတာကလေးတွေ ဖြည့်ဆည်းပေးနေရတဲ့ ဘဝနဲ့ ငါ တစ်သက်လုံး ပျော်ပျော်နေနိုင်တယ် အဲဒါက သွေးသားရင်းလို ညီမ အရင်းကလေးလို ချစ်တာ၊ စောင့်ရှောက်ချင်တာ သက်သက်ပဲ၊ ခက်တာက သူက သွေးသားတော်တဲ့ ညီမလည်း မဟုတ်၊ နိုင်ငံခြားမှာ သွားရှုန်းကန် အခြေချဖို့လည်း ဆုံးဖြတ်ထားပြီးသား ဆိုတော့ ငါ့နားရှိလည်း ခဏပဲ၊ ရေရှည်ရှိရင်လည်း သွေးသားအရင်း မဟုတ်တော့ သူများ အကဲ့ရဲ့ လွတ်ဖို့ မလွယ်ဘူး'

ဟန်ပိုက သည်တစ်ခါ ဝင်မနှောက်ဘဲ လေးလေးနက်နက် ခေါင်းညိတ်ပြသည်။ ရဲဝင့်က အအေးခွက်ကို အကြာကြီး ဆက်မွှေနေပြီးမှ တိုးတိုးဆက်ပြောသည်။

'မင်း ပြောသလို အဆင်ပြေတာ ကြည့်ရွေးဆိုရင်တော့ နှင်းပဲ ရွေးရ မလို ဖြစ်နေပြီ'



ဟန်ပိုက မရယ်ပါ။ ဖြည်းညင်းစွာ ခေါင်းယမ်းပြသည်။

'နှင်းလည်း ပြဿနာ ရှိတယ်၊ သူက ဘာသာခြား ဖြစ်နေတယ်'

ရဲဝင့် ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

ဟန်ပိုက သူ ပြင်ဦးလွင်တွင် မနှင်းဖွေးနှင့် တွေ့ဆုံခဲ့ရပုံများကို ပြန် ပြောပြပါသည်။

○

ရွှေတိဂုံ စေတီတော်အလယ်ပစ္စယံမှ တစ်ဆင့် သိဂ္ဂုတ္တရ ဥယျာဉ်တော် တည်ဆောက်ရေး လုပ်ငန်းများဘက် ဆီသို့ လှမ်းမျှော်ငေးမောကြည့်ရင်းက ရဲဝင့်က တိုးတိုးပြောသည်။

'အမှန်တော့ တို့ဘာသာ နှစ်ခုက ဆင်တူပါပဲ မဟုတ်ဘူးလား၊ သူတို့လည်း ဘုရား ရှိခိုးတာပဲ'

ဟန်ပိုက ခေါင်းယမ်းပြသည်။

'မင်းက အလုပ်ကျ မဲနေပြီး ဘာသာရေး စာပေတွေကျ မဖတ်ဘူး၊ ညီသောင်း ရေးတဲ့ ဘာသာကြီးလေးခု အနှစ်သာရများဆိုတဲ့ စာအုပ် ဖတ် ကြည့်ရင် ရှင်းသွားလိမ့်မယ်၊ သူတို့ ဘာသာမှာ ထာဝရ ဘုရားသခင် ရှိတယ်၊ ရှိတာမှ အသွင် ၆ မျိုးနဲ့ကို ရှိတာ၊ တို့ဘာသာက သဗ္ဗေသတ္တာ ကမ္မသကာတဲ့။ သူတို့က တို့ဘုရားကို သူတို့ ထာဝရ ဘုရားသခင်ရဲ့ တမန်လို သတ်မှတ်ပြီး တန်တော့တာ၊ တို့ ဘုရားက ထာဝရ ဘုရားသခင်ဆိုတာ မရှိ မိမိပြုသော ကံအတိုင်း ခံစား၊ စံစား ကြရသည်လို့ အပြတ်ဟောထားတာ၊ သူတို့ရဲ့ ဖြဟ္မာကိုတောင် သက်တမ်း ပြန်တွက်ပြပေးပြီး ချွတ်ခဲ့တာ၊ ဗကဖြဟ္မာလေ၊ မင်း ထေရဝါဒ ဗုဒ္ဓဘာသာ စစ်စစ်ဆိုရင် မတူဘူးဆိုတာ သိရမယ်'

ရဲဝင့် သက်ပြင်းချသည်။

'အဲဒီ ဘာသာ မတူတာက ဘယ်လောက် အရေးပါလို့လဲကွာ'

'ဒါတော့ မင်း ဆုံးဖြတ်ပေါ့၊ အဲဒီ ဘာသာမတူတာက ဘယ်လောက် အရေးပါတယ်၊ မပါဘူးဆိုတဲ့ ကိစ္စက လျစ်လျူရှုနိုင်လောက်အောင် တခြား တစ်ဖက်က ကိုယ့်စွဲလမ်းမှုက ဘယ်လောက် လေးနက်တယ် မနက်ဘူး ဆိုတာနဲ့ ချင့်ချိန်ရမှာလေ၊ ဒါတောင် အခု ဆန္ဒလောက်နဲ့ ချင့်ချိန်ရမှာ မဟုတ်ဘူးနော်၊ ကြာလာရင် တခြား ပြဿနာတွေ များလာရင် ဘယ်လောက် လေးနက် နိုင်သေးတယ် ဆိုတာကိုပါ ထည့်စဉ်းစားရမှာ'

ရဲဝင့်က ငေးငိုင်နေဆဲ၊ ဟန်ပိုက ဆက်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



'နှင်းကတော့ သိပ်ဟန်တူတယ် မောင်၊ မဖြစ်နိုင်ဘူးဆိုတာ ဒါကြောင့် ငါ စလိုက်တိုင်း မျက်နှာကလေး ပျက် ပျက်သွားတာ'

ရဲဝင့်က သက်ပြင်းချသည်။

'ဒါဆိုလည်း မစပါနဲ့တော့ကွာ'

●

## စိမ်းဝေ [ ၅ ]

ည ၁၂ နာရီ သံချောင်း ခေါက်သံကို ကြားရသည်။

အိမ်ရှေ့ စံပယ်ရုံကလေးကို ဖြတ်၍ တိုက်လာသော လေက စိမ်းဝေ၏ ပါးပြင်ကို နူးညံ့စွာ ပွတ်သပ်သည်။

စိမ်းဝေ ဖတ်လက်စ စာအုပ်ကလေးကို စားပွဲပေါ် ချ၍ ပြတင်းပေါက်က မြင်နေရသော လမင်းကြီးကို မော့ကြည့်မိသည်။

အိမ်ရှေ့ မီးရောင်ကလေး ပျပျက စိမ်းဝေ၏ အိပ်ခန်း ပြတင်းဝဘောင်ကို ဟပ်နေသည်။ ကိုကို အိပ်သေးဟန်မတူ။ ကိုကိုသည် ၁၂ နာရီထက် စော၍ ဘယ်တုန်းကမှ မအိပ်တတ်သော လူစားမျိုး ဖြစ်သည်။ ထုံးစံ အတိုင်း အိမ်ရှေ့ခန်းပေါ်တွင် ထိုင်၍ အလုပ်နှင့် ပတ်သက်သော ကိစ္စများ လေ့လာ နေပေလိမ့်မည်။

စိမ်းဝေက ညတိုင်းတော့ ညဉ့်နက်အောင် စာကျက်လေ့ မရှိ။ သို့သော် ယခုလို ညဉ့်နက်အောင် စာကျက်နေမိသည့် ညမျိုးတွေမှာ ကိုကို မအိပ်သေးဘဲ ရှိနေတာကို သိရုံမျှဖြင့် ကိုကို့အနားကို မလာတာတောင် စိမ်းဝေ ရင်ထဲတွင် နွေးထွေး လုံခြုံလှသည်။

အနားကို

စိမ်းဝေ ကြက်သီး ထသွားသည်။

ဟုတ်ပဲ့။ ကိုကိုသည် ညစာ စားပြီး နောက်ပိုင်း စိမ်းဝေအနားကို ဘယ်တော့မှ လာလေ့ မရှိ။ တစ်ယောက် တစ်ယောက် မောင်နှမ အရင်းအချာလို ဘယ်လိုပဲ သဘော ထားထား၊ တကယ်တမ်းကျတော့ သွေးသား မတော်စပ်သည်ကို အမြဲ ရှေ့ပြုနေဟန် တူသည်။

www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ကိုကိုရယ်။

စိမ်းဝေကတော့ စိမ်းဝေကိုယ်စိမ်းဝေ အရွယ်မရောက်သေးတဲ့ ကလေးလေး တစ်ယောက်လိုပဲ သဘောထားတာပါ။ ခလုတ်မထိ၊ ဆူး မငြိ တင့်တင့်တယ်တယ် အရွယ် ရောက်လာနိုင်ဖို့ကိုလည်း ကိုကို့ အစောင့်အရှောက် ခံယူနေသေးဖို့ လိုအပ်နေတယ်လို့ သဘောထားတာပါ။

ကိုကို ကိုယ်တိုင်ကတော့ စိမ်းဝေကို ရှောင်မနေသင့်ဘူး ထင်တယ်။

တကယ်တော့ ကိုကို့ညီမဖြစ်တဲ့ စိမ်းဝေဟာ ကိုကို စောင့်ရှောက်တာကို ခံယူရသလို မိုးလင်းက မိုးချုပ် မရပ်မနားတမ်း ပြေးလွှား ရုန်းကန်ရင်းက မောပန်းနွမ်းလျနေတဲ့ ကိုကို့ကို ပြုစုအားပေးဖို့လည်း တာဝန်ရှိတယ် ထင်တယ်။ အဲဒီလို လုပ်ပေးခွင့်လည်း ရသင့်တယ် ထင်တယ်။

စိမ်းဝေ သက်ပြင်းချမိသည်။

တကယ်တမ်းမှာတော့ မာရသွန် အပြေးသမား တစ်ယောက် ဘယ်တော့မှ ပန်းမဝင်နိုင်သလို မနားတမ်း ပြေးနေသော ကိုကို့ နံဘေးမှာ ပြုစု အားပေးဖော် မရှိရှာသမက ကိုကို အနားယူ အပန်းဖြေနေသည်ကိုပင် စိမ်းဝေ မတွေ့ဖူးပါ။

ဂျင်မ်ရိဗ်၏ နှင်းမုန်တိုင်း သီချင်းကလေး တစ်ခါတလေ ဖွင့်နားထောင် နေတတ်သည်မှ အပပေါ့။ ဒါလည်း မကြာသေးခင်ကမှ စိမ်းဝေ သိရတာပါ။

အဲသည့်နေ့က တင်ဇာမော်ဆိုသည့် အဆိုတော်အသစ် တစ်ဦး၏ *'ခွဲလမ်းမှု ပြဿနာ'* အခွေနာမည်ကြီးနေ၍ ဝယ်ပေးပါဟု စိမ်းဝေ ပူဆာမိသည်။ ကိုကိုက ဝယ်ပေးတော့ ဖွင့်နားထောင်သည်။ တစ်ခွေလုံးနီးနီး ကြိုက်သော်လည်း ခေါင်းစဉ် သီချင်း *'ခွဲလမ်းမှု ပြဿနာ'* ကို စိမ်းဝေ ခံစား၍ မရ။ စာသားကို နားလည်ပါသည်။ ဆိုဟန်က ထူးဆန်းလွန်းသည်ဟု ထင်မိသည်။

ကိုကို ပြန်လာ၍ ပြောပြတော့ ကိုကိုက သူပါ နားထောင်ကြည့်သည်။ ပြီးတော့ ခေါင်းတဆတ်ဆတ် ညိတ်၍ ပြုံးသည်။

'အဆိုပညာကို စနစ်တကျ လေ့လာ သင်ယူထားတဲ့ အဆိုတော် ဖြစ်ကြောင်း သိအောင် ကီး အမျိုးမျိုး ပြောင်းဆိုထားတာကွ၊ အထပ်ထပ် နားထောင် ကြည့်လေ၊ စိမ်းဝေ သဘောကျလေ ဖြစ်လာလိမ့်မယ်'

စိမ်းဝေ အံ့အားသင့် သွားသည်။

'ကိုကိုက သီချင်းနားထောင် တတ်တယ်ပေါ့'

ကိုကိုက ပြုံး၍ ခေါင်းညိတ်ပြသည်။



'ကိုကို သီချင်း နားထောင်တာ တစ်ခါမှ မတွေ့ဖူးပါဘူး'

'ကိုကိုက ဝေါ့လ်ကမ်းကလေးပဲ သုံးတာကွ၊ ခေါင်းတွေ သိပ်ပူလာ တဲ့အခါမျိုးဆိုရင် ကိုကိုလည်း ဝေါ့လ်ကမ်းကလေး ထုတ် နားထောင်တာပါပဲ'

'ဒါဆို စိမ်းဝေကိုပြ'

'ဘာလဲ စိမ်းဝေရဲ့'

'ကိုကို နားထောင်နေကျ သီချင်းလေ၊ စိမ်းဝေ နားထောင်ကြည့်ချင်တယ်'

ကိုကိုက ရယ်သည်။

'ကိုကိုက ဂျင်မ်ရိဗ်လို ရှေးတုန်းက အင်္ဂလိပ် သီချင်း အေးအေးကြီးတွေ နားထောင်တာကွ၊ စိမ်းဝေ ဘယ်ကြိုက်မလဲ'

'ဟာ မရဘူး ပြပြ၊ ကိုကို ဘာကြိုက်လဲ စိမ်းဝေ သိချင်တယ်'

ကိုကိုက ရယ်၍ သူ့ ဂျင်မ်ရိဗ် အခွေကလေးကို စိမ်းဝေကို သူဝယ် ပေးထားသော ကက်ဆက်ထဲထည့်၍ ဖွင့်ပြသည်။

သူ အကြိုက်ဆုံး သီချင်းက Blizzard *(နှင်းမုန်တိုင်း)* ဟု ခေါ်သည့် သီချင်း ဖြစ်သည်။ သီချင်းက စကတည်းက လေတိုးသံ တရှဲရှဲနှင့် နားထောင်ရသူ၏ ချက်စိတ်ထဲတွင် နှင်းမုန်တိုင်းကြားထဲ တကယ် ရောက်သွားရသလို ခံစားရစေသည်။

မေရီအန်းဆိုသည့် ချစ်သူထံ နှင်းမုန်တိုင်းကြားထဲက အရောက်ပြန်ဖို့ ကြိုးစားနေသည့် လုလင်ပျိုတစ်ဦး။ သူ့မှာ ခြေကုန်လက်ပန်း ကျနေသည့် မြည်းတစ်ကောင်သာ အဖော်ရှိသည်။ ခိုက်ခိုက်တုန်အောင်လည်း ချမ်းနေသည်။ ခြေပစ်လက်ပစ် လှဲချချင် လောက်အောင်လည်း မောနေသည်။ ဆာလောင် မွတ်သိပ်၍လည်း နေသည်။ ချစ်သူထံ အရောက် လှမ်းနိုင်ခဲ့ လျှင်တော့ အညောင်းပြေ နွေးထွေးသော ခိုလှုံစရာကိုလည်း ရမည်။ စားမြိန်ဖွယ် အချို့လည်း ကျန်သေးကောင်း၏။ မြည်းကြီး မဟန်နိုင်တော့သည်ကို သိသော်လည်း မေရီအန်းဆီသို့ ၇ မိုင်မျှသာ လိုတော့သဖြင့် ကြိုးစားလိုက်စမ်းပါဟု လုလင်က ပြောပေးသည်။

၅ မိုင်. . .

၃ မိုင်. . .

၁ မိုင်. . .

ကိုက် ၁၀၀. . .

မေရီအန်းဆီ ရောက်ဖို့ ကိုက် ၁၀၀ အလိုမှာ လူရောမြည်းပါ ခြေကုန် လက်ပန်းကျလဲသွားကြသည်။ နောက်တစ်နေ့ မုန်တိုင်းစဲတော့ လုလင်နှင့်

www.burmeseclassic.com

www.burmeseclassic.com



မြည်း၏ အေးခဲနေသော အလောင်းကို တွေ့ကြရသည်။ ချစ်သူ မေရီအန်းနှင့် ကိုက် ၁၀၀ အကွာမှာပါ။

အဓိပ္ပာယ်ကို ကိုကိုက ရှင်းပြပြီး နောက်တစ်ခါ နားထောင် မိတော့ စိမ်းဝေ မျက်ရည်ကျသည်။ ဒီလောက် စိတ်ထိခိုက်စရာကောင်းတဲ့ သီချင်းကို စွဲလမ်းရသလား၊ ကိုကိုရယ်ဟု အပြစ်တင်မိသည်။

စိမ်းဝေ ပြတင်းပေါက်မှာ လာဟပ်နေသည် အိမ်ရှေ့ မီးရောင် ကလေးကို တစ်ချက် ငေးကြည့်မိပြန်သည်။

ဩော် အခုတော့ ကိုကိုတစ်ယောက် နှင်းမုန်တိုင်းထဲမှာ ရှုန်းကန်ဆဲ။ ဘယ်ရင်ခွင်နှင့် ဘယ်လောက် အကွာအဝေး လိုသေးသည်ဟုပင် ပြောစရာ မရှိရှာပါ။

●

## မနှင်းဖွေး [ ၆ ]

ရုံးခန်းထဲတွင် ရဲဝင့်နှင့် ထိုင်စကား ပြောနေသော မိန်းမပျိုကို လှမ်းအမြင် လိုက်တွင် အပြင်မှ ပြန်ဝင်လာသော မနှင်းဖွေး ကြက်သေသေ၍ ရပ်နေမိသည်။

လှသည်။

အင်း လှသည်ဟု ပြော၍ရသည်ပဲ ဆိုပါစို့။

လှသည်ထက် သိသာနေသည်က ဝတ်တာစားတာ။

၁၉၉၀ ပြည့်လွန်နှစ်တွေမှာ သည်လို ဝတ်ပုံစားပုံမျိုးက မနှင်းဖွေး အတွက် တော်တော် မျက်စိဆန်းနေသည်။

အင်္ကျီက ဘလောက်စ်ပါပဲ။ ရှေ့ဘက် ရင်ညွှန့်က ကျယ်လွန်းသည်ဟု မနှင်းဖွေး ထင်သည်။ လုံချည်ကလည်း ဒူးကျော်ရုံသာ ရှိသည်။ အသားက ဖြူတော့ ခြေသလုံးသား နှစ်ဖက်က ဝင်းနေသည်။

မနှင်းဖွေးဘက် လှည့်၍ မော့ကြည့်လိုက်သော မျက်နှာက မနှင်းဖွေးတို့ ငယ်စဉ်က မင်းမင်းလတ် ဆိုသည့် အဆိုတော်ကြီး ဆိုခဲ့သည်ကို မကြာသေးခင်က ဇော်ဝင်းထွဋ်ဆိုသည့် လူငယ် ပြန်ဆိုထားသည့် သီချင်းခေါင်းစဉ်လိုပင် ဆေးဆိုး ပန်းရိုက် မျက်နှာ ဖြစ်နေသည်။

ပြီးတော့ မျက်လုံး အကြည့်တို့က စူးရဲသည်။ သီချင်စိတ် ပြင်းပြသည့် ဟန်ပန်မျိုး ပါသည်။ မိတ်ဖွဲ့လိုသည့် နူးညံ့မှုကိုမူ မတွေ့ရ။

မနှင်းဖွေး ကြောင်ရပ်နေသည်ကို သတိထားမိသော နောက်မှ ဟန်ငြိမ်း မနှင်းဖွေး ပခုံးကို ကျော်ကြည့်၍ မိန်းမပျိုကိုတွေ့တော့ ပြုံး၍ မာလာရောက် နေတာလားဟု မိတ်ဆက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မာလာ ဆိုသည့် မိန်းမပျို့မျက်နှာက အကြောတချို့ လျော့ကျသွားသည်။

'ကိုဟန်ပိုကြီး ဘယ်က ပြန်လာတာလဲ'

'ဖုန်းဘေလ် သွားသွင်းတာဟ၊ မိတ်ဆက်ပေးရဦးမယ်၊ ဒါ မနှင်းဖွေးတဲ့၊ တို့ကုမ္ပဏီရဲ့ စာရင်းကိုင်ပေါ့၊ ကျောင်းတုန်းက သူငယ်ချင်းတွေပဲ'

မာလာက ယောင်ယောင်ကလေး ပြုံး၍ ခေါင်းဆတ်ပြသည်။

'ဟိုတစ်ခါ ကိုဟန်ပိုကြီး ပြောမရဘူးဆိုတဲ့ကိစ္စ ကိုရဲဝင့်ကို လာနားချနေတာ၊ မရပါဘူး ကိုဟန်ပိုရယ်၊ ဒါကြောင့် မာလာတို့ ဘော့စ်အပျိုကြီးက ပြောတာ၊ ကိုရဲဝင့်က ရုပ်ကလေးချောသလောက် ခေါင်းက မာတယ်တဲ့'

ရုပ်ကလေး ချောသလောက်ဆိုသည့် စကားကြောင့် ဟန်ပိုက ရဲဝင့်ကို ချောင်းပြသော်လည်း ရဲဝင့်က မမြင်ချင် ဟန်ဆောင်နေသည်။

'မာလာ့အိတ်က အကြီးကြီးပဲ၊ ကောင်လေးတစ်ယောက် ကားပေါ် လိုက်ပို့ခိုင်းလိုက်ရမလား'

ဘေးမှာ အလုပ်လုပ်နေသည့် လူငယ်နှစ်ဦးကိုပြ၍ ရဲဝင့်က မေးသော်လည်း မာလာက ခေါင်းခါပြသည်။

'ရပါတယ် ကားက ရှေ့တည့်တည့်မှာပဲ၊ မာလာ သွားမယ်၊ ကိုရဲဝင့် နည်းနည်းတော့ ပြန်စဉ်းစားပါဦး'

မာလာက ဟန်ပိုနှင့် မနှင်းဖွေးကို ပေါင်း၍ ခေါင်းတစ်ချက် ဆတ်ပြပြီး တံခါးပေါက်မှ ထွက်ခွာသွားသည်။

○

'ရုပ်ကလေး ချောသလောက်တဲ့ ဟား ဟား'

ထိုင်နေသော ရဲဝင့်၏ခေါင်းကို ပုတ်၍ ဟန်ပိုက စသည်။ ရဲဝင့်က ဘာမှ ပြန်မပြောဘဲ ရယ်နေသည်။

မနှင်းဖွေးက ယောင်ယမ်း၍ ရဲဝင့်မျက်နှာကို ငေးကြည့်သည်။

ဟုတ်တော့လည်း ဟုတ်သည်။ ရဲဝင့် အသားက ဖြူလာသည်။ အရင်က လက်တစ်နိုက်လောက် နက်သည်ဟု အမြဲ အစခံရသော မျက်တွင်းတွေလည်း အနည်းငယ် ပြည့်လာသည်။

ထူးခြားတာက နှုတ်ခမ်းနှင့် မေးရိုး။



ပြုံးယောင်ယောင်ကလေး အမြဲစေနေသော နှုတ်ခမ်းတွေက ကျောင်းသားဘဝက တိုယ့်ကိုယ်ကိုယ် လုပ်နိုင်ပံ့မလားဆိုသည့် အမူအရာမျိုး ခပ်ဟဟ အမြဲဖြစ်နေသော နှုတ်ခမ်းတွေနှင့် မတူတော့။ ငါ လုပ်နိုင်တယ် ဆိုသည့် ခိုင်မာသည့် ယုံကြည်ချက်၏ အငွေ့အသက်က ငေးကြည့်မိသူကိုပင် ကူးစက် လာစေသည်။ ယခင်က အမြဲတမ်း အံကြိတ်ထားလေ့ရှိသော မေးရိုးတို့ကပြေ၍ တည်ငြိမ်နေသည်။

လူချောတစ်ယောက်ဟု ပြောဖို့ ခက်နေသေးပေမယ့် ငယ်ငယ်က အမြဲ သူများ အပြောခံရသလို ရုပ်ဆိုးဆိုး လူတစ်ယောက်တော့ မဟုတ်တော့တာ သေချာလှသည်။ ၈ နှစ်လောက် အချိန်အတွင်းမှာ ပင်ပန်းစွာ ရုန်းကန်နေရင်းကပဲ လူတစ်ယောက်၏ ရုပ်က တဖြည်းဖြည်း ပြေပြစ်လာတာ တော်တော်တော့ အံ့ဩဖို့ ကောင်းသည်။

'ဟိတ် ကောင်မလေး'

ဟန်ပိုက မနှင်းဖွေး မျက်နှာနားမှာ ဖျောင်းခနဲ လက်ခုပ်တီး၍ လန့်အောင် လုပ်တော့မှ မနှင်းဖွေး ရုတ်တရက် လန့်သွားပြီး ရှက်ရယ်ရယ်၍ ဟန်ပို ပခုံးကို မနားတမ်း ထုသည်။

ဟန်ပိုက ရယ်၍ ဆက်မစတော့ဘဲ ရဲဝင့်ဘက်သို့ လှည့်သွားသည်။

'မင်းက မာလာတို့ ကမ်းလှမ်းတဲ့ကိစ္စကို ဘာလို့ ဒီလောက် ခါးခါးသီးသီး ဖြစ်နေရတာလဲ၊ အပျိုကြီး မကြိုက်လို့လား အပျိုလေး မကြိုက်လို့လား'

ရဲဝင့်က ပြုံးမဲ့မဲ့ဖြင့် ခေါင်းခါသည်။

'အပျိုကြီးလည်း မကြိုက်ပါဘူး။ အပျိုလေးလည်း မကြိုက်ပါဘူး သူတို့ ဘယ်လို ပြင်ထား၊ ပြင်ထား၊ ငါ့ မျက်စိထဲမှာ သူတို့ကို ကြည့်လိုက်ရင် ရုပ်ကို မမြင်ဘဲ အခွင့်အရေး ဘယ်နားပေါ်မလဲ လိုက်ရှာပြီး အမြတ်ထုတ်ဖို့ ကြံနေတတ်တဲ့ စိတ်တွေကိုပဲ မြင်နေရတာလေ'

ရဲဝင့်၏ မာလာ့အပေါ် ပစ်ပစ်ခါခါ ပြောလိုက်သော စကားကြောင့် မနှင်းဖွေး ရင် အနည်းငယ် အေးသွားသည်။

ဟန်ပိုကတော့ ကျေနပ်သေးဟန် မတူ။

'စီးပွားရေး လုပ်တယ်ဆိုတာ အခွင့်အရေးကို ရှာရတာပဲကွာ၊ တို့လည်း ဒီ စီးပွားရေးပဲ လုပ်တာပဲ၊ ဘာကွာလို့လဲ'

ရဲဝင့်က ခေါင်းခါသည်။

'တို့က စိတ်ကူးနဲ့ ပညာနဲ့ ငွေရှာတာကွ၊ သူတို့ လုပ်ပုံကိုင်ပုံက ပေါင်း

www.burmeseclassic.com

www.burmeseclassic.com



စားတာ၊ ငါက ပေါင်းစားတာကို မကြိုက်တာ၊ သူတို့က ပို မြိုးမြိုးမြက်မြက် ရတတ်တာတော့ မှန်တယ်၊ ဒါပေမဲ့ သရဲမွေးထားတဲ့ လူလိုပဲ ရင်တထိတ်ထိတ်နဲ့ နေရတာ၊ ငါ့သဘောက ပိုက်ဆံရှာတယ်ဆိုတာ အခြေခံ လူမှုရေး လိုအပ်ချက်တွေ ပြည့်စုံဖို့ ဒီထက် ပိုရလာရင် ဘဝမှာ နည်းနည်းတော့ သက်သောင့်သက်သာ နေထိုင်သွားလာ စားသောက်နိုင်ဖို့၊ မိဘဆွေမျိုး မိတ်သင်္ဂဟတွေ လိုအပ်ချက်ရှိရင် ဖြည့်ဆည်းပေးနိုင်ဖို့ အနှစ်ချုပ်ကျတော့ ဒါတွေအားလုံးက စိတ် ချမ်းသာချင်လို့ပဲ မဟုတ်လား၊ စိတ်ဆိုတာ ငြိမ်းချမ်းမှ ချမ်းသာတာ မောင်၊ တစ်သိန်း ရပြီး စိတ်အေးအေးနဲ့ နေချင်သလား၊ သိန်းတစ်ရာရပြီး စိတ်ပူနေချင်သလားဆိုရင် မင်း ဘာလမ်းရွေးမလဲ'

တန်ပိုက ပြုံးပြုံးကြီး ခေါင်းညိတ်သည်။

'သဘောပေါက်ပါပြီကွာ၊ အဲသလိုတွေ တွေးတတ်လို့ မင်း ငါ့ဆရာ တင်ထားတာပါ၊ ဟုတ်ပါတယ်၊ မင်း ပြောတာ'

မနှင်းမွှေး အပြောဆိုးသည်ဟု နာမည်ကြီးသလောက် အတွေးအခေါ် ရင့်ကျက်လွန်းသော ရဲဝင့်ကို အံ့ဩ လေးစားစွာ ငေးကြည့်နေမိပါသည်။

●

## ရဲဝင့် [ ၁ ]

ရဲဝင့်က ရွှေစည်းခုံ ဘုရားရင်ပြင်တော်ကို ဖြတ်၍ ဧရာဝတီမြစ်ဘက်ဆီမှ တိုက်ခတ်လာသော လေအေးကလေးကို တဝကြီး ရှူသွင်းလိုက်သည်။

မကြာခဏ ကိုက်တတ်သော ခေါင်းက ပုဂံ ရောက်သည့်နေ့မှ စ၍ မကိုက်သလို ဖြစ်နေသည်။ ရှေးဟောင်း ဘုရားပုထိုး စေတီတို့၏ ရင်ငွေ့ကို လှုံရ၍ပဲလား၊ အလုပ်အကြောင်းကို မစဉ်းစားဘဲ နေနေရ၍ပဲလား၊ သိပ်ချစ်စရာကောင်းသော ညီမလေး တစ်ဦး အလိုကို ဖြည့်ပေးနေရသည့် အစ်ကိုတစ်ယောက်၏ ပီတိမျိုးကြောင့်ပဲလား မသိ။

ဘုရား ဝတ်ပြုနေသော စိမ်းဝေက မျက်လုံးကလေး မှိတ်၊ လက်အုပ်ကလေးချီ၍ ရွတ်ဖတ် သရဇ္ဈာယ်နေတာ မပြီးတတ်သေး။

လေညင်း အဝှေ့မှာ ဆံနွယ်ကလေးတွေ ကပိုကရို ဖြတ်တင်နေသော ၁၈ နှစ်အရွယ် မိန်းမငယ်ကလေး၏ ငယ်နုသော မျက်နှာကလေးက ထင်းနေအောင် လှတာမျိုး မဟုတ်ဘဲ ငေးကြည့်နေမိသူရင်ကို ငြိမ်းချမ်းသွားစေနိုင်သည့် အလှမျိုး ဖြစ်လေသည်။

ဒီ အလှမျိုးက နိုင်ငံခြား တိုင်းပြည် တစ်ခုနဲ့မှ မတန်ပါဘူးကွယ်၊ မြန်မာ့ရေ မြန်မာ့မြေ၊ မြန်မာ့ဘုရား ပုထိုးတွေ ရင်ပြင်ပေါ်မှာပဲ တွေ့နေချင်စရာ အလှမျိုးပါ။

ရဲဝင့် သက်ပြင်း ချမိသည်။

စိမ်းဝေ နိုင်ငံခြား ကျောင်းသွားတက်ဖို့ ကိစ္စက သေချာနေလေပြီ။ နိုင်ငံခြား မသွားခင် မိဘတွေဆီ ပြန်ချင်သော စိမ်းဝေကို ပုဂံဘုရားပုထိုး စေတီများကိုပါ ဖူးမြော်သွားစေချင်၍ မင်းဘူးသို့ တန်းမသွားဘဲ ပုဂံသို့ အရင်ခေါ် လာခဲ့ခြင်း ဖြစ်သည်။ ဟန်ပို ပါမလာသဖြင့် အသင့်ငှားလှစ်လိုက်သော

www.burmeseclassic.com

www.burmeseclassic.com



သီရိပစ္စယာ ဆာကူရာ ဘန်ဂလိုတစ်လုံးမှာ ရဲဝင့်နှင့် စိမ်းဝေတို့ ဟိုဘက်ခြမ်း ဒီဘက်ခြမ်း နှစ်ယောက်ခန်း တစ်ခန်းစီ ငှားနေကြရသည်။

'စျေးကြီးလိုက်တာ ကိုကိုရယ်၊ လေးယောက်စာတောင် ပေးရတာ'

အခန်းငှားခကို သိတော့ စိမ်းဝေက ညည်းတွားသည်။ ရဲဝင့်က ရယ်သည်။

'စျေးကြီးလည်း တစ်ယောက်ခန်းမှ မရှိတာ စိမ်းဝေရယ်'

'တစ်ခန်းတည်း ငှားပေါ့။ စိမ်းဝေတို့က မောင်နှမပဲ ဥစ္စာ၊ အလယ်က လိုက်ကာ တလေးထောင် ဟိုဘက် ခုတင်တစ်လုံး၊ ဒီဘက် ခုတင်တစ်လုံးထားရတာပဲ'

ရဲဝင့် ရင်ထဲ နွေးခနဲ ဖြစ်သွားသည်။

'စိမ်းဝေတို ကိုကိုက ညီမအရင်း ကလေးလို သဘောထားပါတယ်ကွယ်၊ ဒါပေမဲ့ ကိုကိုတို့ သွေးသား မတော်စပ်တာ သိတဲ့လူ တစ်ယောက်ယောက် သိသွားရင် ငါ့ညီမ ဂုဏ်မငယ်စေချင်လို့ပါ'

စိမ်းဝေက နှုတ်ခမ်းစူ နေရာက ပြုံးသည်။

'ဒါနဲ့ ထူးဆန်းတယ်နော်၊ ညက ကိုကို ဝရန်တာထွက် အလုပ်လုပ်တာလည်း မတွေ့ဘူး၊ ချမ်းလို့အထဲမှာ ဝင်လုပ်နေတာလား'

ရဲဝင့်က ပြုံး၍ ခေါင်းခါပြသည်။

'ညက စောအိပ် ဖြစ်တယ်၊ အလုပ်တွေကလည်း ယူကို မလာတာပါ'

စိမ်းဝေ မျက်လုံးကလေး ပြူးသွားသည်။

'ကိုကိုပြောတော့ ပုဂံမှာ အလုပ်ကိစ္စလည်း ရှိတယ်ဆို'

'အင်းလေ'

'အလုပ်ကိစ္စ ရှိတယ်ဆိုရင် လေ့လာစရာ စာရွက်စာတမ်းတွေ ပါလာမှာပေါ့ မဟုတ်ဘူးလား'

ရဲဝင့်က ရယ်၍ ခေါင်းခါပြသည်။

'အလုပ်ကိစ္စဆိုတာ ပုဂံဘုရားတွေရဲ့ တည်ဆောက်ပုံတွေ နည်းနည်း လျှောက်ကြည့်ဖို့ပါ။ တကယ်တော့ စာအုပ်စာတမ်းတွေလည်း ကိုကို့မှာ ရှိပြီးသားပဲ၊ အဓိက ကတော့ စိမ်းဝေကို နိုင်ငံခြား မသွားခင် ပုဂံ ရင်ငွေ့ကို ခိုစေချင်တာ၊ ပုဂံဆိုတာ မြန်မာလူမျိုးတို့ရဲ့ အစလို့ ပြောရင်လည်း ရတယ်၊ ပုဂံကို ရောက်ရင် လူတွေဟာ ကိုယ့်ရင်ထဲမှာ ကိုယ့်ဇာတိ၊ ကိုယ့်မြေ၊ ကိုယ့်လူမျိုးကို ဘယ်လောက် တွယ်တာ ာယ်၊ ဘယ်လောက် မြတ်နိုးကာယ် ဆိုတာ



အရင်တုန်းက သတိမထားရင်တောင် သတိထား သွားမိတတ်တယ်၊ တိုးတက်တဲ့ နိုင်ငံတွေကိုရောက်ပြီး ဟိုက တိုးတက်နေတာတွေကို မြင်သိခံစားရတော့မယ့် လူငယ်တွေကို မသွားခင် ကတည်းက ကိုယ့်မျိုးချစ်စိတ်ကလေး ကိုယ် သတိရနေတဲ့ အလေ့အကျင့်ကလေး ရစေချင်တယ်၊ အဲဒါကြောင့် မင်းဘူး မဆင်းခင် ပုဂံ ဝင်ကြစို့ဆို ခေါ်လာတာ'

စိမ်းဝေက တွေးတွေးဆဆ ခေါင်းညိတ်သည်။

'ကိုကိုပြောတာ ဟုတ်တယ်၊ စိမ်းဝေ သိတဲ့ တချို့ သူငယ်ချင်းတွေဆို သွားတောင် မသွားရသေးဘူး၊ ဒီမှာကတည်းက ကိုယ့်နိုင်ငံ ကိုယ် အပြစ်မြင် စကားတွေပဲ အမြဲ ပြောတတ်ကြတာ၊ စိမ်းဝေလည်း လေယာဉ်ကွင်းကနေ ဖြတ်အလာ ရွှေပေါင်း ဘုရားပုထိုးတွေကို လှမ်းမြင်လိုက် ကတည်းက ကြက်သီး ထချင်သလိုလို နွေးထွေးသွားသလိုလို သိသိသာသာ ခံစားလိုက်ရတာ၊ သူတို့ကိုလည်း ပုဂံသွားခိုင်းချင်လိုက်တာနော်'

'နိုင်ငံတိုင်းမှာ သမိုင်း ရှိတယ်၊ သမိုင်းတိုင်းမှာ ဂုဏ်ယူစရာတွေလည်း ရှိတယ်၊ မေ့ပစ်ချင်တာတွေလည်း ရှိတယ်၊ နိုင်ငံတိုင်း အတူတူပဲ၊ အဲဒါတွေနဲ့ တစ်နိုင်ငံနဲ့ တစ်နိုင်ငံ၊ တစ်လူမျိုးနဲ့ တစ်လူမျိုး သူ သာတယ်၊ ကိုယ်သာတယ် ယှဉ်ပြောစရာ မဟုတ်ဘူး၊ တမ္ဘာ့သမိုင်းမှာ တစ်ကမ္ဘာလုံးကို လွှမ်းမိုး ချုပ်ကိုင်ခဲ့ဖူးတဲ့ လူမျိုးတွေ အခုအခါ နိုင်ငံတောင် မည်မည်ရရ မရှိဘဲ ဖြစ်နေတာတွေလည်း ရှိတာပဲ၊ အရေးကြီးတာက ကိုယ့်လူမျိုးကို ကိုယ် ချစ်သလား၊ မချစ်ဘူးလား ကိုယ့်ကိုယ်ကိုယ် မသေချာရင် မေးကြည့်၊ မိုးလင်း အိပ်ရာထ မျက်စိနှစ်လုံး ဖွင့်တာနဲ့ မြန်မာလို စပြောရတာ အားရသလား၊ တခြား ဘာသာစကား ပြောရတာ အားရသလား မြန်မာလူမျိုးတွေ ရှိတဲ့ အလုပ်ခွင်ကို သွားရတာ ပျော်သလား၊ နိုင်ငံခြားသားတွေ ကြားထဲကို သွားရတာ ပျော်သလား၊ အဲဒီ မေးခွန်းတွေရဲ့ အဖြေဟာ မြန်မာ လို့ချည်းပဲ ထွက်ရင် နိုင်ငံခြားမှာ ဘာလိုချင်သလဲ၊ ဒီမှာ မရနိုင်တာ၊ ပညာလား၊ ဥစ္စာလား၊ နှစ်ခုစလုံးလား၊ လိုချင်တာကို လိုချင်သလောက် လိုအပ်သလောက် ရပြီးရင် ပြန်လာခဲ့၊ ရလေလိုလေ အိုတချွေ လုပ်မနေနဲ့၊ ကိုယ်ချစ်တဲ့ နေရာ၊ ကိုယ်ပျော်တဲ့ နေရာမှာ နေရဖို့ ဘဝမှာ အချိန်မကုန်တော့ဘဲ ဖြစ်သွားမယ်၊ စိမ်းဝေကိုရော နိုင်ငံခြားသွားချင်တဲ့ လူငယ်တွေ အားလုံးကိုရော ကိုကို ပြောပြချင်တာ အဲဒါပဲ'

စိမ်းဝေက ပြုံး၍ ခေါင်းညိတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ကိုကို တွေးတာ ကောင်းပါတယ်၊ ဒါပေမဲ့ ကိုကိုလည်း လူငယ်ပဲနော်၊ မေ့မနေနဲ့၊ အသက်က ၂၄ နှစ်ပဲ ရှိသေးတာ၊ ကဲ အခု ပုဂံဘုရားတွေ လိုက်ကြည့်တာ ပြောပြပါဦး၊ ဘာ ပရောဂျက် ကြံစည်နေပြန်ပြီလဲ'

ရဲဝင့်က ရယ်၍ စိမ်းဝေခေါင်းကို မနာအောင် ဖွဖွ ထုသည်။

'အရူးမလေး ပုဂံဘုရားတွေက ပရောဂျက် ဝင်စရာလား၊ ဗိသုကာ ပညာ လေ့လာချင်လို့ လိုက်ကြည့်တာပေါ့၊ မှတ်ထား ကမ္ဘာ့ ဗိသုကာ ပညာသမိုင်းမှာ သူ့အဆောက်အဦ အမျိုးအစားနဲ့သူ ပထမဆုံး ခြေလှမ်းစခဲ့တဲ့ နိုင်ငံကြီးတွေ အသီးသီး ရှိကြတယ်၊ အုတ်ကျောက်နဲ့ အဆောက်အအုံ အကြီးကြီးတွေ အချိုးကျကျ စနစ်တကျ တည်ဆောက်နိုင်တဲ့ နေရာမှာ ဘယ်လူမျိုးတွေ ခြေလှမ်း ဦးခဲ့သလဲ သိလား'

စိမ်းဝေ မျက်မှောင်ကြုတ် စဉ်းစားသည်။

'မသိဘူး ကိုကို'

'မြန်မာကွ၊ မြန်မာ၊ နိုင်ငံခြားသားတွေ ဗုဒ္ဓဘာသာဝင် မဟုတ်ဘဲနဲ့ ဘာဖြစ်လို့ ဒီဘုရား ပုထိုးတွေ တစ်ချိန်လုံး လာကြည့်နေကြသလဲ သဘော မပေါက်ဘူးလား။ ဗိသုကာပညာ လာလေ့လာနေကြတာ၊ ကိုယ့်လူမျိုး ဗိသုကာက ဒါတွေကို မလေ့လာရင် မိုက်ရာမကျဘူးလား'

စိမ်းဝေ ပါးစပ် အဟောင်းသား ဖြစ်သွားပါသည်။

●

## စိမ်းဝေ [ ၆ ]

ပုဂံမှာ သာတဲ့လ တဲ့။

တကယ်တမ်းကျတော့ ဘယ်လက ပုဂံမှာ ရွေးသာလို့လဲ။ ကမ္ဘာနှင့် ...အဝေးကြီးက လှမ်းသာနေတာ မဟုတ်လား။

ယူကေရောက်လို့ ညက အပြင်ထွက်ကြည့်လျှင်လည်း သည်လက ...နေဦးမှာပဲ မဟုတ်ဘူးလား။

သည်မျှ သိပ္ပံနည်းကျသော အမှန်တရားကို စိမ်းဝေ ဦးနှောက်က လက်ခံဖို့ ...တ်သော်လည်း နှလုံးသားကတော့ ခံစားနေရပါသည်။

လွမ်းလွမ်းဆွေးဆွေး

ဟုတ်ပါသည်။ လွမ်းလွမ်းဆွေးဆွေးကို ခံစားနေရတာပါ။

ယူကေရောက်လျှင် မပြောနှင့်၊ ယခု စတင် မထွက်ခွာခင်ကတည်းက ...တပြည်ပေါ်မှာ သာနေသည့် လကြီးကို သူ လွမ်းနေမိပါသည်။ ထို့ထက် ...တော့ သည်ညပုဂံမှာ သာနေသည့်လကို လွမ်းပါသည်။ ထို့ထက် ပို၍ကား ...နှင့် ကိုကို နံရံတစ်ချပ်ခြား အိပ်ရမည့် ဘန်ဂလိုကလေး အပေါ်မှာ ထိန်နေ ...င် သာသည့် လကြီးကို သူ လွမ်းပါသည်။

လွမ်းလွန်း၍ မျက်ရည်ပင် ဝဲမိသော သူ့ကိုယ်သူ အံ့ဩမိသော်လည်း ...ည်လကြီးကို ဘာကြောင့် သူ လွမ်းနေရမှန်း စိမ်းဝေ နားမလည်နိုင်ပါ။ ...ယ်တော့ သည်လကြီးက သူနှင့် ယူကေနိုင်ငံကို ပါလာမှာပဲ။

ဝါမလာမှာက ပုဂံရယ်၊ ကိုကိုရယ်. . .

လွမ်းချင်းလွမ်းရင် ကိုကို့ကို လွမ်းရမည် မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



ဒါကရော လွမ်းလို့ ရလို့လား။ ကိုကိုနှင့် သူက ချစ်သူတွေလည်း မဟုတ်။ မောင်နှမလား ဆိုတော့လည်း စစ်စစ် မဟုတ်ပြန်။

ဘုရားရေ။

ရင်ထဲက ဆို့နင့်၍ လာနေပါလား။ ပန်းကလေးများပင် သိမ့်သိမ့် ခါချင်လာသည်။ ဒါ ဘာဖြစ်ရတာတဲ့လဲ။

'စိမ်းဝေ ညီမလေး'

ဝရန်တာအောက် အမှောင်ထဲက နွေးထွေး စီးပိုင်သော ကိုကို့အသံ ထွက်လာသည်။ စိမ်းဝေ ကမန်းကတန်း လက်ခုံနှင့် မျက်ရည်များကို သုတ်ရင်း ထူးလိုက်ရသည်။

'ရှင် ကိုကို လာလေ'

ကိုကိုက ဝရန်တာ လှေကားလေး အတိုင်း တက်လာသည်။ ဝရန်တာ မီးဝါကြန့်ကြန့်အောက် စိမ်းဝေဘေး ဝရန်တာကိုမှီ၍ ရပ်သည်။

စိမ်းဝေ မျက်နှာကလေးကို ကြင်နာစွာ ငုံ့ကြည့်၍ တိုးတိုး မေးသည်။

'စိမ်းဝေ ငိုနေတာလား'

စိမ်းဝေ မညာချင်ပါ။ ခေါင်းညိတ်ပြလိုက်သည်။

'စိမ်းဝေ စိမ်းဝေ မသွားချင်တော့ဘူး ကိုကို'

ကိုကိုက တိုးတိုးရယ်၍ စိမ်းဝေခေါင်းကလေးကို ချစ်စနိုး ပုတ်လိုက်သည်။

'အရူးမလေး ဒီလောက် ကြိုးစားခဲ့ပြီးမှ'

'အို မသိဘူး'

စိမ်းဝေ ဝမ်းနည်းလာပြန်သည်။

ဝရန်တာကို မှီ၍ တသိမ့်သိမ့် ငိုကြွေးမိသည်။

ကိုကိုက စိမ်းဝေ ငိုတာကို စိတ်ရှည်ရှည် စောင့်နေသည်။ စိမ်းဝေ ငိုသံ ကျဲသွားတော့မှ လက်ကိုင်ပဝါ အသစ်ကလေးတစ်ခု ထုတ်ပေးသည်။

'စိမ်းဝေ အသက်က ၁၈ နှစ်၊ အသည်းနှလုံးက နုနုကလေး ရှိသေးတာ၊ ကြီးမားတဲ့ အပြောင်းအလဲ တစ်ခုနဲ့တွေ့တိုင်း လက်မခံချင်တဲ့ စိတ်မျိုး ဖြစ်လာမှာပဲ၊ ဒီအရွယ်မျိုးမှာ ကိုကို့ မေမေက ဖေဖေနဲ့ လက်ထပ်ခဲ့တာပေါ့။ ချစ်ပြီး လက်ထပ်တာပါပဲ၊ ဒါပေမဲ့ မင်္ဂလာဦးညမှာ ငိုပြီး မိဘအိမ် အတင်း ပြန်ပို့ခိုင်းသတဲ့၊ ဖေဖေက မေမေ စိတ်လှုပ်ရှားလွန်ပြီး ဖြစ်တယ်ဆိုတာ



နားလည်ပြီး ဖျောင်းဖျနိုင်လို့သာပေါ့၊ နို့မို့ဆိုရင် လူကြီးတွေက ညတွင်းချင်း လင်မယား ကွဲလာတယ်ထင်မှာ'

ငိုနေသည့်ကြားက အငိုတိတ်၍ စိမ်းဝေ ပြုံးမိသည်။

'ငယ်တဲ့လူ စိတ်လှုပ်ရှားတာကို မလှုပ်ရှားနဲ့လို့ ဘယ်လိုလုပ် ပြောမလဲ၊ ဒါပေမဲ့ အဲဒီလို သဘောရှိတယ်ဆိုတာ ကိုယ့်ဟာကိုယ် ပြန်နားလည်ရင် ကိုယ့်အသက်တူ ရွယ်တူတွေထက် ဘဝကို ပိုပြီး တည်တည်ငြိမ်ငြိမ် ရင်ဆိုင်နိုင်တယ်၊ သူများမရတဲ့ အောင်မြင်မှုမျိုးတွေ ရနိုင်တယ်၊ ကိုကို့ ညီမ စိမ်းဝေက အဲဒီလို အရည်အချင်းရှိတဲ့ မိန်းကလေးဆိုတာ ကိုကို ယုံတယ်'

စိမ်းဝေ မျက်ရည်တွေ ဝဲနေသော မျက်လုံးများဖြင့် လရောင်အောက်မှာ ဝိုးတဝါး မြင်နေရသော ကိုကို့မျက်နှာကို မော့ကြည့်မိသည်။

ကိုကိုရယ်။

တကယ်တော့ စိမ်းဝေဟာ သူလိုကိုယ်လို သာမန်မိန်းကလေး တစ်ယောက်ပါ။ တမ္ဘာပေါ်မှာ အဖိုးတန်ဆုံး အစ်ကိုတစ်ယောက် ရထားတာကလေး တစ်ခုတည်းပါပဲ။

ဒီည တစ်ညလုံး စိမ်းဝေဘေးမှာ အဲသလို စကားမျိုးတွေ ပြောပေးနေလို့ မရဘူးလား ကိုကို။

၀

စိမ်းဝေ မေမေ့မျက်နှာကို တုန်လှုပ်ချောက်ချားစွာ ပြန်ကြည့်မိသည်။

'ဘာလဲ မေမေရဲ့၊ ဘာတွေ မေးနေတာလဲ၊ ကိုကိုနဲ့ သမီးက မောင်နှမ အရင်းတွေလိုပဲ အမြဲ ဖြူဖြူစင်စင်ပဲ ဆက်ဆံနေကြတာ၊ မေမေလည်း လာနေ ကြည့်ပြီး စိတ်ချလို့ ပြန်သွားတာပဲ မဟုတ်လား'

ဒေါ်ခင်ခင်က သက်ပြင်းချသည်။

'သိတယ်၊ မေမေလည်း သမီးတို့နှစ်ယောက်ကို မျက်စိထဲမှာ မောင်နှမ အရင်းလိုပဲ တစ်ချိန်လုံးမြင်နေတာ၊ ခုမှ ကျောင်းက ဆရာမတွေက ကလေး နှစ်ယောက်ကို လက်ထပ် ပေးထားပြီးသားလားလို့ ဝိုင်းမေးတော့မှ မေမေလည်း တော်တော် တုန်လှုပ်သွားတယ်၊ တကယ်တော့ သမီးတို့က ဘာသွေးသားမှ တော်စပ်တာမှ မဟုတ်တာ၊ ဟိုမှာ တစ်အိမ်တည်း ဆိုပေမယ့် ဘယ်လိုနေကြ ထိုင်ကြတယ် ဆိုတာလည်း မေမေတို့က မျက်မြင်မှ့လို့ သိတာလေ၊ သူမီးတွေ အမြင်ကျတော့ တစ်မျိုးဖြစ်နိုင်တယ်'

စိမ်းဝေ အံကြိတ်သည်။ မျက်ရည်တို့က စီးလာသည်။

www.burmeseclassic.com

www.burmeseclassic.com



'ထားလိုက်ပါ မေမေရယ်၊ သမီး နိုင်ငံခြား ရောက်သွားတော့လည်း သူတို့ ပါးစပ် ပိတ်သွားကြမှာပေါ့'

ဒေါ်ခင်ခင်က ခေါင်းခါသည်။

'မပြီးဘူး သမီး။ သမီးက နိုင်ငံခြားမှာပဲ အခြေချ နိုင်ငံခြားက လူနဲ့ပဲ အိမ်ထောင်ကျ ဖြစ်သွားမယ်ဆိုရင်သာ ပြီးမှာ၊ ပြန်လာလို့ကတော့ လူတွေက ပြန်ဖွကြဦးမှာ၊ အထူးသဖြင့် သမီး အိမ်ထောင်ဖက် ဖြစ်လာမယ့်သူနဲ့ ပြဿနာ တက်နိုင်တယ်'

'သမီး ဘယ်သူ့မှ မယူဘူး'

စိမ်းဝေက တူးတူးခါးခါး ပြောတော့ ဒေါ်ခင်ခင် ခေါင်းခါပြန်သည်။

'အပြတ်မပြောနဲ့ သမီး၊ သမီး ငယ်ငယ်ကလေး ရှိသေးတာ၊ ရှေ့လျှောက် ဘယ်သူတွေနဲ့ တွေ့လို့ ဘာတွေ ဆုံးဖြတ်ဖြစ်ဦးမယ် မသိဘူး၊ ရဲဝင့် ကလည်း တော်တော် အောင်မြင်နေတယ် ကြားတယ်၊ ဒီ ဇာတ်လမ်းထဲကို ရဲဝင့်တို့ လိုချင်တဲ့ မိန်းမတွေပါ ပါလာရင် ပိုရှုပ်ကုန်ပြီ'

စိမ်းဝေ အံကြိတ်သည်။

'မေမေက ဘာဖြစ်လို့ အဲဒါတွေ ပြောနေရတာလဲ'

ပထမဦးဆုံး ဒေါ်ခင်ခင် ပြုံးသည်။

'အဲဒါကြောင့် သမီးတို့ ဆက်ဆံရေးကို မေးတာပေါ့၊ သမီးတို့ အချင်းချင်း သိပ်သံယောဇဉ် ကြီးကြတယ်ဆိုတာ မေမေတို့ သိနေတာပဲ၊ အများပြောနေသလို သမီး မသွားခင် သမီးတို့ကို လက်ထပ်ပေးထားရင် မကောင်းဘူးလား'

စိမ်းဝေ မျက်လုံးများ ပြာဝေ သွားပါသည်။

●

## ရဲဝင့် [ ၉ ]

ရဲဝင့်က ရှင်ပင် စက္ကူတဲ ဘုရားအထက် ပန္နယ်ပေါ်မှာ ရောဝတီ မြစ်အတွင်း သွားလာ နေသော သင်္ဘောများကို ပျပျကလေး လှမ်းမြင်နေရသည်ကို ငေးကြည့်ရင်းက သက်ပြင်းချသည်။

'မကောင်းပါဘူး ဖေဖေရယ်'

ဦးအောင်ဝင့်က မျက်မှောင်ကြုတ်သည်။

'မကောင်းမှာ စိုးလို့ စီစဉ်ချင် တာလေကွာ'

ရဲဝင့် ခေါင်းခါသည်။

'မကောင်းတာ ဘာမှ မရှိဘူး ဖေဖေ၊ အခုက ဖေဖေတို့က တုန်လှုပ်တာ၊ လူတွေ လူတွေ တစ်နေ့ တစ်နေ့ ပြောလိုက်ကြတဲ့ စကားတွေ၊ စိတ်ထဲက ရည်ရွယ်ပြီး ပြောတာလည်း ရှိတယ်၊ မရည်ရွယ်ဘဲ ပြောတာလည်း ရှိတယ်၊ အကျိုးလိုလို့ ပြောတာလည်း ရှိတယ်၊ အပြစ်လိုလို့ ပြောတာလည်း ရှိတယ်၊ အကျိုးလည်း လိုတာ မဟုတ်၊ အပြစ်လည်း လိုတာ မဟုတ်၊ ဘာအဓိပ္ပာယ်မှ ညီမည်ရရ ရှိတာလည်း မဟုတ်ဘဲ ပြောတာလည်း ရှိတယ်၊ မြတ်စွာဘုရား ဟောတဲ့ စကားကြီး ခြောက်ခွန်း၊ ပြောအပ်တဲ့ စကားက နှစ်ခွန်းတည်း၊ ဖေဖေပဲ ကျွန်တော့်ကို သင်ပေးတာ၊ မှန်လည်း မှန်၊ အကျိုးလည်းရှိမယ့် စကားဆိုရင် နားထောင်တဲ့သူ ကြိုက်တာရော၊ မကြိုက်တာရော ပြောသင့်တယ်ဆို တာလေ၊ လူတွေ ပြောပြောနေတဲ့ စကားတွေထဲမှာ အဲသလို စကားများ ဘယ်နှခွန်း ပါလို့လဲ ဖေဖေရယ်၊ ဆပ်ပြာပူဖောင်းတွေလိုပဲ အချိန်တန်ရင် လေထဲမှာ ပေါက်ပေါက်သွားတာ၊ အနှစ်သီခင်ပိုက အမြဲတမ်း

www.burmeseclassic.com

www.burmeseclassic.com



မိန်းမတွေး တွေးတတ်လို့ အဲဒါတွေ လိုက်တုန်လှုပ်နေတာ၊ ဖေဖေက ဘာလို့ လိုက်တုန်လှုပ်နေရတာလဲ'

ဦးအောင်ဝင့်က ခေါင်းခါသည်။

'မိန်းကလေးကိစ္စမှာ တစ်ခါတလေ မိန်းမတွေး တွေးတာက မှန်တတ်တယ် သား၊ အန်တီခင် ပြောသလိုပဲ၊ စိမ်းဝေက နိုင်ငံခြားမှာ အိမ်ထောင်ကျသွားမှာဆိုရင် အရေးမကြီးဘူး၊ ဒါပေမဲ့ ဒါကလည်း သမီးလေး စိတ်နဲ့ဆိုရင် သိပ်မဖြစ်နိုင်ဘူး၊ ဒီကို ပြန်လာပြီး ဒီက တစ်ယောက်ယောက်နဲ့ အိမ်ထောင်ကျမှာဆိုရင် အဲဒီ တစ်ယောက်က သားနဲ့မသက်ာ စကားဆိုပြီး သူတို့ချင်း ပြဿနာတက်နိုင်တယ်'

ရဲဝင့်က ခပ်ခြောက်ခြောက် အသံဖြင့် ရယ်သည်။

'အဲဒါဆိုလည်း အဲဒီကောင် မယူနဲ့ပေါ့ ဖေဖေရယ်၊ စိမ်းဝေကို တစ်သက်လုံး ကြင်နာ ယုယသွားရမယ့်လူက အဲဒီလောက် အတွေး သိမ်ဖျင်းရင် မယူတာကမှ အေးသေးတယ်၊ သူ့အကြောင်း ပိုသိရတယ်လို့ သဘောထားလိုက်ရုံပဲ၊ ကျွန်တော့် သဘောတော့ မိန်းကလေး တစ်ယောက်ကို တကယ် မြတ်မြတ်နိုးနိုး တန်ဖိုးထားတတ်တဲ့ လူမျိုးဟာ အဲဒီ မိန်းကလေးရဲ့ အတိတ်တွေကို စိတ်ဝင်တစား လိုက်စစ်ဆေးနေတာမျိုး မရှိသင့်ဘူး ထင်တယ်၊ အဲဒါမျိုးက တန်၊ မတန် တွက်တတ်တဲ့ ကောင်စားမျိုးတွေ လုပ်တာ'

ဦးအောင်ဝင့်က စိတ်မရှည်ဟန်ဖြင့် ရဲဝင့်မျက်နှာကို မော့ကြည့်သည်။

'သားရယ် သား ပြောလိုက်တဲ့ စကားတိုင်း၊ စကားတိုင်းမှာ သားက သမီးကလေးကို ဘယ်လောက် တန်ဖိုးထားတယ်၊ ဘယ်လောက် ချစ်တယ်ဆိုတာတွေ အမြဲ ပါနေတာ သား သိရဲ့လား၊ ဖေဖေ နားထောင်နေရတဲ့လူတောင် သိရင် သားရင်ထဲက ဥစ္စာ သား ပိုသိမှာပေါ့၊ ဒါနဲ့များ ဘာလို့ ဒီလောက် ငြင်းနေရတာလဲ'

ရဲဝင့် ရုတ်တရက် နှုတ်ဆွံ့သွားပါသည်။

○

'ကျွန်တော် မသိပါဘူး ဖေဖေ'

ရဲဝင့်က တိုးတိုးဖြေသည်။

'ဘာကိုလဲ'



'ချစ်တယ် ဆိုတာကိုလေ၊ တစ်ယောက်ကိုတစ်ယောက် မြတ်မြတ်နိုးနိုး ချစ်တတ်တဲ့ အချစ်မျိုးဟာ လူတွေမှာ တကယ် ရှိတတ်သလား၊ မရှိတတ်ဘူးလား ကျွန်တော် သေသေချာချာ မသိပါဘူး၊ ဖေဖေနဲ့ မေမေလည်း ကျွန်တော် မှတ်မိသလောက်တော့ တော်တော် ချစ်ခဲ့ကြတာပဲ၊ အခုလည်း အန်တီခင်ကို ဖေဖေ ဂရုစိုက်တာပဲ'

ဦးအောင်ဝင့်က တိုးတိုး ရယ်သည်။

'ငါ့ ပြန်ပက်မနေနဲ့၊ ဖေဖေက သားက သမီးကို ချစ်တယ်ဆိုတာ သိနေတာ၊ မင်း သူငယ်ချင်းမလေး မနှင်းဖွေး မင်းကို စိတ်ဝင်စားနေတယ်ဆိုတာ မင်း ရိပ်မိလျက်သားနဲ့ ရှောင်နေတာ ဘာသာခြားမို့လို့ သက်သက်မဟုတ်ဘူး၊ မင်း ဘဝမှာ သမီးကလေးထက် အရေးပါတဲ့နေရာ မင်း ဘယ်သူ့ကိုမှ မပေးချင်တာ၊ ငါပြောတာ မဟုတ်ဘူးလား'

ရဲဝင့် နှုတ်ဆွံ့သွားပြန်သည်။

○

'ဖေဖေ ပြောတာ ဟုတ်ပါတယ်'

'ဒါနဲ့ များကွာ'

'ဟုတ်တယ်ဆိုတာက စိမ်းဝေကလေးကို ကျွန်တော် ချစ်တယ် ဆိုတာ ပြောတာပါ၊ စိမ်းဝေက ကျွန်တော့်အတွက်တော့ သိပ်ချစ်စရာကောင်းတဲ့ ညီမလေး တစ်ယောက်ပါပဲ၊ ဒီ ချစ်စရာကောင်းတဲ့ ညီမလေးတစ်ယောက် ရှိတဲ့အတွက် ကျွန်တော့်မှာ နောက်ထပ် ဘာမှ ထပ်ရစရာ မရှိတော့ရင်လည်း ကျွန်တော် ပျော်မှာပါပဲ၊ အဲသလောက် သူ့ကို ကျွန်တော် တန်ဖိုးထားပါတယ်'

ရဲဝင့်က ဦးအောင်ဝင့်ကို လှည့်ကြည့်သည်။

'ဒါပေမဲ့ ကျွန်တော် သူ့ကို မပိုင်ဆိုင်ချင်ပါဘူး ဖေဖေ'

ဦးအောင်ဝင့် မျက်မှောင်ကြုတ်သည်။

'ဘာပြောတာလဲ အဲဒါက'

'စိမ်းဝေ ၁၈ နှစ်ပဲ ရှိသေးတယ် ဖေဖေ၊ အခုပဲ နိုင်ငံခြား သွားတော့မှာ သူ့ဘဝမှာ အတွေ့အကြုံသစ်တွေ၊ မိတ်သစ်ဆွေသစ်တွေ၊ ပတ်ဝန်းကျင် အသစ်တွေ၊ စိန်ခေါ်မှု အသစ်တွေ အများကြီး ကြုံရဦးမယ်၊ ဘယ်သူတွေနဲ့ တွေ့ပြီး ဘာတွေ ဖြစ်လာဦးမယ် မသိသေးဘူး၊ အဲဒီအချိန်မှာ သူ့ရဲ့ လွတ်လွတ်

www.burmeseclassic.com

www.burmeseclassic.com



လပ်လပ် ဆုံးဖြတ်ပိုင်ခွင့်ကို သူ အရွယ်မရောက်ခင် ချခဲ့တဲ့ ဆုံးဖြတ်ချက်တစ်ခုနဲ့ ကျွန်တော် ချည်တုပ် မထားချင်ဘူး၊ အဲဒီလို ချည်တုပ်ထားသလို ဖြစ်ခဲ့လို့ ရှိရင် သူ့ အပေါ်ထားတဲ့ ကျွန်တော့်အချစ်က ဘယ်တန်ဖိုးရှိတော့မှာလဲ၊ ကျွန်တော့် စေတနာ၊ ကျွန်တော့် မေတ္တာတွေကိုလည်း သူ စိတ်ကျဉ်းကျပ်ပြီး အထင် သေးလိမ့်မယ်၊ အဲဒါမျိုးလည်း ကျွန်တော် အဖြစ်မခံနိုင်ဘူး ဖေဖေ'

ဦးအောင်ဝင့် စိတ်ပျက် လက်ပျက်ဟန်ဖြင့် ခေါင်းညိတ်သည်။

'သား ဆိုလိုတာ ဖေဖေ ရိပ်မိပြီ၊ စိမ်းဝေ ငယ်သေးတယ်၊ ဘာမှ မချုပ်နှောင်ထားနဲ့၊ လွတ်လွတ်လပ်လပ်ပဲ သွားပါစေ၊ အရွယ် ဒီထက် နည်းနည်းရောက်မှ သူ ကြိုက်သလို ဆုံးဖြတ်ပါစေ၊ ဒီလိုလား'

ရဲဝင့် ခေါင်းညိတ်ပြသည်။

'ကျွန်တော်လည်း ကြိုက်သလို ဆုံးဖြတ်မှာပါ ဖေဖေ'

'ကောင်းပြီလေ၊ ဒီ အတိုင်းပဲ သမီးလေးကို ပြောပြရတော့မှာပေါ့'

ရဲဝင့် အလန့်တကြား ဖြစ်သွားသည်။

'ဖေဖေတို့က ဖေဖေတို့ စီစဉ်တာတွေ စိမ်းဝေကို ပြောပြမလို့လား'

ဦးအောင်ဝင့်က လှည့် ကြည့်သည်။

'မင်းကို မပြောခင် ကတည်းက သမီးကို အရင်ပြောတာကွ'

ရဲဝင့် ရင်ထဲ ဆို့ကျပ်၍ လာသည်။

'စိမ်းဝေက ဘာပြောလဲ'

'ကိုကို့ သဘောပါတဲ့၊ ကိုကို့ ဆန္ဒ မပါဘဲ ဘာမှ မလုပ်ပါနဲ့တဲ့'

ရဲဝင့် မျက်လုံးများ ပြာဝေ သွားပါသည်။

●

## မနှင်းဖွေး [ ၇ ]

မင်းဘူးက ပြန်လာကတည်းက ရဲဝင့် သိသိသာသာ ယောင်ချာချာ ဖြစ်နေသည်ကို မနှင်းဖွေး သတိထားမိသည်။

စိမ်းဝေ သွားတော့မှာဆိုပြီး ဝမ်းနည်းနေတယ် ထင်ပါရဲ့ဟု တွေးမိသည်။

ဟန်ပိုနှင့် မနှင်းဖွေးပြသော အလုပ်ကိစ္စများကိုလည်း အင်းမလုပ် အဲမလုပ် ခေါင်းသာ ညိတ်ပြသည်။

တစ်ခုပဲ ငြင်းသည်။

'အဲဒါတော့ နိုးသာ ပြောလိုက်ကွာ'

ဟန်ပိုက သိပ် မကျေနပ်။

'ဒါက ခွင်အကြီးကြီးကွ၊ ပြီးတော့ မြန်မာပြည်မှာ ကွန်ဒိုမီနီယမ်တွေ ဆောက်ဖို့ဆိုတာ မင်းတစ်ချိန်လုံး စိတ်ကူးယဉ်ခဲ့တဲ့ အိပ်မက် မဟုတ်လား'

'ငါသိတယ်၊ ဒါပေမဲ့ ဒါက သူများ အကြီးကြီးထဲမှာ ကိုယ်က ဝင်ပါရမှာ၊ ဘာမှ ဆုံးဖြတ်ပိုင်ခွင့် မရှိဘူး၊ စလီပင်း ပတ်တနာ (Sleeping Partner) ဆိုတာ တတ်နိုင်ရင် မလုပ်တာ အကောင်းဆုံးပဲ'

ဟန်ပိုက သိပ်မကျေနပ်သေး။

'ကြိုပွိုင့်က အပြည့်ယူမှာကွ၊ ရှုံးစရာတော့ သိပ်အကြောင်း မရှိဘူးနော်တော့ကောင်'

'ကိုယ်က မရှုံးဘူး၊ ကြိုပွိုင့်သမားက ရှုံးသွားနိုင်တယ်၊ အခန်းလွှင့်တွေ တာ ငွေမဝင်လို့ လုပ်ရင်း တန်းလန်း ရပ်သွားတာ ကြာသွားတာ ရှိရင် သူတို့ နာမယ်၊ သူတို့နာရင် ငါလည်း နာမည်ပျက်တဲ့အထဲ ရောပါမယ်၊ ရှောင်တာ ကောင်းပါတယ်ကွာ'

www.burmeseclassic.com

www.burmeseclassic.com



ဟန်ပို ခေါင်းခါသည်။

'အိမ်ဈေး၊ မြေဈေး၊ တိုက်ခန်းဈေး ငါတို့ စလုပ် ကတည်းက ကျတာ ဘယ်နှခါ တွေ့ဖူးလဲ၊ မင်း ငါ့ကို အနည်းဆုံး နှစ်ဆ ပြန်မြတ်စေရမယ်လို့ လောင်းကြေး ထားခဲ့တဲ့ တိုက်ခန်းတောင် အဆပေါင်းများစွာ မြတ်လို့ တို့ ဒီရုံးခန်းကျယ်ကို ရွှေ့လာနိုင်ခဲ့ပြီ မဟုတ်လား၊ ဒီတစ်ခါကျမှ မင်းက ဘာလို့ တွေဝေ ရတာလဲ'

ရဲဝင့်က ဖွဖွရယ်၍ ဆံပင်ထဲသို့ လက်နှစ်ဖက် ထိုးထည့်၍ သပ်တင်သည်။

'တက်နေတဲ့ မျဉ်းကြောင်း ပြန်မကျဘူးလို့ ဘယ်တော့မှ မရှိဘူး ဟော့ကောင်၊ ငါလေ့လာပြီးပြီ၊ အိန္ဒိယမှာ ဖြစ်ဖူးတယ်၊ ကာလကတ္တားက မြေတစ်ပေပတ်လည် တန်ဖိုးက နယူးယောက်ထက် များသွားအောင်ကို တက်တာ၊ တက်ရင်းနဲ့ နောက်တော့ ဘာဖြစ်လဲ အိုဗာဆက်ကျူရိတ် တစ် (over saturated) ပြည့်လျှံသွားတာ၊ ပြန်ပြုတ်ကျတာပဲ၊ လူတွေ အများကြီး အထိနာသွားတယ်၊ မင်း မြတဲ့ ကိစ္စက အနည်းဆုံး သုံးနှစ်ကြာမယ်၊ ဒီကိစ္စ မပြီးခင် အိန္ဒိယလိုသာ ဖြစ်ရင် ဆောက်လုပ်ရေး လုပ်ငန်းတွေ အထိနာတဲ့ အထဲ ပါသွားမယ်၊ ငါ့ အမြင်တော့ တို့လုပ်ငန်းရဲ့ သဘောက လောလောဆယ် အချိုးကြီးတွေ ခဏ ရှောင်သင့်တယ် ထင်တယ်'

ဟန်ပိုက ပခုံးတွန့်ပြသည်။

'ငါတော့ မင်းလို မတွက်တတ် ပေါင်၊ အချိုးကြီး ရှောင်တော့ အရ နည်းရင် ငါနဲ့ နှင်းနဲ့က ဘာမှ ပြဿနာ မရှိဘူး၊ မင်းက ညီမ နိုင်ငံခြား ကျောင်းစရိတ် ရှာရမယ့်ကောင်၊ အဲဒါပဲ စဉ်းစား'

ရဲဝင့်က ခဏ တွေဝေသွားပြီးမှ ရယ်သည်။

'ရှိ ဉစ္စာ၊ မရှိ ဝမ်းစာတဲ့၊ ငါ ပိုတဲ့ တိုက်ခန်းကလေးတွေ ဆွဲထားတာ ပြန်ထုတ်ရုံပေါ့ကွာ၊ ကြည့်မြင်တိုင် အိမ်လည်း စိမ်းဝေ သွားပြီးရင် ထုတ်လိုက်တော့မယ်'

'ဟ ငှားရာကနေ ဝယ်လိုက်တာမှ မကြာသေးဘူး၊ မင်း ဘယ်သွားနေမလို့လဲ'

ရဲဝင့်က လက်ဇွေ့ယမ်းပြသည်။

'ဒီမှာပေါ့ကွ၊ အပေါ်ထပ် တစ်ထပ်လုံး လွတ်နေတာ၊ မင်းတစ်ယောက်တည်း ပျင်းမှာစိုးလို့ ငါပါ လာနေပေးမလို့'



မနှင်းဖွေး ကြိတ်ပြုံးမိသည်။

ဒါဆိုရင်တော့ ကိုရဲဝင့် နေ့တိုင်း ညဥ့်နက်အောင် အလုပ်လုပ်မှာ သေချာလှသည်။ သို့သော် နောက်တစ်နေ့ အိမ်က ထလာစရာ မလိုသဖြင့် သိပ် အစောကြီးတော့ ထဖို့ မလိုတော့။

'မင်း ဒန်းက ဘယ်နား သွားထားမလဲ'

ဟန်ပို၏ ထူးဆန်းသော အမေးကြောင့် မနှင်းဖွေးရော ရဲဝင့်ပါ ဟန်ပို ကို လှမ်းကြည့်မိကြသည်။

'ဒန်း ဟုတ်လား'

မနှင်းဖွေးက ဝင်မေးမိသည်။

'ဟုတ်တယ် ကြည့်မြင်တိုင် အိမ်ရှေ့မှာ ချထားတဲ့ ဒန်းလေ၊ ဒီကောင် ထားခဲ့မှာမှ မဟုတ်တာ'

ရဲဝင့်က တွေးတွေးဆဆ ပြုံး၍ ဖြေသည်။

'အပေါ်က ဝရန်တာ ကျယ်သားပဲကွာ'

၀

ရဲဝင့်မှ တစ်မျိုး ဖြစ်နေတာ မဟုတ်။

စိမ်းဝေလည်း တစ်မျိုး ဖြစ်နေသည်။

ခါတိုင်း အမြဲတမ်း ရွှင်လန်း တက်ကြွနေတတ်သော စိမ်းဝေ၏ မျက်နှာ ကလေးက တွေးတွေး ငေးငေး ဖြစ်နေသည်။

တကယ် သွားရတော့မယ်ဆိုတော့ မသွားချင်တော့ဘူးနဲ့ တူပါရဲ့ ဟု မနှင်းဖွေး တွေးမိသည်။

'စိမ်းဝေ ဘာတွေ လိုသေးလဲ၊ မမနှင်း ဘာလုပ်ပေးရမလဲ'

စိမ်းဝေက မအိပ်ရသေးသည့် မျက်လုံးမျိုးတွေနှင့် မနှင်းဖွေးကို ကြောင်တက်တက် ပြန်ငေးကြည့်နေပြီးမှ ဖြေသည်။

'ရပါတယ် မမနှင်း စုံနေပါပြီ'

မျက်လုံးကလေးတွေက ခပ်မှိုမှို

ဒီကလေး မအိပ်ရတာ သက်သက်မှ ဟုတ်ရဲ့လား၊ ငိုများထားလား မသိဟု တွေးရင်းက မနှင်းဖွေး သက်ပြင်းချမိသည်။

●

www.burmeseclassic.com

www.burmeseclassic.com

## စိမ်းဝေ [ ၇ ]

ပြတင်းပေါက်မှ လရောင်က အိပ်ခန်းထဲသို့ ဖြတ်ဝင် ဖြာဆင်း နေသည်။ လရောင်မှ အပ ကြည့်မြင်တိုင်ရှိ ရပ်ကွက်ကလေး တစ်ခုလုံး မှောင်မည်း၍ နေသည်။

ဒီတစ်ခါတော့ စိမ်းဝေ လရောင်ကို မချစ်ချင်၊ မလွမ်းချင်တော့။

ယူကေနိုင်ငံအထိ ပါလာမည့် ဒီ လရောင်က မနက်ဖြန် ယူကေနိုင်ငံကို ထွက်ခွာတော့မည့် စိမ်းဝေကို ဒီလို အချိန်မျိုးမှာ ဒီလောက် လိုက်ပတ်သက် နေဖို့ မလိုဟု စိမ်းဝေ ထင်သည်။

နံဘေးသို့ လှည့်ကြည့်လိုက်တော့ အိပ်ပျော်နေပြီ ဖြစ်သော မေမေ့ကို တွေ့သည်။ ဖေဖေရော မေမေပါ ရောက်နေကြသည်။ ညဦး ပိုင်းက သူတို့ကို ကန်တော့ခဲ့ပြီးပြီ။ ကိုကို့ကို ကန်တော့သင့်သည် ဆိုတာ ကိုတော့ စိမ်းဝေ သိသည်။ သို့သော် ကိုကို့ကို ကန်တော့လျှင် ကန်တော့ရင်း စိမ်းဝေ မျက်ရည် ထိန်းနိုင်မည် မဟုတ်။ ဖေဖေတို့၊ မေမေတို့ကလည်း ကိုကို့ကို ကန်တော့ လိုက်ဦးလေ ဆိုသည့် စကားကို မေ့ချင်ယောင် ဆောင်နေကြသည်။

ကိုကိုကလည်း ခပ်လှမ်းလှမ်းမှာ သွားနေ နေသည်။

'သူ သမီးကို သိပ်ချစ်တာတော့ သေချာတယ်၊ ညီမလေး တစ်ယောက် လို သိပ်ချစ်တော့ ချစ်သူလို ပြောင်း သဘောထားဖို့ တွေဝေနေတာမျိုးကွယ့်၊ ပြီးတော့ သမီးက ငယ်လွန်းသေးတော့ သမီး ရှေ့ရေးကို သူက လွတ်လွတ်လပ်လပ် ဖွင့်ထားပေးချင် သေးတယ်၊ သူချစ်တာမျိုးက ပန်းပင် ကလေး တစ်ပင်ကို ဥယျာဉ်မှူးက ချစ်တာမျိုး။ သမီး စိတ်ညစ်သွားမှာ သူ သိပ်စိတ်ပူရှာတာပါ'



မင်းဘူးမှာ မေမေ ပြောခဲ့သော စကားတွေ ပြန်ကြားယောင်မိရင်းက စိမ်းဝေ မျက်ရည်များ စို့လာပြန်သည်။

'သမီးကလည်း ကိုကို့ကို အစ်ကို အရင်း တစ်ယောက်လို သိပ်ချစ်လို့ ချစ်သူလို သဘောထားဖို့ တွေဝေနေတာပါပဲ မေမေရယ်၊ ဒါပေမဲ့ သမီးက ကိုကို့ကို သိပ်ယုံကြည် အားကိုးတာ၊ ကိုကို ပြောသမျှကို အမှန် ထင်တာ၊ သမီးတို့ လက်ထပ်သင့်တယ်လို့ ကိုကိုက ဆုံးဖြတ်ရင် သမီး နာခံမှာပဲ၊ ပြီး တော့ သမီး ဆုံးဖြတ်တာ မမှားဘူးလို့လည်း ယုံကြည်မှာပဲ၊ ကိုကို ဆုံးဖြတ်ဖို့ တစ်ခုပဲ လိုခဲ့တာပါ'

မင်းဘူးမှာ အဲဒီစကားတွေ ပြောရင်း စိမ်းဝေ မျက်ရည် ဝဲနေတာ မြင် ရတော့ မေမေလည်း မျက်နှာမကောင်း။

'သူကလည်း သမီး သူ့စကား နားထောင်မယ်ဆိုတာ သိလို့ သမီးကို ဘာလုပ်ပါလို့ မပြောရက်ခဲ့တာမျိုးကွယ့်၊ သူချစ်တဲ့ပုံစံက အဲသလိုမျိုး။ ပညာသာ စိတ်အေးအေး ထားပြီး သွားသင်ပါ သမီးရယ်၊ တစ်ယောက် နစ်နာမှာ၊ စိတ်ညစ်မှာ တစ်ယောက် ဒီလောက် စိတ်ပူတတ်ကြတဲ့ သမီးတို့ရဲ့ မေတ္တာက မှန်နေပြီးသားပဲ၊ တစ်နေ့နေ့မှာ မေမေတို့ မိသားစု ဥမကွဲ သိုက်မပျက် လေးယောက် အတူတူ ပေါင်းစည်း ဖြစ်ကြမှာပဲဆိုတာ မေမေတော့ အခိုင်အမာ ယုံကြည်တယ်၊ အချိန်သာ စောင့်'

မေမေ့ စကားသံတို့က လှိုက်ခါ နေသည့် ကြားက နွေးထွေး နေသည်။

စိမ်းဝေ အိပ်နေသော မေမေ့ ဘက်သို့ လှည့်ကြည့်မိပြန်သည်။

ပြီးတော့ ခြင်ထောင်ကို အသာမ၍ အိပ်ရာထဲမှ ညင်သာစွာ ထွက်ခဲ့ပြီး လရောင် ဖြာကျနေသော ပြတင်းပေါက်ဘက် လျှောက်ခဲ့သည်။

လရောင်အောက်မှာ မှုန်ပျပျ မသဲမကွဲ မြင်နေရသော အိမ်ရှေ့ခန်း ကလေးကို မျက်စိ အားစိုက်၍ ကြည့်ကြည့်သည်။ အရိပ်ကျနေသဖြင့် ခန်းပေါ်မှာ လူရှိ မရှိ သေသေချာချာ မမြင်ရ။ သို့သော် ခန်းက လွှပ်နေသည်။

ကိုကို ရှိနေမှာ သေချာပါသည်။

ဘာမီးရောင်မှ ထွန်းမထားတော့ ကိုကို အလုပ် လုပ်နေတာတော့ မဖြစ်နိုင်။ ဒီအတိုင်း ထိုင်တွေးနေတာသာ ဖြစ်ရမည်။

ဘာ အကြောင်း၊ ဘယ်သူ့ အကြောင်း တွေးနေတာလဲ ကိုကို။

နက်ဖြန် စိမ်းဝေ သွားတော့မယ် ဆိုတော့ စိမ်းဝေ အကြောင်းပဲ တွေး နေတာ ဖြစ်မှာပေါ့နော် ကိုကို။

www.burmeseclassic.com

www.burmeseclassic.com



အဲသလောက်တော့ မျှော်လင့်လို့ရတယ် မဟုတ်လား။

သက်ပြင်း ချရင်းက စိမ်းဝေ မျက်လုံး နှစ်ဖက်တွင် မျက်ရည်တို့ ပြည့်လျှံ တက်လာပြန်သည်။

ငါသွားမှန့် တူတယ်။

ဒီညတော့ ကိုကို့ကို ငါခံစားရတာတွေ သိအောင် ပြောပြချင်တယ်၊ ကိုကို ဘာတွေ တွေးနေလဲ ငါသိချင်တယ်။

ကောင်းပါ့မလား။

အို ဘာလို့ မကောင်းရမှာလဲ။ ကိုကိုက ငါ့အစ်ကိုပဲ။ ဖေဖေနဲ့ မေမေ ကလည်း တို့တစ်တွေကို အဲသလို ပွင့်ပွင့်လင်းလင်း ဆွေးနွေးကြစေချင်မှာပဲ။

မေးဖျား တစ်ချက်ဆတ်၍ ဆံနွယ်တို့ကို ခါယမ်းလိုက်သည်။ နေရာမှ ထ၍ လုံချည်ကို ပြင်ဝတ်သည်။

ခြေဖဝါးနှင့် သစ်သား ကြမ်းပြင် ထိမြစ်ခဲ့သလား၊ မထိဖြစ်ခဲ့ဘူးလား သိပ်မသေချာ။ အာရုံကြောထိပ်တို့ ထုံအနေသယောင် ရှိသည်။

အိမ်ရှေ့ တံခါးဝကို ရောက်ပြီး သံဘာဂျာ တံခါး ပွင့်နေတာ မြင်ရ တော့မှ ရဲဝင့် တကယ့်ကို အပြင်မှာ ရှိနေကြောင်းနှင့် သူ ရဲဝင့်ဆီ ရောက်တော့မည် ဖြစ်ကြောင်း သတိထားမိတော့သည်။

ငါ တကယ်ပဲ ဆင်းသွားလိုက်ရမှာလား။

ကောင်းပါ့မလား။

အို ဘာလို့ မကောင်းရမှာလဲ။ ကိုကိုက ငါ့အစ်ကိုပဲ။

နှစ်နဲ့ချီပြီး ငါတို့ တစ်အိမ်တည်း နေလာကြတာပဲ။ ဘာထူးဆန်းလို့လဲ။ မဟုတ်သေး။

ထူးဆန်းတာတော့ ရှိသည်။ ငယ်စဉ်က ရဲဝင့်နှင့်သူ မင်းဘူး အိမ်ရှေ့ ခန်းတလေးမှာ အတူတူ ထိုင်၍ လရောင်ကို ငေးကြည့်ရင်း ညဥ့်နက်သည် အထိ မကြာခဏ စကားပြောခဲ့ဖူးသော်လည်း အရွယ် ရောက်ကတည်းက အထူးသဖြင့် ဒီ ကြည့်မြင်တိုင် အိမ်မှာ လိုက်နေခဲ့ပြီး ကတည်းက တစ်ခါမှ ထိုသို့ မနေခဲ့ဖူး။

အထူးသဖြင့် ယခုက မိဘတွေက သူတို့ကို မောင်နှမ ဆက်ဆံရေး ကနေတစ်ဆင့် တက်ကြဖို့ တိုက်တွန်းထားပြီး သူတို့က ငြင်းထားချိန်လေ။

အို ငါ ငြင်းတာ မဟုတ်ပါဘူး။ ကိုကို ငြင်းတာပါ။

အံကြိတ်မိသည်။



မျက်ရည်တို့က ပါးပြင် နှစ်ဖက်  စလုံးသို့ လိမ့်ဆင်းလာသည်။

တံခါးမကြီးဘောင်ကို မှီ၍ရပ်ရင်း အိမ်တွင်းဘက်သို့ ပြန်လှည့် ကြည့်မိသည်။ အိမ်ကတော့ မှောင်မည်းနေသည်။

ရင်ထဲတွင် လှိုက်၍ တက်လာသည်။

ရှိုက်သံမထွက်မီ အိပ်ခန်းဘက်ဆီသို့ ခြေဖွဖွ နင်း၍ အပြေးတစ်ပိုင်း ပြန်လာဖြစ်ခဲ့သည်။

○

'ကိုရဲဝင့်တို့ ဒီကနေ ရှေ့ဆက် ဝင်လို့ မရတော့ဘူး၊ ခဏ နေချင်သေးလား၊ ၁၅ မိနစ်လောက်တော့ ရပါသေးတယ်'

လိုက်ဆောင်ရှက်ပေးသော မိတ်ဆွေ အကောက်ခွန် အရာရှိကလေးက ပြောတော့ ဖေဖေနှင့် မေမေ အချင်းချင်း ကြည့်ကြသည်။

ပြီးတော့ မေမေက စိမ်းဝေကို လှမ်းပြောသည်။

'ဝင်လိုက်ပါတော့ကွယ်၊ အထဲမှာ ကာသီနေဦးမယ်၊ ကဲ လာလာ သမီးလေး'

မေမေက စိမ်းဝေကို ခေါ်၍ ပွေ့ဖက်ပြီး စိမ်းဝေ ပါးနှစ်ဖက်ကို ဘယ်ပြန် ညာပြန် နမ်းရှုပ်သည်။ စိမ်းဝေက မျက်ရည်ကလေး ဝဲလျက် မေမေ့ကို ပြန်နမ်းသည်။

ရဲဝင့်က မဝတ်စဖူး ဘောင်းဘီရှည် အကျႌ၊ လည်ပင်းပါသော အနွေး ခေါင်းစွပ်အကျႌ လက်ရှည်တို့နှင့် ခေတ်မီ ဖျတ်လတ်စွာ လှနေသော စိမ်းဝေကို ငေးကြည့်နေရင်း စိမ်းဝေ လှည့်အကြည့်တွင် ယောင်ယောင်ပြုံး၍ ခေါင်းညိတ် ပြသည်။

'. . . . ကိုကို'

ပါးစပ်လှုပ်တာသာ မြင်လိုက်ရသည်။ ရှေ့က ဘာတွေ ပြောသွားမှန်း မသိ။ အဆုံးမှာ ကိုကိုဆိုတာကို မသဲမကွဲ ကြားလိုက်ရသဖြင့်သာ ကိုယ့်ကို ပြောနေမှန်း သေချာရတော့သည်။

စိမ်းဝေက အကောက်ခွန်အရာရှိ ကလေးနှင့်အတူ လေဆိပ် လူဝင်မှု ကြီးကြပ်ရေး ကောင်တာသို့ လေးတန်စွာ လျှောက်သွားသည်။

ရဲဝင့်၊ ဖေဖေနှင့် မေမေတို့ စိမ်းဝေကို ငေးကြည့်နေကြသည်။

ကောင်တာနား အရောက်တွင် စိမ်းဝေ ရုတ်တရက် ရပ်သွားသည်။ ကျော်

www.burmeseclassic.com

www.burmeseclassic.com



လျှောက်သွားမိသော အကောက်ခွန် အရာရှိကလေးက လှည့်ကြည့်သည်။ စိမ်းဝေက တစ်စုံတစ်ရာ လှမ်းပြောတော့ ခေါင်းညိတ်ပြသည်။

စိမ်းဝေက နောက်ကြောင်းလှည့်၍ သူတို့ဆီ အပြေးတစ်ပိုင်း ပြန်လာသည်။ ဘာမပြော ညာမပြော ရဲဝင့် ရှေ့ ကြမ်းပြင်တွင် ဖိနပ်ပင် မချွတ်ဘဲ ထိုင်ချ လိုက်သည်။ ပြီးတော့ လက်အုပ်ကလေး ချီသည်။

'ကိုကို စိမ်းဝေ မကန်တော့ရသေးတာ ခွင့်လွှတ်ပါနော်'

ကမန်းကတန်း ဦးချတော့ ဘေးက လူတွေက အထူးအဆန်းသဖွယ် ဝိုင်းကြည့်ကြသည်။ ရဲဝင့် မနေတတ်စွာနှင့် စိမ်းဝေကို ထူမည် အပြုတွင် စိမ်းဝေက သူ့ဘာသာ ထရပ်လိုက်သည်။

ရဲဝင့်မျက်နှာကို မျက်ရည်ဝဲနေသော မျက်လုံးများနှင့် ခဏငေးကြည့်သည်။ ပြီးတော့ ချာခနဲလှည့်၍ အပြေးတစ်ပိုင်း ပြန်ဝင်သွားပါတော့၏။

●

## စိမ်းဝေ [ ၈ ]

'ဟော့ ဒီမှာ'

ရထားသံက မြန်ဆန် ဆူညံနေ သော်လည်း အင်္ဂလန်မှာ မြန်မာ စကား သီသီသကြီးကို မမျှော်လင့်ဘဲ ကြားရတာ ဖြစ်၍ စိမ်းဝေ နားထဲ မိုးကြိုးပစ်ခံရသလို လန့်သွားမိသည်။

လှည့်ကြည့်တော့ အသက် နှစ်ဆယ် အရွယ် ယောကျ်ားကလေး တစ်ဦး သူ့ထိုင်ခုံဘေးမှာ မတ်တတ် ရပ်နေသည်။ ကုတ်အင်္ကျီရှည် အညိုကြီး ဝတ်၍ လည်ပင်းတွင် စကော့မာဖလာ ပတ်ထားသော်လည်း ထူထဲသော မျက်ခုံး၊ ပြေပြစ်သော မေးရိုးတို့နှင့် မြန်မာချော ချောနေသော ကောင်ကလေး။ မြန်မာ လိုကလည်း ပြောနေသည်မို့ မြန်မာ ဆိုတာ မှားစရာ မရှိပါ။

မြန်မာဆိုလို့ သူ တည်းနေသည့် အိမ်က အိမ်သားတွေမှအပ မတွေ့ ရတာ တစ်လလောက် ရှိနေပြီမို့ စိမ်းဝေ ရင်ထဲ အံ့ဩရမှာလိုလို ဝမ်းသာရမှာ လိုလို ဖြစ်သွားသည်။ သို့သော် ကောင်ကလေး ဆံပင်က မိန်းကလေးများလို နားရွက်ကို ဖုံး၍ ပခုံးအထိ ရှည်လျားနေသည်ကိုတော့လည်း နှာခေါင်း ရှုံ့ချင် မိသည်။

ဒါနှင့်ပင် ဘာမှ ပြန်မဖြေဘဲ မေးထိုးပြလိုက်သည်။

ဟုတ်မှ ဟုတ်ရဲ့လားဟု သံသယ ဝင်ပုံမျိုးနှင့် အူကြောင်ကြောင် ဖြစ်သွား သော ကောင်လေးမျက်နှာကို မြင်ရတော့လည်း ရယ်ချင်လာမိသည်။

'ခွင့်လွှတ်ပါ၊ ငါက မင်းကို ငါ့နိုင်ငံကလို့ ထင်မိလို့ပါ'

အလွန်ယဉ်ကျေးသော အင်္ဂလိပ်စကားနှင့် ကောင်လေးက တောင်းပန်တော့ စိမ်းဝေက စိတ်မထိန်းနိုင်ဘဲ ခွိခနဲ ရယ်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဘာတွေ လာပြောနေတာလဲ'

မြန်မာဘာသာဖြင့် ပီပီသသကြီး ခပ်တည်တည် ဟောက်ထည့်လိုက်တော့မှ ကောင်လေး ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

'ဟာ နင် မြန်မာပဲကိုး၊ နင် တော်တော် ဆိုးတာပဲ၊ ငါကတော့ မြန်မာချင်း တွေ့ပြီဆိုပြီး ဝမ်းသာအားရ'

စိမ်းဝေက ရယ်၍ သူ့နံဘေးက ထိုင်ခုံလွတ်ကို မေးငေါ့ပြသည်။

'ထိုင်လေ'

ကောင်လေးက ခေါင်းခါသည်။

'မထိုင်ဘူး၊ ငါက နင့်ကို ဒီထိုင်ခုံမှာ မထိုင်ဖို့ လာခေါ်တာ'

'ဘာဖြစ်လို့လဲ'

'ဒါ ပရစ်ဖလေ့ချ်ဆိ(တ်) လေ၊ ကလေးအမေတို့၊ သက်ကြီးရွယ်အိုတို့၊ မသန်စွမ်း ဖြစ်နေတဲ့ လူတွေအတွက် ထားတာ၊ နင် ထိုင်နေရင် နင့်ကို နှာခေါင်း ရှုံ့ကြလိမ့်မယ်'

စိမ်းဝေက ကောင်လေး လှမ်းပြသော ရထားနံရံမှ သတိပေး ဆိုင်းဘုတ်ကို ယခုမှ မြင်သွားပြီး ဇက်ပု လျှာထုတ်ပြသည်။

○

နှစ်ယောက်စာ လွတ်နေသော ထိုင်ခုံနေရာမှာ ကောင်လေးနှင့်အတူ ဝင်ထိုင်ကြပြီးတော့ ကောင်လေးက မေးသည်။

'ငါ့နာမည်က အာသာခိုင်ဦးတဲ့၊ အာသာလို့ ခေါ်ပေါ့၊ နင်က. . .'

'ငါက စိမ်းဝေ'

'စိမ်းစိမ်းဝေလား'

'မဟုတ်ဘူး၊ နှစ်လုံးတည်း၊ စိမ်းဝေတဲ့'

'အိုကေ'

ကောင်လေးက စိမ်းဝေ၏ ကျောပိုးအိတ်ကို ကူဖြုတ်ပေးသည်။ စိမ်းဝေက လှည့်၍ မေးသည်။

'နင် ငါ့ကို မြန်မာမှန်း ဘယ်လို သိသလဲ'

အာသာက ရယ်သည်။

'နင့်ကို ဒီရထားပေါ်မှာ ငါဆုံတာ သုံးခါ ရှိပြီ၊ အလာက နှစ်ခါ၊ အပြန်က တစ်ခါ၊ နင် ဘစ်ရှော့ စတော့ဖ့်ဒ်က တက်လာမှန်း ဆင်းသွားတတ်မှန်းတောင် ငါသိနေပြီ၊ တို့ အသားအရောင်က ရှားတယ်လေဟာ၊ တရုတ်လို ဝါတာလည်း



မဟုတ်၊ ကုလားလို ညိုတာလည်း မဟုတ်၊ အသားလတ်စစ်စစ်မှာ အရောင်က တစ်ပြေးတည်း ညီနေတာ၊ ကုလားလည်း နည်းနည်း အသားလတ်ရင်တော့ ဒီလိုပဲ၊ ဒါပေမဲ့ မျက်နှာကျကျတော့ တို့က ထိုင်းတို့၊ ကိုရီးယားတို့နဲ့ ဆင်တယ်၊ ဒါကြောင့် မြန်မာလားဆိုပြီး ငါကြည့်ကြည့်နေတာ သိပ်တော့ မသေချာပါဘူး၊ ဒီနေ့မှ နင် ထိုင်ခုံမှား ထိုင်လိုက်တော့ ဟုတ်မလား မသိဘူး ဆိုပြီး. . .'

စိမ်းဝေက မျက်စောင်းထိုးသည်။

'နင်ပြောပုံက ငါတို့ မြန်မာတွေပဲ ညံ့သလိုလို'

အာသာက ရယ်သည်။

'ငါ နှစ်နှစ်တစ်ခေါက်၊ သုံးနှစ် တစ်ခေါက်လောက်တော့ မြန်မာပြည် ရောက်ဖြစ်ပါတယ်၊ ငါ သတိထားမိတာက ဘာခေါ်မလဲ၊ တို့ဆီက ဘတ်စ်ကားတွေ ကလည်း အမြဲကျပ်၊ ရထားတွေကလည်း ခုံနံပါတ်နဲ့၊ ဒီလို ဦးစားပေး ခုံတို့ ဘာတို့ မရှိဘူးလေဟာ၊ ပြီးတော့ မီးပွိုင့်မှာဆိုလည်း ကားတွေက လုပြီး ကျော်စီလို စီ၊ ဈေးဆိုင်တွေမှာလည်း လုဝင်တိုး၊ ဒီမှာက တန်းစီတာတို့၊ သူများ အလှည့် ပေးတာတို့၊ အားနည်းတဲ့သူ ဦးစားပေးတာတို့က လူတိုင်း ပုံမှန် လုပ်နေတဲ့ ကိစ္စလေ၊ ဟိုက လာခါစမှာ မကြုံဖူးတော့ နည်းနည်း ယောင် တတ်တယ်၊ အဲဒါ ပြောတာပါ'

စိမ်းဝေ သက်ပြင်း ချမိသည်။

'နင် ပြောတာလည်း ဟုတ်တော့ ဟုတ်တယ်ဟာ၊ တို့လူမျိုးတွေ ခုထက် စည်းကမ်းရှိလာဖို့က တော်တော်ကို လုပ်ယူရဦးမှာ ဟုတ်တယ်၊ ငါ ဒီ ရောက်တာ တစ်လပဲ ရှိသေးတယ်၊ နင်က ဒီမှာ နေတာလား'

အာသာက ခေါင်းညိတ်ပြသည်။

'ငါက ဟာလိုးမှာ နေတာ'

'ဟာလိုးဆိုတာက'

'နင့်ဘစ်ရှော့ စတော့ဖ့်ဒ်ထက် နှစ်ဘူတာ ပိုဝေးတယ်၊ ငါ့အဖေနဲ့ အမေက အဲဒီက ပရင့်ဆက်အလက်ဇန္ဒြား ဆေးရုံက ဆရာဝန်တွေ၊ နှစ်ယောက်စလုံး မြန်မာတွေပါပဲ၊ ငါက ရန်ကုန်မှာ မွေးတာ၊ ဒီမှာ ကြီးတာပေါ့၊ အခု နင့်လိုပဲ တင်းဘရစ်ချ် တက္ကသိုလ်က ကင်း ကောလိပ်မှာ စာသင်နေတာ၊ မက်ကာနီကယ် အင်ဂျင်နီယာရင်း ယူထားတယ်၊ ဒုတိယနှစ်'

'နင် မြန်မာစကားတော့ တော်တော် ကျွမ်းကျင်နေတုန်းပဲနော်'

အာသာက ရယ်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဖေဖေနဲ့ မေမေက အိမ်မှာ မြန်မာလိုပဲ ပြောကြတယ်၊ ဖေဖေက ပြောဖူးတယ်၊ ဒီမှာနေလို့ဆိုပြီး ကိုယ့် ဘာသာစကား မပြောတတ်တော့တာမျိုး ဘယ်တော့မှ အဖြစ်မခံနဲ့တဲ့၊ ကိုယ့်ဘာသာစကား မဟုတ်တောင် တစ်ခုခု ပိုတတ်ရင် တစ်ခုစာ အမြတ်ပဲလို့ သဘောထားရမယ်တဲ့၊ အလွယ်လေး တတ်သွားဖို့ အခွင့်အလမ်း ရှိပြီးသား ကိုယ့်ဘာသာစကားကို ကိုယ်ပြန်ပစ်ပယ်တာ တုံးရာကျတယ်တဲ့၊ ပြီးတော့ ကမ္ဘာပေါ်မှာ ဘယ်လူမျိုးကမှ ဘယ်လူမျိုးထက် ပို မမြတ်ဘူးတဲ့၊ ဖေဖေတို့ လုပ်ငန်းသဘော လိုအပ်ချက်အရ ဒီမှာ လာနေရပေမယ့် မြန်မာဟာ မြန်မာပဲတဲ့၊ မြန်မာ မဟုတ်ဘဲ အင်္ဂလိပ် ဖြစ်ချင် သွားတဲ့ စိတ်မျိုး မပေါ်စေနဲ့တဲ့'

စိမ်းဝေ ပါးစပ် အဟောင်းသား ဖြစ်သွားသည်။ မျက်ရည် စို့လာသည်။ အာသာက ချက်ချင်း ရိပ်မိသည်။

'ဘာလဲဟ ငါပြောတာ ဘာလွန်သွားလို့လဲ'

စိမ်းဝေ ဖြည်းညင်းစွာ ခေါင်းခါသည်။

'နင် ပြောတာ အမှန်ချည်းပဲ၊ ငါက ငါ့အစ်ကိုကို သတိရသွားတာ၊ နင့်အဖေ ပြောတဲ့ စကားတွေက ငါ့ အစ်ကိုပြောတဲ့ စကားတွေနဲ့ တထေရာတည်းပဲ'

အာသာ သက်ပြင်းချမိသည်။

'တော်သေးတာပေါ့၊ ဒါနဲ့ နင့်အကြောင်း ပြောပြပါဦး၊ နင် ကြည့်ရတာ အစ်ကိုကို တော်တော် ချစ်ပုံပဲ'

စိမ်းဝေ အသက်ရှူဖို့ မေ့သွားပြန်သည်။

'ငါတို့က မောင်နှမ နှစ်ယောက်တည်း ရှိတာ၊ အစ်ကိုက ငါ့ထက် ခြောက်နှစ်တောင် ကြီးတယ်၊ အာဒီတက်ပေါ့၊ လူမျိုပါပဲ၊ ငါ့ကို အခု သူ ကျောင်းထားပေးတာ၊ သူက ရန်ကုန်မှာ ဆောက်လုပ်ရေးတွေ လုပ်တယ်၊ ဖေဖေနဲ့ မေမေက ကျောင်းဆရာတွေ၊ မင်းဘူးမှာ နေကြတယ်၊ မင်းဘူးတော့ နင် သိတယ် မဟုတ်လား'

အာသာက ခေါင်းညိတ်သည်။

'သိတယ် ရွှေစက်တော် ဘုရားရှိတဲ့ နေရာ'

'ဟုတ်တယ်၊ အခု ဘစ်ရှော့ စတော့ဖို့ဒ်မှာက ဖေဖေ့ တပည့်ဟောင်း လင်မယားရှိတယ်၊ အဲဒီကနေ ကျောင်းလာတက်တာ၊ လောလောဆယ်တော့ အပ်စ်ပဲ ယူထားပါတယ်၊ အပ်စ်ခရက်တစ်ဖက် လိုက်ဖို့တော့ စိတ်ဝင်စားတယ်'

အာသာ ပါးစပ်ပြသွားပြန်သည်။



'နင့်ဟာက ခက်တယ်၊ အေးလေ နင့်ကြည့်ရတာလည်း ကြိုးစားမယ့်ပုံပါပဲ၊ ဒါနဲ့ ဒီလိုပဲ ရထားနဲ့ နေ့တိုင်း သွားမလို့လား၊ ကင်းဘရစ်မှာ အခန်းကလေး ဘာလေး ငှားမနေတော့ဘူးလား'

'အဲသလိုပဲ စိတ်ကူးတာပါ၊ သူများအိမ် ရေရှည်တော့လည်း မနေချင်ပါဘူး၊ မိန်းကလေး တစ်ယောက်တည်း ဆိုတော့ ချိန်ရတာပေါ့၊ နို့ နင်ရော ဒီလိုပဲ ရထားနဲ့ သွားနေတာ မဟုတ်ဘူးလား'

အာသာကရယ်၍ ခေါင်းခါပြသည်။

'ဖေဖေက ကင်းဘရစ်ချ်မှာ တိုက်ခန်းတစ်ခန်း ဝယ်ပေးထားတယ်၊ ငါက ဒီရက်တွေထဲ ငါ့မွေးနေ့နီးလို့ ဖေဖေ့ကို မွေးနေ့လက်ဆောင် ကားဝယ်ပေးခိုင်းချင်လို့ ပြန်ပြန်ချွဲနေတာ၊ နောက်ဆို ဒီလို ခဏခဏ မပြန်ဖြစ်ပါဘူး၊ နင့်ကိုငါ အိမ် ကူရှာပေးမယ်လေ၊ ငါ့အိမ်မှာ ခဏ လာနေလည်း ရတယ်'

စိမ်းဝေ မျက်နှာကလေး နီရဲသွားသည်။

'နင် ဘာစကားပြောတာလဲ'

အာသာ သူ့ပါးစပ်ကို သူ လက်ဝါးနှင့် ရိုက်သည်။

'မေ့ပြန်ပြီ ဒီပါးစပ်၊ ဒီလိုဟာ ဒီမှာ အိမ်ရှင်နဲ့ အိမ်ငှား တွဲနေကြပြီး ရေချိုးခန်း ရယ်၊ မီးဖိုချောင်ရယ်၊ အတူတူ သုံးပြီး အိပ်ခန်းပဲ ခွဲထားတာ မျိုးတွေက အများကြီး၊ ယောကျ်ားလေးနဲ့ မိန်းကလေးလည်း တွဲမိချင် တွဲမိတာပဲ၊ ဘာမှ မပတ်သက်ကြပါဘူး၊ မနှစ်က ဂျပန်မတစ်ယောက်၊ ငါ့ထက် ငါးနှစ်လောက် ကြီးတာ ငါ့ အခန်းမှာ ခြောက်လလောက် လာငှားနေဖူးတယ်၊ ဘုရားပေးပေး ကျမ်းပေးပေးပါ၊ တစ်အိမ်တည်း နေပေမယ့် အဝင်အထွက် နှုတ်ဆက်ရုံပါပဲ၊ နင်က မြန်မာ မိန်းကလေး၊ အခုမှ ရောက်တာ ငါမေ့ပြီး အမှတ်တမဲ့ ပြောမိတာ ဆောရီးပဲ၊ ကဲ ကဲ နင့်ကို မိန်းကလေးချင်း တွဲလို့ရအောင် ငါ လိုက်စပ်ပေးပါ့မယ်'

စိမ်းဝေ နည်းနည်း ပြန်၍ အားတုံ့ အားနာ ဖြစ်သွားသည်။

'ဆောရီး ငါ နားမလည်လို့'

'ရတယ်၊ ပြီးတော့ နင်နဲ့ တွဲဖို့က ကုလားမ ဖြစ်ဖြစ်၊ မြန်မာမ ဖြစ်ဖြစ် ရှာမှ ဖြစ်မှာ၊ နင် အတန်းထဲမှာ တခြား လူမျိုးတွေ လာစပ်ရင် ရမ်းသမ်း လက်မခံလိုက်နဲ့ဦး'

'ဘာဖြစ်လို့လဲ'

အာသာ့မျက်နှာ ဖြေရခက်ဟန် ပေါက်သွားသည်။

'နင်ကလည်းဟာ ကုလားမနဲ့ မြန်မာမက လွဲရင် ကျန်တဲ့ လူတွေက

www.burmeseclassic.com

www.burmeseclassic.com



ရည်းစား ယောကျ်ားလေးတွေ အခန်း ခေါ်လာ အိပ်တတ်တာဟာ၊ နင် ဘယ်နား သွားနေရမှန်းမသိ ဖြစ်သွားမယ်'

စိမ်းဝေ မျက်နှာကလေး ရဲခနဲ ဖြစ်သွားပြန်သည်။

●

## မနှင်းဖွေး [ ၁ ]

စားပွဲပေါ် ချထားသော ကိုယ်ရေး ရာဇဝင်နှင့် လျှောက်လွှာများကို အပေါ်မှ အောက် အောက်မှအပေါ် အပြန်ပြန် အလှန်လှန် ဖတ်ကြည့်ရင်း ဘယ်သူ့ကို အပေါ်က တင်ပေးရမည်ကို မနှင်းဖွေး ရွေးရခက်နေသည်။

အလူမီနီယံ တံခါး ကျီခနဲ ဖွင့်သံ ကြား၍ မော့ကြည့်လိုက်တော့ ရဲဝင့်နှင့် ဟန်ပို ဝင်လာသည်ကို တွေ့ရသည်။

မနှင်းဖွေးက လက်ထဲက စာရွက်တစ်ထပ်ကို မြှောက်ပြသည်။

'ကွာလီဖီကေးရှင်း မီတာက လေးယောက်လောက် ဖြစ်နေတယ် ကိုရဲဝင့်ရဲ၊ ရွေးမှာက နှစ်ယောက်၊ လုပ်ငန်း အတွေ့အကြုံ ရှိတာက နှစ်ယောက်၊ ဒါပေမဲ့ ဟိုအလုပ်တွေက ဘာဖြစ်လို့ ထွက်လာတယ် ဆိုတာတော့ သိဖို့ လိုမယ် ထင်တယ်'

ရဲဝင့် မျက်နှာက နွမ်းလျနေသည်။ ဘာမှ ပြန်မဖြေ။

ဟန်ပိုက မျက်ရိပ် ပြသဖြင့် တစ်ခုခုတော့ ပြဿနာ ဖြစ်ပြီဟု မနှင်းဖွေး ရိပ်မိလိုက်သည်။ ရဲဝင့်တို့ ကုလားထိုင်မှာ ထိုင်မိသည် အထိ စောင့်ပြီးမှ ရေတစ်ခွက် ရေခဲသေတ္တာထဲမှ ငှဲ့ယူပေးပြီး ရဲဝင့်ရှေ့တွင် ချပေး လိုက်သည်။

'ဘာဖြစ်လို့လဲ ကိုရဲဝင့်'

ရဲဝင့်က နွမ်းလျစွာ ပြုံးသည်။

'နှင်းပဲ မေးမှန့် တူတယ်၊ နှင်းဆိုရင် ဘယ်လို ဆုံးဖြတ်မလဲလို့'

'ဘာကိုလဲ'

ဟန်ပိုက ဖြတ်ဝင်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



'သူမိတွေးကကွာ၊ ဆင်ဖြူကျွန်းက တူမနှစ်ယောက်ကို အလုပ် သွင်းပေးခိုင်းနေတယ်၊ စာပေးစာယူနဲ့ ဘွဲ့ရပြီးသားတွေပါပဲ၊ ငါကလည်း ရပါတယ်၊ ပေးပါလို့ ပြောတာ ဒီကောင်က သိပ်မကြိုက်ချင်ဘူး ဖြစ်နေတယ်'

မနှင်းဖွေးက ရဲဝင့်ကို လှည့်ကြည့်သည်။

'ကိုရဲဝင့်က မိန်းကလေးတွေကို သိလို့လား'

ရဲဝင့်က ခေါင်းခါသည်။

'တစ်ခါမှ မဆုံဖူးပါဘူး'

'ဒါဆို ဘာကို မကြိုက်တာလဲ'

ရဲဝင့်က ပခုံးတွန့်ပြသည်။

'အခေါ် ယူထားတဲ့ ယောကျ်ားဘက်က ပါလာတဲ့ လင်ပါသား ကုမ္ပဏီမှာ အလွယ် ဝင်လုပ်ချင်တဲ့ စိတ်ဓာတ်ကို မကြိုက်တာ၊ ဒီအလုပ်ကို စိတ်ဝင်စားလို့ ကြိုးကြိုးစားစား လုပ်ပြချင်လို့လို့ ယုံဖို့ခက်တယ်၊ သူဌေး အမျိုးဆိုပြီး အလုပ်အချောင် လိုချင်တဲ့ လူစားမျိုးက အလုပ်ထဲ ကျရင်လည်း ငါက အမျိုးပဲဆိုပြီး ဘော်ကြော့ နေတတ်တယ်၊ အဲဒါကို စိတ်ပူတာ'

ဟန်ပိုက စုတ်သပ်သည်။

'မင်းကလည်းကွာ၊ မြင်တောင် မမြင်ဖူးသေးဘဲ ရမ်းသမ်း အမှတ်နုတ်နေတယ်၊ တကယ် အလုပ် ကြိုးကြိုးစားစား လုပ်ချင်တာ၊ အဆက်အသွယ် မရှိလို့လည်း အားကိုးရှာတာ ဖြစ်ချင်ဖြစ်မှာပေါ့'

ရဲဝင့် ခေါင်းခါသည်။

'အဲသလိုဆိုရင် သူ့အခေါ်နဲ့ ငါ့ ကို လာတွေ့ပြီး လျှောက်လွှာတင်ရမယ်၊ အကျိုးအကြောင်း လာပြောပြရမယ်လေ၊ အဝေးကနေ အခေါ်နဲ့ တစ်ဆင့် လှမ်းပြောတယ် ဆိုတဲ့ လူစားမျိုးက အလုပ်မှာ ခိုကပ်လို့ ငါ ဆူလိုက်ရင်လည်း အခေါ် ပြေးတိုင်ကြမှာပဲ၊ ဒါ တွက်လို့ရတယ်'

မနှင်းဖွေး သက်မ ရှိုက်တင်မိသည်။

ရဲဝင့် ဖြတ်သားလွန်း၍ လူမှုဆက်ဆံရေး နယ်ပယ်မှာ လူချစ်လူခင် မများတာ သေချာသော်လည်း ရဲဝင့်၏ တွက်ချက်မှုတွေက လွဲခဲကြောင်းလည်း သတိရမိ၍ စိတ်ကျဉ်းကျပ်လာသည်။

ဟန်ပိုလည်း သူ့လိုပဲ တွေးဟန်တူသည်။

'ကဲပါလေ၊ မင်း သဘောမကျလည်း ငြင်းလိုက်ပြီး ဒီလျှောက်ထားတဲ့



အထဲကပဲ ရွေးပေါ့၊ မင်းက ငြင်းထည့်လိုက်ရမှာလည်း အားနာမယ့် ကောင်စားမဟုတ်ပါဘူး။ ငါ သိပါတယ်'

ရဲဝင့်က သက်ပြင်းချသည်။

'အဲသလောက် လွယ်ရင် ငါ မင်းတို့တောင် တိုင်ပင်မနေဘူး၊ ငြင်း ထည့်လိုက်ပြီးပြီ၊ အန်တီခင့် စကားတစ်ခွန်းကြောင့် ငါ ခက်နေတာ'

'ဘာစကားလဲ'

ရဲဝင့်မျက်နှာ တစ်မျိုး ဖြစ်သွားသည်။

'သမီးလေးတောင် မင်း ဒီလောက် လုပ်ပေးသေးတာပဲ၊ ဒီ ကလေးမတွေက စိမ်းဝေနဲ့ တစ်ဝမ်းတည်း ကွဲတာနော်' တဲ့။

မနှင်းဖွေးနှင့် ဟန်ပို အာစေးမိသွားပါသည်။

○

တစ်ယောက်က အသက်အစိတ်ဆိုတော့ ရဲဝင့်ထက် အနည်းငယ်သာ ငယ်သည်။ ကလျာတဲ့။

အငယ်က ၂၁ နှစ်။ စိမ်းဝေထက် အနည်းငယ်သာ ကြီးသည်။ မူယာတဲ့။ သူတို့ချင်းလည်း တစ်ဝမ်းကွဲသာ တော်သည်။

ဝတ်စားထားတာတော့ ရိုးရိုး ယဉ်ယဉ်ပါပဲ။

ရဲဝင့် ကိုတော့ အစ်ကိုဟု ရင်းရင်းနှီးနှီး ခေါ်ကြသည်။ ဟန်ပိုကိုတော့ ကိုဟန်ပိုတဲ့။ မနှင်းဖွေးကိုလည်း နှင်းတဲ့။

အလုပ်အကြောင်း ရှင်းပြတော့ သိပ် စိတ်ဝင်စားဟန် မတူ။ ရယ်စရာတွေ ဖြတ်ဖြတ်ပြောနေတာ များသည်။ လေးလေးနက်နက် မရှိ။

ရဲဝင့်က သိပ် နှစ်သက်ဟန်မတူ။

'နှင်းပဲ ဆက်ရှင်းလိုက်တော့တို့ ကွန်တိန်နာ ဆိပ်ကမ်း သွားလိုက်ဦးမယ်၊ ဟန်ပိုက ဒီမှာ စောင့်ပေးလိုက်၊ စူပါမားကက် အုပ်စုက လူတွေ လာလိမ့်မယ်'

မနှင်းဖွေး ခေါင်းညိတ်ပြတော့ ရဲဝင့် ထွက်ခွာသွားသည်။

ဟန်ပိုက မယောင်မလည်နှင့် နေရာမှ ထ၍ မီးဖိုဘက် ဝင်သွားသည်။ အရိပ်အကဲ သိသော မနှင်းဖွေးက ခဏနော်ဟု လက်ကာပြ၍ ဟန်ပို့နောက် လိုက်သွားသည်။

ဟန်ပိုက ဖန်ခွက်ထဲ ရေတစ်ခွက် ငှဲ့သည့်၍ စိတ်အေးလက်အေး မော့သောက်နေသည်။

မနှင်းဖွေးက မေးငေါ့ပြတော့ ဟန်ပိုက ရယ်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ထားလိုက်ပါ ဟာ၊ ငြင်းလို့ ကောင်းတဲ့ လူတွေမှ မဟုတ်တာ၊ အလုပ်မနိုင်ရင် လူ ထပ်ခန့်ချင်ခန့်၊ ဒီလူ နှစ်ယောက် လစာ ဘာမှ မရှိပါဘူး။ အန့်တီခင့် မျက်နှာက ရှိသေးတယ်'

'ကိုရဲဝင့် ကြောက်တာလည်း အဲဒီ အန့်တီခင့်မျက်နှာ ဝင်ဝင်ပါနေမှာကိုပဲ'

ဟန်ပိုက ခေါင်းခါသည်။

'ဒီ ကောင်မလေးတွေကသာ မသိတတ်ချင်နေရင် နေမယ်၊ အန့်တီခင် ကတော့ သိတတ်ပါတယ်၊ ဝင်ပါမှာ မဟုတ်ပါဘူး။ အလုပ်ဖြစ်ရင် ဖြစ်၊ မဖြစ်ရင် ပြန်ပို့ပေါ့၊ သူတို့လည်း စိမ်းဝေ အစ်မတွေပဲ၊ သိပ်တော့ ညံ့မယ် မထင်ပါဘူး၊ အနည်းဆုံး စိမ်းဝေ အစ်မနဲ့တူတာ တစ်ခုတော့ ရှိကြပါတယ်'

'ဘာလဲ'

'ညှီချောလေးတွေလေ'

မနှင်းဖွေးက မျက်စောင်းထိုး၍ နှာဘူးဟု အသံမထွက်ဘဲ ရေရွတ်တော့ ဟန်ပိုက တဟားဟား ရယ်သည်။

●

## ရဲဝင့် [ ၁၀ ]

ရဲဝင့်က ကျေနပ်စွာပြုံး၍ ကြားလူကို လက်ဆွဲနှုတ်ဆက်သည်။

'ကျေးဇူးပဲဗျာ၊ ဒီလူတွေ အင်တင်တင်နဲ့၊ ခင်ဗျား ပြောတတ်လို့ အဆင်ချောသွားတာ'

ကြားလူက ရယ်သည်။

'ဒီအတိုင်းတော့ ဘယ်ရမလဲဗျ၊ တစ်ပွဲ ကျွေးရမှာပေါ့'

'ရပါတယ်ဗျာ၊ ကြိုက်တဲ့ဆိုင်သာ ရွေး'

ကြားလူက ဆိုင်နာမည် ရွတ်ပြသည်။ ရဲဝင့် မကြားဖူးသော ဆိုင်နာမည်ပါ။ ဟန်ပို့ကို လှည့်ကြည့်တော့ ဟန်ပိုကလည်း ပခုံးတွန့်ပြသည်။

'ကဲ သွားလေ'

○

ပထမတော့ ယမကာ ဝါသနာပါ၍ အဲသည့်ဆိုင်ကို ရွေးကြသည်ဟု ပထမ သူ ထင်လိုက်မိသည်။

သူတို့အဖွဲ့က သုံးယောက်၊ ရဲဝင့်နှင့် ဟန်ပိုပါဆိုလျှင် ငါးယောက်။ မီး မှောင်မှောင် အခန်းကျဉ်းကလေးထဲရှိ ဆိုဖာခုံများတွင် ဝင်ထိုင်၍ စားစရာ သောက်စရာများ မှာပြီးသောအခါ ဘောင်းဘီ အတို၊ အရှည် မိုးရုံ ခပ်ကျပ်ကျပ်နှင့် လည်တော်တော် ဟိုက်ဟိုက်၊ တီရှပ် ကျပ်ကျပ်ကလေးများ ဝတ်ဆင်သော အသက်နှစ်ဆယ်ခန့် အရွယ် မိန်းကလေးငါးယောက် အခန်း ထဲ ဝင်လာကြပြီး သူတို့ ကြားတွေထဲမှာ ဝင်ထိုင်လိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကြားလူ' က အနီးဆုံး မိန်းကလေး၏ ခါးကိုပင် ဖက်လိုက်သေးသည်။ ရဲဝင့် မျက်မှောင်ကြုတ်သည်။

'ဘာလဲ သူတို့က'

ကြားလူက ရယ်သည်။

'ဆရာ ရဲဝင့် အကြောင်း ကျွန်တော်တို့ သိပါတယ်ဗျာ၊ အရက်လည်း မသောက်၊ လောင်းကစားလည်း မလုပ်၊ မိန်းမလည်း မပွေတဲ့ ရှားပါး လူမျိုးကြီး ဆိုတာ၊ ဒီကလေးမကလေးတွေက အမြည်း ထည့်ပေးရုံပါ'

ဟန်ပိုက မျက်ရိပ်ပြသည်။ ရဲဝင့် က သက်ပြင်းချသည်။

'အေးပါ ဗျာ၊ လုပ်ကြပါ။ ကျွန်တော့် အတွက်တော့ မလိုဘူးဗျ ကျွန်တော်က အရက်လည်း မသောက်တတ်ဘူး၊ ညီမ ဟိုနားမှာပဲ နေပေးနော်၊ ညီမ အတွက်လည်း ဘောက်ဆူး သတ်သတ်ပေးမယ် ဟုတ်လား'

ရဲဝင့်ဘေးက မိန်းကလေးက ရတယ်လေဟု ခပ်မဲ့မဲ့ပြုံးပြ၍ မျက်စောင်း တစ်ချက်ထိုးပြီး ထသွားသည်။

ဝ

'လူမှုရေးဆိုတာ ရှိတယ်ဟ'

ဟန်ပိုက အပြန်လမ်းမှာ ကားမောင်းရင်းပြောတော့ ရဲဝင့်က ပခုံးတွန့်ပြသည်။

'ငါက အရက်လိုက်သောက်ပြီး ကောင်မလေးတွေ ဖက်လား ယမ်းလား လုပ်မှ ကျေပွန်မယ့် လူမှုရေးဆိုရင်တော့ မကျေပွန်လည်း နေကွာ'

ဟန်ပိုက ခေါင်းခါသည်။

'ယောကျ်ား ၉၀ ရာခိုင်နှုန်းက အဲဒါတွေ ဝါသနာ ပါတယ်ဟ၊ တို့ လုပ်ငန်းက ယောကျ်ားကြီးတွေ အများကြီးနဲ့ လုပ်နေတာ၊ သူတို့ ဝါသနာ ပါတဲ့ ကိစ္စကို မဲ့ပြရွဲ့ပြလို့တော့ မိတ်ပျက်မှာပေါ့'

'မမဲ့ပြ၊ မရွဲ့ပြပါဘူး၊ ငါ မလုပ်တာ သက်သက်ပါ။ ၉၀ ရာခိုင်နှုန်းက လုပ်လည်း မကောင်းမှုက မကောင်းမှုပဲ၊ ကောင်းမှု ဖြစ်မလာဘူး၊ တို့ရဲ့ ထိန်း လည်း မကောင်းမှုက မကောင်းမှုပဲ၊ ကောင်းမှု ဖြစ်မလာဘူး၊ တစ်ကျိတ် သောက်လည်း မကောင်းမှုက မကောင်းမှုပဲ၊ ကောင်းမှု ဖြစ်မလာဘူး ဘုရားဟောထဲမှာ အဲဒီအတွက် အတိအကျ ပါတယ်'

'ဘာလဲ'



'မကောင်းမှု ဆိုတာကို တဲ့၊ အနည်းငယ်မျှသာပဲ ဆိုပြီး မထီမဲ့မြင် မပြုရာတဲ့၊ တစ်စက်တစ်စက် ကျတဲ့ ရေနဲ့ စဥ့်အိုးဟာ ပြည့်ရသလို၊ မကောင်းမှု မှာ စမွေ့လျော်တာနဲ့ တဖြည်းဖြည်း တိုးပွားလာတတ်သတဲ့၊ ၉၀ ရာခိုင်နှုန်း သော ယောကျ်ားကြီးတွေ ဝါသနာပါတဲ့ ကိစ္စဆိုရင် အဲဒီ လူတွေနဲ့ ယှဥ်တွဲ လှုပ်ရှားနေရတဲ့ တို့က ပိုသတိထား ရှောင်သင့်သေးတယ် သိလား'

ဟန်ပိုး တွေဝေ တိတ်ဆိတ်သွားသည်။

●

www.burmeseclassic.com

www.burmeseclassic.com

## စိမ်းဝေ [ ၉ ]

တိုက်ခန်း လူခေါ် ခေါင်းလောင်းကို တီးမြည်ဟု ကြိုလိုက်ရုံ ရှိသေးသည်။ တံခါးက ပွင့်၍ အာသာခိုင်ဦး ထွက်လာသဖြင့် စိမ်းဝေ အံ့ဩသွားသည်။

'နင် ဘယ်လိုလုပ်. . .'

'ငါက မျှော်နေတာလေ၊ တံခါးမှန်မှာ လူရိပ်တွေ့တာနဲ့ ပြေးလာတာ၊ ကဲ လာ'

စိမ်းဝေ အိမ်ထဲသို့ လှမ်းဝင်လိုက်သည်နှင့် ကျဉ်းမြောင်းသော လူသွားစင်္ကြံလေးနှင့် အပေါ်ထပ်သို့ တက်သော လှေကားတို့အပြိုင် စောင့်နေကြသည်။

'ပရိုဂျက်တာက အပေါ်ထပ်မှာဟ'

စိမ်းဝေ မျက်မှောင်ကြုတ်သည်။

'အပေါ်ထပ်က နင့်အိပ်ခန်း မဟုတ်ဘူးလား'

အာသာက ဟက်ဟက်ပက်ပက် ရယ်သည်။

'ဒီတစ်အိမ်လုံးက ငါ့အိပ်ခန်းပဲ၊ ငါအိပ်ချင်တဲ့ နေရာမှာ အိပ်တာ။ အပေါ်မှာ နှစ်ခန်း၊ နင် ဆလိုက်တွေ လာကြည့်ချင်တယ် ပြောတော့ ငါ တစ်ခန်းကို ရှင်းထားတယ်၊ အောက်က အခန်းက ဟိုဂျပန်မ မငှားတော့ ကတည်းက ပိတ်ထားတာ၊ လာပါဟာ နင်နဲ့ ငါနဲ့ သူငယ်ချင်း ဖြစ်တာ စာသင်နှစ် တစ်ပိုင်းတောင် ကုန်တော့မယ်၊ နင် ငါ့ကို မယုံသေးဘူးလား'

စိမ်းဝေ သက်ပြင်းချ၍ အားတုံ့ အားနာ ရယ်လိုက်သည်။

ဟုတ်ပါရဲ့။ အာသာသည် ယူကေ နိုင်ငံပေါက် တစ်ဦးပီပီ အနောက်ဆန် လွန်းသော ဗီဇ အကျင့်များ ရှိနေတာ ထင်ရှားပေမယ့် သူ့ကိုတော့ မြန်မာ



မိန်းကလေး တစ်ဦးကို ပေးသင့်သော ငဲ့ကွက်မှု၊ စောင့်စည်းမှုများနှင့် တည်ကြည်စွာ ခင်မင် ကူညီနေခဲ့သည်မှာ ထင်ရှားလှသည်။

အာသာခေါ်သည့် အပေါ်ထပ်သို့ ကော်ဇောထူ ခင်းထားသော လှေကားထစ်များအတိုင်း လျှောက်၍ တက်ခဲ့သည်။

'လာ ဒီအခန်းကိုဝင်၊ ဟိုမှာ ပရိုဂျက်တာ အဆင်သင့်ပဲ၊ ပိတ်ကားက တော့ ဟိုမှာချိတ်ထားတဲ့ ငါ့အိပ်ရာခင်းပေါ့ဟာ၊ ငါ အောက်မှာ ကော်ဖီ နှပ်ထားတယ်၊ သွားယူလိုက်ဦးမယ်'

ကျဉ်းမြောင်းသော လှေကားမှာ သူ့ကို ရှောင်၍ ဆင်းသွားသော အာသာကို ကြည့်ရင်း စိမ်းဝေ ဆလိုက်ထုပ်ကို ထုတ်ယူသည်။

၀

အခန်း တစ်ခန်းလုံးမှာ နှစ်ယောက်ထိုင် ဆိုဖာတစ်ခုံသာ ချထား၍ စိမ်းဝေ အဲသည်မှာပင် ထိုင်ရသည်။ အာသာက ဂရောင်းကော်ဖီ၊ ကျိုထားသော အိုးကလေး၊ သကြားဖန်ဘူး၊ နွားနို့ စက္ကူဘူး၊ မတ်ခွက်နှစ်ခွက်ကို တင်ထားသော သင်ပန်းကလေးကို ဆိုဖာရှေ့က စားပွဲငယ်ကလေးပေါ် ချ၍ ဆိုဖာတစ်ဖက်ခြမ်းမှာ ဝင်ထိုင်သည်။

'နင် တခြား လုပ်ချင်တာရှိရင် သွားပါ၊ အင်ဂျင်နီယာလောင်းက ပန်းချီကားတွေ ကြည့်ရတာ ဘယ်စိတ်ဝင်စားမလဲ'

အာသာက ဘာမှ မဖြေဘဲ ဆလိုက်ထုပ်ပေါ်မှ နာမည်ကို ဖတ်ကြည့်သည်။

'Works of Edgar Degas'

(အက်ဂါဒီဂါးစ်၏ ပန်းချီများ)

'တစ်ထုပ်လုံး ဒီဂါးစ်ချည်းပဲလား'

စိမ်းဝေ မျက်ခုံးပင့်သွားသည်။

'နင် ဒီဂါးစ်ကို သိသလား'

အာသာက ခေါင်းညိတ်ပြသည်။

'ပြင်သစ် ပန်းချီဆရာ မဟုတ်လား၊ အင်ပရက်ရှင်းနစ်စ်လေ'

စိမ်းဝေ ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

'ဟုတ်တယ်၊ တော်တော်များများကတော့ သူ့ကို မိုနက်တို့၊ ရေနွားတို့လိုပဲ အင်ပရက်ရှင်းနစ်စ်လို့ လက်ခံထားကြတယ်၊ သူကလည်း အဲဒီလူတွေနဲ့ ပြပွဲ

www.burmeseclassic.com

www.burmeseclassic.com



ဧ ပွဲမှာ ၇ ပွဲ ပြဖူးတယ်၊ ဒါပေမဲ့ သူကတော့ သူဟာန်သက်သက်ပဲ၊ ဂျပန်ဟန်ပန် တချို့ ထွက်နေတယ်လည်း ပြောကြတယ်၊ သူက သူများ ဆွဲနေကျ ရှုထောင့်က မကဲ့ဘူး၊ အပေါ်ကတို့၊ တစောင်းတို့၊ သူ ယူချင်တဲ့ ပုံစံ ယူဆွဲတာ၊ စားပွဲတို့၊ ပီရိုတို့ ဆိုရင်လည်း အစွန်းတွေ၊ အပြတ်တွေနဲ့ ဓာတ်ပုံ ရိုက်သလို ပါလာ တတ်တာ၊ သူ နာမည်ကြီးခဲ့တဲ့ ၁၈၇၀ ကျော် နှစ်တွေမှာ ဓာတ်ပုံက အဲ သလောက် မထွန်းကားသေးတော့ ဓာတ်ပုံပညာရဲ့ သဘောတွေကို သူ့ ပန်းချီတွေမှာ တွေ့ရတတ်တယ် လို့လည်း ပြောတယ်၊ နေပါဦး၊ နင်က ဒါတွေ ဘယ်လိုလုပ် သိနေတာလဲ'

အာသာက ပခုံးတွန့်ပြသည်။

'သိပ် အသိကြီးတော့လည်း မဟုတ်ပါဘူး၊ ဒီလိုပဲ ကိုယ် အခင်ချင်ဆုံး မိန်းကလေးက အတ်စ်ခရက်တစ် ဖြစ်ချင်တယ်ဆိုတော့ ငါလည်း စကားပြောလို့ ရအောင် နည်းနည်းတော့ လေ့လာရတာပေါ့၊ မြန်မာမကလေးတွေ ပေါင်းရတာ လွယ်တာ မှတ်လို့'

စိမ်းဝေက မျက်စောင်းထိုး၍ အရှူးဟု တိုးတိုးပြောသည်။

ကိုကိုက လွဲလျှင် တခြား ယောကျ်ားကလေး တစ်ဦး၏ အရေးစိုက်မှုကို စိတ်ထဲက ကြည်နူးသလို ဖြစ်မိသည်ကတော့ ဒါ ပထမဦးဆုံးပဲဟု ထင်သည်။

၀

Dance Class (အကသင်တန်း) ပန်းချီကားထဲတွင် ဘဲလေး ကချေသည်များ အလယ်တွင် ထူးထူးဆန်းဆန်း ထည့်ဆွဲထားသော သင်တန်းဆရာ အဘိုးအို ဂျူးလ်စ်ပါရော့၏ ပုံကို တအံ့တသြ ငေးမောကြည့်နေရင်းက နောက်မှ တံခါးဖွင့်သံ ကြား၍ လှည့်ကြည့်လိုက်တော့ ဆင်းဒဝစ်ချ် ဘူးနှစ်ဘူး ကိုင်၍ ဝင်လာသော အာသာကို တွေ့ရသည်။

'နင် ဆာနေမှာ စိုးလို့၊ ငါလည်း ဘာမှ မချက်တတ်တာနဲ့ မျက်စောင်း ထိုးဆိုင်က ဆင်းဒဝစ်ချ် သွားဝယ်လာတာ၊ ကျူနာဆင်းဒဝစ်ချ် စားတယ် မဟုတ်လား'

စိမ်းဝေက ပြုံး၍ ခေါင်းညိတ်ပြရင်း လက်ထဲက ပရိုဂျက်တာရီမုတ် ခလုတ်ကို တစ်ချက် နှိပ်လိုက်သည်။

'နင် ပြောတော့ ဒီဂါးစ်က စားပွဲတွေ၊ ဗီရိုတွေကို တစ်ဝက်ပြတ်ကြီးတွေ



ထည့်ဆွဲတတ်တယ်ဆို၊ ဒီမှာ လူပုံပါ ရှေ့တစ်ခြမ်း ပြတ်နေပါလား'

စိမ်းဝေက ဆင်းဒဝစ်ချ်တစ်ကိုက် ကိုက်နေရင်းက သီးမတတ် ရယ်သည်။

'ထိုင်နေတဲ့ လူကြီးက မင်နက် တဲ့၊ နင် မင်နက်ကိုရော သိသလား'

အာသာ ခေါင်းညိတ်ပြသည်။

'အင်ပရက်ရှင်းနစ်စ်ပဲလေ၊ ဒီဂါးစ်ရဲ့ ဖြိုင်ဘက်ပေါ့၊ ဘာလဲ ဒီကားက မင်နက်ရဲ့ လက်ရာလား'

စိမ်းဝေက ခေါင်းခါသည်။

'ဒီဂါးစ်ပဲ ဆွဲတာပါ၊ ရှေ့က စန္ဒရားတီးနေတဲ့ မိန်းမက'

'နေပါဦး ဘယ်မှာလဲ စန္ဒရား'

'မပါဘူးလေ ပြတ်နေတာ အဲဒါ မင်နက်ရဲ့ မိန်းမ၊ ဒီဂါးစ်ဆွဲထားတဲ့ သူတို့ ပုံတူထဲက သူ့မိန်းမပုံ လက်ရာကို မကြိုက်လို့ဆိုပြီး မင်နက်က ဖြပစ်လိုက်တာ၊ ဒီဂါးစ်က တမင်ဖြတ်ဆွဲတာ မဟုတ်ဘူး'

အာသာက ရယ်သည်။

'ရှေးတုန်းက ပန်းချီဆရာကြီးတွေလည်း ကလေးစိတ် မကုန်သေးပဲတိုး ဒါပေမဲ့ ဒီပန်းချီကားကိုတော့ ဆက်ထိန်းသိမ်းထားကြတယ်ပေါ့'

'တန်ဖိုးကြီးပေါ့ဟာ၊ ဒီမှာ မရှိဘူး၊ ဒါ ဂျပန်က ပြတိုက်တစ်ခုမှာဘဲ ရှိတာ၊ နို့နင်က နင့်စာတွေလည်း ကျက်နေရတာ၊ ဒါတွေ ဘယ်အချိန် သွားလေ့လာနေလဲ'

'ပန်းချီ ပညာရှင်မလေး တစ်ယောက်အကြောင်း စဉ်းစားမိတဲ့ အချိန်တွေ ပေါ့ဟာ'

အာသာက မချိမချဉ် ပြောတော့၊ စိမ်းဝေက မျက်စောင်းထိုး၍ အရူးဟု ဒုတိယမ္ဘိ ပြောပြန်သည်။

အာသာက တဟားဟား ရယ်သည်။ ပြီးတော့မှ

'နင် နည်းနည်း စောင့်လိုက်ရင် ဒီ ပန်းချီတွေ အားလုံး ကွန်ပျူတာမှာ ကြည့်လို့ရတဲ့ ဆော့ဖ်ကော်ပီတွေ ထွက်လာမှာပဲ'

စိမ်းဝေ မျက်လုံး ပြူးသွားသည်။

'ကွန်ပျူတာမှာ ပန်းချီ ကြည့်လို့ရတယ် ဟုတ်လား'

'ဝင်းဒိုး မပေါ်ခင်ကတော့ ဘယ်ရမလဲဟ၊ အခု ဝင်းဒိုး ပေါ်လာတော့ ဒီဆလိုက် ပရိုဂျက်တာတွေ မကြာခင် ခေတ်တုံးတော့မယ် ထင်တယ်၊ မောက်စ်ကလေး တစ်ချက်နှိပ်ရင်ကြိုက်တာ ခေါ်ကြည့်လို့ရတဲ့ ခေတ် ရောက် တော့မှာ၊ နင့် အစ်ကိုကို ကွန်ပျူတာ ဝယ်ပေးဖို့သာ ပူဆာ'

www.burmeseclassic.com

www.burmeseclassic.com



ကိုကို။

ကိုကို့ အကြောင်း စဉ်းစားမိသည်နှင့် သူ့ဘေးမှာ ထိုင်နေသော အာသာ ရေငွေ့များလို လွင့်ပါး ပျောက်ကွယ်သွားသည်။

●

## မနှင်းဖွေး [ ၉ ]

ထုံးစံအတိုင်း ရဲဝင့်ကို အလုပ်စားပွဲပေါ် မှာ မှောက်လျက် အိပ်ပျော်နေသည်ကို တွေ့ရသဖြင့် မနှင်းဖွေးအသံ တတ်နိုင်သရွေ့ မမြည်အောင် ပတ်လျှောက်ပြီး မီးဖိုခန်းဘက်သို့ ဝင်သွား၍ ရေနွေးကျိုသည်။

ကော်ဖီ ဖျော်နေတုန်းမှာ ရဲဝင့် မျက်နှာသစ်သံကို ကြားရသည်။ မနှင်းဖွေးက သူ ဝယ်လာသော မုန့်ဟင်းခါးကို ပန်းကန်လုံး တစ်ခုထဲ ထည့်နေချိန်တွင်တော့ ရဲဝင့် မျက်နှာသုတ်ပဝါ အသေးကလေးတစ်ထည် ပခုံးမှာ တင်လျက်သား လာထိုင်သည်။

'ညဥ့်နက်အောင် အလုပ်လုပ်တာ ဘယ်နှည ရှိနေပြီလဲ၊ ဟိုတလော ကတင် ခေါင်းက အကြီးအကျယ် ကိုက်ထားသေးတာ၊ နားဦးမှပေါ့'

ရဲဝင့်က ရယ်ကျဲကျဲနှင့် ကော်ဖီပန်းကန်ကို ဆွဲယူသောက်သည်။

'ကိုရဲဝင့် ဘာလို့ ဒီလောက် ကြိုးစားနေတာလဲ ဟင်'

မနှင်းဖွေးက မေးရင်း ဝင်ထိုင်ပြီး သူ့အတွက် ကော်ဖီတစ်ခွက် ဖျော်သည်။ ရဲဝင့်က ခဏ စဉ်းစားနေပြီးမှ ဖြည်းဖြည်း ဖြေသည်။

'အမှန်အတိုင်း အတိုချုပ် တိတိကျကျ ဖြေရရင်'

'အင်း'

'မေ့သွားပြီလို့ ဖြေရမှာပဲ'

'ဟာ ကိုရဲဝင့်'

ရဲဝင့်က ရယ်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်၊ မပြည့်စုံတဲ့ ဘဝက လာလို့ ပြည့်စုံချင်လို့၊ မကြောင့်မကြနေချင်လို့ ကြိုးစားခဲ့တာတော့ အမှန်ပဲ၊ အခု သိပ်ကြီးမဟုတ်တောင် ကိုယ့်အထွာနဲ့ ကိုယ်တော့ ပြည့်စုံနေပြီ၊ ဖေဖေနဲ့ အန်တီခင်ကိုလည်း အလုပ်ကနားပြီး ငြိမ်းငြိမ်းချမ်းချမ်း နေနိုင်အောင် ထောက်ပံ့နိုင်ပြီ၊ စိမ်းဝေကို လည်း နိုင်ငံခြားမှာ ကျောင်းထားနိုင်ပြီ၊ အိမ်ပိုင်၊ ကားပိုင်ရုံလောက် အဆင့်လည်း ကျော်ခဲ့ပြီ၊ ဒါပေမဲ့ နှင်းလည်း တို့တွေနဲ့အတူ ရုန်းကန်ခဲ့တာ သိမှာပဲ၊ ဒီလို ကြိုးစားရင်းက ပြည့်စုံလာတာ ငွေကြေး၊ ပစ္စည်းဥစ္စာ တစ်ခုတည်းမှ မဟုတ်တာ၊ အတွေ့အကြုံတွေ၊ လုပ်ငန်းကျွမ်းကျင်မှုတွေ ရှေ့ကို တွက်တတ်တဲ့ အမြင်တွေ၊ ဒါတွေ စုမိလာတော့ ကိုယ်လုပ်တာ လေးတွေက အကောင်အထည် ပေါ်တာ များများ လာတယ်၊ မှန်းတာလေးတွေက မှန်မှန်လာတယ်၊ ကိုယ်တိုင် ဝင်လုပ်တာနဲ့ သူများ လုပ်ပေးတာ ထိုင်ကြီးကြပ်ရတာနဲ့ ရလဒ်လေးတွေ ကွာမှန်း သိသိလာတယ်၊ အဲဒါကို သိနေလျက်က ကိုယ်တိုင် ဝင်မလုပ်ဘဲ နေနိုင်ဖို့ဆိုတာ ခက်လာရော၊ အစက ကိုယ်က အလုပ်ကို လေ့လာရတာ၊ နောက်တော့ အလုပ်ကို ကိုယ်က ဇက်ကြိုးဆွဲတတ်သွားတယ်၊ ခုတော့အလုပ်က ကိုယ့်ကို ပြန်ဇက်ဆွဲသွားပြီ ပြောရတော့မှာပဲ၊ ထွက်ပြေးလည်း မလွတ်တော့ဘူး'

မနှင်းဖွေး သက်ပြင်းချသည်။

ရဲဝင့်ပြောတာ မှန်ပါသည်။ ကုမ္ပဏီ အောင်မြင်သည်နှင့်အမျှ မနှင်းဖွေးကိုပါ စာရင်းကိုင် အဆင့်မှ တဖြည်းဖြည်း တိုးပေးခဲ့ရာ ယခုဆိုလျှင် အစုဝင် အဆင့် ရောက်နေပြီ။ ကိုဟန်ပိုလည်း အိမ်ပိုင်၊ ကားပိုင် ခွဲနေ နေပြီ။ မနှင်းဖွေးလည်း ညီမလေး တစ်ယောက်ခေါ်၍ တိုက်ခန်းတစ်ခန်း ဝယ်၍ နေနေပြီ။

ကုမ္ပဏီမှာလည်း ဝန်ထမ်း များလာပြီ။ ဝန်ထမ်းတွေ၏ ဘဝက ဒီကုမ္ပဏီ၏ အောင်မြင်မှု အပေါ်မှာ တည်နေသည်။ ဒီကုမ္ပဏီ၏ အောင်မြင်မှုက ရဲဝင့် ဘယ်လောက် အလုပ် လုပ်သည်ဆိုသည့် အပေါ်မှာ တည်နေသည်။ ဒါကို ရဲဝင့်က သိနေသည်။ သိနေလျက်က ကြိုးစားမှု လျှော့ဖို့ဆိုတာ ရဲဝင့်လို လူအတွက် မလွယ်လှပါ။

'ကိုယ့် ကျန်းမာရေးတော့ ဂရုစိုက်မှပေါ့ ကိုရဲဝင့်ရယ်၊ ခုတလော ခေါင်းတွေလည်း ကိုက်ကိုက်နေတာ၊ မနားတာလည်း ကြာလှပြီ၊ ခရီးလေး ဘာလေး ထွက်ပါလား'



ရဲဝင့်က ရယ်သည်။

'ခရီးက အလုပ်နဲ့လည်း ထွက်နေတာပဲ၊ ဘာထူးဆန်းလို့လဲ'

ခဏ တွေဝေ စဉ်းစားနေသည်။ ပြီးတော့မှ

'ပြင်ဦးလွင် သွားရရင်တော့ ကောင်းမလားပဲ'

မနှင်းဖွေး မျက်လုံးပြူး သွားသည်။

'ပြင်ဦးလွင်မှာ ဘာရှိလို့လဲ'

ရဲဝင့်က ရယ်သည်။

'ဘာရှိရမလဲ နှင်း မိဘတွေ ရှိတာပေါ့၊ တို့က အလုပ် ဆက်လုပ်နေပြီး နှင်းကို ပြန်နားဦးလို့ ပြောရင် ပြန်မှာမှ မဟုတ်တာ၊ အဲဒီတော့ နှင်းပါ ခေါ်ပြီး သွားရ ကောင်းမလားလို့'

မနှင်းဖွေးရင်ထဲ နွေးခနဲ ဖြစ်သွားသည်။

ဟုတ်ပေါ့၊ အိမ်မပြန်တာ ကြာ၍ ပါပါနှင့် မာမာကလည်း မေးလှပြီ။

'ကောင်းသားပဲ ဘယ်တော့လောက် သွားမလဲ'

'ရှေ့ အပတ်ထဲ သွားမယ်လေ၊ ဟန်ပိုကြီး ထားခဲ့တာပေါ့'

'ထားပေါ့ ကွာ၊ ထားခဲ့ပေါ့၊ တစ်ပတ်လောက် ထားခဲ့လို့ကတော့ ဟန်ပိုတို့ မိန်းမ ယူပြီးသားသာမှတ်'

အသံဝါကြီးနှင့် ပြောပြောဆိုဆို ဟန်ပို ဝင်လာသည်။ ရဲဝင့်က ရယ်သည်။

'ပူမနေနဲ့ နှင်း၊ တစ်ပတ် မပြောနဲ့၊ တစ်လ ထားတာတောင် ဒီကောင့် ယူမယ့်သူ မတွေ့စေရဘူး'

ဟန်ပိုက အသံမထွက်ဘဲ ဆဲလေသည်။

၀

ရုက္ခဗေဒ ဉယျာဉ်ထဲတွင် နှင်းမှုန်မှုန် ကျနေသည်ကို ငေးကြည့်ရင်းက မနှင်းဖွေး ဝတ်ထားသော ဆွယ်တာ ရင်ကြယ်သီးတိုကို စေ့လိုက်သည်။ ပြီးတော့ ခုံတန်းကလေးတွင် ထိုင်၍ ရေကန်ဘက်ကို ငေးကြည့်နေသော ရဲဝင့်ကို လှည့်ကြည့်သည်။ ရဲဝင့်က မနှင်းဖွေးဘက်သို့ ပြန်လှည့်ကြည့်၍ ပြုံးပြသည်။

'နှင်း စိတ်ချမ်းသာတယ် မဟုတ်လား'

www.burmeseclassic.com

www.burmeseclassic.com



မျှော်လင့် မထားသော မေးခွန်းမို့ ကြောင်တက်တက်နှင့် မနှင်းဖွေး ခေါင်းညိတ်ပြမိသည်။ ပြီးမှ ပြန်မေးမိသည်။

'နှင်းကို စိတ်ချမ်းသာစေချင်လို့ ဆိုပြီး အလုပ်တွေကို ထားခဲ့တာပေါ့ လေ ဟုတ်လား'

ရဲဝင့်က တွံ့ဆိုင်းခြင်း မရှိဘဲ ခေါင်းညိတ်ပြသည်။

'အလုပ်ဆိုတာ အောင်မြင်ချင်လို့ လုပ်တာပဲ၊ အောင်မြင်တဲ့ဘဝ ဆိုတာကလည်း ကိုယ်ချစ်တဲ့သူတွေကို စိတ်ချမ်းသာအောင် ထားနိုင်တဲ့ဘဝ ကို ခေါ်တာလေ၊ အလုပ်တွေ ကြိုးစားလုပ်ပြီးမှ ကိုယ့်ဘေးက ကိုယ်ချစ်တဲ့ သူတွေကို စိတ်ချမ်းသာအောင် မထားနိုင်ရင် အစကတည်းက ဘာလို့ ကြိုးစား နေမှာလဲ'

ကိုယ်ချစ်တဲ့သူ ဆိုသည့် စကားကြောင့် မနှင်းဖွေး မျက်နှာကလေး နွေးခနဲ ဖြစ်သွားသည်။ နှင်းက ကိုရဲဝင့် ချစ်တဲ့ သူတွေထဲမှာ ပါတယ်ဆိုတော့ ဂုဏ်ယူရမှာပေါ့နော်ဟု ရယ်သွမ်း သွေးလိုက်သည်။

ရဲဝင့်က ရယ်သည်။

'နှင်းက တို့ကို အလုပ်တွေအကြောင်းပဲ သိတဲ့လူလို့ ထင်နေတာ မဟုတ်လား။ အမှန်က တို့ တော်တော် ချစ်တတ်ပါတယ်၊ ဖေဖေ့ကိုလည်း ချစ်တယ်၊ စိမ်းဝေကိုလည်း ချစ်တယ်၊ ဟန်ပိုကြီးလည်း ချစ်တာပဲ၊ အန်တီခင်ကိုတောင် နည်းနည်းတော့ ချစ်သေးတယ်၊ သူ့တူမ နှစ်ယောက်ပဲ မချစ်တာ'

မနှင်းဖွေးက လိုက်ရယ်သည်။ ပြီးတော့ ဆက်မေးသင့် မမေးသင့် စဉ်းစား နေသည်။ အဲဒါကို ရဲဝင့်က ရိပ်မိသွားသည်။

'နှင်း၊ ဘာလဲ ပြောလေ'

'ဟိုတာလေ စိမ်းဝေ အကြောင်း မေးမလို့'

ရဲဝင့်က ဆွေးဆွေးမြည့်မြည့်ဟန်ဖြင့် ပြုံးသည်။

'မေးပါ နှင်းရဲ့၊ စိမ်းဝေက တို့အားလုံးရဲ့ ညီမပဲဟာ'

မနှင်းဖွေး သက်ပြင်းချသည်။

'ကိုရဲဝင့်က စိမ်းဝေကို ဒီလောက် ချစ်တာ၊ ဘာလို့ လက်မထပ်ချင်ရတာလဲ'

ရဲဝင့်က အဲဒီမေးခွန်းကို မျှော်လင့်ထားပြီး ဖြစ်ဟန်နှင့် ပြုံးသည်။

'စောစောကစကားပဲ ပြန်ကောက် ရမှာပဲ၊ ဘဝမှာ အောင်မြင်ချင်တယ် ဆိုတာ ဘာကို ခေါ်တာလဲ ဆိုတာလေ၊ ချစ်တဲ့သူကို စိတ်ချမ်းသာ စေချင်တာ၊ ချစ်တဲ့သူကို စိတ်ချမ်းသာအောင် ထားနိုင်ရင် ကိုယ်လည်း စိတ်ချမ်းသာတယ်၊



အဲဒီအချိန်မှာ ဘဝကို အောင်နိုင်တဲ့ အရသာမျိုး ခံစားရတယ်၊ စိမ်းဝေကို တို့ချစ်တယ်ဆိုတာလည်း စိတ်ချမ်းသာစေချင်တာ၊ လက်မထပ်ချင်တာက တို့နဲ့ လက်ထပ်ဖို့ အခု သူ ဆုံးဖြတ်လိုက်ရင် ရေရှည်မှာ သူ စိတ်ချမ်းသာလိမ့်မယ်လို့ မသေချာလို့၊ ကိုယ်ချစ်တဲ့ သူတစ်ယောက် ကိုယ့်ဆုံးဖြတ်ချက် တစ်ခုကြောင့် ဘဝမှာ စိတ်မချမ်းမသာ ဖြစ်ရတာလောက် ကြီးမားတဲ့ ဆုံးရှုံးမှု ဘယ်ရှိနိုင်မှာတဲ့ လဲ၊ တို့ အဲဒီဆုံးရှုံးမှုကို မခံနိုင်ဘူး'

မနှင်းဖွေး မကျေနပ်နိုင်သေးပါ။

'စိမ်းဝေက မငြင်းဘူးဆို၊ စိမ်းဝေလည်း ကိုရဲဝင့်ကို ချစ်မှာပဲ၊ သေချာ တယ်၊ ဒါဆို ကိုရဲဝင့် ငြင်းလိုက်တာက စိမ်းဝေကို စိတ်ချမ်းသာအောင် လုပ် တာ ဖြစ်နိုင်ပါ့မလား'

ရဲဝင့် ခေါင်းခါသည်။

'၁၉ နှစ်က သိပ်ငယ်လွန်းသေးတယ်၊ တွေဝေနေတုန်း အရွယ်၊ ကိုယ့် ခံစားချက်ကို ကိုယ် တိတိပပ နားလည်နိုင်သေးတဲ့ အရွယ် မဟုတ်ဘူး၊ ၁၉ နှစ်သမီး စိမ်းဝေရဲ့ ဆုံးဖြတ်ချက်ကို အသက်အစိတ် အရွယ် စိမ်းဝေက သဘောတူချင်မှ တူနိုင်လိမ့်မယ်'

'တူနေရင်ရော'

ရဲဝင့်က လျှို့ဝှက်သိပ်သည်းစွာ ပြုံးသည်။

'တူနေရင် အဲဒီ အချိန်ကျမှ ဆုံးဖြတ်ရမှာပေါ့၊ အသက် အစိတ် အရွယ် ရဲဝင့်ရဲ့ ဆုံးဖြတ်ချက်နဲ့ အသက် သုံးဆယ်အရွယ် ရဲဝင့်ရဲ့ ဆုံးဖြတ်ချက်ကလည်း ရှိသေးတယ်၊ ဒါပေမဲ့ စကားအဖြစ်သာ ပြောရတာပါ၊ ရေခြား မြေခြား အတွေ့ အကြုံသစ်တွေကြားမှာ စိမ်းဝေက ပြောင်းလဲဦးမှာ ဆိုတာ တို့ သေသေချာချာ သိပါတယ်'

မနှင်းဖွေး ခေါင်းခါသည်။

'ကိုရဲဝင့်က နှလုံးသားရေး ကိစ္စကို အဆောက်အအုံ ဆောက်သလို တွက်ချက် ပြင်ဆင်နေတာကိုး၊ ခံစားချက်တွေကို ထည့်မစဉ်းစားတော့ဘူး လား၊ စိမ်းဝေကို ကိုရဲဝင့်က ညီမလေးလိုပဲ ချစ်တာလား၊ ချစ်သူလိုရော မချစ်ဘူးလား၊ အဲဒီ မေးခွန်းကိုရော ကိုယ့်ကိုယ်ကိုယ် မေးပြီးပြီလား'

ရဲဝင့်က ရေကန်ဘက် ပြန်လှည့်ကြည့်ရင်းက တိုးတိုး ဖြေသည်။

'နှင်းက အချစ်ဆိုတာ နှစ်မျိုးရှိတယ်လို့ တကယ် ယုံနေတာကိုး၊ တို့ အတွက်ကတော့ အချစ် တစ်မျိုးပဲ နားလည်တယ်၊ ညီမလေးလည်း ချစ်တာပဲ၊

www.burmeseclassic.com

www.burmeseclassic.com



ချစ်သူလည်း ချစ်တာပဲ၊ မိဘလည်း ချစ်တာပဲ၊ သူငယ်ချင်းလည်း ချစ်တာပဲ၊ ချစ်တဲ့သူအားလုံးကို စိတ်ချမ်းသာစေချင်တာပဲ ရှိတယ်၊ ဘဝ လက်တွဲဖော် အနေနဲ့ ရွေးဖို့ကျတော့ ဦးနှောက်က ပါသင့်၏၊ မသင့်၏ ဝင်စဉ်းစားတာ၊ ကျန်တာ အတူတူပဲ၊ လူတွေ ပြောနေတဲ့ ၁၅၀၀ တို့၊ အချစ်စစ် အချစ်မှန်တို့ အဲဒါတွေတို့ ဘယ်တုန်းကမှ နားမလည်ခဲ့ပါဘူး'

မနှင်းဖွေး ပါးစပ် အဟောင်းသား ဖြစ်သွားပါသည်။

●

## ရဲဝင့် [ ၁၁ ]

တကယ်တော့ ရဲဝင့် ခုတလော ညဥ့်နက်နက်နေသည်မှာ မနှင်းဖွေး ထင်သလို အဆောက်အအုံ အသစ်ကိစ္စများ လေ့လာနေတာ မဟုတ်ပါ။

အာသာခိုင်ဦးဆိုသည့် လူငယ် တစ်ယောက်နှင့် ပတ်သက်၍ နိုင်ငံခြားမှ မိတ်ဆွေ အဆက်အသွယ်များဆီမှ ရနိုင်သမျှသော အချက်အလက်တွေကို စုဆောင်း လေ့လာနေတာပါ။

ဟန်ပို ကတော့ နှာခေါင်း ရှုံ့သည်။

'သူတို့ တတွဲတွဲ ဖြစ်နေတာ မင်း သိနေတယ်လို့တော့ မင်း စိမ်းဝေကို သတိပေးသင့်တယ်၊ ဟေ့ကောင်'

ရဲဝင့်က စာရွက်ပုံကို ပြန်စီရင်းက မော့ကြည့်၍ ပြုံးသည်။

'အဲဒါ စိမ်းဝေရဲ့ ကိုယ်ပိုင် လွတ်လပ်ခွင့်လေ၊ ငါနဲ့ မဆိုင်ဘူး'

'ဆိုင်တယ်၊ စိမ်းဝေကို မင်း ကျောင်းထားပေးတာ၊ စိမ်းဝေ ပညာရေးထက် တခြား ကိစ္စကို ပိုစိတ်ဝင်စားသွားမှာကို မင်း ပူတတ်ရမယ်'

ရဲဝင့်က ရယ်သည်။

'တက္ကသိုလ်ကျောင်းသူ တက္ကသိုလ်တက်ရင်းနဲ့မှ အဲဒီကိစ္စ စိတ်မဝင်စားရင် ဘယ်အချိန် သွား စိတ်ဝင်စားမလဲ၊ မင်းတို့ ငါတို့ နှင်းတို့လို ဖြစ်သွားမှာပေါ့'

ဟန်ပိုက နဖူးကို လက်ဝါးနှင့် ရိုက်သည်။

'ဘုရားရေ၊ မင်းက သဘောတူနေတာလား'

'သဘောတူတယ်လည်း မရှိဘူး၊ မတူဘူးလည်း မရှိပါဘူး၊ ကလေ အချေနဲ့ တွေ့တာ၊ လူမျိုးခြားနဲ့ တွေ့တာထက်စာရင် တော်တယ် ပြောရမှာပဲ၊ အခုလောက်တော့လည်း ကောင်လေးက စိမ်းဝေကို တော်တော် တန်ဖိုးထားပုံ

www.burmeseclassic.com

www.burmeseclassic.com



ရပါတယ်၊ လေးလေးစားစား စောင့်ရှောက် ကူညီနေပုံပါပဲ'

ဟန်ပိုက ကျွတ်ခနဲ မြည်တမ်းသည်။

'မင်း ပြောနေတာ မင်းနဲ့ လက်ထပ်ဖို့ လူကြီးတွေက သိပ်သဘောတူနေတဲ့၊ ပြီးတော့ မင်းကလည်း သိပ်ချစ် သိပ်တန်ဖိုးထားတဲ့ မိန်းကလေး အကြောင်းနော် ဟော့ကောင်'

ရဲဝင့်က ပခုံးတွန့်ပြသည်။

'ငါ စိတ်ဝင်စားတာက သူ စိတ်ချမ်းသာရေးပဲ၊ သူ ဘယ်သူနဲ့ တွေ့တွေ့ အဲဒီလူကြောင့် သူ စိတ်ချမ်းသာရမယ်ဆိုရင် ငါ ကြည်ဖြူတယ်'

'မချမ်းသာရင်ရော'

'မချမ်းသာရင် အဲဒီ မချမ်းသာတဲ့ နေ့မှာ သူ နောက်ဆုတ်လို့ရတယ်'

ဟန်ပို ခေါင်းခါသည်။

'နောင်တဆိုတာ အချိန်မီတဲ့အခါ ရှိသလို အချိန်မမီတဲ့အခါ ရှိတယ်၊ အမှားဆိုတာ ပြင်ဆင်ခွင့် ရှိတဲ့ အခါရှိတယ်၊ ပြင်ဆင်ခွင့် မရှိတဲ့ အခါ ရှိတယ်'

'သူ့အတွက် မဟုတ်ဘူး'

ဟန်ပို မျက်လုံးပြူးပြသည်။

'ဘာဖြစ်လို့လဲ'

'စိမ်းဝေမှာ နောက်ကျသွားတဲ့ နောင်တဆိုတာ မရှိဘူး။ ပြင်ဆင်ခွင့် မရှိတဲ့ အမှားဆိုတာ မရှိဘူး၊ သူ့ နောက်မှာ ငါအမြဲ ရှိတယ်'

ဟန်ပို စိတ်ပျက်လက်ပျက် ခေါင်းခါသည်။

'ငါ အဲသလောက် တန်ဖိုးထားတဲ့ မိန်းကလေးဆို ငါဘယ်သူ့ရင်ခွင်ထဲက မဆို ငါလုယူမှာပဲ'

ရဲဝင့်က ရယ်သည်။

'မင်းက မင်း။ ငါက ငါလေကွာ'

○

မနှင်းဖွေးက တယ်လီဖုန်းကို ပြန်ချပြီး ရဲဝင့်ဘက်သို့ မျက်စိပျက် မျက်နှာပျက်နှင့် လှည့်ကြည့်သည်။

'ခုထိ တစ်ခန်းမှ မထွက်သေးဘူးတဲ့'

ရဲဝင့်က ပြုံး၍ ခေါင်းညိတ်ပြသည်။



'ရှိဆက်ရှင်လေ၊ တို့ပြောဖူးသားပဲ၊ တစ်နေ့နေ့မှာ ဈေးကွက်က ဆက်ကျူရိတ်တစ် ဖြစ်မှာပဲ၊ အရောင်းတွေ ရပ်ကုန်လိမ့်မယ်၊ ရှိတာ ထုခွဲ စားသောက်ရလိမ့်မယ်လို့၊ ဘယ်လောက် ကြာမလဲ၊ အလွန်ဆုံး သုံးနှစ်ပေါ့၊ တခြား လုပ်ငန်းကလေးတွေလည်း စထားတာပဲ၊ တို့တွေ ခံနိုင်မှာပါ'

ခြေသံကြား၍ လှည့်ကြည့်တော့ စိမ်းဝေ၏ အစ်မဝမ်းကွဲ နှစ်ဦး။

'ဘာလဲ'

'ဆင်ဖြူကျွန်း ခဏပြန်ချင်လို့ တစ်ပတ်လောက် ခွင့်ပေးပါတဲ့'

နောက်က ပါလာသော ဟန်ပိုက ဝင်ပြောသည်။

'သွားလေ'

'လခလည်း ကြိုထုတ်သွားချင်တယ်၊ သုံးစရာ ရှိလို့တဲ့'

ရဲဝင့်က ခပ်ထွေထွေ ပြုံးသည်။

'ယူသွားလေ'

ကျေးဇူးပဲ ကိုရဲဝင့်ဟုပြော၍ အချင်းချင်း လက်မထောင်ပြပြီး စားပွဲတွေ ရှိရာကို ပြန်ပြေးသွားသော ညီအစ်မ နှစ်ယောက်ကို ကြည့်၍ ရဲဝင့် ပြုံးပြီး ခေါင်းခါမိသည်။

'စိမ်းဝေက ဒီကျောင်းပိတ် လာမှာလား'

မနှင်းဖွေးက မေးတော့ ရဲဝင့်ပြုံး၍ ခေါင်းညိတ်ပြသည်။

'မနှစ်ကတော့ ပထမနှစ် ဆိုတော့ နေသားကျအောင် နေလိုက်ပါလို့ တို့ပဲ ပြောလိုက်တာပါ၊ ဒီနှစ်တော့ လာလိမ့်မယ်၊ ဖေဖေနဲ့ အန်တီခင်တောင် ရန်ကုန် ဆင်းလာလိမ့်မယ်'

'ဒါကြောင့် ဘော့စ် ဒီနေ့ သဘောကောင်း နေတာကိုး'

ဟန်ပိုက ဝင်ထေ့တော့ ရဲဝင့် ရယ်သည်။

'မရှိစေချင်လို့ပါကွာ၊ စိမ်းဝေ ရောက်နေတုန်း သူတို့ရှိနေရင် သူတို့ အကြောင်း စိမ်းဝေကို ပြောမိလိမ့်မယ်၊ စိမ်းဝေ ခဏလာတုန်း စိတ်မညစ်စေ ချင်ဘူး'

ဟန်ပိုက အစာနင်သွားသည့် အမူအရာလုပ်ပြတော့ မနှင်းဖွေးက လိုက် ရယ်မိသည်။

●

www.burmeseclassic.com

www.burmeseclassic.com

## မနှင်းဖွေး [ ၁၀ ]

စိတ်၏ ခံစားချက်တို့ကို စိတ်ကသာ ပြန်၍ လျစ်လျူ ရှုချင်ရှုနိုင်မည်။ ကိုယ်ခန္ဓာ အပြုအမူ၊ လှုပ်ရှားမှုတို့က လျစ်လျူရှု နိုင်ဟန်မတူ။

စိမ်းဝေကလေးနှင့် ပတ်သက်လာလျှင် ကိုရဲဝင့် တော်တော် သွေးအေး သည်ဟု မနှင်းဖွေး အမြဲ ယူဆခဲ့သည်။ စိမ်းဝေ အကြောင်း ပြောနေစဉ်တွေ မှာပင် ဘာခံစားချက်မှ မပါသော လေသံ အေးအေးနှင့်ပဲ ပြောနေကျ။

သည်နေ့တော့ တစ်နေ့လုံး ရဲဝင့် ဂနာမငြိမ် ဖြစ်နေသည်။ ထိုင်လိုက်၊ ထလိုက်၊ ရေသွား သောက်လိုက်၊ ဖုန်းကို မလိုက်၊ ပြန်ချလိုက်။

အလုပ်အကြောင်း သွားပြောရင်လည်း ခေါင်းတွေပဲ ညိတ်ပြနေသည်။ ဘာအဖြေမှ မပေး။

သေချာပါပြီ။ သည်နေ့ စိမ်းဝေ ရောက်ရမည့်နေ့ပါပဲ။

○

စိမ်းဝေ ၂၁ နှစ် ပြည့်တော့မည်။

၁၄ နှစ် သမီးအရွယ် ကတည်းက ထင်းနေအောင် လှသော မိန်းကလေး အရွယ်လည်း ရောက်လာပြီ။ မြို့ကြီးမှာသာမက နိုင်ငံကြီးမှာပါ ကျင်လည် ခဲ့ပြီမို့ ရုပ်ရည်ရော၊ ကိုယ်ဟန် အမူအရာတို့ရော အစွမ်းကုန် အရွယ်ရောက် နေကြတော့လိမ့်မည်။

၂ နှစ် လုံးလုံး မတွေ့ခဲ့ရသည့် ညီမလေး။



ညီမလည်း ချစ်တာပါပဲ။ ချစ်သူလည်း ချစ်တာပါပဲ။ အချစ်မှာ နှစ်မျိုး နှစ်စား ရှိတယ်လို့ မသိပါဘူး။ စိတ်ချမ်းသာစေချင်တာပဲ ရှိတာပါဟု ရဲဝင့် လေးလေးမြတ်မြတ် ပြောခဲ့သော မိန်းကလေး။

အဲသည် မိန်းကလေးက သည်နေ့ ညနေ ရောက်မည်တဲ့။

ရဲဝင့် ဂနာမငြိမ် ဖြစ်နေတာ အဆိုးမဆိုသာ။ အန်တီခင် ပင်လျှင် အပေါ်ထပ်ကနေ အောက်ဆင်းလာလိုက်၊ ရေတစ်ခွက် ငှဲ့သောက်ပြီး ပြန်တက် သွားလိုက်။ အပေါ်မှာလည်း ရေခဲသေတ္တာ တစ်လုံး ရှိသည်ဆိုတာကို မသိ၍ တော့ ဟုတ်မည် မထင်။

'ကိုရဲဝင့်'

'စောသေးတယ် နှင်းရဲ့၊ လေယာဉ်က ၆ နာရီကျော်မှ ဆိုက်မှာ'

မနှင်းဖွေး သတင်းစာ ကိုင်လျက်က ပါးစပ် အဟောင်းသား ဖြစ်သွားပြီး ဟန်ပိုက ခွက်ထိုးခွက်လန် ရယ်တော့မှ ရဲဝင့် ကြောင်တက်တက်နှင့် လှည့် ကြည့်သည်။

'ဒီမှာ ကြော်ငြာပြမလို့'

သည်တော့မှ ရဲဝင့် ရှက်ရယ် ရယ်၍ မနှင်းဖွေးပြသော သတင်းစာ ကြော်ငြာကို ငုံ့ကြည့်၍ ကိုကြင်တို့အုပ်စု အဆောက်အအုံ ကြော်ငြာတာ မဟုတ်လား။ ဘာဖြစ်လို့လဲဟု မေးသည်။

'ထူးခြားလို့လေ၊ ကြို့ပ္ပိုင့်တော့ ခေါ်တယ်၊ ဒါပေမဲ့ သတ်မှတ်ရက်မှာ မအပ်နိုင်ရင် တစ်ရက်ကို ငွေ ဘယ်လောက်နှုန်းနဲ့ လျော့မယ်ဆိုတာ ပါတယ်၊ ကြို့ပ္ပိုင့်ကုမ္ပဏီတွေ အကုန် ကပ်ဆိုက်နေတာ၊ ဒီနည်းကလေးကများမတ်နိုင် မလားလို့'

ရဲဝင့်က ပြုံး၍ ခေါင်းခါသည်။

'ဝယ်တဲ့လူက အခန်းလိုချင်တာ၊ ငွေတိုးလိုချင်တာမှ မဟုတ်တာ၊ လျော်ရပြီ ဆိုကတည်းက ငွေတင်ဆုံးရှုံးရတာမှ မဟုတ်တာ၊ နာမည်လည်း ဆုံးရှုံးသွားတာ၊ နာမည်မှ သူတို့ နာမည်တင် ဆုံးရှုံးတာ မဟုတ်ဘူး၊ ဒီမှာရှိတဲ့ ဆောက်လုပ် ရေး ကုမ္ပဏီတွေ အားလုံးရော နာမည်ပျက်တာ၊ တို့တော့ မကြိုက်ပါဘူး၊ ကြို့ပ္ပိုင် အေးနေရင် ရှိတဲ့ငွေနဲ့ နိုင်တဲ့ ခွင်ပဲကိုင်မယ်၊ ပြီးတာပဲ ရောင်းမယ်'

'ဘိုဆန်တာပေါ့'

ဟန်ပိုက ခနဲ့တဲ့တဲ့ လှမ်းစတော့ ရဲဝင့်က မျက်စောင်း ထိုးသည်။

'ဘာ ဘိုဆန်တာလဲ၊ မင်းက'

www.burmeseclassic.com

www.burmeseclassic.com



'အင်္ဂလိပ်ဆန်တာလေ၊ မင်းပဲ ပြောပြောနေတယ်၊ အင်္ဂလိပ်တွေ သိပ်ရှေးဆန်တယ်။ အိမ်အိုကြီးတွေတောင် ပြင်ဆင်ချင်ရင် အထဲကပဲ ပြင်ဆင်ပြီး အပြင်မျက်နှာတွေ ဒီအတိုင်း ထားကြတယ် ဆိုတာလေ၊ မင်းလည်း ရှေးထုံးပဲ အမြဲလုပ်တာဆိုတော့ ဘိုဆန်တာပေါ့'

ရဲဝင့်က ပခုံးတွန့်ပြသည်။

'ကောင်းတာ တွေ့ရင်တော့ အင်္ဂလိပ်မှ မဟုတ်ဘူး၊ တရုတ်၊ ကုလားလည်း အတုယူသင့် ယူရမှာပဲ၊ အင်္ဂလိပ်တွေက အဲဒီလို ကွန်ဗင်ရှင်းနယ်ဖြစ်လို့ ကမ္ဘာတစ်ခုလုံး စနစ်တကျ သိမ်းယူနိုင်ခဲ့တာ မမေ့နဲ့'

ဟန်ပိုက ခေါင်း တဆတ်ဆတ် ညိတ်၍ အခုတလော ယူကေကို အကောင်းချည်း ပြောတာကွာ။ စိတ်နဲ့ ဘယ်နှခေါက် သွားလည်နေလဲ မသိဘူးဟု ခနဲ့သည်။

ရဲဝင့်က နာရီကို ငုံ့ကြည့်၍ ဟုတ်ပါရဲ့၊ စောသွားလိုက်တာ ကောင်းပါတယ်ဟု ပြောပြီး နေရာမှထတော့ မနှင်းဖွေးနှင့် ဟန်ပို ပခုံးကိုယ်စီ တွန့်မိကြပါသည်။

ဝ

ဟုတ်ပါရဲ့။

လှလိုက်တာ။

အကောက်ခွန် စစ်ဆေးရေး ဂိတ်မှ ထွက်လာသော စိမ်းဝေမှာ မနှင်းဖွေး တွေ့ထားမိသည်ထက်ပင် အများကြီး ပိုလှနေသည်။

မြေ့ မညို့ အတိအကျ ညီညာစွာ လတ်နေသော အသား ညိုညို စိုစိုကလေးကတော့ အဖြူဘက်ကို တော်တော် လှနေပြီ။ အင်းလေ ယူကေမှာ နှစ်နှစ်တောင် နေမှတော့ အဲသလောက်တော့ ရှိရောပေါ့။

ဆံပင်ရှည်ကလေးတွေက သည်အတိုင်း ညီညာစွာ ဖြန့်ကြဲချ ထားသည်။ လူက ပိန်လည်း မသွား၊ ဝလည်း မလာ။ သိသာတာကတော့ ပို အရွယ်ရောက်လာသည်။ အလှစုံလာသည်။ ထို အလှစုံနေသော ကိုယ်ကလေးပေါ်မှာ ထူးထူးခြားခြား ရင်ဖုံး အကျီတစ်စုံနှင့် ဇင်းမယ်လုံချည် တစ်ထည်ကို မြန်မာဆန်ဆန် သပ်သပ်ရပ်ရပ် ဝတ်စားပြီး ရှမ်းလွယ်အိတ် ကလေးပါ လွယ်ထားလိုက်သေးသည်။

အလှဆုံးကတော့ အပြုံးကလေးပါပဲ။

ငယ်ငယ်တုန်းက အတိုင်း။



ကလေး သူငယ်ကလေး တစ်ယောက်၏ ဟန်ဆောင်မှု ကင်းမဲ့သော အားပါးတရ အပြုံး။

ထို အပြုံးနှင့် သူ့ အမေ ဒေါ်ခင်ခင်ဆီကို အရင်ဆုံး အားပါးတရ ပြေးဝင်သွားပြီး ဒေါ်ခင်ခင်ကို တင်းတင်းကျပ်ကျပ် ဖက်ထားသည်။ ဒေါ်ခင်ခင်ကတော့ မျက်ရည်ပါ စို့သည်။

'သမီးလေး၊ နေကောင်းရဲ့လား သမီးရယ်'

စိမ်းဝေက လူချင်း ခွာ၍ အားရပါးရ ရယ်သည်။

'ကောင်းလို့ ၁၂ နာရီကြာတဲ့ ခရီးကြီး လာတာပေါ့ မေမေရဲ့၊ ဖေဖေနဲ့ မေမေရော နေကောင်းရဲ့လား'

ဦးအောင်ဝင့်နှင့် ဒေါ်ခင်ခင် ခေါင်းသာ ညိတ်ပြနိုင်ကြသည်။

စိမ်းဝေက ဘေးမှာ ကြောင်တက်တက် ရပ်နေသော ရဲဝင့်ကို လှည့်ကြည့်၍ နှမ်းလျှလျှ ပြုံးပြသည်။

'ကိုကို့ကို တစ်ချိန်လုံး သတိရနေတာ၊ သိလား'

ရဲဝင့် အာစေးမိသွားသည်။ ဘာပြန် ပြောရမှန်း မသိ။

ကြားထဲက မနှင်းဖွေးက အလိုက်တသိ ဝင်ပြောရသည်။

'စိမ်းဝေ ကိုကို ကတော့ လာမယ်ကြားကတည်းက အလုပ် အကြောင်းတောင် ဘာမှ ပြောလို့ မရတော့ဘူး'

စိမ်းဝေက ချမ်းမြေ့စွာရယ်၍ မနှင်းဖွေးနှင့် ဟန်ပိုကို နှုတ်ဆက်သည်။

'မမနှင်းနဲ့ အစ်ကိုဟန်ပိုလည်း ဒီအတိုင်းပဲ၊ မပြောင်းလဲဘူး'

'စိမ်းဝေကတော့ ပြောင်းလဲတယ်၊ အများကြီး ထပ်လှသွားပြီ၊ အဲဒါကို သိရဲ့လား'

မနှင်းဖွေးကပြောတော့ စိမ်းဝေက ရယ်သည်။

'ယောကျ်ားလေးထဲ ကပဲ အဲသလို ပြောတဲ့လူ ရှိတော့ မယုံဘူး၊ မမနှင်းလောက်လှတဲ့ မိန်းကလေးက ပြောတော့ ယုံလိုက်တော့မယ်'

ရဲဝင့်က အခုမှ အသက်ဝင်လာဟန်နှင့် မေးသည်။

'စိမ်းဝေ မြန်မာ အဝတ်အစားအသစ်တွေ ဘယ်က ရလာသလဲ'

စိမ်းဝေက ကိုယ့်ကိုယ်ကိုယ် ငုံ့ကြည့်၍ ရှက်ကိုးရှက်ကန်း ရယ်သည်။

'ဘန်ကောက် ထရန်စစ်မှာ ဝယ်ပြီး ရေချိုးခန်းထဲ တစ်ခါတည်း ဝင်လဲလာတာ၊ စိမ်းဝေနဲ့ တော်တယ် မဟုတ်လား'

www.burmeseclassic.com

www.burmeseclassic.com



ရဲဝင့်က ပြုံးသည်။

'တော်ပါတယ်၊ ဒီကျလည်း ဝယ်လို့ရတာ ဘာလို့ ချက်ချင်း မြန်မာမလေး လုပ်ချင်စိတ် ပေါက်သွားရတာလဲ'

'ဟိုကောင်လေ'

စိမ်းဝေက နောက်ကို မေးငေါ့ပြတော့မှ နောက်မှ တီရှပ်နှင့် ဂျင်းဘောင်းဘီ ဝတ်ထားပြီး အရပ်ရှည်၊ အသားဖြူသော်လည်း အရှေ့တိုင်းသားမှန်း သိသာသည့် လူငယ်တစ်ဦး ချဉ်းကပ်လာတာ တွေ့မိကြတော့သည်။

'ဒီကောင်က နင် မြန်မာလို မဝတ်တတ်တော့ဘူး မဟုတ်လားလို့ စိန်ခေါ်တာနဲ့ ငါ မြန်မာမလေး၊ မြန်မာ အဝတ်အစားကို တခြားဝတ်စုံ အားလုံးထက် ပို ကျွမ်းကျင်တယ်၊ အခု ငါဝတ်လို့ တော်ရင် နင် ရှင်းမလား၊ လောင်းကြေးလို့ ပြောလိုက်တာ၊ သူ ရှင်းလိုက်ရရော'

သူစိမ်း ယောကျ်ားကလေး တစ်ယောက်ကို သည်မျှ ရင်းရင်းနှီးနှီး ပြောနေသော စိမ်းဝေကို အားလုံးက အံ့သြနေကြသည်။ မနှင်းဖွေးကတော့ စိမ်းဝေထက် တစ်ဦးတည်းသော အံ့သြဟန်မပြဘဲ ပြုံးပြနေသော ရဲဝင့်ကို ပို၍ အံ့သြနေမိသည်။

'ကိုကို၊ ဒါ အာသာခိုင်ဦးတဲ့၊ အာသာ့မိဘတွေက ယူကေမှာ နေတဲ့ မြန်မာလူမျိုးတွေ၊ အာသာလည်း ဒီက အဘိုးအဘွားဆီ မရောက်တာကြာလို့ စိမ်းဝေနဲ့ ချိန်းပြီး အတူတူ လာတာ၊ သူလည်း ကင်းဘရစ်ချ်မှာပဲ အင်ဂျင်နီယာရင်း တက်နေတယ်၊ စိမ်းဝေကို အစစ ကူညီနေတဲ့ သူငယ်ချင်းပေါ့'

'ကျေးဇူးတင်တယ်နော် ညီလေး'

ရဲဝင့်က တည်ငြိမ်စွာပြုံး၍ လက်ကမ်းပေးသည်။ အာသာက အားပါးတရ ပြုံး၍ လက်ဆွဲ နှုတ်ဆက်သည်။

'မနေလို့ဘူး အစ်ကိုရာ၊ စိမ်းဝေက အစ်ကို့ အကြောင်းကို ကျွန်တော့်ကို နေ့တိုင်းနီးနီး ပြောတာ၊ ကျွန်တော့် အကြောင်းတော့ အစ်ကို့ကို ခုမှ ပြောတာ ဆိုတော့၊ စိမ်းဝေ နင် သူငယ်ချင်းထက် အစ်ကို့ကို အများကြီး ပိုချစ်တာတော့ သေချာပြီ'

စိမ်းဝေက အာသာ့ကို မျက်စောင်းထိုးရင်းက ရဲဝင့် လက်မောင်းတစ်ဖက်ကို သူ့လက်နှစ်ဖက်နှင့် ပွေ့ဖက်လိုက်သည်။

'ပိုချစ်စရာလား၊ နင့်ကို ငါ့ အစ်ကိုထက်'

မနှင်းဖွေးနှင့် ဟန်ပို တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်မိကြသည်။



ရဲဝင့်ကတော့ အမူအရာမပျက် ခပ်အေးအေးပင် မေးသည်။

'ညီလေး ရန်ကုန်မှာ တည်းစရာရှိလား၊ အစ်ကိုတို့ဆီမှာ တည်းချင်လည်း ဝဲလ်ကမ်းနော်'

သည်တစ်ခါတော့ စိမ်းဝေရော၊ အာသာပါ အံ့အားသင့်သွားကြသည်။

'ကျွန်တော့် အဘိုးအဘွားက မန္တလေးမှာ၊ ရန်ကုန်မှာတော့ ဟိုတယ်ပဲ တည်းမလို့ လုပ်ထားတာ၊ အစ်ကိုက ဘယ်လိုလုပ် သိသလဲ၊

ရဲဝင့်မျက်နှာ တစ်မျိုး ဖြစ်သွားသည်။

'ကြိုတဲ့လူ မတွေ့လို့ပါကွာ၊ ဘာမှ အားမနာနဲ့၊ စိမ်းဝေ သူငယ်ချင်းကို ခေါ်လေ၊ ကိုကိုတို့ အခု အလုပ်ခန်း အပေါ်ထပ် နေတဲ့ နေရာက အကျယ်ကြီးပဲ'

စိမ်းဝေက ခေါင်းခါသည်။

'နေပါစေ၊ အာသာ ဟိုတယ်ပဲ သွားဟာ၊ ညကျ ငါနဲ့ကိုကို စကားတွေ ဝအောင် ပြောချင်သေးတယ်'

'သမီး ညှို့သည်ကို အဲသလို မပြောရဘူးလေ'

ဒေါ်ခင်ခင်က ဝင်ဟန့်သော်လည်း အာသာက လက်ကာပြ၍ 'ရတယ် အန်တီ၊ သူနဲ့ကျွန်တော်က အဲသလိုပဲ တည့်တိုး ပြောနေကျ၊ သူ အဲ့သလို တည့်တိုး ပြောလို့ရတဲ့ သူငယ်ချင်း ဖြစ်ရတာကိုပဲ ကျွန်တော်က ကျေနပ်နေတာ' ဟု ဖြေသည်။

ရဲဝင့်မျက်နှာ အထားရခက်ဟန် ပေါ်သွားသည်။

မနှင်းဖွေးကတော့ ပွင့်လင်း ရိုးသားဟန်ရှိသော အာသာခိုင်ဦးကို သဘောကျ မိသော်လည်း အာသာခိုင်ဦး၏ စကားများအရ စိမ်းဝေ အပေါ်ထားသော သူ့သဘောထားကို ဝန်ခံပြီးသလို ဖြစ်နေခြင်းအတွက်တော့ ရင်လေး နေမိသည်။

●

www.burmeseclassic.com

www.burmeseclassic.com

## စိမ်းဝေ [ ၁၀ ]

အပေါ်ထပ် ဝရန်တာတံခါးကို ဖွင့်လိုက်သည်နှင့် စိမ်းဝေ ပါးစပ် အဟောင်းသား ဖြစ်သွားသည်။

ဝရန်တာတွင် ကြည့်မြင်တိုင် အိမ်မှာ ကိုကိုနှင့် စိမ်းဝေ အတူတူ ထိုင်နေကျ ဒန်းကလေးက အခန့်သား ရှိနေပါသည်။

နေပါဦး။ ဟိုဒန်းက ငှားတဲ့ အိမ်ရှင်ပိုင်တဲ့ ဒန်းပဲ။ ကိုကို ယူလာမှာတော့ မဟုတ်ပါဘူး။ ပုံတူ ဒန်း တစ်ခု ထပ်ဝယ်ပြီး အရောင်တူ သုတ်ထားတာပဲ နေမှာ။

ဝရန်တာသို့ ဖိနပ်ပင် မစီးဘဲ ဆင်းလာခဲ့ပြီး ဒန်းနား သွားကြည့်လိုက်တော့ သူ့ အထင်မှားကြောင်း စိမ်းဝေ သိလိုက်ရသည်။

ဒန်း၏ နောက်မှီတွင် အင်္ဂလိပ် စာကြောင်းကလေး တစ်ကြောင်း ရှိနေသည်။

' If you are sad and lonely, stay with me' တဲ့။

'ဝမ်းနည်းပြီး အထီးကျန် နေတယ်ဆိုရင် ငါနဲ့နေပါ' ဟု အဓိပ္ပာယ်ရသော စာကြောင်းကလေး။ ညတိုင်း ဒန်းပေါ်မှာ ထိုင်ပြီး အလုပ် လုပ်နေတတ်သော ကိုကို့ကို ကျီစယ်လိုသဖြင့် စိမ်းဝေကိုယ်တိုင် စိမ်းဝေ လက်ရေးဖြင့် ရေးခဲ့တာ ဖြစ်သည်။

စိမ်းဝေ ဒန်းပေါ်မှာထိုင်၍ စာသားကလေးတွေကို လက်ချောင်းကလေး တွေနှင့် ထိတို့ ကြည့်မိသည်။

တကယ်ပဲ ဝမ်းနည်းပြီး အထီးကျန်နေပြီလား ကိုကိုရယ်။ အဲဒါဆို မနှစ်က စိမ်းဝေ ပြန်မလာတော့ဘူးလို့ ပြောတုန်းက ဘာလို့ ကောင်းသားပဲလို့



အေးအေးလေး ပြောနိုင်ခဲ့ရတာလဲ။

'စိမ်းဝေ'

ရုတ်တရက် ရဲဝင့် အသံ ပေါ်လာသဖြင့် စိမ်းဝေ လှည့်ကြည့်မိသည်။ ရဲဝင့်က ဝရန်တာ အထွက်တံခါးလေးမှာ ရပ်လျက်က လှမ်းခေါ်နေခြင်း ဖြစ်သည်။

'ရှင် ကိုကို'

'အထဲမှာ အဲယားကွန်း ဖွင့်ပေးထားတယ်လေ၊ အထဲမှာ နေပါလား၊ စိမ်းဝေက အရမ်းအေးတဲ့ နေရာက ရုတ်တရက် ရောက်လာတာ၊ အပူမခံနိုင်မှာ စိုးလို့'

စိမ်းဝေက ချမ်းမြေ့စွာ ပြုံး၍ ခေါင်းခါသည်။

စိမ်းဝေ မြန်မာမကလေးပါ ကိုကို။ ပြီးတော့ ဖေဖေ မေမေနဲ့ ကိုကို့ မေတ္တာရိပ်အောက်ကို ရောက်လာတာ။ အစစ အေးမြပြီးသားပါဟု စိတ်ထဲက ပြောမိသည်။

'ဒန်းကလေးက ကိုကို ဝယ်လာခဲ့တာလား'

ရဲဝင့်က အခုမှ ဒန်းကို သတိထားမိဟန်နှင့် လှမ်းကြည့်ပြီး ခေါင်းခါသည်။

'အိမ်ရှင်က လက်ဆောင် ပေးလိုက်တာပါ'

စိမ်းဝေ နှုတ်ခမ်းကလေး စူတူတူ ဖြစ်သွားသည်။ သို့သော် ရဲဝင့်က ပြုံး၍ ဆက်ပြောသည်။

'ကိုကိုက သွားဝယ်လို့လေ'

ကဲ ကြည့်။ စိမ်းဝေ ပြန်ကျေနပ်သွားသည်။

○

'ပူလိုက်တာဟာ၊ နင် မပူဘူးလား'

ဟမ်ဘာဂါဆိုင်ထဲတွင် အေးစက်နေအောင် ဖွင့်ထားသောလေအေးစက်ကိုမှ အားမနာ။ အာသာခိုင်ဦးက အင်္ကျီကုပ်ကို တဖျပ်ဖျပ် ခါရင်းက ညည်းတွားသည်။

သူ အပို ပြောနေတာတော့ မဟုတ်။ သူ့နဖူး တစ်ခုလုံး ချွေးသီး ချွေးပေါက်တွေနှင့် ဖြစ်နေသည်။ စိမ်းဝေက သူ့ကို ကြည့်၍ ရယ်သည်။

www.burmeseclassic.com

www.burmeseclassic.com



'မြန်မာလူမျိုး၊ ယူကေမှာကြီးရင် ပူတာရော၊ အေးတာရော ခံနိုင်ရမှာပေါ့ဟ၊ နင်ကလည်း ရှုံ့မဲ့ မနေစမ်းပါနဲ့'

အာသာခိုင်ဦးက ပြုံးဖြီးဖြီး လုပ်ပြသည်။

'အဲဒီ့စကားက နင့်အတွက်ပဲ မှန်မှာပါဟာ၊ နင်ကတော့ ပူလည်းလှ၊ အေးလည်းလှ'

ရင်ဖုံး အင်္ကျီ၊ ချည်လုံချည် ကလေးနှင့် သပ်သပ်ရပ်ရပ်ကလေး လှနေသော စိမ်းဝေကို စိုက်ကြည့်၍ ပြောတော့ စိမ်းဝေက မျက်စောင်း ထိုးသည်။

'မြန်မာပြည်ကျရင် ပြောပုံ၊ ဆိုပုံတွေ ဆင်ခြင်ဖို့ ငါပြောထားတယ်နော် အာသာ'

အာသာက တဟားဟား ရယ်သည်။

'လှလို့လှတယ်လို့ ပြောတာများဟာ၊ ဘာဖြစ်လို့လဲ'

'ဒီမှာက မိန်းကလေးတွေကို လှတယ်လို့ သူတို့ ချစ်သူတွေကပဲ ပြောပိုင်ခွင့် ရှိတာဟ'

အာသာက စုတ်သတ်၍ ခေါင်းခါသည်။

'ငါလည်း မြန်မာပါပဲဟာ၊ အဲဒီ့ ထုံးစံကြီးတော့ မကြိုက်ပါဘူး၊ ဒီက မိန်းမလှကလေးတွေခမျာ ဘယ်ယောကျ်ားကလေးကမှ သူတို့ကို လှတယ်လို့ မပြောကြဘူးဆိုရင် တော်တော် သနားစရာ ကောင်းတာပဲ'

'သနားရင် နင် ဒီဆိုင်ရှေ့ထွက်ပြီး ဟို ယူဇနစူပါမားကက် ဘက်က ထွက်လာတဲ့ မိန်းကလေး လှလှကလေးတွေ အကုန်စောင့်ပြီး လှလိုက်တာလို့ ပြော၊ ဖူးရောင်ပြီး ပြန်ဝင်လာရမှာ သေချာတယ်'

အာသာက ရယ်ပြန်သည်။ ပြီးတော့ အရယ်ရပ်၍ စိမ်းဝေမျက်နှာကို ထူးဆန်းစွာ စိုက်ကြည့်သည်။

'စိမ်းဝေ'

'ဘာလဲ'

'ကိုရဲဝင့်ကရော နင့်ကို လှတယ်လို့ တစ်ခါမှ မပြောဖူးဘူးလား'

စိမ်းဝေ ခဏ စဉ်းစားကြည့်သည်။ ပြီးတော့ ခေါင်းခါသည်။

'ဟင့်အင်း၊ ဒီမှာက မောင်နှမတွေလည်း အဲသလို မပြောတတ်ကြပါဘူး၊ ဘာဖြစ်လို့လဲ'

အာသာက ခေါင်းသာ ခါပြသည်။

စိမ်းဝေ ဖျတ်ခနဲ တစ်စုံတစ်ခုကို သတိရ၍ ထိတ်ခနဲ ဖြစ်သွားသည်။



'စောစောက နင့်နဲ့ ကိုဟန်ပိုကြီးနဲ့ ဘာတွေ ပြောနေကြတာလဲ'

ရဲဝင့်နှင့်စိမ်းဝေ အပြင်သွားနေတုန်း အာသာက စိမ်းဝေကို လာခေါ်၍ ဟန်ပိုနှင့်ဆုံပြီး စကားလက်ဆုံ ကျနေခဲ့ကြသည်ကို စိမ်းဝေ ပြန်အလာတွင် တွေ့ခဲ့ရ၍ မေးခြင်း ဖြစ်ပါသည်။

'ငါနဲ့ အဲဒီ့အစ်ကိုကြီးကြား ပြောစရာဆိုလို့ နင့်အကြောင်းပဲ ရှိတာပဲ'

စိမ်းဝေ မသိမသာ အံကြိတ်သည်။

'နင် လျှောက်မေး နေတာပေါ့လေ'

အာသာက ရယ်သည်။

'မျက်နှာကြီး အဲဒီလို မလုပ်ပါနဲ့ဟာ၊ နင်က မမေးရဘူးလို့လည်း ငါ့ကို မှာမထား၊ မပြောရဘူးလို့လည်း ကိုဟန်ပိုကို ပိတ်ထားတာမှ မဟုတ်တာ၊ လက်ရှိမှာ နင့်ရဲ့ အရင်းနှီးဆုံး သူငယ်ချင်း အနေနဲ့ နင့်အကြောင်းတွေ မေးမိ၊ ပြောမိတာ နင် အပြစ် မယူသင့်ပါဘူး'

စိမ်းဝေ သက်ပြင်းချသည်။

'ဒါဆို နင် ငါနဲ့ ကိုကို မောင်နှမ အရင်းမဟုတ်ဘူးဆိုတာ သိပြီးပြီပေါ့'

အာသာက ပြုံးသည်။

'လူကြီးတွေက လက်ထပ်ပေးချင်တာကို ကိုရဲဝင့်က နှမလေးလိုပဲ စောင့်ရှောက်ချင်တယ်လို့ ငြင်းတာလည်း သိပြီးပါပြီ'

တော်တော် ဆိုးတဲ့ ကိုဟန်ပို ပါလား။

စိမ်းဝေ မျက်မှောင်ကြုတ်၍ ငြိမ်သွားသည်ကို ကြည့်ရင်း အာသာ ဖွဖွ ရယ်သည်။

'ဒါလေး သိတာများဟာ၊ နင်နဲ့ငါ သူငယ်ချင်း အရင်းကြီးပါ။ ငါ့အတွက်တော့ အဲဒါ ဘာမှ နင် လျှို့ဝှက်စရာလို့ မထင်မိတဲ့ ကိစ္စပါ။ ပြီးတော့ နင့်လောက်လှပြီး ချစ်စရာကောင်းတဲ့ မိန်းကလေး တစ်ယောက်ကို အစ်ကို အရင်း တစ်ယောက်လိုပဲ စောင့်ရှောက်ချင်တယ်လို့ ပြောတဲ့ ကိုရဲဝင့်ရဲ့စိတ်ဓာတ်ကို ပိုပြီးတောင် လေးစားသွားသေးတယ်၊ ငါ အံ့သြတာက နှစ်ခုပဲ'

စိမ်းဝေက မျက်လုံးလှန်၍ ကြည့်သည်။

'ဘာနှစ်ခုလဲ'

'တစ်ခုက နင် ငါ့ကို အဲဒါ ဘာလို့ ပြောမပြချင်ရသလဲ ဆိုတာ'

စိမ်းဝေက မျက်စောင်း ထိုးသည်။

'ကိုကိုနဲ့ငါ့ကို ဟိုလို ဒီလို ထင်တာမျိုးတွေ ပြောလာရင် နင်မှ မဟုတ်ဘူး

www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူငယ်ချင်းနဲ့မဆို မိတ်ပျက်မှာပဲ၊ အဲဒါကြောင့် မပြောပြတာ'

အာသာက ရယ်သည်။

'ပြောစရာလားဟာ၊ အခုလို သိရတော့ ပိုတောင် မပြောသေးတယ်၊ သူနင့်ကို နှမလေးအရင်းလိုပဲ ချစ်တာ သိပ်သေချာတယ်ဟ၊ သိလား'

စိမ်းဝေ မျက်လုံးပြူးပြသည်။

'ဘာဖြစ်လို့လဲ'

'နင်နဲ့ ဒီလောက် ရင်းရင်းနှီးနှီး နေခဲ့ပြီး နင့်ကို ချစ်မသွားစရာ အကြောင်း အဲဒီ့ တစ်ခုတည်းပဲ ရှိတဲ့ဥစ္စာ'

'အာသာ'

'ဆောရီး ဆောရီး၊ နင် မေးလို့ ငါပြောရတာလေ'

စိမ်းဝေ မျက်စောင်း ထိုးမိပြန်သည်။

'ပြော၊ နောက်တစ်ခု အံ့ဩစရာဆိုတာ'

အာသာ တွေဝေ သွားသည်။

'ငါ မသေချာပါဘူး၊ ထင်တာပါ၊ ကိုရဲဝင့်က ငါ့ကို သိနေသလိုပဲ'

စိမ်းဝေ မင်သက်သွားသည်။ ပြီးမှ 'မဖြစ်နိုင်တာဟာ' ဟု တိုးတိုးပြောသည်။

'အေးပါ၊ ငါလည်း ထင်တာပါလို့ ပြောသားပဲ၊ ကဲ ငါ့ကို အဖြေပေးဦး'

'ဘာအဖြေလဲ'

'မန္တလေး လိုက်လည်ဖို့လေ'

စိမ်းဝေ နှုတ်ခမ်း စူပြသည်။

'ငါဘယ်နှခါ ပြောရမလဲ၊ ဒီမှာ ယောကျ်ားလေးတွေနဲ့ မိန်းကလေးတွေ သူငယ်ချင်း ဖြစ်ရင် အဲသလို လိုက်မလည်ပါဘူးလို့၊ ပြီးတော့ ငါ ဒီမှာ ဖေဖေ၊ မေမေတို့နဲ့ ကြာကြာ နေချင်သေးတယ်'

ရင်ထဲကတော့ ကိုကိုနဲ့ရောပဲဟု ပြောမိသည်။

အာသာကတော့ ရယ်၍ 'ကဲကဲ၊ နောက် မပြောတော့ပါဘူး' ဟု ဆိုသည်။

○

ညဥ့်နက်နေပြီ။

ကိုကို ပြန်မလာသေး။ ပဲခူးအထိ သွားရမှာမို့ နောက်ကျမည်ဟုတော့ ပြောအသွားသား။ သို့သော် ညစာ စားလာမည်ဟု ပြောမထားသဖြင့် စိမ်းဝေ ညစာ မစားသေးဘဲ ရဲဝင့်ကို စောင့်နေသည်။



အပေါ်ထပ် ဧည့်ခန်းထဲမှာ ထိုင်၍ ယခုတလော သိပ်အောင်မြင် နေသည်ဟု ပြောသည့် အမျိုးသမီး အဆိုတော်အသစ်၏ သီချင်းခွေကို ဖွင့်ကြည့်တော့လည်း စိမ်းဝေ ကြားဖူးပြီးသော မလေးရှား သီချင်းများအလိုက် ဖြစ်နေ၍ ပြန်ပိတ်လိုက်သည်။

ဝရန်တာဘက် ထွက်မည် စိတ်ကူးပြီး နေရာမှအထ တယ်လီဖုန်း ဘက်မှ 'တီ' ခနဲ အသံရှည် ကြားရသည်။

တယ်လီဖုန်းက ဘာကြောင့် 'တီ' သံ မြည်ရတာတဲ့လဲ။

စိမ်းဝေ အံ့ဩစွာဖြင့် တယ်လီဖုန်းဘက် သွားကြည့်တော့ စာရွက်တစ်ရွက် ထွက်လာနေသော စက်ကလေးကို တွေ့ရသည်။

အလို ဖက်စ်ပါလား။

ဒါဆို မြန်မာပြည်မှာ ဖက်စ် ရနေပြီပေါ့။ ရရှိသာမက ရဲဝင့်ပင်လျှင် ကုမ္ပဏီအတွက် ဖက်စ် တပ်ဆင်နိုင်နေပြီ။ ကောင်းလိုက်တာ။ ဒါဆိုရင် ကျောင်းမဖွင့်ခင် ကျောင်းကို ဆက်သွယ်ချင်ရင် အိမ်ကနေ အသာ ဖက်စ် ထိုးလိုက်ရုံပေါ့။

အောက်က ရုံးခန်းမှာလည်း ကွန်ပျူတာနှစ်လုံး တွေ့ခဲ့သည်။ အာသာ ပြောသည့် ဝင်းဒိုးစနစ်လည်း ပါပြီးသား။ အဆင်သင့်လိုက်တာ။

စိမ်းဝေ စာရွက်ကလေးကို ကောက်ကိုင်ကြည့်သည်။ စင်ကာပူ ကုမ္ပဏီ တစ်ခုမှ ဓာတ်လှေကား ဈေးပို့သော 'အင်ဗွိုက်စ်'။ ဆောက်လုပ်ရေးလုပ်ငန်းတွေ အရောင်းထိုင်း နေသည်ဟုသာ ပြောသည်။ ကိုကို အလုပ်တော့ ပြတ်ဟန် မတူဟု တွေးရင်း တယ်လီဖုန်းအောက်က စားပွဲအံဆွဲကလေးကို ဖွင့်၍ စာရွက်ကို ထည့်မည်ပြုသည်။

အံဆွဲထဲက စာရွက်ပုံ အပေါ်ဆုံးမှ စာရွက်ထောင့်တွင် ပါသော Ref: Aurthur Khaing Oo ဆိုသည့် အင်္ဂလိပ်စာလုံးက စိမ်းဝေ မျက်စိကို ဖမ်းချုပ်လိုက်သည်။

ဘုရားရေ။

အာသာကို ကိုကို တကယ်ပဲ သိနေတာလား။

စာရွက်ကို ဆွဲထုတ်ကြည့်လိုက်သည်။ အင်္ဂလိပ်ဘာသာဖြင့် ကွန်ပျူတာ စာစီထားသော စာလုံးများ ယူကေက ဖက်စ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



'အာသာ မြန်မာပြည် ခရီးစဉ်မှာ ခင်ဗျားညီမနှင့်အတူ ဖြစ်သည်။ အကြောင်းရင်းကို သေချာစွာ မသိရသေးသော်လည်း မန္တလေးမှ အဘိုး အဘွားများကို စိမ်းဝေနှင့် မိတ်ဆက်ပေးရန် ကြိုးစားဖို့ဟု ယူဆသည်'

စိမ်းဝေ မျက်လုံးများ ပြာဝေသွားသည်။

အဲသည် အချိန်မှာပင် အိမ် အောက်က ကားဟွန်းသံကို ကြားရလေသည်။

●

## ရဲဝင့် [ ၁၂ ]

အိမ်အကူ မွန်မကလေးက တံခါး လာဖွင့်သဖြင့် ရဲဝင့် မျက်နှာ အနည်းငယ် ညှိုးသွားသည်။ စိမ်းဝေ ညစာ မစားဘဲ သူ့ကို မျှော်နေလိမ့်မည်ဟု သူ ဘာကြောင့် ထင်မိရသလဲဟု မချင့်မရဲ တွေးမိသည်။

သို့သော် အိမ်ထဲ ဝင်လိုက်တော့ အတွင်း လှေကားမှ ဆင်းလာသော စိမ်းဝေကို တွေ့ရသည်။ စိမ်းဝေက ပြုံးနေသည်။

'စိမ်းဝေ မအိပ်သေးဘူးလား'

'စားတောင် မစားရသေးဘူး၊ ကိုကို့ကို စောင့်နေတာ'

ရဲဝင့် နှလုံးသားတစ်စုံ နွေးထွေး သွားသည်။

'စားရောပေါ့ စိမ်းဝေရယ်၊ ညဥ့်နက်နေပြီ'

စိမ်းဝေက နှုတ်ခမ်း စူသည်။

'ကိုကိုက စားခဲ့ပြီလား'

ရဲဝင့်က ခေါင်းခါသည်။

'မစားပါဘူး စိမ်းဝေရယ်၊ ကဲလာ တို့မောင်နှမ အတူ စားရအောင်'

စိမ်းဝေက ရွှင်လန်းစွာ ရယ်၍ ရဲဝင့် လက်မောင်းတစ်ဖက်ကို မှီတွယ် လိုက်သည်။

၀

ထမင်းစားလေးပေါ်မှာ ထိုင်မိကြတော့၊ လက ထိန်နေအောင် သာနေပြီ။

နှစ်ယောက်သား စကားမစမိဘဲ လကို အတော်ကြာအောင် ငေးနေမိ ကြသည်။ တော်တော်ကြာမှ ရဲဝင့်က မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



'အာသာ မန္တလေး သွားပြီလား'

စိမ်းဝေက ပြုံး၍ ခေါင်းညိတ်ပြသည်။

'စိမ်းဝေကို ခေါ်သေးလား'

စိမ်းဝေက ခဏ တွေဆိုင်းနေပြီးမှ ခေါင်းညိတ်ပြသည်။

'ငြင်းလိုက်တာပေါ့'

'ဟုတ်တယ်'

ရဲဝင့်က ခဏ တွေ့ဆိုင်းနေပြီးမှ ဘာလို့လဲဟု မေးသည်။ စိမ်းဝေက ပခုံးသာ တွန့်ပြသည်။ ပြီးတော့မှ တိုးတိုး မေးသည်။

'ကိုကို အာသာ့ကို ဘယ်လို မြင်လဲ'

ရဲဝင့် အကြာကြီး စဉ်းစားနေသည်။ ပြီးမှ တိုးတိုး ဖြေသည်။

'လူကောင်းလေးလို့ ထင်တာပဲ၊ စိမ်းဝေကိုတော့ တော်တော် ချစ်နေတာ သေချာတယ်၊ ဖွင့်ရော ပြောထားလား'

စိမ်းဝေက ရယ်သည်။

'ကိုကိုကတော့ ဒက်ခနဲပဲ၊ ဖွင့်ပြောတယ်တော့လည်း မဟုတ်၊ ရိပ်ဖမ်း သံဖမ်းပေါ့ ကိုကိုရယ်၊ စိမ်းဝေက စကားစ ဖြတ်ပြောပစ်ရတာပေါ့'

ရဲဝင့်က မျက်မှောင်ကြုတ်သည်။

'စိမ်းဝေက စဉ်းစားနေတုန်းလား'

စိမ်းဝေက ရယ်ပြန်သည်။

'မစဉ်းစားပါဘူး ကိုကိုရယ်၊ သူကလည်း မစဉ်းစားမှန်း သိလို့ ဇွတ်ရှေ့ မတိုးတာပါ၊ စိမ်းဝေကလည်း ခင်မင်ဖို့ ကောင်းတဲ့ သူငယ်ချင်း တစ်ယောက် မဆုံးရှုံးချင်လို့ ရှေ့ အတိုး မခံတာပါ၊ ကိုကိုက သဘောတူနေလို့လား'

ရဲဝင့် နှုတ်ဆွံ့သွားသည်။ ပြီးမှ

'ကိုကိုက သဘောတူတာလည်း မရှိပါဘူး၊ မတူတာလည်း မရှိပါဘူး စိမ်းဝေ စိတ်ချမ်းသာဖို့က အဓိကပါပဲ၊ ခဏပိုင်းအတွင်းကလေး လေ့လာ ကြည့်ရတာတော့ စိမ်းဝေကိုတော့ စိတ်ချမ်းသာစေမယ့် ပုံစံမျိုးလေးပါပဲ' ဟု ဖြေသည်။

စိမ်းဝေက ပြုံး၍ ခေါင်းခါသည်။

'ချစ်မှ စိတ်ချမ်းသာမှာပေါ့ ကိုကိုရယ်၊ သူ့ကို စိမ်းဝေ မချစ်ပါဘူး'

ရဲဝင့် နှလုံးခုန် တစ်ချက် ရပ် သွားသည်။

'မချစ်သေးတာလား'



စိမ်းဝေက မျက်လုံးပြူးပြသည်။

'မချစ်သေးတာဆိုတာ ရှိလို့လား ကိုကို'

ရဲဝင့်က သက်ပြင်းချသည်။

'မြင်မြင်ချင်း ချစ်တယ်တို့၊ ဒိတ် ခနဲ ချစ်သွားတယ်တို့ဆိုတာ တကယ် ရှိ မရှိ ကိုကိုလည်း မသိဘူး၊ ရင်းနှီးတာ ကြာလာရင် တွယ်တာ၊ အပေး အယူ မျှမျှတတ ခင်မင်နေကြရင် စိတ်ချမ်းသာ တစ်ယောက် အတွက် တစ်ယောက် အမြဲ ငဲ့ညာပေးနေတတ်တာတွေကို ကြည့်နော်၊ ဒီလို စိတ်မျိုးတွေကနေ ကြာရင် အချစ်ဆိုတာ တဖြည်းဖြည်း ဖြစ်လာ၊ ခိုင်မာလာနိုင်တယ်လို့တော့ ထင်တယ်၊ ချစ်မိပြီ ဆိုတဲ့အချိန်ကျမှ တစ်ဖက်က မစစ် မှန်ရင် ဒါမှမဟုတ် ဘယ်လိုမှ ညှိနှိုင်းလို့ မရတဲ့ ချွတ်ယွင်းချက် ရှိနေရင် အရမ်း စိတ်ဆင်းရဲရ တတ်တယ်၊ ဒီတော့ အဲသလို ရင်းနှီးလာနိုင်တဲ့ သူမျိုးကို တစ်နေ့နေ့ ချစ်သူဖြစ်လာရင် အဆင်ပြေပါ့မလားဆိုတာ ကြိုလေ့လာထားရင် မမှားဘူး၊ အာသာကို လေ့လာ ကြည့်ရင် အဲသလိုမျိုးတွေတော့ မရှိဘူး မဟုတ်လား '

စိမ်းဝေက မျက်လုံးကလေး ပိတ်အောင် ရယ်သည်။

'ကိုကိုရယ်၊ ချစ်တာ၊ မချစ်တာ ဒီကိစ္စကို ကြိုပြင်ဆင်ယူပြီး ကန်ထရိုက်တိုက် ဆောက်သလို တွက်နေလို့တော့ ဘယ်ရမလဲ'

ရဲဝင့်က ရှက်ရယ် ရယ်သည်။

'ထင်တာ ပြောတာလေ၊ ကိုကို လည်း အချစ်ကို သေသေချာချာ မသိပါဘူး'

'စိမ်းဝေကတော့ သိတယ်'

စိမ်းဝေက ခပ်သွက်သွက် ဝင်ပြောလိုက်သဖြင့် ရဲဝင့် ပါးစပ် ပွင့်သွား သည် ဆိုပါဦးဟုလည်း စကားထောက် မိသည်။

'ချစ်တယ် ဆိုတာလေ'

'အင်း'

'အချစ်ပဲ'

'ဟာ စိမ်းဝေကလည်း'

စိမ်းဝေက မျက်လုံးကလေး ပိတ်အောင် ရယ်ပြန်သည်။

'ဟုတ်တယ် ရုတ်တရက် ချစ်ချင်တဲ့ သူကလည်း ချစ်သွားမှာပဲ၊ တဖြည်းဖြည်းနဲ့ ချစ်လာတဲ့ သူလည်း ရှိမှာပဲ၊ ချစ်ပြီးရင်တော့ အချစ်ပဲ၊ ဆုံနိုင်ရင်လည်း ချစ်မှာပဲ၊ ဆုံနိုင်တော့ရင်လည်း အဝေးကနေ ချစ်မှာပဲ၊ ချွတ်ယွင်းချက် တွေ့လည်း ချစ်မှာပဲ၊ မစစ်မှန်ရင်လည်း ချစ်မှာပဲ၊ မဆုံစည်းနိုင်တော့ရင်၊ မဆုံစည်းသင့်

www.burmeseclassic.com

www.burmeseclassic.com



တော့ရင် ရှောင်ချင် ရှောင်သွားမယ်၊ ရင်ထဲကတော့ ဆက်ချစ်နေမှာပဲ၊ ဒါက ရင်ထဲက ခံစားချက် သက်သက်ပဲ၊ ကိုကိုတို့ ယောကျ်ားလေးတွေ အတွက်တော့ မသိဘူး၊ စိမ်းဝေတို့ မိန်းကလေးတွေရဲ့ စိတ်က အဲသလိုမျိုးပဲ၊ အဲဒီတော့ ကိုကို အာသာကို အကဲခတ် မနေနဲ့၊ စိမ်းဝေ သူ့ကို ဘယ်တော့မှ မချစ်ဘူး၊ မမနှင်းလို အပျိုကြီး လုပ်ရ လုပ်ရ'

စိမ်းဝေ မနားတမ်း ဆက်တိုက် ပြောနေသော စကားများကို အသက်ပင် မရှူမိဘဲ နားထောင်နေရာက ရဲဝင့် မျက်ခုံး ကြုတ်မိသည်။

'နှင်းက ဘာဖြစ်လို့လဲ'

စိမ်းဝေ ပြုံးသည်။

'မမနှင်းက ကိုကို့ကို ချစ်တာ ကိုကိုကလွဲရင် လူတိုင်း သိတယ်၊ ကိုကိုနဲ့ သူ ပေါင်းစပ်ဖို့ မဖြစ်နိုင်တော့ သူ သင့်တော်တဲ့ လူ ရှာချစ်လို့လား၊ ဒီလိုပဲ ရင်ထဲမှာ ကြိတ်ချစ်နေတာပဲ ဟာ'

ရဲဝင့်မျက်နှာ အနည်းငယ် နီသွားသည်။

'ဒီကောင်မလေး ပေါက်တတ်ကရ'

စိမ်းဝေက ရယ်၍နေရာမှ ထသည်။

'ကိုကို ပင်ပန်းလာပြီ၊ နားတော့လေ၊ စိမ်းဝေတော့ နေ့နဲ့ည မှားနေတုန်း ရှိသေးတယ်၊ မေမေနဲ့ သွားစကားပြောလိုက်ဦးမယ်၊ မနက်ကျရင်တော့ စောစောထ၊ စိမ်းဝေကို ရွှေတိဂုံဘုရား လိုက်ပို့ပေး'

ရဲဝင့် ယောင်အမ်းအမ်းနှင့် ခေါင်းညိတ်မိစဉ် စိမ်းဝေက အိမ်တွင်းဘက်သို့ ဝင်ရောက်သွားသည်။

စိမ်းဝေရယ်။

ဘာတွေလဲကွယ်။

## မနှင်းဖွေး [ ၁၁ ]

မနှင်းဖွေး ရုံးခန်းနံရံတွင် ချိတ်ဆွဲထားသော ပန်းချီကားကို လှမ်းငေးနေမိသည်။ နေပူကျဲတဲကြီးမှာ သံဃာတော်တွေ ဆွမ်းခံကြွနေသည့်ပုံ။ ကြည့်သူဘက်ကို ကျောခိုင်းနေကြသဖြင့် မျက်နှာတွေကို မမြင်ရ။

ဓာတ်ပုံလိုမျိုး ပုံတူဆွဲထားခြင်းမျိုး မဟုတ်။ လိုင်းတွေက ထင်ရှားသည်။ အရောင်တွေက ပြတ်သားသည်။ ထူးခြားတာတော့ အမှန်။

ရဲဝင့်က ရုံးခန်းထဲ ဝင်လာသည်။ မနှင်းဖွေး ငေးကြည့်နေတာကို မြင်တော့ ပန်းချီကား ဘက်ကို လှည့်ကြည့်သည်။ ပြီးတော့ ပြုံးပြသည်။

'စိမ်းဝေကို ဒီက ပန်းချီပြခန်း လိုက်ပြတော့ သူဝယ်ခိုင်းတဲ့ ပန်းချီကားလေ၊ ဘယ်မှာ ထားရမှန်း မသိတော့ ရုံးခန်းထဲ ချိတ်ထားတာ၊ နှင်းက သဘောကျ သို့လား'

မနှင်းဖွေး ဖြည်းညင်းစွာ ခေါင်းခါပြသည်။

ဟုတ်ပါ့။

စိမ်းဝေကလေး ပြန်သွားတာ သုံးလလောက် ရှိနေပြီပဲ။ ကိုရဲဝင့် တစ်ယောက် သွားရင်း သတိရလာသဖြင့် သိမ်းထားသော ပန်းချီကားကို ထုတ်၍ ချိတ်ဟန် တူသည်။

'ကောင်းပါတယ်၊ စိမ်းဝေက ဝယ်ပြီး ဘာလို့ ယူမသွားတာလဲ'

ရဲဝင့်က ပခုံးတွန့်ပြသည်။

'သူလိုချင်လို့ မဟုတ်ဘူး၊ တို့ကို ဝယ်ခိုင်းတာ၊ ကိုကို နောင်တမရစေ ချင်ဘူးတဲ့၊ တို့လည်း နားမလည်ဘူး'

www.burmeseclassic.com

www.burmeseclassic.com



'ကိုရဲဝင့် ဘယ်လောက် ပေးခဲ့ရလဲ'

ရဲဝင့်က ရွေးပြောပြတော့ မနှင်းဖွေး ခေါင်းတဆတ်ဆတ် ညိတ်သည်။

'ကိုရဲဝင့်ကို စိမ်းဝေက နိုင်ငံခြားမှာ ပညာ ကြိုးကြိုးစားစား သင်ထား ကြောင်း သက်သေပြသွားတာ၊ အဲဒါ ဆရာမင်းဝေအောင် ပန်းချီကား မဟုတ်လား'

ရဲဝင့် မျက်ခုံး ပင့်သွားသည်။

'နှင်းက သိတယ်'

'အခု ပန်းချီပြခန်းတွေ နိုင်ငံခြား ရောင်းတာတွေ ဖွင့်ပေးတော့ နိုင်ငံခြားက ပန်းချီကုန်သည်တွေ ဝင်ဝင် လာနေတယ်၊ လက်ရှိ ပန်းချီဆရာတွေထဲမှာ နိုင်ငံခြား ဈေးကွက်မှာ နာမည်ကြီးသွားတဲ့ လူတွေ ရှိတယ်၊ ဆရာမင်းဝေအောင်တို့၊ ဆရာကြီး ဦးလွန်းကြွယ်တို့လို လူတွေပေ့ါ၊ ကိုရဲဝင့်ဆီမှာ ဒီပန်းချီကား ရှိနေမှန်း သိနေရင် နိုင်ငံခြားသားတွေ ရောက်လာပြီး နိုင်ငံခြားငွေ အများကြီး ပေးဝယ်ကြလိမ့်မယ်၊ စိမ်းဝေက ဒါကြောင့် ကိုကို နောင်တ မရစေရဘူးလို့ ပြောတာ'

ရဲဝင့် မျက်မှောင်ကြုတ်၍ တွေဝေ စဉ်းစားနေသည်။ ပြီးမှ တိုးတိုးပြောသည်။

'စိမ်းဝေက စကားပြောတာ သိပ် လူကြီးဆန်လာတယ်၊ တချို့ စကားတွေဆိုရင် တို့တောင် သိပ်နားမလည်တော့ဘူး'

'ဘယ်လို'

ရဲဝင့်က နေရာမှ ထရင်းက ပြုံးသည်။

'ကဲပါ နှင်းရယ် အတော်ပဲ၊ နှင်းကို တိုင်ပင်ချင်တာ၊ ဒီနားမှာ ဂရင်းဟောက်စ်ဆိုတဲ့ ကော်ဖီဆိုင်ကလေး အသစ်ဖွင့်တာ သိပ် သပ်ရပ်တာပဲ၊ သွားသောက်ရင်း စကားပြောရအောင်'

မနှင်းဖွေး ခေါင်းညိတ်၍ နေရာမှ ထသည်။

○

'အဲဒါပဲ နှင်းရဲ့၊ သူက ပြီးတော့ ပိတ်ပြောသေးတယ်၊ အာသာ့ကို အတဲခေ မနေနဲ့တဲ့၊ စိမ်းဝေ သူ့ကို ဘယ်တော့မှ မချစ်ဘူးတဲ့၊ မမနှင်းလို အပျိုကြီး လုပ်မှာလို့တောင် ပြောသေးတယ်'

မနှင်းဖွေးက တွေဝေစဉ်းစားနေရင်းက ပြုံး၍ သူ့ရှေ့က ကော်ဖီခွက်



ကော်ဖီ ပန်းကန်ကို မွှေနှောက်နေသည်။

'ကိုရဲဝင့်က ဘာမှ မပြောလိုက်ဘူးလား'

ရဲဝင့်က ခေါင်းခါပြသည်။ မနှင်းဖွေးက တိတ်ဆိတ်စွာပင် ကော်ဖီပန်းကန်ကို ဆက်မွှေနေသည်။ ပြီးတော့ ရဲဝင့်ရှေ့က မမွှေရသေးသော အက်စ်ပရက်ဆို ကော်ဖီပန်းကန်ကို လှမ်းယူ၍ မွှေပေးသည်။

'ဒါဆို ကိုရဲဝင့်က တကယ်ပဲ အာသာ့ကို သိနေတာပေ့ါ'

ရဲဝင့် ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

'နှင်း ဘယ်လိုလုပ် သိတာလဲ'

မနှင်းဖွေး ခေါင်းခါပြသည်။

'မသိပါဘူး ထင်တာပါ၊ အခုက စိမ်းဝေလည်း အဲသလိုပဲ ထင်နေဟန်တူတယ်၊ အဲဒါကြောင့် အဲဒီစကား ပြောတာပေ့ါ'

ရဲဝင့်က မနှင်းဖွေး ကမ်းပေးလာသော ကော်ဖီပန်းကန်ကို လှမ်းယူသည်။

'ယူကေမှာ တို့ကူညီထားဖူးတဲ့ လူငယ်ကလေး တချို့ ရှိတယ်၊ စိမ်းဝေနဲ့တော့ မိတ်ဆက်ပေးမထားဘူး၊ အဝေးကနေ စောင့်ရှောက်နိုင်းထားတဲ့ သဘောပဲ၊ သူတို့က စိမ်းဝေနဲ့ အာသာ စခင်ကတည်းက သိကြတယ်၊ တို့လည်း စိတ်ပူလို့ နည်းနည်း စုံစမ်းကြည့်တော့ ကောင်လေးက လူကောင်းကလေး ဖြစ်နေတယ်၊ အဲဒါနဲ့ ပဲ စိမ်းဝေနဲ့ သင့်တော် မသင့်တော် လေ့လာ ကြည့်နေတာ၊ စိမ်းဝေက စိတ်မဝင်စားဘူးဆိုရင် အရေးမကြီးပါဘူး၊ ဒါပေမဲ့ လူငယ်တွေဆိုတော့ အခု စိတ်မဝင်စားလည်း နောက် စိတ်ဝင်စား သွားနိုင်တာပဲလေ'

မနှင်းဖွေးက တိုးတိုးရယ်သည်။

'ကိုရဲဝင့်ရယ်၊ အလိုက်တာ'

'ဘာလို့လဲ နှင်း'

'စိမ်းဝေက ကိုရဲဝင့်ကိုပဲ ချစ်တာ၊ တခြား ဘယ်သူ့မှ စိတ်မဝင်စားနိုင်ဘူးလို့ ပြောထည့်သွားတာ၊ အဲဒါကို မရိပ်မိလိုက်ဘူး၊ စိမ်းပေလေး မပြန်ခင်ဘဲ နှင်းကို တိုင်ပင်ပါဦးတော့ ခုတော့ သွားပြီ'

ရဲဝင့် ပါးစပ် အဟောင်းသား ဖြစ်သွားပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## စိမ်းဝေ [ ၁၁ ]

ကွန်ပျူတာ မော်နီတာပေါ်မှ ကျားကြီး ပြေးထွက်လာပြီး မာန်ဖီနေပုံကို ငေးကြည့်နေသော စိမ်းဝေကို ဈေးဝယ် လူအုပ်ကြီးက ဘယ်မှ တစ်လှည့် ညာမှ တစ်လှည့် ဥဒဟို ရှောင်ကွင်း၍ သွားနေရသည်။

ပိတ်ရက်မို့ ကင်းဘရစ်ချ်မြို့ရှိ ဒီလန်ကုန်တိုက်က စည်ကားနေသည်။

'ပေါင်တစ်ထောင်တဲ့၊ ပေါင် တစ်ထောင်ဆိုရင် မြန်မာငွေ ဘယ်လောက် ရှိမလဲ မသိဘူးနော် အာသာ'

အာသာက ပြုံး၍ စင်ပေါ်မှာ တင်ထားသော ဗြိတိသျှ စွယ်စုံကျမ်း စာအုပ်ကြီးကို လှမ်းပြသည်။

'၅ သိန်း လောက်ပေါ့ဟာ၊ အဲဒါဝယ်လည်း နင် အဲသလောက် ပေးရ မှာပဲ၊ ကွန်ပျူတာဝယ်ရင်တော့ အဲသည် စွယ်စုံကျမ်းဆိုတာ နင် ထည့်လို့ရတဲ့ စာအုပ်တွေထဲက တစ်ခုပဲ ဖြစ်သွားပြီ၊ ပြီးတော့ စာအုပ်က အင်နီမေးရှင်း မပါဘူး၊ ကွန်ပျူတာကတော့ နင်မြင်တဲ့ အတိုင်းပဲ၊ ယူသာ ယူလိုက်'

စိမ်းဝေ မျက်နှာ တွေဝေ သွားသည်။

'ကိုကို့ကို သနားတယ်ဟာ၊ ၅ သိန်းဆိုတာ သူ အကြာကြီး ပင်ပင်ပန်းပန်း ရှာချင် ရှာနေရမှာ'

အာသာက ရယ်သည်။

'နင် မေးကြည့်၊ နင့်အစ်ကို တစ်စက္ကန့်တောင် မစဉ်းစားစေရဘူး၊ ဒက်ခ် ဝယ်ပေးမှာ'



စိမ်းဝေက လှည့်ကြည့်သည်။

'နင်က ဘာလို့ ပြောနိုင်ရတာလဲ'

အာသာ ပခုံးတွန့်ပြသည်။

'ငါဆိုလည်း အဲသလိုပဲ လုပ်မှာမို့လို့ပေါ့၊ အခုက ငါက မိဘပိုက်ဆံ ထက်ဝါးဖြန့်နေရတုန်း မို့လို့ပေါ့၊ နင့် အစ်ကိုနဲ့ ငါနဲ့ နင့်ကိုချစ်တာ တစ်ပုံစံ တည်းပဲ'

စိမ်းဝေက မျက်စောင်း ထိုးသည်။

'နင့် စကားက ဘာစကားလဲ၊ ကိုကိုက ငါ့ကို ညီမလေးအရင်းလို ချစ်တာ နင်က သူငယ်ချင်းလေ'

အာသာက ရယ်၍ ခေါင်းကုတ်သည်။

'ငါ အဲဒါတွေ သိပ်နားမလည်ဘူး၊ ငါကတော့ နင့်ကို သိပ်ချစ်တော့ မျက်စိ အောက်ကလည်း အပျောက် မခံနိုင်ဘူး၊ မျက်စိအောက်မှာလည်း မျက်နှာညှိုတာ မမြင်ချင်ဘူး၊ ညီမလေးတွေ သူငယ်ချင်းတွေ အဲသလိုတော့ မခွဲတတ်ပါဘူး၊ သူလည်း အဲသလိုပဲ ဖြစ်ချင် ဖြစ်မှာပေါ့'

စိမ်းဝေ နှလုံးခုန် မမှန်ချင်သလို ဖြစ်သွားသည်။

လူအုပ်ထဲက တိုး၍ ဆိုင်ပြင်ကို ထွက်လာရင်း အာသာ့အကြည့်ကို ရှောင်လွှဲမိသည်။ အာသာကတော့ တိုးဝှေ့၍ လိုက်လာသည်။

'ဂယ်လီဗာ' ခရီးသွားအိတ်ဆိုင် ရှေ့တွင် အာသာက စိမ်းဝေကို မီလာ သည်။ 'ဘာလဲဟ စိတ်ဆိုးသွားတာလား'ဟု မေးသည်။

စိမ်းဝေက မျက်စောင်း ထိုးသည်။

'ဆိုးတာပေါ့၊ နင့် စကားက သူငယ်ချင်းချင်း ရည်းစားစကား ပြောသလို ဖြစ်နေပြီ'

အာသာက ရယ်၍ ခေါင်းကုတ်သည်။

'သိပါဘူးဟာ၊ စိတ်ထဲရှိတာ ပြောတာပဲ၊ နို့ ရည်းစားစကား ပြော တယ်ဆိုတာ အတင်း အဖြေလိုက်တောင်းနေတဲ့ဟာမျိုး မဟုတ်လား'

'အာသာ'

'အေးပါ အေးပါ ဆောရီး၊ နင် မကြိုက်ဘူးဆိုရင် ငါ မပြောတော့ဘူး၊ ဒါနဲ့ နင်က ကွန်ပျူတာ မဝယ်တော့ဘူးလား'

စိမ်းဝေ မျက်နှာအကြောများ လျော့သွားသည်။

'ငါ့ ဒက်ခ်တော့လည်း အသုံး တည့်နေတာပဲ'

www.burmeseclassic.com

www.burmeseclassic.com



'ဝင်းဒိုးက အသစ်ဟ'

စိမ်းဝေက ရယ်သည်။

'ငါနဲ့အတူ တက်နေတဲ့ သီရိလက်ာက ကျောင်းသူ ပြောဖူးတယ်၊ ဝင်းဒိုးဆိုတာ ပြတင်းပေါက် မဟုတ်လား။ ကွန်ပျူတာမှာ အုပ်ထားတဲ့ စနစ်ကို ဝင်းဒိုးလို့ခေါ်တာ အဓိပ္ပာယ် ရှိတယ်တဲ့၊ ခဏခဏ အသစ်ပေါ်တော့ အဟောင်းကို ပြတင်းပေါက်ကနေ လွှင့်ပစ်ပစ်နေရ လို့တဲ့၊ တော်ပါပြီဟာ၊ တကယ်လိုမှပဲ လဲတော့မယ်'

'ပြီးရော ရွှေနှစ် ငါကျောင်းပြီးလို့ အလုပ်စဝင်ရင် ပထမဦးဆုံးရတဲ့ လခနဲ့ နင့်ကို ကွန်ပျူတာ လဲပေးမယ်'

'မယူဘူး'

အာသာက ဟက်ဟက်ပက်ပက် ရယ်နေစဉ် စိမ်းဝေက 'ဂယ်လီဗာ' ဆိုင်အတွင်း ဝင်သွားသဖြင့် နောက်က အူယားဖားယား လိုက်ခဲ့ရသည်။ ဂယ်လီဗာထဲတွင်တော့ လူက အနည်းငယ် ရှင်းနေသည်။

'သားရေအိတ်ဆိုင်ကြီး၊ နင်က ဘာကြည့်မလို့လဲ'

စိမ်းဝေက လက်ကိုင်သရေအိတ်ကလေးများကို ကိုင်ကြည့်နေရင်းက လှည့်မကြည့်ဘဲ ဖြေသည်။

'ကိုကိုက သားရေအိတ်ကလေးတွေ ကြိုက်တတ်တယ်၊ ခရီးကလည်း ခဏခဏ သွားရတော့ ကိုကို့ဖို့ ကြည့်တာ'

အာသာက သက်ပြင်းချသည်။

'စိမ်းဝေရယ်၊ ဒီက ပစ္စည်းတွေက တို့မြန်မာနိုင်ငံနဲ့ ကပ်ရပ် အိန္ဒိယက ပစ္စည်းတွေဟ'

'ဘာဖြစ်လဲ၊ ငါမှ အိန္ဒိယ မသွားဖြစ်တာ'

အာသာက ပခုံးသာ တွန့်ပြမိသည်။

○

တက္ကစီ စိမ်းဝေတို့ အိမ်ရှေ့ ရောက်တော့ ည ၇ နာရီသာ ရှိသေးသော်လည်း အင်္ဂလန် ဆောင်းရာသီမို့ မည်းမှောင်နေပြီ။

လမ်းမီးတိုင်များမှ အလင်းရောင်နှင့် အိမ်တွေထဲမှာ ထွန်းထားသည့် အလင်းရောင်များ ပြတင်းပေါက်မှန်ကတစ်ဆင့် မြင်နေရတာက လွဲရင် အင်္ဂလန် ဆောင်းတွင်းက အထီးကျန် ဆန်လှသည်။ လမ်းတွေပေါ်မှာလည်း လူရော ကားရော ရှင်းပြီး နှင်းက ဖွဖွကလေး ဆိုင်းနေသည်။



စိမ်းဝေ ငှားနေရာ တိုက်ခန်းနှင့် မလှမ်းမကမ်းက ဘတ်စ်ကား မှတ်တိုင်၏ ပလတ်စတစ် ပတ်ပတ်လည် ကာထားသော စောင့်ဆိုင်းရာ နေရာထဲ တွင်တော့ ဂျာကင်အစိမ်းရောင်နှင့် လူတစ်ယောက် ရပ်နေသည်။ ကားစောင့် နေဟန်တူသည်။

'နင် ဒီကားနဲ့ ဆက်ပြန်မှာလား'

စိမ်းဝေက မေးတော့ အာသာက ရယ်သည်။

'နင် ကော်ဖီသောက် မဖိတ်ရင်ပေါ့'

စိမ်းဝေက သက်ပြင်းချသည်။

'ညဉ့်နက်နေပြီဟာ၊ ပြန်တော့၊ နင့်ကို အစကတည်းက ငါ တစ်ယောက်တည်း ပြန်မယ်လို့ ပြောသားပဲ'

'ရပါတယ်ဟာ၊ ငါကလည်း တကယ် စိတ်မချလို့ လိုက်ပို့တာပါ၊ သွား၊ နင်အိမ်ထဲ ရောက်မှ ငါထွက်မယ်'

'ဘာစိတ်ပူစရာ ရှိလဲ၊ လူလည်း တစ်ယောက်မှ မရှိဘဲ'

အာသာက ဂျာကင်အစိမ်းနှင့် လူရှိရာသို့ မေးထိုးပြသည်။

'ဟိုမှာ တစ်ယောက်၊ ရိုးရိုးသားသား လူပဲ ဖြစ်ချင်တော့ ဖြစ်မှာပေါ့၊ ဒါပေမဲ့ ယူကေက လူတော့ မဟုတ်တာ သေချာတယ်'

'ဘာဖြစ်လို့လဲ'

'သူ့ ဂျာကင်က လောင်းကုတ် မဟုတ်ဘူး၊ ပေါင်လည်ပဲ ရှိတယ်၊ ပြီးတော့ အစိမ်းရောင် လွှင်လွှင်၊ ယူကေက လူတွေ ဆောင်းမှာ ဒါမျိုး ဘယ်တုန်းက ဝတ်လို့လဲ'

သူပြောမှ စိမ်းဝေ အဲဒီလူကို သေသေချာချာ ကြည့်မိသည်။ အဲဒီ လူသည်း တက္ကစီကားနှင့် စိမ်းဝေတို့နှစ်ယောက်ကို စိုက်ကြည့်နေရာက ပလတ်စတစ် အကာအတွင်းမှ ထွက်လာ၍ တက္ကစီဘက် လျှောက်လာနေသည်။

စိမ်းဝေ ပါးစပ် အဟောင်းသား ပွင့်သွားသည်။

'ကိုကို'

တက္ကစီကား တံခါးကို ကမူးရှူးထိုး တွန်းဖွင့်၍ စိမ်းဝေ ရဲဝင့်ဆီ ပြေးသည်။ လက်ထဲက ရဲဝင့်အတွက် ဝယ်ထားသော လက်ကိုင် သရေအိတ် ထည့်ထားသည့် စက္ကူအိတ်က ယမ်းခါ၍ ပါသွားသည်။

ရဲဝင့်ကလည်း လက်ထဲက ခရီးဆောင်အိတ်ကို ပလက်ဖောင်းပေါ် ပစ်ချ၍ ခြေလှမ်း ခပ်သွက်သွက်ဖြင့် စိမ်းဝေဆီ လျှောက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ရဲဝင့်ကပဲ လက်ကမ်း ကြိုလိုက်တာလား။

စိမ်းဝေကပဲ တိုးဝင်လာတာလား။

နှစ်ယောက်စလုံး သိပ် မသေချာ။

စိမ်းဝေက ရဲဝင့် ရင်ခွင်ထဲ ရောက်သွားသည်။ ရဲဝင့် ကိုယ်ကို လက်နှစ်ဖက်နှင့် တင်းကျပ်စွာ ဖက်ထားသည်။ ရဲဝင့်ကတော့ စိမ်းဝေ ကျောပြင်ကလေးကို ယုယစွာ ဖွဖွလေး ထွေးလိုက်သည်။

စိမ်းဝေ နောက်ဘက်က တက္ကစီ ကားစက်နှိုးသံကို ဖွဖွ ကြားရသည်။ ပြီးတော့ မောင်းထွက်သွားသည်။

●

## စိမ်းဝေ [ ၁၂ ]

လေဒီ ဗိုင်ယာနာကို တော်တော် အချိန်ကြာအောင် ငေးကြည့်နေသော ရဲဝင့်ကို စိမ်းဝေက ကျိစယ်ဟန်ဖြင့် ပခုံးကို ပုတ်လိုက်သည်။

'ကိုကိုနော်၊ စိမ်းဝေကို ဘေး ထားပြီး ဗိုင်ယာနာကို သဘောကျနေတယ်'

ရဲဝင့်ကရယ်၍ စိမ်းဝေ မျက်နှာကလေးကို ချစ်စနိုး ငုံ့ကြည့်သည်။

'ယှဉ်စရာတောင် မရှိပါဘူး စိမ်းဝေရယ်၊ ဗိုင်ယာနာ ဘယ်လောက်ပဲ တမ္ဘာကျော်အောင် လှလှ၊ ကိုကိုကတော့ အခု ပြထားတဲ့ ဖယောင်းရုပ်တု ကြီးလိုပဲ သွေးသားမပါတဲ့ ဖြူဖတ်ဖတ်ကြီးလို့ပဲ မြင်တယ်၊ ကိုယ့်မြန်မာ မိန်းကလေး စိမ်းဝေလို အလှမျိုးနဲ့ နှိုင်းစရာတောင် မရှိပါဘူး'

စိမ်းဝေက ကြည်နူးစွာ ရယ်၍ ရဲဝင့် လက်မောင်း တစ်ဖက်ကို ထွေးပွေ့လိုက်သည်။ ဒါဆို အဲဒီ ဖယောင်း ရုပ်လုံးကြီးတောင် ဘာလို့ ဒီလောက် ငေးကြည့်နေရသလဲ ပြောဟု မေးသည်။

အပြင်မှာ မိုးဖွဲဖွဲ ရွာနေ၍လားတော့ မသိပေ။ လန်ဒန် မဒမ်တူးဆော ဖယောင်းရုပ်တု ပြတိုက်မှာ လူ အနည်းငယ် စည်ကားနေသည်။ ရဲဝင့်က ဥဒဟို သွားလာနေကြသော လူအုပ်ကြီးကို ကျော်၍ တော်ဝင် မိသားစုဝင်များ ရုပ်လုံးများ စုထားသည့်နေရာသို့ လှမ်း လက်ညှိုး ညွှန်ပြသည်။

'ချားလ်စ်တို့ အရုပ်တွေက ဟိုဘက်မှာ၊ ဗိုင်ယာနာက ဘာလို့ ဒီဘက် ရောက်နေရသလဲလို့ စဉ်းစားနေတာ'

'ကိုကို တကယ် မသိတာလား'

'ဟင့်အင်း'

www.burmeseclassic.com

www.burmeseclassic.com



'သိပ်အဆင်မပြေကြဘူး ကိုကိုရဲ့၊ တစ်ကမ္ဘာလုံး သိတာပဲ'

ရဲဝင့်က မျက်မှောင်ကြုတ်သည်။

'ကွဲတော့ မကွဲဘူး မဟုတ်လား'

'ကွဲတာပဲပေါ့ ကိုကိုရယ်၊ ဝေလမင်းသမီးဆိုတဲ့တွဲ့ကို ဆက်ပြီး ဆက်ခံထားတာပဲ ရှိတာ၊ ဒါကလည်း ဝီလျံ အတွက်ပေါ့၊ ချားလ်စ် ရှင်ဘုရင်ဖြစ်ရင် သူ့သား ဝီလျံက အိမ်ရှေ့မင်းသား လုပ်ရမှာ မဟုတ်လား'

ရဲဝင့်က ခေါင်းတဆတ်ဆတ် ညိတ်၍ ရှေ့ဆက်လျှောက်သည်။ စိမ်းဝေက ရဲဝင့်၏ လက်တစ်ဖက်ကို ခိုတွဲ၍ ဆက်လိုက်လာသည်။

'မောင်ဂိုမာရီ' အရုပ်ရှေ့တွင် စိမ်းဝေက ရုတ်တရက် ရပ်လိုက်ပြီး ရယ်၍ ရဲဝင့်ကို မေးသည်။

'ကိုကိုရော ကင်မလာပါကားဘောင်းလို မိန်းမမျိုးနဲ့တွေ့ရင် စိမ်းဝေကို ပစ်သွားမှာပဲလား'

မဟော်သဓာ ဇာတ်ထဲက မဟုတ်မမှန် စွပ်စွဲစကားဆိုရင်တောင် အဲ့သလို ဆိုသည့်အတွက် ပိုချစ်ရသူမှာ ဘယ်သူလဲဆိုသည့် မေးခွန်းကို ရဲဝင့်သွား၍ သတိရမိသည်။

'ဟိုက ရည်းစားဟောင်း မဟုတ်လား၊ ကိုကို့မှာ ရည်းစားဟောင်းမှ မရှိတာ'

စိမ်းဝေက သဘောကျစွာ ဟက်ဟက်ပက်ပက် ရယ်သည်။

'ဟုတ်ပါရဲ့ နော်၊ တို့အစ်ကို တစ်ယောက် အသက် ၂၇ နှစ်အထိ စီးပွားရေး မဲနေတာ ရည်းစားတောင် မရှိသေးဘူး၊ သနားဖို့ ကောင်းလိုက်တာ'

ရဲဝင့်က စိမ်းဝေ မျက်နှာလှလှကလေး ရွှင်လန်းစွာ ရယ်နေသည်ကို မြတ်နိုးစွာ ငုံ့ကြည့်၍ ရယ်သည်။

'အခု ရှိတာပဲဟာ'

စိမ်းဝေက ရှက်စနိုး မျက်စောင်း ထိုးသည်။

'ဘယ်သူက ကိုကို့ရည်းစားမို့လဲ'

စိမ်းဝေပေါ့ဟု အားပါးတရ ပြောချလိုက်ချင်သော်လည်း ပါးစပ်က မဝံ့မရဲ။ တစ်သက်လုံး ညီမလေး အရင်းလို သန့်စင်စွာ ဆက်ဆံလာခဲ့ကြတာ ရင်ထဲက ဘယ်လောက်ပဲ ချစ်ချစ်၊ ပါးစပ်က ချစ်သူပါဟု ထုတ်ပြောရမှာကို အားနာစွာ မဝံ့မရဲ ဖြစ်နေမိသည်။

ဒါကို ရိပ်မိဟန်တူသော စိမ်းဝေ သိတတ်စွာ စကားလွှဲသည်။



'ကိုကို စိမ်းဝေ ဗိုက်ဆာပြီ၊ ဒီနားမှာ မက်ဒေါနယ် ရှိတယ်၊ ဘာဂါ ဝင်စားရအောင်'

'စိမ်းဝေက ဘာဂါ ကြိုက်သွားပြီလား'

စိမ်းဝေက ရယ်၍ ခေါင်းယမ်းပြသည်။

'စားသောက်ဆိုင်ရွေးရင်း အချိန် မဖြုန်းချင်ပါဘူး၊ ကိုကိုရယ်၊ ကိုကိုနဲ့ အတူ ရှိနေတဲ့အချိန်ကလေးတွေ နှမြောတယ်၊ ကြုံရာပဲ ကြုံသလို စားကြစို့'

သည်လောက်လှသော မိန်းကလေးက ရင်ထဲအထိ နွေးခနဲနေအောင် ချစ်စဖွယ် ပြောတတ်ပြန်သေးလေသည်။

၁၀

'မေမေတို့ကို ဘယ်လို ပြောခဲ့လဲ'

စိမ်းဝေက ရဲဝင့်အတွက် ကိုကာကိုလာခွက်ကို ရေခဲများနှင့် သမအောင် ငြိမ်းညင်းစွာ မွှေပေးနေရင်းက ပြုံး၍ မေးသည်။

ရဲဝင့်က ဆိုင်မှန်ပြတင်းမှနေ၍ အပြင်မှာ ဖွဲဖွဲ ရွာနေသော မိုးကို ငေးကြည့်နေရင်းက ရှက်ရယ် ရယ်သည်။

'အလုပ်အတွက် လေ့လာစရာ ကလေးတွေလည်း ရှိလို့ ဥရောပကို သွားရင်းက ယူကေမှာ စိမ်းဝေကိုလည်း ဝင်ကြည့်လိုက်မယ်လို့'

'ဘာတွေ လေ့လာစရာ ရှိလို့လဲ'

'ဘာမှ မရှိပါဘူး၊ ဒီပဲ တန်းလာတာပဲ'

စိမ်းဝေက မျက်လုံးကလေးပိတ်အောင် ရယ်သည်။

'အမှန်အတိုင်း မပြောရဲဘူးပေါ့၊ ဟုတ်လား'

ရဲဝင့်က စိမ်းဝေ မျက်နှာကလေးကို ငေးကြည့်နေပြီးမှ ရှက်ပြုံးပြုံး၍ ဟုတ်တယ်ဟု ပြောသည်။

'ငြင်းထားခဲ့မိလို့ မဟုတ်လား'

စိမ်းဝေက အကျကောက်၍ မေးတော့ ရဲဝင့်မျက်နှာ အထားရ ခက်သွားသည်။ ဟာ မဟုတ်ပါဘူးဟု ဖြေ၍ စိမ်းဝေ ကမ်းပေးသော အအေးခွက်ကို လှမ်းယူသည်။

'ငြင်းတုန်းကလည်း စိမ်းဝေ သိပ် ငယ်သေးလို့၊ စိမ်းဝေ အနာဂတ်ကို ချုပ်ကိုင်ယူထားသလိုမျိုး မလုပ်ချင်လို့ ငြင်းခဲ့တာ၊ အခုလည်း စိမ်းဝေ ကျောင်းပြီး

www.burmeseclassic.com

www.burmeseclassic.com



ဖို့ နှစ်နှစ်တောင်လိုသေးလို့ မပြောခဲ့တာပါ၊ အမှန်တော့ ကျွန်တော်က စိမ်းဝေကို သိပ်ချစ်တာပါလို့များ သွားပြောကြည့်၊ သူတို့ ချက်ချင်း စိစဉ်ကြမှာ'

စိမ်းဝေက မျက်နှာကလေး အနည်းငယ် နီမြန်း၍ ခေါင်းငုံ့သွားသည်။ ပြီးတော့ တိုးတိုး စိမ်းဝေကိုတော့ ပြောသင့်တာပေါ့ဟု ပြောသည်။

'ပြောမလို့ လိုက်လာတာလေ၊ ခုလည်း ပြောနေပြီဟာ'

မျက်စောင်း လှလှကလေး လှည့်ထိုးသည်။

'မေးမှ ပြောတာများ'

ရဲဝင့်က ရယ်၍ ခေါင်းကုတ်သည်။

'သိပ်ခက်တာ စိမ်းဝေ မသိဘူးနော်၊ တကယ့်အစ်ကိုကြီး အရင်းတစ်ယောက် နေရာက တစ်သက်လုံး နေခဲ့မိတော့'

စိမ်းဝေက မျက်စောင်း ထိုးပြန်သည်။

'အဲဒါ စိမ်းဝေထက် အစ်ကိုကြီးဆိုတဲ့ ဂုဏ်ပုဒ်ကို ပိုချစ်လို့၊ ကိုကို့ သိက္ခာ ကိုကို တအားချစ်နေလို့'

ရဲဝင့်က ရယ်၍ ခေါင်းခါသည်။

'မသိပါဘူး ညီမလေးရယ်၊ ကိုကို့ ရင်ထဲကတော့ စိမ်းဝေကို စိတ် ချမ်းသာစေချင်တာ တစ်ခုပဲ သိတယ်၊ စိမ်းဝေကို ကိုကို ပိုင်ရလို့ စိမ်းဝေ စိတ်မချမ်းသာဘူးလို့ ထင်ရင် စိမ်းဝေ ကိုကို့ကို မပြောဘဲ နေမိမှာပဲ၊ အခု စိမ်းဝေလည်း စိတ်ချမ်းသာမယ် ထင်လို့ပြောတာ၊ သိက္ခာတွေ၊ ဂုဏ်တွေ တကယ့်ကို ကိုကို နားမလည်တာပါ၊ ဒီမျက်နှာကလေး ငြိမ်းချမ်းနေတာ တစ်သက်လုံး မြင်ချင်တယ်'

ရန်တွေ့ဟန် ပြင်နေသော မျက်နှာကလေး ပြေလျော့သွားပြီး ရှက်ရွံ့ ပြုံး၍ ခေါင်းငုံ့ သွားသည်။

'ကိုကို အနားမှာရှိနေရင် စိမ်းဝေ စိတ်ချမ်းသာပါတယ်'

သာယာလိုက်သည့် ဂီတသံ။

၀

ဟိုတယ် ညွှန်ကြား စားပွဲဘက်မှ မျက်နှာ သိပ်မကောင်းဘဲ ပြန်လှည့်လာသော ရဲဝင့်ကို စိမ်းဝေက စိတ်ပူစွာ ဆီးမေးသည်။

'မရဘူးလား ကိုကို'



'အေး ကြို ဘွတ်ကင်လုပ်မထားလို့တဲ့၊ သူတို့ ဆက်မေးပေးတာတော့ ပရဲစီးဒင့်မှာတော့ ရှိသတဲ့၊ အဲဒီပဲ သွားရအောင်'

စိမ်းဝေက ရင်ဘတ်ကလေး လက်နှင့်ဖိ၍ ပရဲစီးဒင့်ဟု ရေရွတ်သည်။ ဒီလောက် ဈေးကြီးတာ ကိုကိုက မီလျံနာမို့လို့လားဟု ကျီစယ်သည်။

ပြီးတော့ ရဲဝင့်၏ လက်ကိုဆွဲ၍ ညွှန်ကြား စားပွဲဘက် ပြန်လျှောက်သွားသဖြင့် ရဲဝင့် ပြန်လိုက်သွားရသည်။

'အခန်းက ဘယ်လိုမှ မရနိုင်တော့ဘူးလား ဟင်'

ညွှန်ကြား စာရေးက ပခုံးတွန့်ပြသည်။

'ဒီက လူကြီးမင်းက တစ်ယောက်ခန်း နှစ်ခန်း လိုချင်တယ် ပြောပါတယ်၊ ကျွန်တော်တို့ လောလောဆယ်မှာ နှစ်ယောက်ခန်း တစ်ခန်းပဲ အားတာပါ၊ အဲဒီ နှစ်ယောက်ခန်းကို တစ်ယောက် ယူရင်လည်း တစ်ယောက်ကတော့ တခြား ဟိုတယ်မှာ တည်းရပါလိမ့်မယ်'

'နားလည်ပါပြီ၊ အဲဒီနှစ်ယောက် ခန်းကိုပဲ ကျွန်မတို့ ယူပါ့မယ် ဖြစ်တယ် မဟုတ်လား'

'နွေးထွေးစွာ ကြိုဆိုပါတယ် ခင်ဗျာ'

ရဲဝင့်က မျက်မှောင်ကြုတ်၍ စိမ်းဝေဟု တိုးတိုးပြောသည်။ စိမ်းဝေက ရယ်၍ ပခုံးတွန့်ပြသည်။

'ဒါထက် အဲဒီမှာ နှစ်ယောက်အိပ် ခုတင်အစား တစ်ယောက်အိပ် နှစ်ခုတင် ပြင်ပေးလို့ ရတယ်မဟုတ်လား'

'သိပ်ရတာပေါ့ ခင်ဗျာ၊ ဟိုနားက ဆက်တီမှာ ခဏလေး အနားယူ နေပေးပါ၊ အခန်း အဆင်သင့်ဖြစ်တာနဲ့ ကျွန်တော်တို့ လာခေါ်ပါ့မယ်'

စိမ်းဝေက ရဲဝင့်လက်ကိုဆွဲ၍ ညွှန်ကြား ညွှန်ခန်း ဆက်တီဘက်သို့ လျှောက်လာခဲ့သည်။ ရဲဝင့်က တိုးတိုး စိမ်းဝေဟု ထပ်ခေါ်တော့ စိမ်းဝေ နှုတ်ခမ်းပေါ်မှာ လက်ညှိုးထောင်၍ ရှူးဟု လုပ်ပြသည်။

'ကမ္ဘာပေါ်မှာ စိမ်းဝေ နှစ်နာမှာ စိတ်အပူတတ်ဆုံး ယောကျ်ားက ကိုကိုပဲ၊ ဆိုတော့ကိုမှ စိမ်းဝေမယုံရင် ယုံရမယ့်သူ ကမ္ဘာပေါ်မှာ တစ်ယောက်မှတောင် ကျန်တော့ဘူး၊ ပြီးတော့ ကိုကို့ကို စိမ်းဝေ ယုံခဲ့တာ ခုမှ မဟုတ်ဘူး၊ လွန်ခဲ့တဲ့ ဆယ်နှစ်လုံးလုံး ယုံခဲ့တာ၊ နားလည်ပြီလား'

ရဲဝင့်ကပြုံး၍ လက်သာ မြှောက်ပြလိုက်သည်။

၀

www.burmeseclassic.com

www.burmeseclassic.com



ကင်း ကောလိပ် ဝင်းဝတွင် ရပ်စောင့်နေသော စိမ်းဝေကို မြင်လိုက်တော့ စာအုပ်ကလေး ပိုက်ထွက်လာသော အာသာ ပါးစပ်အဟောင်းသား ဖြစ်သွားသည်။ ငါ့ကို စောင့်နေတာလားဟု တိုးတိုး မေးသည်။ စိမ်းဝေက ရယ်သည်။

'နင်မလာတော့ ငါက လာရတာပေါ့၊ ငါ ဟက်ဖ်နာမှာ စာအုပ်သွားဝယ်မလို့ အဖော်မရှိလို့ နင့်လာခေါ်တာ၊ နင် ငါ့ဆီမလာတာ တစ်ပတ် ရှိပြီ'

အာသာက တိုးတိုးရယ်၍ အစ်ကိုရဲဝင့် ပြန်သွားပြီလားဟု မေးသည်။ စိမ်းဝေက မျက်နှာကလေး ညှိုးသွားသည်။

'သုံးရက်တည်း နေသွားတာပါဟာ၊ နင်က လာတောင် မနှုတ်ဆက်ဘူး'

အာသာက ပြုံး၍ ဆောရီးဟု ပြောသည်။

နှစ်ယောက်သား တိတ်တဆိတ် အတူ လမ်းလျှောက်လာကြပြီး ခဏနေမှ အာသာက စကားပြောသည်။

'ငါ့ကို အထင်မလွဲပါနဲ့ဟာ၊ သူ ခဏလေးပဲ နေနိုင်မယ် ဆိုတာလည်း ငါမှန်းမိတယ်၊ နင်တို့ချင်း အခုမှ ပွင့်ပွင့်လင်းလင်း ရှိကြတာလို့လည်း ငါ နားလည်တယ်၊ ဒီလောက် ပျော်စရာကောင်းတဲ့ အချိန်ကလေးတွေ နင်တို့ဆီက ငါဖဲ့မယူချင်လို့ မလာတာပါ၊ တကယ်တော့ နင့်ကို ငါကလည်း အဲသလို ပျော်စေချင်တာပါပဲ'

စိမ်းဝေ မျက်နှာကလေး အနည်းငယ် နီ၍ ခေါင်းငုံ့သွားသည်။ ခဏနေမှ တိုးတိုး ပြန်မေးသည်။

'နင် အစကတည်းက ရိပ်မိတာပေါ့ ဟုတ်လား'

အာသာက တိုးတိုးရယ်သည်။

'နင့်ကို ရိပ်မိတာပါ၊ အစ်ကို ရဲဝင့်ကိုတော့ ဘယ်သိမလဲ၊ ငါက နင့် မျက်နှာပဲ အရိပ်လို ကြည့်နေခဲ့တာ'

'အာသာ'

အာသာက ပြုံး၍ ခေါင်းခါသည်။

'ငါ့စိတ်ထဲ ရှိတာတော့ ပြောပြခွင့် ပေးပေါ့ဟာ၊ ဒီနေ့ပြီးရင် ငါမပြောတော့ဘူးလို့ ကတိပေးပါတယ်၊ ငါက နင့်ကို သိပ် စိတ်ချမ်းသာစေချင်တာ အခုလို ဖြစ်လာခဲ့ရင် နင် စိတ်ချမ်းသာမယ်ဆိုတာလည်း ငါ ရိပ်မိတယ် သူ့သဘောထားကို ငါက မသိတော့ သူ့ဘက်ကို မတွက်မိဘူး၊ ငါ့ကိုယ်ငါ သူ နင့်ကို ဂရုစိုက်သလို စိုက်နိုင်အောင် ကြိုးစားနေခဲ့တာ တစ်နေ့နေ့မှာ ငါနင့်ကို တစ်သက်လုံး စိတ်ချမ်းသာအောင် ထားနိုင်ခွင့် ရမယ်ဆိုပြီး တော့ လေ၊ အခုလို ဖြစ်သွားတော့လည်း ငါ ကျေနပ်ပါတယ်၊ နင့်ဘဝမှာ နင် ရည်ရွယ်ခဲ့သမျှ ဆန္ဒအားလုံးကို ပြည့်စေချင်တာလေ၊ ငါကတော့ အမြဲတမ်း နင့်ရဲ့ အချစ်ဆုံး သူငယ်ချင်း ဆက်လုပ်မှာပါ၊ နင့်ကို ဆက်ဂရုစိုက် နေမှာပါပဲ'



စိမ်းဝေ အာသာ့အတွက် အနည်းငယ် စိတ်မကောင်းဖြစ်၍ ရှေ့က မြက်ခင်းပြင်ကို တွေဝေ ငေးမောရင်း ဆက်လျှောက်နေသည်။

ပြီးမှ ခေါင်းကို ဆတ်ခနဲခါ၍ အာသာ့ဘက်သို့ ပြုံးစူစူနှင့် လှည့်ကြည့်သည်။

'ဒါဆိုလည်း ငါ့ဆီလာပေါ့၊ ဘာလို့ တစ်ပတ်လုံး ရှောင်နေသေးလဲ'

အာသာက ပခုံးတွန့်ပြသည်။

'ခဏတော့ ပေး အသည်းကွဲပေါ့ ဟာ'

'အာသာ'

'ဟ ဒီနေ့တော့ ပေးပြောပါဆို အခု နေ့ မကူးသေးဘူးလေ'

သူငယ်ချင်း နှစ်ယောက် ပြိုင်တူ ရယ်မိကြသည်။

●

www.burmeseclassic.com

www.burmeseclassic.com

## မနှင်းဖွေး [ ၁၂ ]

မနှင်းဖွေး လက်ထဲက လက်ဖက်ရည်ချို ပန်းကန်ကို ငွှန်းနှင့် အဓိပ္ပာယ်မဲ့ မွှေနေသည်မှာ အတော်ကြာနေပြီ။

အဲဒီ ပန်းကန်က ရဲဝင့်၏ ပန်းကန် ဖြစ်သည်။ မမွှေရသေးသော မနှင်းဖွေး၏ ပန်းကန်ပင် အပေါ်ယံ အရည်တင်းနေပြီ။

ရဲဝင့်နှင့် ဟန်ပိုတို့ကလည်း အဲဒါကို မမြင်သည့်အလား လက်ဖက်ရည်ဆိုင်နှင့် မျက်နှာချင်းဆိုင်က ဆောက်လက်စ ရပ်နေသော ကွန်ဒို အဆောက်အအုံကြီး ရေညှိများ တက်နေသည်ကို စိတ်ပျက်လက်ပျက် ငေးကြည့်နေကြသည်။

ခဏနေမှ ရဲဝင့်က ဟက်ခနဲ တစ်ချက်ရယ်သည်။

'စက္ကူစက် ပြန်ထောင်ရင် ကောင်းမလားပဲကွ'

ဟန်ပိုက အသံမထွက်ဘဲ ဆဲသည်။

'စိမ်းဝေလည်း ရွှေနှစ် ကျောင်းပြီးတော့မယ်၊ မင်းရော ငါရော၊ နှင်းရောလည်း အိမ်ပိုင်၊ ကားပိုင် ရှိနေကြပြီ၊ နောက်ထပ် ဒီ ရီဆက်ရှင် လေးငါးနှစ် ကြာလည်း ငါတို့ ခံနိုင်တယ် မင်းက ဘာစိတ်ပူနေရတာလဲ'

ရဲဝင့်က ဖြည်းညင်းစွာ ခေါင်းခါသည်။

'သူများ ကုမ္ပဏီတွေက ဝန်ထမ်းတွေတောင် လျှော့ကုန်ပြီ၊ ငါက အဲဒီမျိုးတော့ ဘယ်တော့မှ မလုပ်ချင်ဘူး၊ လစာတောင် ခါတိုင်း ခြောက်လ တစ်ခါလောက် တွက်ပြီး တိုးပေးတာ၊ အခု တိုးမပေးနိုင်တာ တစ်နှစ်ခွဲ ရှိပြီ ကုန်ဈေးနှုန်းတက်လို့ သူတို့ ခြိုးခြံနေ ရရင် ငါ ဘယ်စိတ်ကောင်းမလဲ'



ဟန်ပိုက သက်ပြင်းချသည်။

'လျှော့တော့လျှော့ရမှာပဲ ထင်တယ်ကွ၊ သူတို့လည်း ထိုင်နေရတာ'

ရဲဝင့် ရယ်သည်။

'ငါလျှော့ချင်တာက နှစ်ယောက်ရှိတာ၊ အမျိုးတွေ ဖြစ်နေတော့ ခက်တာပေါ့'

ဒီ တစ်ခါတော့ မနှင်းဖွေးပါလိုက်၍ သုံးယောက်သား ရယ်မိကြသည်။ မနှင်းဖွေးက ကိုရဲဝင့်ကို ထိမ်တွေပေါ်မှာ လမ်းလျှောက်နေတယ် ပြောလို့လားဟု တိုးစယ်သည်။ ရဲဝင့်က ပခုံးတွန့်ပြသည်။

တကယ်တော့ စိမ်းဝေ အစ်မ ဝမ်းကွဲများက စိမ်းဝေကို ကိုရဲဝင့်ဆိုတာ သူ့အောင်မြင်မှုတွေ အပေါ်မှာ သူ ပြန်ဘဝင်မြင့်နေသူဟု မလိုတမာ စကားဆိုခဲ့ကြသည့် လွန်ခဲ့သည့် တစ်နှစ်ကျော် အချိန် ကတည်းက ရဲဝင့် အပါအဝင် ဆောက်လုပ်ရေး လုပ်ငန်းများ သိပ် မအောင်မြင်တော့ပါ။ ဝန်ထမ်းများ၏ စားဝတ်နေရေးကို ယိုင်မသွားစေချင်၍သာ သူတို့ သုံးယောက်သား ကြိုးစား၍ ထူးကန်နေခဲ့ကြခြင်း ဖြစ်သည်။ အဲဒီ အစ်မ နှစ်ယောက်ကတော့ နဂိုကတည်းက လုပ်ငန်းထဲတွင် စေတနာ မထားကြ။ အားမထည့်ကြသူများ ဖြစ်၍ မရိပ်မိ တာလည်း ဖြစ်ကောင်း ဖြစ်နိုင်သည်။

ရဲဝင့်က ရှေ့က ဆောက်လက်စ ကွန်ဒိုကြီးကို လက်ညှိုး ထိုးပြသည်။

'ဒါမျိုးတွေ စင်ကာပူမှာ တော်တော် ခေတ်စားနေပြီကွ၊ ဆောက်ကြ တာ အပြိုင်အဆိုင်ပဲ၊ အရင်လ ငါ သွားတုန်းကတောင် လျှောက်ကြည့် သေးတယ်၊ ဒီမှာ တန့်နေတာ မဖြစ်သင့်ဘူး၊ ခဏလေ ပြန်တော့ ပွင့်လာမယ် ထင်ပါရဲ့၊ အချိန်သာ မှန်းရ ခက်နေသေးတာ'

ဟန်ပိုက ဝင်၍ 'မင်း စင်ကာပူသွားတာ ဘာလို့ ယူကေ မပတ်ခဲ့လဲ'ဟု မေးတော့၊ ရဲဝင့်က သောက်လက်စ ရေနွေးကြမ်းပန်းကန် သီးအောင် ရယ်သည်။

'ဘာဆိုင်လို့လဲဟ မင်းက'

'ရင်ထဲမှာ နီးနီးကလေး၊ ဆိုင်ချင်ရင် ကမ္ဘာခြားတောင် ဝင်လို့ရတယ်မောင်'

'ဘာကမ္ဘာခြားလဲ၊ မင်းပါးစပ် ပုပ်ကြီးနဲ့'

မနှင်းဖွေးပါ သူတို့ သူငယ်ချင်း နှစ်ယောက်ကို ကြည့်၍ ရယ်မိသည်။

'ကိုရဲဝင့်က ဘာလို့ လူကြီးတွေကို ပြောမပြလဲ'

'ဒီကောင်လား၊ လူကြီးတွေ ဝမ်းသာမှာ စိုးလို့ပေါ့၊ ငါ့မှာတော့ သူတို့နဲ့ အမြဲတိုင်း လျှာကုတ်နေရတယ်'

ဟန်ပိုက ဝင်နောက်တော့ ရဲဝင့်က ရယ်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ပြောတာနဲ့ ချက်ချင်း ပြန်ခေါ် စီစဉ်ကြမှာ နှင်းရဲ့၊ တို့က သူကို ကျောင်းပြီးအောင် စိတ်အေးအေး တက်စေချင်တယ်၊ ကျောင်းပြီးရင် သူ ဘယ်မှာ နေချင်တယ်၊ ဘာလုပ်ချင်တယ် ဆုံးဖြတ်ပြီးမှ ညှိပြီး အစီအစဉ် ဆွဲမှာ'

'အဲဒါနဲ့ပဲ ဟိုသတ္တဝါလေး ဘေးမှာ နှစ်နှစ် စိတ်ချထားမလို့ပေါ့'

ဟန်ပိုက အငေါ်တူးသော်လည်း ရဲဝင့်က အပြုံးမပျက်။

'ချစ်နေတဲ့ မိန်းကလေးကို စိတ် ချမ်းသာအောင် ထားပေးနိုင်မယ် ထင်လို့ ပိုင်ဖို့ ကြံစည်တာကွ၊ ပိုင်ဖို့က နောက်၊ စိတ်ချမ်းသာစေချင်တာက ရှေ့ ဘယ်သူ့နားမှာ ပိုစိတ်မချစရာမှ မရှိဘူး မောင်၊ သူ စိတ်ချမ်းသာနေ သရွေ့ ငါ့အချစ်က ပြည့်စုံတယ်'

'ကြောင်ပါ့ကွာ'

ဟန်ပိုက မဲ့ရွဲ့ပြောသော်လည်း ရဲဝင့်စကားက မနှင်းဖွေး ရင်ထဲသို့ နွေးထွေးစွာ စီးဆင်း ဝင်ရောက်သွားသည်။ ဟုတ်ပါရဲ့။ ပိုင်ချင်တာက အစိ မကျ။ စိတ်ချမ်းသာစေချင်တာကမှ အချစ်။ ဒါကတော့ မနှင်းဖွေ တောက်ခံချင်သည်။

○

မနှင်းဖွေး ရုံးခန်းတံခါး ကျိုခနဲ ပွင့်သွား၍ ရဲဝင့်ရော ဟန်ပိုပါ ဝင်လာသည် ဟန်ပိုက လက်ထဲကအိတ်ကို မနှင်းဖွေး စားပွဲပေါ် ပစ်တင်ရင်း ရှုံ့မဲ့၍ ဆိုသည်

'မာလာတို့ အုပ်စု ပေါ်တင်ကြီး ရှောင်သွားတာကွာ၊ ရှိုင်းလိုက်တာ၊ မင်း မမြင်လိုက်ဘူးလား'

ရဲဝင့်က မျက်လုံးပြူးကြည့်သည်။

'မမြင်ရပါလားကွာ ဘယ်တုန်းကလဲ'

'အက်ဖ်အီးစီးလဲတဲ့ ကောင်တာမှာလေ၊ ဝင်လာပြီး ငါတို့ကိုလည်း တွေ့ရော အချင်းချင်း တိုးတိုးတိုးတိုးနဲ့ ငါတို့ဘက် လက်ညှိုးထိုးပြီး လှည့်ထွက်သွား ငါတို့နဲ့ ရန်ဖြစ်ထားတာ ကျနေတာပဲ'

ရဲဝင့်က ရယ်သည်။

'ငါလည်း ခုတလော ဘာဖြစ်နေတယ် မသိဘူးကွ၊ ဘေးနှစ်ဖက် သိပ်မမြင်ဘူး ဖြစ်ဖြစ်နေတယ်၊ အထူးသဖြင့် နေပြင်းပြီး ခေါင်းကိုက် အခါမျိုးတွေပေါ့၊ မျက်စိသွားစစ်တော့လည်း ပါဝါကမရှိဘူး။ မျက်စိ အထူး



ဆရာဝန်တောင် ပြသေးတယ် ဘာမှ မရှိဘူးတဲ့'

မနှင်းဖွေးက စိတ်ပူဟန်ဖြင့် 'ဦးနှောက် အာရုံကြော အထူးကုလေး ဘာလေး ပြကြည့်ပါလား ကိုရဲဝင့်ရယ်' ဟု ပြောသည်။ ရဲဝင့်က ရယ်၍ 'ဦးနှောက်ကောင်းလွန်းလို့ လူမုန်းများတာ နှင်းရဲ့။ မာလာတို့ အုပ်စု ကြည့်မရတာ အဲဒါပဲ၊ သူတို့ ပေါင်းစားဖို့ ပြောတုန်းက ငြင်းလိုက်ပြီး နောက် ကိုယ့်ဟာကိုယ် ရသွားတော့ ပြီးတာ'ဟု ဖြေသည်။

'သိပ်ဂုဏ်ယူမနေနဲ့ ဟေ့ကောင်၊ သူတို့ ဘော်ဒါမရှိတော့လို့ မင်းရတာ၊ ပြီးတော့ ငြင်းတုန်းကလည်း ကောင်းကောင်း ပြေပြေပြစ်ပြစ် မပြောဘူး၊ ဒါမျိုး လုပ်မှ ရမယ်ဆို ကျွန်တော် ဒီမှာ အလုပ် မလုပ်တော့ဘူးလေး ဘာလေးနဲ့ လေသံကြ၊ မင်း အဲဒါကြောင့် ဟိုက ကြည့်မရတာ'

ဟန်ပိုက ဟောက်သည်။

'မင်း တစ်ခုခု သွားကျူးလွန်ထားပြီး တာဝန်မယူလို့လည်း ဖြစ်ချင် ဖြစ်မှာပေါ့'

ရဲဝင့်က ပြန်စတော့ ဟန်ပိုက အသံမထွက်ဘဲ ဆဲသည်။

မနှင်းဖွေးကတော့ စိတ်ပူ မပြေသေးဘဲ ဝင်ပြောသည်။

'ကိုရဲဝင့် ရှေ့လ စင်ကာပူ သွားဦးမယ်ဆို၊ ဟိုမှာ မျက်စိလေး ဘာလေး ဝင်ပြရင် ပြကြည့်ပါလား။ ခေါင်းကိုက်တာလည်း ခဏခဏပဲ'

ရဲဝင့်က စဉ်းစားနေပြီးမှ အင်းလေ ဟု ဆိုသည်။

●

www.burmeseclassic.com

www.burmeseclassic.com

## ရဲဝင့် [ ၁၃ ]

ဒေါက်တာ 'ဟို' က ရဲဝင့်ကို သွားစားပွဲ ရှေ့က ကုလားထိုင်မှာ ထိုင်ဖို့ လက်ပြသည်။

နောက်က ဓာတ်မှန်ကြည့်သော မီးအဖြူလင်းနေသည့် ဘူးပြားကလေးများပေါ်တွင်တော့ ရဲဝင့်၏ ကွန်ပျူတာ ဓာတ်မှန်များဟု ယူဆရသော ခေါင်းခွံရိုးပုံများ အစီအရီ ချိတ်ဆွဲထားသည်။

'တစ်ယောက်တည်းလား'

ဒေါက်တာဟို၏ မျက်နှာက စိတ်မသက်မသာဟန် ဖြစ်နေ၍ ရဲဝင့် ထင့်ခနဲ ဖြစ်သွားသည်။

'ကျွန်တော် မြန်မာပြည်ကနေ ဒီ စင်ကာပူကို အလုပ်ကိစ္စလာရင်း ဒီ ခေါင်းကိုက်ကိုက်နေတဲ့ ကိစ္စ ဝင်ပြကြည့်တာမို့ အဖော် ခေါ်မလာပါဘူး အရေးကြီးနေလို့လား ခင်ဗျာ'

ဒေါက်တာဟို သက်ပြင်းချသည်။

'ကြီးချင်လည်း ကြီးမယ်လို့ပဲ ပြောရမယ် ထင်တယ်၊ ဒီလိုဗျာ'

ဒေါက်တာ 'ဟို' က စာရွက်ဖြူ တစ်ရွက်တွင် ပုံဆွဲပြသည်။

'မစ္စတာ ဝင့် ခံစားနေရတဲ့ ဝေဒနာတွေ အထူးသဖြင့် ဘေးဘယ် ညာကို သိပ်မမြင်ရတာတွေက ဦးနှောက်ရဲ့အရင်း အလယ်ခေါင် တည့်တည့်လောက်မှာရှိတဲ့ ပီကျူထရီ ဂလင်းနေရာမှာ အကျိတ်ရှိတာနဲ့ သိပ်တူနေတယ်။ ဒါကြောင့်လည်း ကျွန်တော် ဒီကွန်ပျူတာ ဓာတ်မှန်ကို ရိုက်ခိုင်းတာပေါ့'



ရဲဝင့် နှလုံးခုန်မြန်လာသည်။

'အခု အဲဒီအကျိတ်ကို တွေ့နေလို့လား ခင်ဗျာ'

ဒေါက်တာဟို ခေါင်းခါသည်။

'မတွေ့ပါဘူး မတွေ့တာကိုပဲ ကျွန်တော် ဘဝင်မကျတာ'

'ခင်ဗျာ'

'ဆောရီး၊ ဒီလိုဗျာ ရောဂါမတွေ့ဘူး ဆိုတာက မရှိလို့ မတွေ့တာဆို ရင် ကောင်းတာပေါ့နော်၊ ကျွန်တော်က ရှိလျက်သားနဲ့ မမိတာလို့ ထင်နေတယ်၊ ဘာဖြစ်လို့လဲဆိုတော့၊ ဟောဒီ မည်းမည်းနှစ်ခုက လက်ထရယ် ဗင်ထရီကယ်လို့ခေါ်တယ်၊ ဦးနှောက်ထဲမှာ ပုံမှန်ရှိတဲ့ အရည်အိတ်တွေပေါ့၊ အဲဒီ အရည်ထွက်တဲ့ အပေါက်နားမှာ အကျိတ်ရှိမယ်လို့ ခန့်မှန်းထားတာ အကျိတ်ရှိနိုင်တဲ့ နေရာက ဒီ ကွန်ပျူတာ ဓာတ်မှန်မှာ အပြည့် မပေါ်ဘူး၊ အရည်အိတ်နှစ်ခုကတော့ ကျယ်နေတယ်၊ ယောင်ယောင်ကလေးပဲ၊ ပုံမှန်လည်း ဖြစ်ချင်တော့ ဖြစ်နိုင်ပါတယ်၊ ဒါပေမဲ့ မသင်္ကာစရာတွေ သိပ်များနေတယ်လို့ ပြောရမှာပဲ'

ရဲဝင့် မွန်းကျပ်လာသည်။ ဒါကြောင့် တစ်ယောက်တည်းလားဟု မေးတာကိုး သူတို့က အမှန်အတိုင်းပဲ အမြဲပြောပြတတ်သူတွေ။ စိတ်ပူစရာမရှိပါဘူးဟု အလွယ်ပြောမည့် လူစားတွေမဟုတ်။

'အဲဒါဆို ဘာဆက်လုပ်ရမှာလဲ ခင်ဗျာ'

ဒေါက်တာဟိုက ခေါင်းတဆတ်ဆတ် ညိတ်သည်။

'ဦးနှောက်မှာ အကျိတ်ရှိရင် ဦးနှောက်ကင်ဆာလို့ အလွယ်ခေါ် တတ်ကြတယ်၊ အမှန်က နှစ်မျိုးပေါ့၊ ကင်ဆာကျိတ်ရယ် နိုးနိုးကျိတ်ရယ်၊ အဆုတ်တို့ အသည်းတို့မှာဆိုရင် အဲဒီ နှစ်ခုက တော်တော် ကွာတယ်၊ ပြန့်သွားမှ အသက်အန္တရာယ် ပေးတာကိုး။ ဦးနှောက်မှာကတော့ မပြန့်ခင်မှာပဲ အသက်အန္တရာယ်ပေးတတ်တော့ ဦးနှောက်ကင်ဆာလို့ပဲ ခေါ်နေ ကြတာပေါ့၊ ကွာတာကတော့ နိုးနိုး အကျိတ်က ကြီးထွားနှုန်း နှေးတယ်၊ ခွဲပြီးရင်လည်း ပြန်မဖြစ်တတ်ဘူး၊ ခင်ဗျားမှာရှိတယ်လို့ ကျွန်တော် မသင်္ကာနေတဲ့ အကျိတ်က အဲသလို အမျိုးအစားဖြစ်နိုင်တယ်၊ ရောဂါ လက္ခဏာတွေ ပိုပိုဆိုးလာတာက နှေးလွန်းနေတယ်'

ရဲဝင့် အားတက်သွားသည်။

'ဟုသလို့ ရတာပေါ့နော်'

ဒေါက်တာဟိုက ခေါင်းညိတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ရတယ် ပြဿနာက နှစ်ခု၊ တစ်ခုက ကွန်ပျူတာ ဓာတ်မှန်မှာ မပေါ်သေးဘဲနဲ့ ခွဲစိတ်ဖို့ ဆိုတာ သိပ်စွန့်စားလွန်းရာ ကျမယ်၊ နောက်တစ်ခုက မသက်သာတဲ့ နေရာက ဦးနှောက်ရဲ့ အောက်ခြေမှာ ဆိုတော့ အပေါ်က ဝင်လို့ မရဘူး၊ နှာခေါင်းရိုးနားကနေ ဝင်ရမှာ၊ အဲဒါမျိုးဆိုရင် ဓာတ်မှန်မှာ ပေါ်ထားမှ ဖြစ်မှာ'

ရဲဝင့် ခေါင်းရှုပ်သွားသည်။

'ဆိုလိုတာက'

ဒေါက်တာဟိုက စာရွက်ပေါ်တွင် ရေးခြစ်ပြန်သည်။

'ဒီလိုဗျာ ကွန်ပျူတာဓာတ်မှန်မှာ မပေါ်ရတဲ့ အဓိက အကြောင်းရင်းက ကွန်ပျူတာ ဓာတ်မှန်ဆိုတာ အကွင်းလိုက်ပဲ ကြည့်လို့ရတယ်၊ ဒေါင်လိုက်မရဘူး၊ ဒီတော့ တစ်ကွင်းနဲ့ တစ်ကွင်းကြားမှာ သေးတဲ့အကျိတ် ဆိုရင် လွတ်သွားနိုင်တယ်၊ ဒေါင်လိုက်ရိုက်လို့ရတာက ဓာတ်ရောင်ခြည်ကို မသုံးဘဲ သံလိုက်စက်ကွင်းကို သုံးတဲ့ အမ်အာရ်အိုင် (MRI) ဆိုတာ အခုပေါ်လာတယ်၊ အဲဒါ ရိုက်ကြည့်ဖို့ကောင်းတယ်၊ ပြဿနာက အဲဒီ နည်းပညာက ခုမှ စပေါ်တော့ ကျွန်တော်တို့ အရှေ့တောင်အာရှကို မရောက်သေးဘူး၊ ယူကေမှာတောင် ကျွန်တော် ပညာသင်ခဲ့တဲ့ ဆေးရုံ အပါအဝင် ဆေးရုံသုံးရုံမှာပဲ ရှိတယ် ကျွန်တော်က ခင်ဗျားကို ယူကေကို လွှတ်ချင်တာ'

ရဲဝင့် စိတ်အိုက်သွားသည်။

'စင်ကာပူမှာတောင် မရသေးဘူးပေါ့လေ'

'ရတော့မှာပါ၊ ဒါပေမယ့် ရတဲ့ အထိ စောင့်မနေသင့်လို့ပါ၊ ပထမနေ့က ခင်ဗျားပြောတော့ ခင်ဗျား ယူကေကိုလည်း သွားစရာရှိသေးတယ်ဆိုလားလို့'

ရဲဝင့်က ခေါင်းခါသည်။

'ယူကေမှာ ကျွန်တော် လုပ်ငန်း မရှိပါဘူး၊ ညီမလေး တစ်ယောက် ကျောင်းတက်နေလို့ လိုက်လိုက် ကြည့်နေတာပါ၊ အခုလည်း နှစ်သစ်ကူးမတိုင်ခင်လောက်မှာ သူ ဘွဲ့ယူဖို့ ရှိတယ်၊ အဲဒါ လိုက်သွားမလားလို့ပါ'

ဒေါက်တာဟိုက ပြက္ခဒိန်ကို လှမ်းကြည့်သည်။

'အများကြီး လိုနေသေးတယ်ဗျာ၊ ကျွန်တော်တော့ အဲဒီလောက်မစောင့်စေချင်ဘူး'

ရဲဝင့် အံ မသိမသာ ကြိတ်သည်။

'ဒေါက်တာ ထင်တာမှန်ရင် ခွဲစိတ်ဖို့က အဲသလောက်မြန်မြန်လိုနေပြီလား'

ဒေါက်တာဟို ပခုံးတွန့်ပြသည်။



'ဒါလည်း ရိုက်ကြည့်ပြီး သိမှ ဆုံးဖြတ်ရမယ့် ကိစ္စတစ်ခုပါပဲ'

ရဲဝင့် အကြာကြီး တွေဝေစဉ်းစား နေသည်။ ပြီးတော့မှ တိုးတိုးမေးသည်။

'အခု ကျွန်တော်မေးမယ့် မေးခွန်းကို ဖြေဖို့အတွက် ဒေါက်တာ ပညာရှင်တစ်ယောက် အနေနဲ့ ဘာတာဝန်မှ ယူစရာမလိုပါဘူး၊ ကျွန်တော့်ကို ညီတစ်ယောက်လို သဘောထားပြီး အစ်ကိုနေရာက စဉ်းစား ပေးစေချင်တာပါ၊ ဖြစ်နိုင်မလား'

ဒေါက်တာဟို မျက်မှောင်ကြုတ်သည်။

'မေးကြည့်ပါ'

'ခွဲစိတ်မှုက အသက်အန္တရာယ် သို့မဟုတ် ဦးနှောက်ကို ထိခိုက်မယ့် အန္တရာယ် ရှိနိုင်ပါသလား'

ဒေါက်တာ ဟို လက်ဖဝါးကာ ပြသည်။

'ခွဲစိတ်မယ်လို့ ကျွန်တော်တို့ မဆုံးဖြတ်ရသေးပါဘူး'

'ကျွန်တော် သိပါတယ်၊ အဖြေ က ခွဲရမယ်ဆိုရင် ပြောတာပါ'

သည်တစ်ခါတော့ ဒေါက်တာဟိုက အကြာကြီး စဉ်းစားနေသည်။ ပြီးမှ ခေါင်းတစ်ချက် ဆတ်၍ ပြောသည်။

'ရှိနိုင်ပါတယ်၊ ဒါပေမယ့် ဖြစ်ဖို့ အလွန်ခက်ပါတယ်၊ မခွဲစိတ်ဘဲထားရင် ဦးနှောက်နဲ့ အသက်ကို ရန်မူနိုင်တာထက် နှိုင်းယှဉ်လို့ မရလောက်အောင် ရာခိုင်နှုန်း နည်းပါတယ်၊ အဲသလောက်နည်းမှလည်း ကျွန်တော်တို့ ခွဲတာပါ'

'ယုံပါတယ် ဒေါက်တာ၊ ဒါပေမဲ့ ပိုမြန်သွားနိုင်တာပေါ့'

ဒေါက်တာ ဟို မျက်မှောင်ကြုတ် ပြန်သည်။

'ဘာကို ဆိုလိုတာပါလဲ'

'ခွဲရင် ကောင်းဖို့က များတယ်၊ မခွဲရင် မကောင်းဖို့က များတယ်၊ ရှားရှားပါးပါး သိပ်ကံဆိုးရင် ခွဲရင်းကလည်း အသက်နဲ့ ဦးနှောက်အပေါ် ပြဿနာရှိနိုင်တယ်၊ ဖြစ်ဖို့ကတော့ ခက်တယ်၊ ဒါပေမဲ့ ခွဲလို့ ဖြစ်တာဆိုရင် ခွဲပြီးတာနဲ့ ဖြစ်မယ်၊ မခွဲဘဲထားရင်တော့ ကျိန်းသေပေါက် အသက်နဲ့ ဦးနှောက်ကို ပြဿနာပေးမယ်၊ ဒါပေမဲ့ လအနည်းငယ်ကြာပြီးမှ ဖြစ်မယ်၊ ဒီလို မဟုတ်ဘူးလား'

ဒေါက်တာဟို ခေါင်းခါသည်။

'ခင်ဗျား အဲသလို မစဉ်းစားသင့်ဘူး'

ရဲဝင့် မဲ့ပြုံး ပြုံးသည်။

'ဒေါက်တာ နေရာမှာ ကျွန်တော်ဆိုရင်လည်း လူနာကို ဒီလိုပဲ တိုက်တွန်းမှာပါပဲ

www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာ၊ ဒါပေမဲ့ အခု ကျွန်တော် မေးတဲ့ ကိစ္စက ကျွန်တော့်အတွက် တော်တော် အရေးကြီးပါတယ်။ ကျွန်တော့်မှာ ပညာသင်နေဆဲ ညီမလေး တစ်ယောက် ရှိနေတယ်၊ ကျွန်တော့် အပေါ် မှီခိုနေတဲ့ ဝန်ထမ်းတွေလည်း ရှိနေတယ် အဲဒီ လူတွေအတွက် လာမယ့်လ အနည်းငယ်အတွင်းမှာ ကျွန်တော် တတ်နိုင်သလောက် စီစဉ် ပေးထားခဲ့ရမယ့် ကိစ္စတွေ ရှိနေတယ်၊ ကျွန်တော် အဲဒါတွေ မပြီးမချင်း အမ်အာရ်အိုင်လည်း မရိုက်ချင်ဘူး၊ ခွဲလည်းမခွဲချင်ဘူး။ အဲဒါတွေပြီးရင်တော့ ကျွန်တော်လုပ်မယ် ကောင်းသွားလည်း ကျွန်တော့်ကံပဲ၊ နောက်ကျ သွားလို့ မကောင်းတော့ရင်လည်း ကျွန်တော့်မှာ နောက်ဆံတင်းစရာ ဘာမှ မရှိတော့ဘူး၊ ကျွန်တော် အဲသလို ဆုံးဖြတ်ချင်တယ်။

ဒေါက်တာဟို ပါးစပ် အဟောင်းသားနှင့် အကြာကြီး ငြိမ်နေသည်။

ပြီးတော့မှ သက်ပြင်းချ၍ တိုးတိုး ပြောသည်။

'ဆုံးဖြတ်ပိုင်ခွင့်က မစ္စတာဝင့်မှာပဲ ရှိတာပါ၊ ကျွန်တော်တို့ကတော့ ယူကေကိုပဲ သွားသွား၊ တခြားမှာပဲ ကုကု လိုအပ်မယ့် စာရွက်စာတမ်းတွေ ပြင်ဆင်ပေးလိုက်ချင်ပါတယ်၊ ကျွန်တော့် လက်ထောက် 'မစ္စတာသူ' ဆိုတာ မစ္စတာဝင့်တို့ နိုင်ငံက ပညာ လာသင်နေတဲ့ ခွဲစိတ်ဆရာဝန်ပါပဲ၊ လိုအပ်တာတွေ သူ ပြင်ဆင် ပေးပါလိမ့်မယ်။'

ရဲဝင့် ခေါင်းသာ ညိတ်ပြမိသည်။

●

## မနှင်းဖွေး [ ၁၃ ]

စင်ကာပူက ပြန်လာပြီးနောက် ရဲဝင့် ၏ ထူးခြားမှုကို မနှင်းဖွေး သတိမပြုမိဘဲ မနေနိုင်။

ထူးခြားတာက နှစ်ခု၊ အဲဒါထက် ပို ထူးခြားတာက ထိုနှစ်ခုက ဝိရောဓိ ဖြစ်နေသည်။ ရဲဝင့် အလုပ်လုပ်တာ အလောတကြီး ဖြစ်လာသည်။ အလုပ်ကြွေး တစ်ခုမှ မထား။ မိုးလင်း မိုးချုပ် စက်တပ်ထားသည့် အရုပ် တစ်ရုပ်လို လုပ်သည်။ သို့သော် အဲဒါနှင့် ဆန့်ကျင်ဘက် တစ်ခါတစ်ခါမှာ တွေဝေ ငေးမော နေတာလည်း တွေ့တတ်သေးသည်။

'ကိုရဲဝင့် စင်ကာပူမှာ 'ချက်ကပ်ပ်' လုပ်ခဲ့တာ အဆင်ပြေရဲ့လား'

ခေါင်းသာ ညိတ်ပြသည်။

'ဘာမှ မတွေ့ဘူးလား'

ခေါင်းခါပြသည်။

'မိဂရိန်းပဲ ထင်ပါတယ်တဲ့၊ ဒီက ဆရာဝန်တွေ ပေးတဲ့ဆေးတွေပဲ ဆက် သောက်ခိုင်းတာပဲ'

ဒါဆို ဘာလို့ ငေးငိုင်နေရတာလဲ ဆိုသည့် မေးခွန်းကိုတော့ မနှင်းဖွေး မမေးလိုက်မိ။

O

ရဲဝင့်က သူ့လက်ထဲက သားရေအိတ်ကို သွက်သွက်ကလေး ထယူပြီး စားပွဲပေါ် တင်ပေးနေသော အသက် ၁၈ နှစ်အရွယ် ညိုညိုချောချော မိန်းကလေးကို တအံ့တသြ လှမ်းကြည့်ရင်းက မနှင်းဖွေးကို မေးငေါ့ ပြသည်။

www.burmeseclassic.com

www.burmeseclassic.com



မနှင်းဖွေးက ရယ်သည်။

'စမ်းစမ်းဝေတဲ့၊ နှင်း ခန့်လိုက်တာ'

ရဲဝင့်က အခန်းထဲမှာ ထိုင်နေသော ဝန်ထမ်းများကို လှည့်ကြည့်၍ ဟို နှစ်ယောက်ရောဟု မေးသည်။ စိမ်းဝေ အစ်မနှစ်ဦးကို ဆိုလိုမှန်းသိ၍ မနှင်းဖွေး ရယ်မိပြန်သည်။

'ရှိပါတယ်၊ ပလာဇာရုံးခွဲကို ပို့လိုက်တာ၊ ဟိုက ရှုံးရွှမ်းသက်သက်ဆိုတော့ အဆင်ပြေပါတယ်၊ ဒီမှာက အလုပ်များတာ၊ အဲဒါနဲ့ ဒီ သမီးကို ခန့်လိုက်တာ၊ အဲဒါ ဦးသက်ဝေ သမီးလေ'

'ဦးသက်ဝေ သမီး'

နှလုံးရောဂါကြောင့် အလုပ်မှ နားလိုက်ရသည့် ငွေစာရင်းကိုင် စာရေးကြီး ၏ အမည်ကို ရဲဝင့် မမှတ်မိစရာ အကြောင်း မရှိ။

'ဟုတ်တယ်၊ ကိုရဲဝင့်က ဒီ အတိုင်း ထောက်ပံ့နေတာ ဦးသက်ဝေက အားနာသတဲ့လေ၊ သမီးလေးကလည်း စာပေးစာယူ တက်နေရင်းက လုပ်ငန်း အတွေ့အကြုံရချင်သတဲ့၊ သူ့မှာလည်း ဒီ သမီးက အကြီးဆုံး၊ အဲဒါနဲ့ ကိုရဲဝင့် နယ်ဆင်းနေတုန်း နှင်း စီစဉ်လိုက်လာ၊ ကလေးက လိမ္မာပုံပါပဲ သွက်သွက်ကလေး'

ရဲဝင့် မျက်မှောင်ကြုတ်၍ ခေါင်းတဆတ်ဆတ် ညိတ်နေသည်။

O

လက်တန်း မတာပ်ရသေးသော အုတ်လှေကားမှ ဆင်းလာသည့် ရဲဝင့်နှင့် ဟန်ပို အောက်ခြေမှာ စောင့်နေသော မနှင်းဖွေးကို မြင်တော့ အံ့ဩသွားကြဟန်တူ သည်။ သို့သော် ဘာမှတော့ မမေး။

ရဲဝင့်က လက်ထဲက သားရေအိတ်ကို သူ့နောက်မှ လိုက်ဆင်းလာသော စမ်းစမ်းဝေ လက်ထဲသို့ ထည့်၍ မေးဆတ်ပြလိုက်တော့ စမ်းစမ်းဝေက လမ်းပေါ်မှာ ရပ်ထားသည့် ကားဆီ အပြေး တစ်ပိုင်း လှမ်းသွားသည်။

'ကိုဟန်ပို ပြည် မလိုက်တော့ဘူးဆို'

ဟန်ပိုက ရယ်သည်။

'နှင်းရယ် ငါ ပြည်မလိုက်တာ ဘယ်လောက်အရေးကြီးလို့ ဆိုက်ထဲအထိ လိုက်မေးရတာလဲ၊ ဒီမှာ ဆောက်လုပ်ရေး လုပ်ငန်းရှင်များ အစည်းအဝေးကို ငါ ဒီကောင့်အစား တက်မလို့ဟ'

မနှင်းဖွေးက မရယ်ပါ။ ရဲဝင့်ကို ဆက်မေးသည်။

'ကိုရဲဝင့်က ဟိုကောင်မလေး ခေါ်သွားမလို့ဆို'



ကားနားမှာ ရပ်စောင့်နေသော စမ်းစမ်းဝေဘက် မေးဆတ်ပြ၍ မေးသည်။ ရဲဝင့်က အနေရခက်စွာ ရယ်သည်။

'သူက လိုက်ချင်တယ် ပြောတာပါ၊ တို့လည်း စာရင်းလိုက်မှတ်ပေး ဘာပေးရတယ်ဆိုပြီး ခေါ်တာပါ၊ ဒရိုင်ဘာလည်း ပါသားပဲ၊ နှင်းက ဘာတွေ စိတ်ပူနေတာတုံး။ တို့ အကြောင်းလည်း သိလျက်သားနဲ့'

မနှင်းဖွေး သက်ပြင်း ချသည်။

'ကိုရဲဝင့် စိမ်းဝေကို ဘယ် လောက်ချစ်တာလဲ နှင်းသိတယ်၊ ဘယ်လောက် တည်ကြည်တယ်ဆိုတာလည်း နှင်း သိတယ်၊ ကိုရဲဝင့်က စမ်းစမ်းဝေအကြောင်း မသိတာ'

ဟန်ပိုရော ရဲဝင့်ပါ မျက်လုံးပြူး သွားသည်။ ဟန်ပိုက မေးသည်။

'နင်ပဲ တော်တယ်ဆို ဘာဖြစ်ရ ပြန်ပြီလဲ'

'တော်ပါတယ် လိမ်လည်းလိမ္မာ ပါတယ်၊ အခု လေးလလောက် စောင့် ကြည့်ပြီးပြီ၊ ဘာမှ အပြစ်ပြောစရာမရှိဘူး တစ်ခုပဲ'

'ဘာလဲ'

'နှင်း သူ့စားပွဲပေါ်မှာ ကျန်ခဲ့တဲ့ သူ့မှတ်စု စာအုပ်ကလေးကို နှင်း တင် ထားတဲ့ စာအုပ်နဲ့ မှားဖွင့်ကြည့်မိတယ်၊ စာအုပ်ကျောဖုံး အတွင်းဘက်က ပလတ်စတစ် အဖုံးထဲမှာ ကိုရဲဝင့် ဓာတ်ပုံထည့်ထားတယ်'

ရဲဝင့်နှင့် ဟန်ပို ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

ခဏနေမှ ဟန်ပိုက ရယ်၍ အိတ်ကပ်ကို လက်နှိုက်ဟန်ပြုသည်။

'ဘာလဲ ကိုဟန်ပိုရ'

'ငါ့ ဓာတ်ပုံပေးလိုက်မလို့ပါဟာ၊ လဲထည့်ထားလိုက်စမ်းပါ'

မနှင်းဖွေးက မျက်စောင်းထိုးသည်။

'နောက်မနေနဲ့၊ ဟိုက ၁၈ နှစ် စိတ်ကစားလို့ကောင်းတဲ့ အရွယ် ဦးသက်ဝေ က ၄၀ ဆိုတော့ ကိုရဲဝင့်ထက် ၁၀ နှစ်လောက်ပဲ ကြီးတာ၊ အဖေကိုချစ်တဲ့ သမီး ကိုရဲဝင့်ကို အထင်ကြီးရာ လေးစားရာက စိတ်ကစားနေတာနေမှာ၊ ခရီး သွားတဲ့ဆီတော့ ခေါ်မသွားသင့်ဘူး ထင်တယ်၊ ကိုရဲဝင့်က စိမ်းဝေလေး အခု ဘွဲ့ယူ ပြီးရင် စီစဉ်ရတော့မှာ၊ ကိုယ့်ကိုယ်ကိုယ် ရှင်လောင်းလို သဘောထားပေါ့'

ရဲဝင့် တွေဝေ၍ အကြာကြီး စဉ်းစားနေသည်။

ပြီးမှ ခေါင်းကိုတစ်ချက် ဆတ်၍ ပြောသည်။

'ကဲပါ နှင်းရယ်၊ စိတ်ပူပေးတာလည်း ကျေးဇူးတင်ပါတယ်၊ အခုမှ

www.burmeseclassic.com

www.burmeseclassic.com



မလိုက်နဲ့တော့ ပြောလို့လည်း ဘယ်ကောင်းတော့မှာလဲ၊ ဒီတစ်ခေါက်တော့ ခေါ်သွားလိုက်ပါမယ်။ နောက် မခေါ်တော့ဘူး ဟုတ်လား'

မနှင်းဖွေး သက်ပြင်းရှိုက်မိသည်။

●

## စိမ်းဝေ [ ၁၃ ]

တင်မ်မြစ်ပေါ်မှာ ဖြတ်ကူးထားသော ကျောက်သားတံတားကလေး ပေါ်မှာ ရဲဝင့်နှင့် စိမ်းဝေ ရပ်မိကြသည်။ နှင်းက ခပ်သိပ်သိပ်။ ရေစီးသံက ဖွဖွ။

'သာယာလိုက်တာ စိမ်းဝေရယ်'

စိမ်းဝေက ပြုံး၍ ခေါင်းညိတ် ပြသည်။

လက်ထဲတွင် ကိုင်ထားသော စာအိတ်ကို တစ်ချက်ငုံ့ကြည့်၍ ရဲဝင့်ဘက် မြန်ကြည့်ပြီး ပေးသည်။

'ကိုကို မဖြေသေးဘူးနော်'

'ဘာလဲ စိမ်းဝေ'

စိမ်းဝေက လက်ထဲက စာအိတ်ကို ထောင်ပြသည်။

'ဒီအလုပ် လုပ်ရမှာလား ဆိုတာလေ'

ရဲဝင့်က ယဲ့ယဲ့ ပြုံးသည်။

'စိမ်းဝေ ရှေ့ရေးအတွက် အဲဒီ အလုပ်က သိပ်အရေးကြီးလို့လား'

စိမ်းဝေက တိုးတိုး ရယ်သည်။

'ဒါမလုပ်လိုက်ရင် နောက်ကို အလုပ်မရတော့ဘူး ဆိုတာမျိုးတော့ ဘယ်ဟုတ်မလဲ ကိုကိုရယ်၊ 'အဲတ်စ် ခရက်တစ်' ဆိုတာက စိမ်းဝေ စိတ်ကူးယဉ် ခဲ့တဲ့ အလုပ်မျိုး မဟုတ်လား။ ဘွဲ့လည်းရ အလုပ်လည်းရ တန်းဝင်ရတော့ သည်း အတွေ့အကြုံလည်းရတော့ ဖြစ်တာပေါ့၊ စိမ်းဝေကတော့ ကိုကိုက နေ ဆိုရင်လည်း လုပ်မယ်၊ ကိုကိုက ပြန်လာခဲ့ဆိုရင်လည်း ပြန်လာပြီး မြန်မာပြည်မှာ လုပ်လို့ရတဲ့ ဥစ္စာ တစ်ခုခု လုပ်မယ်၊ အားလုံး ကိုကို့သဘောပဲ'

www.burmeseclassic.com

www.burmeseclassic.com



ရဲဝင့်က အောက်က ရေကို အကြာကြီး ငေးကြည့်နေသည်။ ပြီးမှ တိုးတိုးကလေး၊ 'ကိုကိုကတော့ ထပ်ခွဲ မနေချင်တော့ဘူး စိမ်းဝေရယ်'ဟု ပြောသည်။

'ဘုရားရေ'

ဒါ ကိုကိုတဲ့လား။

ဘယ်တော့မှ စိမ်းဝေနှင့်ပတ်သက်လျှင် သူ့ဆန္ဒကို ထုတ်ဖော်လေ့ မရှိသည့် ကိုကို့ပါးစပ်က ပြောလိုက်သည့် စကားတဲ့လား။

စိမ်းဝေ ရင်သိမ့်သိမ့်ခါမျှ ကြည်နူးသွားသည်။

ကိုကို့ ကျောကို နောက်က တအား ပြေးဖက်လိုက်သည်။

'စိမ်းဝေကလည်း ခွဲမနေချင်တော့ပါဘူး၊ ကိုကိုရယ်'

အဲသည့်အချိန်မှာမှ အိပ်မက်က လန့်နိုးလာသည်။

၁

ကိုကို့ ကျောပြင်က နွေးနေတာပဲ။

အိပ်မက်ထဲမှာတောင် နွေးထွေး လုံခြုံလိုက်တာ၊ ဒီလောက်မက်ကောင်းနေတဲ့အချိန်မှာမှ ဘာလို့ လန့်နိုးလာရသတဲ့လဲ။

အဲသည့်အချိန်မှာ မှောင်နေသော သူ့အခန်းထဲမှာ ဂျင်မ်ရိဗ်၏ 'နှင်းမုန်တိုင်း' သီချင်းသံ ပျံ့လွင့်နေတာ သတိထားမိသည်။

ဟုတ်ပါရဲ့။

ဖုန်းမြည်သံ၊ ကိုကို အကြိုက်ဆုံး သီချင်းကို စိမ်းဝေ ဘဝမှာ ပထမဦးဆုံး ကိုင်ဖူးသော ကိုကို ဝယ်ပေးသည့် လက်ကိုင်ဖုန်းထဲ ထည့်ထားသည်။ ဖုန်းခေါ်လျှင် မြည်အောင် လုပ်ထားသည်။

ကိုကိုများ ခေါ်နေသလား မသိ။

အိပ်ရာဘေးက မီးကို ထွန်းလိုက်ပြီး စားပွဲတင် နာရီကိုကြည့်တော့ မနက်လေးနာရီ၊ စိမ်းဝေမျက်လုံး နည်းနည်း ကျယ်သွားသည်။ ဂရင်းနစ်စံတော်ချိန်နှင့် မြန်မာစံတော်ချိန်ကို ကမန်းကတမ်း ချိန်ညှိကြည့်သည်။

အို မဟုတ်သေးဘူးလေ။

ကိုကိုရယ်၊ ဖေဖေရယ်၊ မေမေရယ် မနေ့ကပဲ ရန်ကုန်က လေယာဉ်နှင့် ထွက်လာနေသည်ပဲ စိမ်းဝေ ဘွဲ့နှင်းသဘင်ကို တက်ဖို့လေ။ အဲဒီမှာ တစ်ခါတည်း ဖေဖေနှင့်မေမေ ဝမ်းသာရအောင် ဖွင့်ပြောပြီး လက်ထပ်ခွင့် တောင်းကြမည်ဟု



သဘောတူထားကြသည်လေ။ ယခုက သူတို့လေယာဉ်ပေါ်မှာပဲ ရှိရဦးမည့်အချိန်ပဲ ဒါဆို သည်အချိန်မတော် ဖုန်းက ဘယ်သူလဲ။

ဖုန်း မော်နီတာ ကလေးကို ကြည့်တော့ အာသာတဲ့။

အကောင်စုတ် အချိန်မတော် အရေးတကြီး

'ဖေး အာသာပြော'

'နင် လန့်နိုးသွားလား'

'နံနက် လေးနာရီဖုန်းခေါ်တာ လန့်မနိုးလို့ ငါက ကြည်ကြည်နူးနူး ကလေးနိုးလာရမလားဟဲ့၊ ဘာတွေ အရေးကြီးနေတာလဲ'

အာသာက ခြောက်ခြောက်ကပ်ကပ် အသံနှင့် ရယ်သည်။

'ဆောရီးဟာ နင့်ကိုပြောမလား မပြောမလား၊ ငါ ချီတုံချတုံနဲ့ အခုထက်ထိ မအိပ်ရသေးဘူး'

စိမ်းဝေ ရင်ထိတ်သွားသည်။

'ဘာကိုလဲ'

အာသာ သက်ပြင်းချသည်။

'ငါ အခုပဲ လန်ဒန်ကိုသွားမလို့၊ ငါ့ကို ကိုရဲဝင့် ဖုန်းဆက်ခေါ်ထားတယ်၊ အရေးကြီးတဲ့ စကားပြောချင်လို့တဲ့'

စိမ်းဝေရင်တွေ တဒိုင်းဒိုင်း ခုန်လာသည်။

'ဘာလဲဟ ကိုကိုက ခုမှ မြန်မာပြည်က ထွက်လာနေတာ'

အာသာက ခဏတိတ်ဆိတ်နေသည်။ ပြီးမှ တိုးတိုးဖြေသည်။

'ငါသိသလောက်တော့ သူရောက်နေတာ တစ်ပတ်ရှိပြီ၊ လန်ဒန်မှာပဲနေနေတာ၊ နင့်ဖေဖေနဲ့ မေမေက ခုမှ ထွက်လာတာ။ သူနဲ့ လန်ဒန်မှာ ချိန်းထားတာ'

စိမ်းဝေ အံ့ကြိတ်သည်။ မျက်ရည်ဝဲလာသည်။

'မဖြစ်နိုင်တာဟာ ကိုကိုက လန်ဒန်မှာ ရှိနေလျက်သားနဲ့ ငါ့ကို ဘာကြောင့် အသိမပေးရမှာတဲ့လဲ'

'အဲဒါ ငါလည်း ခုမှ သိလို့ အံ့ဩနေတာပဲ'

စိမ်းဝေနေရာမှ လူးလဲ၍ ထထိုင်သည်။

'အခု နင့်ကို ဘာပြောတာလဲ'

'ငါပြောပြီးပြီလေ၊ အရေးကြီးတဲ့ စကား ပြောစရာရှိလို့ လာခဲ့ပါတဲ့၊ ငါနဲ့ ဘက်ကင်ဟန် နန်းတော်ရှေ့မှာ ဆုံမယ်လို့ ချိန်းတယ်၊ နင့်ကို မပြောပါနဲ့တဲ့၊

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ငါက နင့်ကို မပြောဘဲ မနေချင်ဘူး၊ နင် မသိအောင် မသွားချင်ဘူး၊ အဲဒါကြောင့် တစ်ညလုံး ထထိုင်နေရတာ၊ အခု ငါပြောပြီးပြီ၊ ငါသွားတော့မယ် ပြန်လာရင် ရောက်ရောက်ချင်း ငါဆက်မယ်'

'နေဦး အာသာ၊ ငါလည်း လိုက်မယ်'

အာသာ သက်ပြင်းချသည်။

'မဓိတော့ဘူး စိမ်းဝေ၊ ပြီးတော့ ငါယောကျ်ားချင်းပေးတဲ့ကတိ တစ်ဝက်ပဲ ဖျက်ချင်တယ်၊ သူ့မှာ နင်နဲ့ ခုချက်ချင်း ရင်မဆိုင်နိုင်လောက်အောင် ဘယ်လောက်ကြီးတဲ့ပြဿနာ ရှိနေမှန်း မသိဘူး၊ ဆောရီးဟာ ငါ ပြန်လာမှ အကျိုးအကြောင်း ပြောပြမယ် ဘိုင့်ဘိုင့်'

အာသာ ဖုန်းချသွားသည်။

စိမ်းဝေက တဒိုင်းဒိုင်း ခုန်နေသော ရင်နှင့် တုန်လှုပ်ချောက်ချားစွာ ဆက်ထိုင်နေမိပါသည်။

●

## စိမ်းဝေ [ ၁၄ ]

အာသာက တံခါးပေါင်ကို မှီ၍ ကင်မ်မြစ်ကို ငုံ့ကြည့်ပြီး ငေးငိုင်နေသည်။ စိမ်းဝေက မျက်ရည်များ ပိုးပိုးပေါက်ပေါက် ကျနေသည်ကို မသုတ်ဘဲ အောက်နှုတ်ခမ်းကို ပြတ်မတတ် ကိုက်ထားသည်။

နှစ်ယောက်သား အဲဒီ ပုံစံအတိုင်း တိတ်ဆိတ်စွာ အကြာကြီးရပ်နေကြပြီးမှ စိမ်းဝေက ခေါင်းကို ဆတ်ခနဲခါ၍ အာသာကို လှည့်ကြည့်သည်။

'ငါ မယုံဘူး အာသာ'

အာသာက သက်ပြင်းချသည်။

'ငါ အကြောက်ဆုံးကလည်း အဲဒါပဲ၊ နင် မယုံမှာကို ကြောက်တာ၊ နင့်ကို ငါ သိပ်ချစ်တာ မှန်ပေမယ့် အဲဒီ ကိစ္စ ညာပြောရလောက်အောင် ငါ့စိတ်ဓာတ်က မညံ့ဘူး စိမ်းဝေ'

စိမ်းဝေက ကျွတ်ခနဲ မြည်တမ်းသည်။

'ခက်ပါလား အာသာရယ်၊ နင့်ကို ငါ မယုံတာ မဟုတ်ဘူး၊ နင်နဲ့ ကိုကိုနဲ့ တွေ့တယ်၊ ကိုကိုက အဲဒီ စမ်းစမ်းဝေဆိုတဲ့ ကောင်မလေးကို သူ မယူလို့ မဖြစ်တော့ဘူး၊ တာဝန်ယူ ရတော့မယ်၊ ငါ့ကိုလည်း စိတ်ပူတယ်၊ နင်က ငါ့ကို အနီးကပ် စောင့်ရှောက် ပေးပါလို့ မှာတယ်၊ အဲဒါ အားလုံး ငါ ယုံတယ်၊ ငါမယုံတာက ကိုကို အမှန်အတိုင်း ပြောသွားတယ်လို့ ငါ မယုံတာ၊ ကိုကိုမှာ တည့်တည့် ပြောလို့မဖြစ်တဲ့ ပြဿနာတစ်ခုခု ရှိကိုရှိရမယ်၊ စမ်းစမ်းဝေ ဆိုတဲ့ လမ်းက လုပ်ကြံ ပြောတာပဲ'

အာသာ ခေါင်းကုတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



'စမ်းစမ်းဝေ ဖာတ်လမ်းက ကိုရဲဝင့်လောက် တည်ကြည်တဲ့လူ တစ်ယောက်အတွက် ယုံရခက်တာတော့ အမှန်ပါပဲ၊ ဒါပေမဲ့ သူ နင့်ကို ဘယ်လောက်ချစ်တယ် ဆိုတာ နင်လည်းသိ၊ ငါလည်း သိနေတာ၊ နင့်ကို စွန့်လွှတ်ဖို့ အတွက်တော့ ဒီကိစ္စမျိုးက လွဲရင် တခြားအကြောင်း မရှိနိုင်တော့ဘူး ထင်တယ်'

စိမ်းဝေက ဘာမှ ပြန်မပြောဘဲ မျက်ရည် တွေတွေကျလျက် အံကြိတ်ရင်း ခေါင်းခါသည်။ အာသာက တိုးတိုး ဆက်ပြောသည်။ 'သူက သူပြောတာ မယုံရင် မနှင်းဖွေးကို ဖုန်းဆက်ကြည့်ပါတဲ့၊ နံပါတ် ပေးတယ်၊ ငါ သူ့ရှေ့တင် ဆက်လိုက်တယ်၊ မနှင်းဖွေးလည်း တော်တော် တုန်လှုပ် ချောက်ချားသွားပုံပဲ။ နင့်လိုပဲ၊ မဖြစ်နိုင်ဘူးလို့ ပြောတယ်၊ ဒါဆို အခု အဲဒီ ကောင်မလေး ရုံးမှာ ရှိနေလားလို့ မေးတော့ အလုပ်ထွက်သွားတယ်တဲ့၊ ဘာလို့ ထွက်သွားလဲတော့ မသိဘူးတဲ့၊ ကိုရဲဝင့်ကို တစ်ဖက်သတ် ချစ်နေတာတော့လည်း သူ သိတယ်တဲ့၊ ကိုရဲဝင့်နဲ့လည်း နယ်တွေ ဘာတွေ ညအိပ်ညနေ သွားဖူးတာ အမှန်ပဲတဲ့၊ ကိုရဲဝင့်က သူ့ကို 'စမ်းဝေ' လို့ ခေါ်လို့တောင် 'စိမ်းဝေ' နဲ့ မှားပါဦးမယ် ကိုရဲဝင့်ရယ်လို့ သူ ရယ်စရာပြောသလို သတိပေးဖူးတယ်တဲ့၊ ဖုန်းချပြီးတော့ ကိုရဲဝင့်က အလုပ်က သူ ထွက်ခိုင်းလိုက်တာ၊ သူ့ကို တစ်နေရာမှာ စောင့်ခိုင်းထားတယ်၊ အလုပ် ကိစ္စတွေလည်း ကိုဟန်ပိုကို အကုန် မှာထားတယ်၊ သူတို့နှစ်ယောက် လူတွေကို ခဏ ရှောင်နေဦးမှာတဲ့'

စိမ်းဝေက မျက်ရည်လည်ရွဲနှင့် ဆတ်ခနဲ မော့ကြည့်သည်။

'ငါ မယုံတာ အဲဒီနေရာပဲ အာသာ'

'စမ်းစမ်းဝေကို ငါနဲ့ နာမည်ချင်း ဆင်ပြီး သူ့ကို ချစ်နေတဲ့သူမို့ စိတ်ကစားမိတယ်ဆိုတာရယ်၊ နယ် အတူသွားရင်းနဲ့ ငြိကြတယ် ဆိုတာရယ်'

အာသာက သက်ပြင်းချ၍ ခေါင်းခါသည်။

'နင် စိတ်မဆိုးနဲ့ စိမ်းဝေရာ ယောကျ်ားတွေက အဲသလို ဖြစ်တတ်ကြတာပဲ ဥစ္စာ၊ ကိုရဲဝင့်မှ မဟုတ်ဘူး၊ ငါ ဆိုလည်း ဖြစ်နိုင်တာပဲ'

စိမ်းဝေက မဲ့ပြုံး ပြုံးသည်။

'ငါ ခံစားရတာ သက်သာအောင် လျှောက်ပြောမနေပါနဲ့ အာသာရာ နင် မသိသေးတာ ငါ ပြောပြမယ်'

'ဘာလဲ'

'ဟိုတစ်ခါ ကိုကိုလာပြီး ငါတို့ ချစ်သူတွေဖြစ်ကြတဲ့ အခေါက်က လန်ဒန်မှာ လျှောက်လည်ရင်း ငါတို့ တစ်ယောက်ခန်း မရလို့ ခုတင် နှစ်လုံး



တစ်ခန်းတည်း အိပ်ဖူးတယ်၊ ကိုကိုက ငါ့ကို လက်ဖျားနဲ့ တို့ဖို့ မပြောနဲ့၊ အခန်းထဲ ရောက်တာနဲ့ ငါ့ အနားတောင် မလာဘူး သိလား'

အာသာ ပါးစပ် အဟောင်းသား ဖြစ်သွားသည်။

'ငါနဲ့ နာမည်ဆင်လို့၊ သူ့ကို ချစ်နေလို့ မှားမိရအောင် ငါ့ကိုယ်တိုင် အပေါ်မှာတောင် သူက စောင့်စည်းနိုင်တဲ့ ယောကျ်ားမျိုး၊ ဒီမိန်းကလေး ကျမှ မထိန်းနိုင်ဘူးဆိုတာ ငါက ယုံရမလား'

အာသာ ငြိမ်ကျသွားပါသည်။

ဝ

သူငယ်ချင်း နှစ်ယောက်သား တိတ်ဆိတ်စွာ အကြာကြီး ရပ်နေကြပြီးမှ အာသာက တိုးတိုးမေးသည်။

'အခု နင် ဘာလုပ်မလဲ'

စိမ်းဝေက ငါ လိုက်ရှာချင်တယ်ဟု တိုးတိုးပြောသည်။ အာသာက ခေါင်းခါသည်။

'သူ လန်ဒန်က ထွက်သွားတာ သေချာတယ်၊ မြန်မာပြည်ပြန်တာ ဟုတ်မဟုတ် ငါမသိဘူး၊ သေချာတာတော့ သူ့အိမ်ကိုပြန်မှာ မဟုတ်ဘူး၊ ကောင်မလေးတလည်း ပျောက်နေတယ်၊ ဒီအချိန် နင် သွားရှာရင် ကောက်ရိုးပုံထဲမှာ အပ်ရှာသလို ဖြစ်နေမှာပေါ့၊ ပြီးတော့ လူကြီးတွေကို နင် ဘယ်လိုပြောမလဲ'

စိမ်းဝေ အံကြိတ်သည်။

'ဖေဖေနဲ့ မေမေက နဂိုကတည်းက ငါတို့ ချစ်သူတွေဖြစ်နေတာ မသိသေးပါဘူး၊ ကိုကို လန်ဒန်မှာ သူတို့ကို စောင့်ကြိုမယ်လို့ ပြောထားပြီးမှ ကိုကို့သူငယ်ချင်းပဲ လာကြိုပြီး ကိုကို အရေးကြီးကိစ္စပေါ်လို့ ချက်ချင်း ပြန်သွားပြီလို့ ပြောတာပဲ သိတာ၊ ငါလည်း သူတို့ရှေ့မှာ ငိုမိရင် ဖြေရှင်းနေရမှာစိုးလို့ အခု နင်နဲ့ ဒီမှာ လာနေတာ'

'မနက်ဖြန် ဘွဲ့ယူဖို့ ကိစ္စရော'

စိမ်းဝေ နားထင် နှစ်ဖက်ကို လက်နှစ်ဖက်နှင့် ညှစ်ကိုင်၍ ခေါင်းမော့ပြီး ထိုးတိုးလေး အားခနဲ အော်ဟစ်ညည်းတွား ပစ်လိုက်သည်။ မသိတော့ဘူးဟာဆူလည်း ပြောသည်။

အာသာက ခေါင်း တဆတ်ဆတ် ညိတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



'နင့်ကို ဘာလုပ်ရမယ်၊ ဘာ မလုပ်ရဘူး ငါမပြောချင်ဘူး၊ နင် ကြိုက်တာလုပ်၊ ငါ့ကို တစ်ခုပဲ ကတိပေး'

'ဘာကတိလဲ'

'နင် ဘယ်သွားသွား၊ ငါ့ကို ခေါ်သွားရမယ်'

စိမ်းဝေက ပြုံးမဲ့မဲ့ဖြင့် မျက်စောင်းထိုးသည်။

'ရခါစအလုပ် ပြုတ်သွားချင် လို့လား'

'ပြုတ်ပါစေ၊ နင့်ထက်တော့ ဘာမှ ပိုအရေးမကြီးဘူး'

'အာသာရယ်'

'အာသာ မရယ်နဲ့ ငါ ကိုရဲဝင့်ပြောလိုက်တဲ့ တစ်သက်လုံး စောင့်ရှောက်လိုက်ပါ ဆိုတာမျိုးကို မျှော်တိုးနေတယ်လို့ နင် မထင်နဲ့၊ ဒါပေမဲ့ ငါတတ်နိုင်သလောက်တော့ စောင့်ရှောက်ရမှာပဲ၊ နင် ခံစားရတာက ဘယ်လောက်ပဲ ပြင်းထန် ပြင်းထန်၊ နင့်ကိုတော့ ငါ အထိခိုက် မခံနိုင်ဘူး'

စိမ်းဝေ သက်ပြင်း တိုးတိုးချ၍ 'အေးပါ သူငယ်ချင်းရာ၊ နင့်စေတနာ ငါ သိပါတယ်' ဟု ပြောသည်။

●

## မနှင်းဖွေး [ ၁၄ ]

ရုံးခန်းထဲသို့ ခပ်အေးအေး လမ်းလျှောက်ဝင်လာသော ရဲဝင့်ကို ကြည့်၍ မနှင်းဖွေးရော ဟန်ပိုပါ ပါ့စင် အပေါင်းသား ဖြစ်သွားသည်။

ရဲဝင့်ကတော့ ဘာမှ မဖြစ်သလိုပင် လက်ထဲက အိတ်ကို စားပွဲပေါ် ချ၍ အဆင်ပြေရဲ့လားဟု မေးသည်။

မနှင်းဖွေးက ဘာမှ မဖြေနိုင်။ ဟန်ပိုက စိတ်မထိန်းနိုင်ဘဲ ရဲဝင့် ပခုံး တစ်ဖက်ကို လက်သီးနှင့် လှမ်းထိုးသည်။

'ပြေမလားကွ၊ ပြေစရာလားကွ၊ မင်း ဘာတွေ လျှောက်လုပ်နေတာလဲ၊ [illegible]များနေလား'

ရဲဝင့် ရယ်၍ အေးအေးပင် ဖြေသည်။

'ငါပြောရင် မင်း ယုံမှာ မဟုတ်ဘူး၊ ဒီရက်ထဲမှာ ငါ ရူးသွားလိုက်၊ ပြန်ကောင်းလိုက်နဲ့ ခဏခဏ ဖြစ်နေတာ မင်း သိလား'

ဟန်ပိုက စိတ်မကျေနိုင်သေး။

'ရူးသွားတာကို ယုံတယ်၊ ပြန်ကောင်းတာကို မယုံဘူး၊ ဘယ်မှာလဲ [illegible]စမ်းဝေ၊ ပြီးတော့ မင်းတို့ ဘယ်မှာ နေနေတာလဲ'

ရဲဝင့်က ကုလားထိုင်မှာ ဝင်ထိုင်ရင်းက ရှိပါတယ်ဟုသာ ဝတ်ကျေတန်းကျေ [illegible]သည်။ သည်တော့မှ မနှင်းဖွေး ဝင်မေးဖို့ သတိရသည်။

'ဘာရှိတာလဲ ကိုရဲဝင့်၊ နှင်းတော့ တစ်ခုမှ နားမလည်တော့ဘူး၊ ယုံလည်း [illegible]ယုံဘူး၊ ကိုရဲဝင့် စမ်းစမ်းဝေနဲ့ ယူလိုက်ပြီဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ဘူး၊ [illegible]ဝေကိုရော ဘာတွေ သွားပြောတာလဲ၊ ပြီးတော့ လူကြီးတွေကိုရော ဘာပြော[illegible]သလဲ'

www.burmeseclassic.com

www.burmeseclassic.com



ရဲဝင့်မျက်နှာ တည်သွားသည်။

ခဏ ငြိမ်နေပြီးမှ သက်ပြင်းတစ်ချက်ချ၍ ပြောသည်။

'နှင်းကိုရော၊ ဟန်ပိုရော တို့တစ်ခုလောက်တော့ အကူအညီတောင်းချင်တယ်၊ အဲဒါက တို့အခု လုပ်ခဲ့တဲ့ ကိစ္စတွေနဲ့ ပတ်သက်ပြီး တို့ပြောတာကို ယုံပေးဖို့နဲ့ ခြောက်လလောက် သည်းညည်းခံပြီး အဲဒီ ကိစ္စကို မဆွေးနွေးဘဲ ထားပေးဖို့ပါ'

မနှင်းဖွေး ပို၍ပင် နားမလည် ဖြစ်သွားသည်။

'ဘာခြောက်လလဲ၊ ဘာဖြစ်လို့ ခြောက်လလဲ၊ ကိုရဲဝင့်လာရင် ရှင်းပြမယ်လို့ ထင်ထားကြတာ၊ အခုက ပိုရှုပ်ကုန်ပြီ'

ရဲဝင့်က ယဲ့ယဲ့ပြုံး၍ ခေါင်းခါသည်။

'စမ်းစမ်းဝေ ရှိပါတယ်၊ တို့တစ်တွေလည်း အဆင်ပြေပါတယ်၊ လောလော ဆယ်တော့ ဦးသက်ဝေတို့ ရှိတဲ့ ပုသိမ်ကို သူ ခဏပြန်သွားတယ်၊ တို့လည်း ဒီအပေါ် ထပ်မှာပဲ ပြန်နေမယ်။ တို့မှာ လောလောဆယ် ဒီ လုပ်ငန်းနဲ့ ပတ်သက်ပြီး အရေးတကြီး လုပ်စရာတွေ အများကြီး ရှိနေတယ်၊ ဒီတော့ အိမ်ထောင်ရေး ကိစ္စတွေပါ ခဏ ဘေးဖယ်ထားရမယ့် သဘောပဲ၊ နှင်းနဲ့ ဟန်ပိုကိုလည်း တို့ရဲ့ အဲဒီဘဝ ရေးရာ ကိစ္စတွေ၊ ပြဿနာတွေကို ခဏမေ့ထားပြီး ဒီခြောက်လအတွင်းမှာ တို့လုပ်ချင်တဲ့ ကိစ္စတွေကို ကူညီ စေချင်တယ်၊ ခြောက်လပဲ၊ ခြောက်လပြီးရင် နှင်းတို့မေးတဲ့ မေးခွန်းတွေအားလုံး တို့ ဖြေမယ်၊ ဒီကြားထဲမှာတော့ တို့ကိုလည်း မမေးစေချင်ဘူး၊ လူကြီးတွေကိုလည်း မပြောပြစေ ချင်ဘူး၊ စိမ်းဝေကိုလည်း အခု သူ သိထား၊ နားလည်ထားသမျှနဲ့ပဲ နေစေချင်တယ်'

မနှင်းဖွေး ခေါင်း ထပ်ခါမိသည်။

'စိမ်းဝေ ဖုန်းဆက်ရင်၊ လိုက်လာရင်ရော '

ရဲဝင့် ငြိမ်နေသည်။ ပြီးမှ တိုးတိုး ပြောသည်။

'ဖုန်း မဆက်အောင်၊ လိုက်မလာအောင်တော့ အာသာကို သေသေချာချာ မှာခဲ့တာပဲ၊ အရင်အပတ်ကပဲ သူဟိုမှာ အလုပ်စဝင်သွားပြီလို့လည်း ကြားရတယ်၊ ခြောက်လ အတွင်းတော့ သူလည်း ထွက်နိုင်မှာ မဟုတ်ပါဘူး၊ ခြောက်လ နောက်ပိုင်းလာရင်၊ ဖုန်းဆက်ရင်လည်း တို့အဆင်သင့် ဖြစ်နေပါပြီ'

'ဘာအဆင်သင့် ဖြစ်တာလဲကွ'

ဟန်ပိုက စိတ်ဆိုးမာန်ဆိုး ဝင်မေးသည်။ ရဲဝင့်က ပြုံး၍ လက်သာ ကာပြသည်။

'အဲဒါ ထားပါကွာ၊ ငါ အခုပဲ ဆောက်လုပ်ရေး လုပ်ငန်းရှင်များ အသင်းက



လူကြီးတွေနဲ့ တွေ့ပြီး ပြန်လာတာ၊ တို့ ဆောက်လုပ်ရေး လုပ်ငန်းတွေ ရပ်နေ၊ နှေးနေတာနဲ့ ပတ်သက်ပြီး နာလန်ထူအောင် ဘယ်လိုလုပ်ရမယ်လို့တိုင်ပင်ထားကြ တာတွေ ရှိတယ်၊ ဒါတွေ မင်းတို့ကို ငါ ပြောပြချင်တယ်'

ရဲဝင့်က အိတ်ထဲမှ စာရွက်စာတမ်းများကို ထုတ်ချသည်။

'နားလည်အောင် လုပ်ထားကြကွာ၊ ငါ့မှာက မင်းတို့ သိထားတဲ့ ပြဿနာ တွေရော၊ မင်းတို့ မသိတဲ့ ပြဿနာတွေရောပဲ၊ ငါ ဖြစ်စေချင်တာက တကယ်လို့ ငါ ဒီအလုပ်ထဲကို မလာနိုင်တော့ရင်တောင် မင်းတို့ နှစ်ယောက်က ဒီလုပ်ငန်းကို ပြန်ခေါင်းမော့လာအောင် ဦးဆောင်နိုင်စေချင်တာ၊ နှင်းရေ တို့ကို ကော်ဖီ တိုက်ပါလား'

မနှင်းဖွေး တွေဝေစွာ နောက်ဘက်ခန်းသို့ လျှောက်လာမိခဲ့ပါသည်။

○

မနှင်းဖွေး ဖုန်းကို ပြန်ချ၍ ခဏ ငြိမ်ရပ်နေသည်။ ပြီးမှ ရဲဝင့်ဘက်သို့ လှည့်၍ တိုးတိုးပြောသည်။

'ထောင့်ခန်းတစ်ခန်းမှ မကျန်တော့ဘူးတဲ့၊ သုဝဏ္ဏက ဟာရော၊ ပြည်လမ်းက ဟာရော၊ ဒဂုံက ဟာရော၊ ဆိုင်ခန်းလည်း အားလုံးနီးနီး ကုန်ပြီတဲ့၊ မရလိုက်တဲ့ လူတွေ က မကျေနပ်လို့တဲ့၊ အသစ်စထားတဲ့ ပရောဂျက်ရှိလား၊ မေးနေကြတယ်တဲ့'

ရဲဝင့်က ကွန်ပျူတာ မော်နီတာပေါ်က ကိန်းဂဏန်းများကို ကြည့်နေ ရင်းက တိုးတိုး ရယ်သည်။

'ဟန်ပို ဆက်တာမဟုတ်လား၊ ဈေးရောင်းပွဲတော် လုပ်မယ်ဆိုတုန်းက ဒီကောင်ပဲ တိုက်ခန်း ဈေးရောင်း ပွဲတော်ရယ်လို့ ကြားမကြားဖူးပါဘူးလို့ ကန့်ကွက်တာ'

မနှင်းဖွေး ခေါင်းကို ဖြည်းညင်းစွာ ခါသည်။

'မယုံနိုင်လောက်အောင်ပဲ၊ ကိုရဲဝင့် ဘယ်လို လုပ်လိုက်တာလဲ'

ရဲဝင့်က ပခုံးတွန့်ပြသည်။

'တို့ တစ်ယောက်တည်းလုပ်တာ မဟုတ်ပါဘူး၊ နှင်းတို့လည်း ပါတာပဲ၊ ပြီးတော့ တို့ချည်းလုပ်တာ မဟုတ်ဘူး၊ ကျန်တဲ့ အုပ်စုတွေလည်း တာစူနေပြီ၊ ယုဇနဆိုရင် စတော့မယ်'

'မဟုတ်ဘူးလေ၊ ဒီလောက် အများကြီး မြှုပ်ရမယ့်ကိစ္စကို၊ ဒီလို အဆင်ပြေ မယ်ဆိုတာကို ကိုရဲဝင့် ဘယ်လို တွက်မိသလဲ'

www.burmeseclassic.com

www.burmeseclassic.com



ရဲဝင့်ကရယ်၍ သူ့ခေါင်းသူ လက်ညှိုးနှင့် ခေါက်ပြသည်။

'ဒီအထဲက ဦးနှောက်က ရှုံးလိုက်၊ ပြန်ကောင်းလိုက် ဖြစ်နေတယ် ဆိုတာ နှင်းတို့ ဟန်ပိုတို့ကမှ မယုံဘဲ၊ ပြန်ကောင်းတဲ့ အချိန်ကျ လွှတ်ကောင်းတာနော်၊ သိလား'

မနှင်းဖွေး စိတ်မရှည်တော့။

'ကိုရဲဝင့်က အရင်လိုကို မဟုတ်တော့ဘူး၊ ပဟေဠိ သိပ်များတာပဲ'

ကိုရဲဝင့်က ဟက်ဟက်ပက်ပက် ရယ်သည်။

'ပျော်ချင်လို့ စတာပါ နှင်းရယ်၊ နှင်း မသိဘူးနော်၊ တို့ ဒီရက်တွေမှာ သိပ်ပျော်နိုင်တာ မဟုတ်ဘူး'

'အဲဒါကို ပြောပြစေချင်တာလေ၊ မပြောဘဲ တစ်ယောက်တည်း ရင်ဆိုင်နေရတာ နှင်းတို့ကို သူငယ်ချင်း အရင်းလို သဘော မထားတော့ လို့လား ဗျာ'

ရဲဝင့် ပြုံး၍ ခေါင်းခါသည်။

'အချိန် မတန်သေးလို့ပါ နှင်းရယ်၊ ကဲ ဈေးကွက် ကိစ္စကို ပြောပြမယ်၊ ဈေးကွက်က ရောင်းလိုအား သိပ်များပြီး ဝယ်လိုအား နည်းလို့ လျှံသွားတယ်ဆိုတာ အမှန်ပဲ၊ ဒါပေမဲ့ ဝယ်လိုအား နည်းရတာက အကြောင်းရှိနေတယ်၊ အဲဒါလေးကို မြင်အောင် ကြိုးစားလိုက်တာ'

'ဘာကြောင့်လဲ'

'ဈေးကွက်က တခြားဘက်တွေမှာ ဖွင့်ပေးလိုက်တာလေ၊ စူပါမားကက်ကြီးတွေ ပေါ်လာတယ်၊ မီဂါကော့ပ်လို့ခေါ်တဲ့ ကုမ္ပဏီကြီးတွေ ပေါ်လာတယ်၊ ဆောက်လုပ်ရေး သမားတွေက ပေးနိုင်တာက သမားရိုးကျ တိုက်ခန်းတွေ ဖြစ်နေတယ်၊ ဆန်းသစ် တိုးတက်လာတဲ့ လုပ်ငန်းတွေရဲ့ လိုအပ်ချက်ကို မဖြည့်နိုင်ဘူး၊ ပလာဇာတွေကလည်း ခေတ်ဦးပိုင်းက သိပ်မကိုက်တာတွေ ရှိထားတော့ မဝံ့မရဲ ဖြစ်နေကြတာ၊ အခု လိုလားမှု တကယ်ရှိလာတဲ့ အချိန်မှာ ရီဆက်ရှင်းနဲ့ တွေ့နေတော့ မလုပ်ရဲကြဘူး၊ တို့က အဲဒါကို ချထည့်လိုက်တာ'

မနှင်းဖွေး ခေါင်း တဆတ်ဆတ် ညိတ်သည်။

'ကိုရဲဝင့်လို အကွက်မြင်ဖို့တော့ နှင်းရော၊ ကိုဟန်ပိုရော ဘယ်လိုမှ လိုက်မမီမှာ မဟုတ်ဘူး၊ ဒါနဲ့ အခု တောင်းဆိုနေတဲ့ ပရောဂျက်အသစ်တွေ ဆိုတာရော၊ လုပ်မှာလား'

'နှင်းတို့ သဘောလေ'



မနှင်းဖွေး မျက်မှောင်ကြုတ်သည်။

'ဘာ နှင်းတို့ သဘောလဲ'

ရဲဝင့်က ခေါင်းခါပြသည်။

'ပရောဂျက် အသစ်ကို မားကက်မှာ ချပြနိုင်ဖို့ဆိုရင် အနည်းဆုံး ခြောက်လလောက် လိုမယ်၊ ခြောက်လ ဟိုဘက်ပိုင်းကျရင် တို့ သိပ် အလုပ် လုပ်နိုင်မယ် မထင်ဘူး၊ နိုင်မလား၊ မနိုင်မလားဆိုတာ ဟန်ပိုနဲ့ နှင်းပဲ ဆုံးဖြတ်ရမှာ'

'လာပြန်ပြီ၊ ဘာဖြစ်လို့ မလုပ်နိုင်ရမှာလဲ'

ရဲဝင့်က ရယ်သည်။ အချိန် တန်ရင် ပြောပြပါ့မယ်ဆို၊ နှင်းရယ် ဟု တိုးတိုး ပြောသည်။

မနှင်းဖွေး ရင်ထဲမှာ နောက်ကျိ ရှုပ်ထွေးနေဆဲ။

○

'မမနှင်းလား'

မနှင်းဖွေး ရင်ထဲမှာ လည်ပတ် စီးဆင်းနေသော နှလုံးသွေးတို့ ဖျပ်ခနဲ ရပ်တန့်သွားသည်။ အသံက ပြည်တွင်းက ပြောသလို ကြည်လင် နေသော်လည်း ဒါ ယူကေက စိမ်းဝေ ဆက်တာဆိုတာ ဖုန်း ကောက်မကိုင်ခင်ကတည်းက သူ့စိတ်က ထင်နေမိတာကို အတည်ပြုလိုက်သလို ရှိသည်။

'စိမ်းဝေလား၊ ပြောလေ'

ရုတ်တရက် ဘာသံမှ ပြန်မကြားရ။ အသက်ရှူသံ ပြင်းပြင်းကိုသာ ကြားရသည်။ မငိုမိအောင် ချုပ်တည်း နေရဟန် တူပါရဲ့။

'စိမ်းဝေ၊ ညီမလေး၊ ပြောလေ၊ မမနှင်းပါ'

ပင့်သက် ရှူလိုက်သံလား၊ ရှိုက်သံလား၊ တိုးတိုး တစ်ချက် မသဲမကွဲ ကြားရသည်။

'ကိုကိုတို့ အဆင်ပြေရဲ့လားဟင်'

မနှင်းဖွေး ရုတ်တရက် ဘာဖြေ ရမည်မသိ။ ကိုကိုတို့တဲ့၊ သူ မြင်နေရတာက ကိုရဲဝင့် တစ်ယောက်တည်း၊ ပြီးတော့ မနှင်းဖွေး တစ်သက်လုံးလည်း တစ်ခါမျှ မညာဖူးခဲ့။

သက်ပြင်းတစ်ချက် ချမိသည်။

www.burmeseclassic.com

www.burmeseclassic.com



'ပြေတယ် ပြောတာပဲကွယ်၊ စမ်းစမ်းဝေက နယ်မှာ သူ့မိဘတွေနဲ့ ခဏ ပြန်နေတယ်တဲ့၊ ကိုရဲဝင့်က ဒီမှာပဲ တပည့် နှစ်ယောက်နဲ့ ပြန်နေနေတယ်၊ ခုတလောတော့ သူ ဦးစီးပြီး တက်တက်ကြွကြွ လုပ်တာ လုပ်ငန်းတွေ တအား အောင်မြင်နေတယ်၊ သူတို့ချင်း အဆင်ပြေ မပြေကိုတော့ စိမ်းဝေ အစ်ကို အကြောင်း လည်း စိမ်းဝေ သိသားပဲ၊ ပြောမှ မပြတော့ မသိဘူးကွယ်၊ လူကြီးတွေ တိုတော့ ပြောပြထားပုံ မရဘူး၊ စိမ်းဝေရော အဆင်ပြေရဲ့လား'

စိမ်းဝေ အကြာကြီး တိတ်ဆိတ် နေသည်။ ပြီးမှ တိုးတိုး ပြောသည်။

'ပြေပါတယ်၊ လခလည်း ကောင်းတယ်၊ အတွေ့အကြုံလည်း အများကြီးရတယ်၊ သူတို့က စာချုပ် သက်တမ်းကုန်ရင် တိုးချင်တယ်လို့တောင် ပြောနေတယ်'

'အာသာနဲ့ရော တွေ့လား'

'အာသာက တစ်မြို့တည်းပဲ၊ စိမ်းဝေကို ခဏခဏ လာကြည့်ပါတယ်၊ ဂရုလည်း သိပ်စိုက်တာပဲ၊ ဒါပေမဲ့ မနှင်းရယ် '

စိမ်းဝေ စကားသံက ရှိုက်သံနှင့် တိမ်ဝင်သွားသည်။

'စိမ်းဝေ ညီမလေး မငိုနဲ့လေ'

စိမ်းဝေက မသဲမကွဲ ဆက်ရှိုက် နေသည်။ ပြီးမှ ငိုသံပါကလေးနှင့် ပြောသည်။

'စိမ်းဝေ ကိုကိုနဲ့ သိပ်တွေ့ချင်တယ်၊ ဖုန်းနဲ့ဖြစ်ဖြစ် စကား ပြောချင်တယ်၊ ကိုကို ဟိုတစ်ခါ ယူကေ မလာခင် စိမ်းဝေကို ဖုန်းဆက်ကတည်းက ကိုကိုနဲ့ စကား မပြောရတော့တာ လေးလလောက် ရှိပြီ'

မနှင်းဖွေးပါ မျက်ရည်လည်လာသည်။

'ညီမလေးရယ်၊ ညီမလေးနဲ့ စကားပြောဖို့ ကိုကိုက အဆင်သင့် မဖြစ်သေးလို့ပါ၊ သူ အဆင်သင့် ဖြစ်တဲ့နေ့ကျရင် သူကိုယ်တိုင် စဆက်ပါလိမ့်မယ်'

ခေတ္တ တိတ်ဆိတ်နေသည်။ ပြီးမှ ခြောက်ကပ်ကပ် အသံနှင့် မေးသည်။

'ကိုကိုက အဲ့သလို ပြောတာလား မမနှင်း'

ယောင်ယမ်း၍ ခေါင်းညိတ်မိသည်။ ပါးစပ်က ဘာမှ မဖြေမိ။

'ပြီးရောလေ၊ စိမ်းဝေ အဲဒီနေ့ကို မျှော်နေပါ့မယ်၊ စိမ်းဝေမှာ ကိုကို့ကို မေးစရာတွေမှ အများကြီးပဲ'

မနှင်းဖွေး ဘာမှ ပြန်မဖြေနိုင်သေး။

## ရဲဝင့် [ ၁၄ ]

ရဲဝင့်က စားပွဲပေါ် လက်ထောက် ထိုင်လျက်က ခေါင်းနှစ်ဖက်ကို လက်နှင့် ညှပ်ကိုင်ထားသည်။ ခေါင်းက တဒိန်းဒိန်း ထိုးကိုက်နေသည်။

မနှင်းဖွေးက ကော်ဖီတစ်ခွက်ကို လက်တုန်တုန်ဖြင့် ဖျော်နေစဉ် ဟန်ပိုက မကျေမနပ် မြည်တွန် တောက်တီးသည်။

'အနားက ဆေးခန်းမှာ သွေးကလေး သွားချိန်လိုက်၊ သွေးတိုးကျဆေး သောက်လိုက် လုပ်နေလို့ ရမလားကွ၊ မင်း အသက် သုံးဆယ်တောင် မပြည့်ချင် သေးဘူး၊ သွေးက အလကားနေရင်း မတိုးဘူး၊ အထူးကုလေး ဘာလေးပြ သေသေချာချာ စစ်ဆေးမှပေါ့'

ရဲဝင့်က မော့ကြည့်၍ မဲ့ပြုံးကလေး ပြုံးပြသည်။

'ငါ့ အဖေလည်း ဒီအရွယ် ကတည်းက တိုးတာပဲကွ၊ အခု အကောင်းပဲဟာ၊ မိန်းမတောင် နှစ်ယောက် ယူပြီးပြီ'

'ကိုရဲဝင့်ရယ် စိတ်ပူလို့ ပြောတိုင်း၊ အမြဲ ရယ်စရာလုပ်ပစ်တယ်၊ နှင်းတို့ စေတနာကို တန်ဖိုးထားပါဦး၊ အလုပ်တွေကလည်း အခု အဆင်ပြေ နေပြီဟာ၊ နှင်းတို့နဲ့ ထားခဲ့လို့ ရပါတယ်၊ စမ်းစမ်းဝေကိုလည်း ခေါ်တော့ပေါ့'

မနှင်းဖွေးက ကော်ဖီခွက်နဲ့ဆေး ချပေးရင်းက ဆူသည်။

ရဲဝင့်က ကော်ဖီနှင့် ဆေးကို ကမန်းကတန်း ပူပူကြီးပင် မော့ချလိုက်ပြီး ခေါင်းညိတ်ပြသည်။

'ဟုတ်တယ်၊ အရင် ခြောက်လလောက် အတွင်းမှာ ငါတို့ သိသိသာသာ

www.burmeseclassic.com

www.burmeseclassic.com



အခြေကျသွားတယ်၊ ဟန်ပို မင်းနဲ့နှင်းကို ထားခဲ့ပြီး၊ ငါ ခဏနားမယ်ဆိုရင် နားလို့ ရနေပြီ၊ ငါ သေသေချာချာ စစ်ဆေးခံလိုက်ပါမယ်၊ လိုအပ်ရင်သာ အပေါ်က ငါ့စားပွဲ အံဆွဲထဲက ဒိုင်ယာရီထဲမှာ ငါ့စိတ်ကူးတွေ အစီအစဉ်တွေ ချရေး ထားတာရှိတယ်၊ ယူကြည့်လိုက်ကြ ဟုတ်လား'

'ထားစမ်းပါကွာ၊ အလုပ်ကိစ္စတွေ၊ မင်း ဘယ်တော့ ဆေးခန်း ပြမှာလဲ၊ ဘယ်သူနဲ့ ပြမှာလဲ၊ ငါ့ သူငယ်ချင်း သမားတော်တွေလည်း ရှိတယ်'

ရဲဝင့်က ခေါင်းခါပြ၍ 'တိုးတိုး၊ ငါ ဒေါက်တာမြင့်သူနဲ့ ပြမယ်၊ ဒီစမ်းချောင်း ထဲက အသစ်ဖွင့်တဲ့ ဆေးခန်းကြီးမှာ ထိုင်တယ်၊ ငါစုံစမ်း ထားပြီးပြီ'ဟု ပြောသည်။

ဟန်ပိုက ဒေါက်တာမြင့်သူဟု တိုးတိုး ရေရွတ်၍ မနှင်းဖွေဘက်သို့ မေးငေါ့ပြသည်။ မနှင်းဖွေက မကြားဖူးဘူးဆိုသည့် အမူအရာနှင့် ခေါင်းခါပြသည်။

'ကဲပါ၊ ငါအပေါ်တက် နားတော့မယ်၊ နက်ဖြန် ညနေ ဆေးခန်းပြမယ်၊ ဒီနေ့တော့ ဘာပြဿနာ ပေါ်ပေါ် မင်းတို့ ကြည့်ရှင်းလိုက်တော့'

ရဲဝင့်က နေရာမှ ထ၍ အပေါ်ထပ်သို့ တက်သော လှေကားဘက် လျှောက် သွားသည်။ ဟန်ပိုနှင့် မနှင်းဖွေ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်၍ နားမလည်စွာ ကျန်ခဲ့ကြသည်။

○

လည်ချောင်းထဲကို အစာများ ပျို့တက်လာသည်ကို အိပ်ပျော်နေလျက်ကပင် သိ၍ ရဲဝင့် လန့်နိုးလာသည်။ ခေါင်းက တူကြီးကြီးနှင့် အဆက်မပြတ် ထုနေသလို တဒိန်းဒိန်း ကိုက်ခဲနေသည်။

ငါ အန်တော့မယ်၊ မဖြစ်ဘူး၊ ထမှ။ အိပ်ပျော်ရက်နဲ့ အန်ရင် လေပြွန် ဆို့သွားလိမ့်မယ်။

ခေါင်းကိုက်နေသည့် ကြားထဲက လူးလဲထ၍ အိပ်ခန်းနှင့် တွဲလျက် ထားသော အိမ်သာဆီ ပြေးသည်။ လမ်းမှာတင် အန်ဖတ်တို့က ပါးစပ်ထဲမှ အရှိန်အဟုန်နှင့် လွင့်ထွက်လာသည်။

အိမ်သာက မုတ်အဖုံးကို ဆွဲဖွင့်၍ ထိုင်ချသည်။ အိမ်သာထဲသို့ အားရပါးရ အန်ချသည်။ ပြီးသွားပြီ မှတ်လိုက်၊ ပျို့တက်လာလိုက်၊ ထပ်အန်လိုက်၊ အကြိမ်ပေါင်းများစွာ အန်အပြီးမှာတော့ ဝမ်းထဲက အစာတွေ သာမက ကလီစာ



တွေအားလုံးပါ အန်ထွက်သွားသလို ခံစားရသည်။

ရင်တုန်မောဟိုက်စွာဖြင့် အိမ်သာအိုးကို မှီလျက် ထိုင်ချလိုက်သည်။

ခဏနေတော့ ပျို့တက်လာသဖြင့် အိမ်သာအိုးကို ခေါင်းစိုက်မိသည်။ အန်ကြည့်တော့ မရ။

မဖြစ်ဘူး၊ မဖြစ်ဘူး၊ ငါအရမ်း မောနေပြီ၊ လှဲချဖို့ လိုနေပြီ။

ခံစားချက် ဘာမှမရှိသလို ဖြစ်နေသော ခြေထောက်နှစ်ချောင်းကို လက်နှစ်ဖက်ဖြင့် ဆွဲယူကာ အားပြု၍ ကြိုးစား ရပ်သည်။

ဒယီးဒယိုင်ဖြင့် ခုတင်ဆီ ပြန်လျှောက်ခဲ့သည်။ ရင်ဘတ်မှာ ပေနေသော အန်ဖတ်များကို သုတ်သင်ချင်သော်လည်း ဘယ်လိုမှ အားမရှိ။ အပြင်ခန်းမှာ အိပ်နေသော တပည့်ကို လှမ်းအော် ခေါ်ချင်သော်လည်း ပါးစပ် ဖွင့်ရန်ပင် အားမရှိ။

အိပ်ရာပေါ်သို့ ခြေပစ်လက်ပစ် လှဲချလိုက်သည်။

အိပ်ရာနှင့်ကျောထိသည့် အချိန်မှာပင် အမှောင်တိုက်က ပိတ်ဖုံးသွားသည်။

●

www.burmeseclassic.com

www.burmeseclassic.com

## မနှင်းဖွေး [ ၁၅ ]

ဦးနှောက် အာရုံကြော အထူးကုသမားတော်ကြီးအခန်းသို့ မနှင်းဖွေး ဝင်သွားတော့ အမျိုးသမီး သမားတော်ကြီးက အမျိုးသား လူလတ်ပိုင်း ဆရာဝန်တစ်ဦးနှင့် စကားပြောနေသည်ကို တွေ့ရ၍ ခြေလှမ်းများ ရပ်သွားသည်။

အမျိုးသမီး သမားတော်ကြီးက မော့ကြည့်သည်။

'ကိုရဲဝင့် အိမ်က မဟုတ်လား၊ လာလာ၊ မမတို့ သူ့အကြောင်းပဲ တိုင်ပင်နေကြတာ၊ ကိုရဲဝင့် နေသာတယ် မဟုတ်လား'

မနှင်းဖွေး ရင်ဝတွင် ဆို့နင့်နေသည်။

'သတိရပါတယ် မမ၊ စကားတော့ သိပ်မပြောဘူး၊ ခေါင်းတအား ကိုက်နေတဲ့ပုံစံမျိုးပဲ၊ မှိန်းပဲ နေတယ်'

မမက စောစောက အမျိုးသား ဆရာဝန်ဘက်ကို လှည့်ကြည့်၍ နံရံတွင် ကပ်ထားသော မီးအဖြူ လင်းနေသည့် မှန်ပြားပေါ်တွင် ကွန်ပျူတာဓာတ်မှန်များကို မေးငေါ့ပြသည်။ အမျိုးသား ဆရာဝန်က ကုလားထိုင်ပေါ်မှ ထ၍ အနားကပ်ပြီး သွားကြည့်နေသည်။

'ဘာတော်လဲကွယ့်'

မနှင်းဖွေး ဖြေရခက်သွားသည်။

'သူငယ်ချင်းတွေပါပဲ မမ၊ သူ့မှာက အဖေပဲ ရှိတာ၊ အဖေက နယ် ရောက်နေတယ်၊ ပြန်လည်း ခေါ်ထားပါတယ်၊ နိုင်ငံခြားက ညီမလည်း လိုက်လာနေပါပြီ

စမ်းစမ်းဝေ. . .



စမ်းစမ်းဝေကို ဘယ်လို ဆက်သွယ်ရမည် မသိ။ ရဲဝင့်ကလည်း တစ်ညသာ သတိလစ်ပြီး သတိပြန်ရသည်နှင့် 'စိမ်းဝေကို ခေါ်ပေးပါ' ဟုသာ ပြောသည်။ စမ်းစမ်းဝေအကြောင်း တစ်လုံးမှ မဟာသဖြင့် ဘယ်လို ဖြေရမှန်းကို မသိ။

မမက ခေါင်းတဆတ်ဆတ် ညိတ်သည်။

'မမလက်ထောက်တွေ ညီမတို့ ကို ရှင်းတော့ ရှင်းပြထားတယ်၊ မဟုတ်လား'

မနှင်းဖွေး မျက်ရည်ဝဲလျက်က ခေါင်းညိတ်သည်။

'ဦးနှောက်ကင်ဆာ ဆိုတာလား မမ'

မမက ခဏငြိမ် စဉ်းစားနေသည်။ ပြီးမှ

'ဦးနှောက်မှာ အကျိတ်တွေ့ရင် ကင်ဆာလို့ပဲ အလွယ်ခေါ်ကြတာ ပေါ့ကွယ်၊ ကင်ဆာအစစ်တော့လည်း မဟုတ်ဘူး၊ ညီမတို့ ပြောတဲ့အတိုင်းဆို သူ့ရောဂါ လက္ခဏာတွေက နှစ်ပေါက်နေပြီ၊ ဒီလောက် ဖြည်းဖြည်းလေး ကြီးလာမှတော့ ကင်ဆာ မဖြစ်နိုင်ဘူး၊ ဒါပေမဲ့ ဦးနှောက်အကျိတ် ဆိုတာက ကင်ဆာ မဟုတ်လည်း အသက်ကို အန္တရာယ် ပေးတတ်တာပါပဲ'

'ကုသဖို့ရော မဖြစ်နိုင်ဘူးလား မမ၊ ဟိုလေ ကျွန်မတို့ လိုအပ်ရင် နိုင်ငံခြား သွားကုဆိုလည်း စီစဉ်နိုင်ပါတယ်'

မမက ခေါင်းတစ်ချက် ညိတ်သည်။

'သူက ဦးနှောက်အောက်ခြေမှာ ကပ်နေတာဆိုတော့ အင်မတန် ခွဲစိတ်ရခက်တဲ့ အမျိုးအစားပဲ၊ ညီမတို့ ပြောတဲ့ ဘန်ကောက်က ဆရာဝန်ဆီလည်း မမ အီးမေးလ်နဲ့ တိုင်ပင်နေပါတယ်၊ သူကလည်း ခက်မယ်ပေါ့လေ၊ စွန့်စားရမယ့်ကိစ္စဆိုတော့ လူနာနဲ့ လူနာရှင်က တကယ် စိတ်ပြတ်မှ လာခဲ့ပါတဲ့၊ မနေ့က ညီမပြောတော့ ကိုရဲဝင့်က ဘယ်မှ မသွားချင်ဘူးဆို'

မနှင်းဖွေး မျက်ရည်ဝဲလျက်က ခေါင်းညိတ်သည်။

'သူ့ညီမ အင်းလေ၊ မွေးစားညီမ ဆိုပါတော့၊ အဲဒီ ညီမ ရောက်လာရင်တော့ တစ်မျိုး ဖြစ်နိုင်ပါတယ်'

မမက ခေါင်း တဆတ်ဆတ် ညိတ်သည်။

'မမလည်း စဉ်းစားလို့ ရတာပေါ့လေ၊ ဒီက ဒေါက်တာမြင့်သူက စင်ကာပူမှာ အဲဒီ ခွဲစိတ်မှုမျိုးတွေ သေသေချာချာ လေ့လာပြီး ပြန်လာတဲ့ ဦးနှောက်ခွဲစိတ်ဆရာဝန်ကြီးပါ၊ ရဲဝင့်ကို နိုင်ငံခြား မသွားချင်ဘူး ဆိုရင်လည်း ဒီမှာ ကိုမြင့်သူတို့ လုပ်ပေးနိုင် မပေးနိုင်ပေါ့လေ၊ အဲဒါ ခေါ်တိုင်ပင်နေတာပါ'

www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမြင့်သူက လှည့်ကြည့်၍ ပြုံးပြသည်။

'ဒီလောက်ခက်တဲ့ နေရာမျိုးက အကျိတ်၊ ကျွန်တော်လည်း သုံးယောက်ပဲ ခွဲစိတ်ဖူးပါတယ်၊ တစ်ယောက်ကတော့ ကံမကောင်းရှာဘူးပေါ့လေ၊ နှစ်ယောက်ကတော့ ကောင်းနေပါတယ်၊ စွန့်စားရမယ့် ကိစ္စ ဖြစ်ပေမယ့် ဒီအတိုင်းထားရင်လည်း ကောင်းလာစရာ မရှိတော့၊ ကျွန်တော်ကတော့ လူနာ သဘောတူမယ်ဆိုရင် ကူညီချင်ပါတယ်'

မနှင်းဖွေး ဒေါက်တာမြင့်သူဟု တိုးတိုးလေး ရေရွတ်ကြည့်နေရာမှ ရုတ်တရက် သတိရ၍ ပါးစပ် ပွင့်သွားသည်။

'ဆရာက ဟို စမ်းချောင်းက အသစ်ဖွင့်တဲ့ ဆေးရုံမှာ ထိုင်တဲ့ ဒေါက်တာမြင့်သူ မဟုတ်လား'

ဒေါက်တာမြင့်သူက မျက်မှောင် ကြုတ်ကြည့်၍ ခေါင်းညိတ်သည်။

မနှင်းဖွေး အူယားဖားယား ဆက်ပြောသည်။

'ဆရာ့ကို သူ သိတယ်၊ ဆရာနဲ့ပြမလို့ သူ စုံစမ်းထားတယ်တဲ့၊ သူ သတိမလစ်ခင်နေ့က ပြောထားတာ၊ ဒါပေမဲ့ ဆရာက ဦးနှောက် ခွဲစိတ်ဆရာဝန်ကြီးဆို၊ သူက ခေါင်းကိုက်တာကို ဘာဖြစ်လို့ ဆရာနဲ့ ပြချင်ရတာလဲ၊ သူ့ကိုယ်သူ ဘာရောဂါဆိုတာ ကြိုသိနေလို့လား'

ဒေါက်တာမြင့်သူ ငြိမ်၍ အကြာကြီး စဉ်းစားနေသည်။ ပြီးတော့ ကိုရဲဝင့် အသက်က ၃၀ ဟု တိုးတိုး ရေရွတ်သည်။

ပြီးတော့မှ ဖျတ်ခနဲ သတိရဟန်ဖြင့် မမဘက်သို့ လှည့်၍ ပြောသည်။

'ဟာ ကျွန်တော်သိပြီ၊ ဒီလူ ကျွန်တော် စင်ကာပူမှာ ရှိတုန်း ကျွန်တော့် ကွန်ဆားလ်တင့်န် ဒေါက်တာဟိုနဲ့ လာတွေ့သွားသေးတာပဲ၊ အဲဒီကတည်းက ကျွန်တော်တို့က 'ဘရိန်းကျူမာ' ပဲ ထင်တာ၊ 'စီတီ' မပေါ်ဘူး၊ ယူကေမှာသွားရင်း 'အမ်အာရ်အိုင်' ရိုက်ပါလို့တောင် ကျွန်တော်တို့ မှာလိုက်သေးသားပဲ၊ သူ့ညီမ ဘွဲ့ယူမှာမို့လို့ ယူကေသွားစရာ ရှိတယ်ဆိုတဲ့ လူလေ'

မနှင်းဖွေး မျက်ရည်များ မထိန်းနိုင်ဘဲ ကျဆင်းလာသည်။

'ဟုတ်ပါတယ် ဆရာရယ်၊ ယူကေလည်း ရောက်လာပါတယ်၊ သူ့ညီမကို သူ့ရောဂါအကြောင်း ဘာမှ မပြောပြဘဲ စကားတွေလွှဲပြီး ပြန်သွားခဲ့တာ၊ အခု ဆရာပြောတော့ ရေးတေးတေးလေး ဆက်စပ်လို့ ရပါပြီ'

ဒေါက်တာ မြင့်သူက ခေါင်းတစ်ချက် ညိတ်သည်။



'အဲဒီကတည်းက သူ ပြောတာက သူ့မှာ ပညာသင်နေဆဲ ညီမလေး တစ်ယောက်လည်း ရှိတယ်တဲ့၊ သူ့ကို မှီခိုနေတဲ့ ဝန်ထမ်းတွေလည်း ရှိတယ်တဲ့၊ အဲဒီကိစ္စတွေ စိတ်ချရအောင် လုပ်ပြီးမှ သူ အခွဲစိတ် ခံမယ်တဲ့၊ နောက်ကျသွားရင်လည်း သူ့ကံပဲတဲ့၊ အဲဒီကိစ္စတွေ မရှင်းမပြီးမချင်း သူ အခွဲစိတ် မခံချင်ဘူးတဲ့၊ ကြည့်ရတာ ယူကေမှာ သူ အမ်အာရ်အိုင် ရိုက်ဖြစ်ပြီး သိသွားတဲ့ ပုံပဲ'

ရှင်းပါပြီ။ ကိုရဲဝင့်ရယ် . . .

ရက်စက်လိုက်တာ။

မနှင်းဖွေး ကုလားထိုင်နောက်မှီပေါ် ခြေပစ်လက်ပစ် မှီချလိုက်မိပါတော့သည်။

○

မနှင်းဖွေးက ဆန်ပြုတ် တစ်ဇွန်း ထပ် ခပ်သည်။ ရဲဝင့်က ညာဘက် လက်တစ်ဖက်ကို ဖြည်းညင်းစွာ မြှောက်ပြသည်။

မနှင်းဖွေးက ဘေးမှာ ရပ်နေသော ဟန်ပိုကို မော့ကြည့်သည်။ ဟန်ပိုက ခဏနေမှတစ်ခါ ခွံ့ပေးလိုက်၊ အန်သွားဦးမယ်ဟု လေသံနှင့် ပြောသည်။

မနှင်းဖွေးက ဆန်ပြုတ်ပန်းကန်ကို ခုတင်ဘေးက စားပွဲကလေးပေါ် ချတော့ ရဲဝင့်က ထောင်ထားသော ခုတင်ဦးပိုင်းကို ပြန်ကျောမှီ၍ ပြုံးပြီး ငြိမ်နေသည်။

'အဆင်ပြေလား သူငယ်ချင်း၊ မင်း ဆေးရုံမဆင်းခင် ကတည်းက ငါ ဒီ ထောင်လို့ ရတဲ့ ခုတင် သွားရှာလာတာ'

ရဲဝင့်က ပြုံး၍ ခေါင်းညိတ်ပြသည်။ ပြီးတော့ နံရံက နာရီကို လှမ်းကြည့်သည်။ ဟန်ပိုက ရယ်သည်။

'စိတ်မပူပါနဲ့၊ ငါ သွားကြိုမှာ၊ အစောကြီး ရှိသေးတယ်၊ လမ်းမှာ စိမ်းဝေ မေးရင် ငါ ဘာတွေ ဖြေရမလဲသာ ငါ့ကို ပြောပြဦး'

ရဲဝင့်က အားပျော့စွာ ပြုံး၍ အမှန်တွေပဲ ဖြေတော့ပေါ့ကွာဟု တိုးတိုး ပြောသည်။

'စိတ်ချ၊ ဖြေချင်နေတာ ကြာလှပြီ၊ စမ်းစမ်းဝေနဲ့ မင်းနဲ့ယူတယ်ဆိုတာ မဟုတ်တဲ့အကြောင်း၊ စမ်းစမ်းဝေရဲ့ အဖေ ဦးသက်ဝေရဲ့ ခွင့်ပြုချက်နဲ့ စမ်းစမ်းဝေကို စင်ကာပူမှာ 'မင်းနဲ့နေ့ချိမင့်န်ကိုစ်' သွားတယ်ခိုင်းပြီး စိမ်းဝေ

www.burmeseclassic.com



လက်လျှော့အောင် လုပ်ထားတာ ဖြစ်တဲ့အကြောင်း၊ စိမ်းဝေကို ချစ်လွန်းလို့၊ နစ်နာမှာ စိုးလွန်းလို့ အာသာဘက်ကို တမင်တွန်းပို့ခဲ့တာ ဖြစ်ကြောင်း အကုန် ဖြေတော့မှာ'

ရဲဝင့်က ဖွဖွပြုံး၍ အာသာ ညံ့တယ်ကွာဟု ပြောသည်။

မနှင်းဖွေးက အာသာ ညံ့တာ မဟုတ်ဘူး။ စိမ်းဝေတော်တာ။ စိမ်းဝေ အစောကြီးကတည်းက တစ်ခုခုပဲလို့ စိုးရိမ်နေမိခဲ့တာ။ စိမ်းဝေကို လျှော့မတွက်နဲ့ ဟု ဝင်ပြောသည်။

ရဲဝင့်က မျက်လုံး ပြန်မှိတ်၍ မှိန်းနေသည်။

●

## စိမ်းဝေ [ ၁၅ ]

စိမ်းဝေက ရဲဝင့် ဖြည်းဖြည်းလေး လျှောက်နေသည်ကို ဖေးမတွဲခေါ်၍ ဒန်းကလေးပေါ် ထိုင်သည်အထိ နေရာချပေးသည်။ ပြီးတော့မှ ရဲဝင့် နံဘေး ဒန်းကလေးတွင် ဝင်ထိုင်သည်။

ပြီးတော့ သက်ပြင်းချသည်။

'တော်သေးတာပေါ့ ကိုကိုရယ်၊ ဒီလောက် အခြေအနေနဲ့မှ တွေ့ရ ပါ့မလားလို့ စိမ်းဝေက စိတ်ပူလိုက်ရတာ'

ရဲဝင့်က ပြုံး၍ တိုးတိုး ဖြေသည်။

'အလုံးက သိပ်မကြီးဘူးတဲ့၊ ဦးနှောက် အရည်ကြည်ထွက်တဲ့ အပေါက်ကို သွားဖိထားလို့ အရည်တင်းတင်းပြီး ခေါင်းကိုက်တာ၊ သတိလစ်တာ၊ အန်တာတဲ့၊ အခုတော့ အရည်လျှော့တဲ့ ဆေးတွေ ပေးထားတော့ နည်းနည်း ခံသာနေတာပေါ့၊ ဒါပေမဲ့ တစ်နေ့နေ့တော့ ဆေးနဲ့မနိုင် ဖြစ်လာတော့မှာ၊ ဒါကြောင့် ခွဲစိတ်တာ ခံဖို့ ကိုကို ဆုံးဖြတ်လိုက်တာ'

စိမ်းဝေက မျက်ရည်ဝဲလျက်က သက်ပြင်းချသည်။

'အဲဒါတွေ အားလုံးကို ဘယ်သူ့ကိုမှ ပြောမပြဘဲ တစ်ယောက်တည်း ကြိတ်ခံနေရသလား ကိုကိုရယ်'

ရဲဝင့်က ပြုံးပြန်သည်။

'ကိုကို့မှာ ငယ်ငယ်တည်းက ခေါင်းတိုးဝင်ပြီး ချွဲစရာ နွဲ့စရာ မိခင်ရင်ခွင် မရှိခဲ့လို့လား မသိဘူး၊ ကိုကို လူတွေဆီက ဘာမှ သိပ်မမျှော်လင့်တတ်ခဲ့ဘူး

www.burmeseclassic.com

www.burmeseclassic.com



စိမ်းဝေလည်း သိပါတယ်၊ လူတွေက ကိုကို့ကို ဘယ်လို မြင်ကြတယ်ဆိုတာ၊ နှင်းတို့ ဟန်ပိုတို့က ကိုကို့ကို တော်တော် သည်းညည်းခံနိုင်လို့ သူငယ်ချင်း ဖြစ်နေကြတာ၊ ငယ်ငယ်တုန်းက နှင်းတို့ အဆောင်က အစ်မကြီးတွေ ဆိုရင် ကိုကို့ကို အူကြောင်ကြောင် ဒေါင့်မကျိုးတဲ့အကောင်၊ မပေါင်းနဲ့လို့ ခဏခဏ တားခဲ့ကြတာ၊ လုပ်ငန်းကြီး တစ်ခုကို ဦးစီးရတော့လည်း စိမ်းဝေ အသိပဲ၊ ဘဝင်မြင့်နေတယ်၊ တိမ်တွေပေါ်မှာ လမ်းလျှောက် နေတယ်၊ စုံနေတာပဲ၊ လူတွေဆီက အချစ်ကို ကိုကို တစ်ခါမှ မရခဲ့သလိုရတာ၊ မရတာကိုလည်း တစ်ခါမှ အလေးဂရု မပြုခဲ့ဖူးဘူး၊ ဒါပေမဲ့ ကိုကိုကတော့ ကိုကို့ဘဝကို ကိုကို ကျေနပ်နေတာပဲ၊ အဲဒါ ဘာဖြစ်လို့လဲ သိလား'

စိမ်းဝေ အံ့ကြိတ် မျက်ရည်ဝဲလျက်က ခေါင်းခါသည်။

'သူတို့ ကိုကို့ကို ချစ်ချစ်၊ မချစ်ချစ်၊ ကိုကိုက ချစ်နေခဲ့တာကိုး၊ ကိုကို လူတွေအားလုံးကို ချစ်တယ်၊ သူတို့ကို လူလည်း ကျန်းမာစေချင်တယ်၊ စိတ်လည်း ချမ်းသာစေချင်တယ်၊ သူတို့ လိုတာရှိရင်လည်း အမြဲ ဖြည့်ဆည်းပေးချင်တယ်၊ မေတ္တာစိတ်လို့ ခေါ်လို့ရမလားပဲ၊ ကိုကို တစ်သက်လုံး အဲဒီစိတ်နဲ့ နေလာတာ၊ အဲဒီစိတ်က ဘယ်လောက် အေးချမ်းတယ် မှတ်လဲ၊ လူတွေက ကိုကို့ကို ဘယ်လိုပဲ မြင်မြင်၊ ကိုကို့ရင်ထဲမှာ နည်းနည်းမှ မတုန်လှုပ်ဘူး၊ ကိုကို ကူညီနိုင်တဲ့လူ၊ ကူညီရမယ့်သူ ဘယ်သူ ရှိသေးလဲ၊ အဲဒါပဲ တစ်ချိန်လုံး တွေးနေတော့ ကိုကို့ အပြင်ပန်းက ထန်သလိုရှိပေမယ့် ရင်ထဲမှာတော့ ကြည်လင်နေတာပဲ'

စိမ်းဝေက မျက်စောင်းဖွဖွ ထိုးသည်။

'အဲဒါကိုပဲ အာသာ့ကိုပါ ကူညီချင်လာရော ဆိုပါတော့'

ရဲဝင့်က တိုးတိုးရယ်သည်။

'ကိုကို့ရင်ထဲက လူတွေအပေါ် ထားတဲ့စိတ်ကို မေတ္တာစိတ်လို့ ခေါ်ရမှာကို မဝံ့မရဲ ဖြစ်နေရတဲ့ အကြောင်းက အဲဒါပဲ၊ မေတ္တာဆိုရင် တစ်ပြေးညီ ဖြစ်ရမှာ'

ရဲဝင့်က စိမ်းဝေ မျက်နှာလေးကို အတန်ကြာအောင် ငေးကြည့်နေသည်။ ပြီးမှ တိုးတိုး ဆက်ပြောသည်။

'စိမ်းဝေကိုတော့ သူများနဲ့ တပြေးညီ မချစ်နိုင်ဘူး။ အမြဲတမ်း ပိုနေတယ်၊ စိမ်းဝေ ဘဝလေး လှဖို့၊ စိမ်းဝေ စိတ်ချမ်းသာ ကိုယ်ချမ်းသာ နေရဖို့ အဲဒါ ကိုကို့ဘဝမှာ ဘာထက် မဆို အရေးကြီးတယ်၊ မကြာခင် အချိန်အတွင်းမှာ



ဒီ ဦးနှောက်အကျိတ်က ကိုကို့ဘဝကို အလဲထိုးတော့မယ်လို့ သိလိုက်ရတဲ့ အချိန်မှာ ကိုကို့ ဘေးမှာ စိမ်းဝေရှိနေတာကို ဘယ်လို မှ လက်မခံနိုင်တော့ဘူး။ အာသာကလည်း ကိုကို့စိတ်မျိုး စိမ်းဝေအပေါ်မှာ ထားနိုင်တယ်ဆိုတာ ကိုကို သိတယ်၊ ဒါကြောင့် စမ်းစမ်းဝေကို ခုတုံးလုပ်လိုက်တာ၊ စိမ်းဝေကမှ ကိုကို စီစဉ်တာ မနာခံဘဲ'

စိမ်းဝေက အံ့ကလေး ကြိတ်သည်။

'ကိုကို မမှတ်မိလို့ပါ၊ စိမ်းဝေ ကိုကို့ကို အစောကြီးကတည်းက အပြတ် ပြောထားပြီးသားပဲ၊ စိမ်းဝေတို့ မိန်းကလေးတွေ ချစ်တာ ခံစားမှု သက်သက်ပဲလို့၊ သင့်တော်တဲ့သူကို ရွေးချစ်လို့ မရဘူးလို့၊ ရင်ထဲက ချစ်ပြီးရင် ပြောင်းမပစ်နိုင်ဘူးလို့'

ရဲဝင့်က ပြူးကာ ကိုယ်ကို အနည်းငယ် လျှော့ထိုင်ပြီး စိမ်းဝေ ပခုံးပေါ် ခေါင်း မှီချလိုက်သည်။ စိမ်းဝေက ရဲဝင့်ခေါင်းကို ကြင်နာစွာ ပွေ့ဖက်ထားသည်။

'ခုတော့ ကိုကို သဘောပေါက်ပါပြီ၊ ဒါကြောင့် ကိုကိုဘယ်လောက်ပဲ နေရနေရ စိမ်းဝေကို မောင်းမထုတ်တော့ဘူး၊ အနားမှာပဲ ခေါ်ထားတော့မယ်လို့၊ ပြီးတော့ အဲဒီခွဲစိတ်မှုဟာ အရမ်း အန္တရာယ်များတယ်ဆိုတာ သိပေမယ့် ကံကောင်းထောက်မလို့များ ဆက်လက် ရှင်သန်ခွင့် ရခဲ့မယ်ဆိုရင် စိမ်းဝေ မျက်ရည်တွေကို သုတ်ပေးခွင့် ရဦးမယ်ဆိုတဲ့ အသိနဲ့တင် တန်တယ်လို့ ဆုံးဖြတ်ပြီး ခွဲစိတ်ခံဖို့ ဆုံးဖြတ်ခဲ့တာလေ'

စိမ်းဝေ မျက်ရည်ဥများ မျက်ဝန်းနှစ်ဖက်စလုံးမှ ဖြည်းညင်းစွာ ကျလာသည်။

'နိုင်ငံခြား သွားခွဲဖို့ကျတော့ ဘာလို့ ငြင်းရလဲ ကိုကို'

'ကိုကို လေ့လာပြီးပြီ၊ ဒေါက်တာ မြင့်သူရဲ့ ရာခိုင်နှုန်းက နိုင်ငံခြားထက် မနည်းဘူး၊ ပြီးတော့ ဒီခွဲစိတ်မှုက ကံကောင်းရင် လူကောင်း ပြန်ဖြစ်သွားမယ်၊ ကံမကောင်းရင် အခွဲခံရတဲ့နေ့က ကိုကို့ဘဝရဲ့ နောက်ဆုံးနေ့ ဖြစ်ချင်ဖြစ်သွားမယ်၊ တကယ်လို့များ ကံမကောင်းခဲ့လို့ ရှိရင် အဲဒီနောက်ဆုံးနေ့ကို ကိုကိုချစ်တဲ့ ဒေသမှာ ကိုကိုချစ်တဲ့ လူတွေ ကြားထဲမှာပဲ ကိုကို နေချင်တယ်'

စိမ်းဝေ မျက်ရည်စက်တို့ ရဲဝင့် မျက်နှာပေါ် မကျခင် တိတ်တခိုး သုတ်မိပါသည်။

●

www.burmeseclassic.com

www.burmeseclassic.com

## ရဲဝင့် [ ၁၅ ]

နံနက် ၈ နာရီမှာ ခွဲစိတ်မှု စတင်မည်ဟု ဒေါက်တာမြင့်သူက ပြောထားသည်။ ရဲဝင့် နံနက် ၅ နာရီကတည်းက နိုးလာပြီး ခေါင်းက ကြည်လင်နေသည်။

ထူးဆန်းသည်မှာ ခေါင်းတောင် မကိုက်။

ညက စိမ်းဝေကို အတင်း အိမ်ပြန်လွှတ်၍ အနားယူ ခိုင်းလိုက်သည်။ သည်မှာဆိုလျှင် စိမ်းဝေ အိပ်မှာ မဟုတ်။

တပည့်ကလေး၏ အကူအညီနှင့် ရဲဝင့် မျက်နှာသစ်သည်။ ဘာမှတော့ မစားရ။ ည ၁၀ နာရီ ကတည်းက ရေတောင် မသောက်ထား။

၆ နာရီမှာ စိမ်းဝေ ရောက်လာသည်။

အပြုံးကလေးက နွမ်းလျလျ။ သေချာသည်၊ အိပ်ပျော်ဟန် မတူ။

'ဖေဖေနဲ့မေမေ အိမ်မှာပဲ နေခဲ့ခိုင်းလိုက်တယ်၊ ဘုရားခန်းထဲမှာ ကျန်ခဲ့ကြတယ်၊ ကိုကို စိတ်အေးအေးထားနော်'

ရဲဝင့်က ပြုံးပြသည်။

'ကိုကိုက စိမ်းဝေကို အဲသလို ပြောမလို့'

စိမ်းဝေက ယှဲ့ယှဲ့ပြုံး၍ ခုတင်ဘေးက ကုလားထိုင်မှာ ဝင်ထိုင်သည်။

○



၇ နာရီမှာ ခွဲခန်းဝတ်စုံ လဲရသည်။

လဲပြီးခါစမှာတင် မနှင်းဖွေးနှင့် ဟန်ပိုတို့ ရောက်လာသည်။

ဟန်ပိုက ရဲဝင့်ကို မေးတစ်ချက် ဆတ်ပြ၍ ပြောသည်။

'အောက်မှာ ဘယ်သူတွေ ရောက်နေသလဲဆိုတာ ပြောပြရင် မင်းယုံမှာ မဟုတ်ဘူး'

ရဲဝင့် အူကြောင်ကြောင် ပြန်မေးမိသည်။

'ဘယ်သူတွေ ရောက်နေလို့လဲ'

'လူတိုင်းပဲ'

'ဘယ်လို'

ဟန်ပိုက ပခုံးတွန့်ပြသည်။

'မင်းကြိုက်တဲ့ နာမည်ပြော၊ အောက်မှာ အားလုံး ရှိတယ်၊ ဆေးရုံဝန်ထမ်းတွေက ပေးမဝင်လို့ ရှေ့က ကားပါကင်ထဲမှာ လူပင်လယ်ကြီး ဖြစ်နေပြီ၊ မင်း ပြတင်းပေါက်က ကြည့်ကြည့်လိုက်'

ဟန်ပိုက ခန်းဆီးစကို မ၍ ရဲဝင့်ကို ပြသည်။

ဟုတ်ပါရဲ့။

ဆေးရုံ ဆင်ဝင်ရှေ့ ကားပတ်ကင်တွင် လူတွေ ဖွေးဖွေးလှုပ်နေသည်။

ဟိုမှာ ကိုမြင့်မောင်၊ ခြေလျင် တောင်တက်တုန်းက နောက်ချန်အဖွဲ့မှာ ပါခဲ့သည့် သူငယ်ချင်းများ။ ဟိုနားမှာက သုံးဘီးအတူ မှောက်ခဲ့သည့် သူငယ်ချင်းတွေ၊ ကိုတင်စိုး စက္ကူစက် ပိုင်ရှင်၊ ဟိုမှာ မမသိန်း။ မနှင်းဖွေးတို့ အဆောင်က အဖွဲ့တွေ။ ရဲဝင့် စက္ကူစက် ထောင်စဉ်က လာအပ်သည့် အစ်ကိုတွေလည်း တွေ့သည်။

ဟိုဟာက ပန်းရန် အဖွဲ့၊ ဟုတ်သားပဲ။ အဲသည့် ပန်းရန်ဆရာ တိုက်ပြိုကျ၍ ပါသွားပြီး ခွဲစိတ်ခန်း ဝင်တုန်းက သူ သွေးလှူဖူးသည်။ မာလာတို့ အုပ်စုကိုလည်း တွေ့ရသည်။ ကလျာနှင့် မူယာလည်း ရှိနေသည်။ အရက်ဆိုင် အတင်း ခေါ်သည့် ကန်ထရိုက် အုပ်စုက လူတွေလည်း ရှိသည်။

ဟိုမှာက စမ်းစမ်းဝေနှင့် ဦးသက်ဝေ

အလို

ဟိုမှာ အာသာပါလား၊ အာသာပါ လိုက်လာသကိုး။

www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့် သူ့ ဘဝတစ် လျှောက်လုံးမှာ သိခဲ့ ပတ်သက်ခဲ့သမျှ လူတွေ အားလုံး စုရုံး ရောက်ရှိ နေရတာတဲ့လဲ။ သူများ အိပ်မက် မက်နေရှေ့သလား။

သူ့ အတွေးကို သိနေဟန်ဖြင့် စိမ်းဝေက တိုးတိုးပြောသည်။

'လူတွေ အားလုံးကို ကိုကိုက ချစ်တယ်၊ ကိုကို့ကို ဘယ်လို သဘောထားလဲ၊ ကိုကို စိတ်မဝင်စားဘူးလို့ ပြောခဲ့တာလေ၊ ကိုကို အခု သိပြီ မဟုတ်လား၊ မေတ္တာဆိုတာ ရောင်ပြန်ဟပ်စမြဲပဲ၊ အပြောအဆို အမူအရာတွေကြောင့် ကိုကို့ကို လူတွေက စိတ်ကွက်ကြရင်လည်း ခဏပဲ ကွက်မှာပဲ၊ ရေရှည်မှာတော့ ကိုကို့ စေတနာတွေကို လူတွေက နားလည်ကြတာပါပဲ၊ ဒီလူတွေ အားလုံးက ကိုကို့ကို စိတ်ပူလို့ ဆုတောင်းပေးချင်လို့ ရောက်နေကြတာ၊ အားလုံး ကိုကို့ကို ချစ်လို့၊ အဲဒီကိုကို့ကို ချစ်တဲ့လူတွေ အားလုံးအတွက် ကိုကို ပြန်လာရမယ် နော်'

ရှိုက်သံတစ်ချက် တိုးတိုး လှုပ်ခတ်လိုက်သည်။

'အထူးသဖြင့် စိမ်းဝေ အတွက်ပေါ့'

နောက်ဆုံး စကားက တုန်ယင် ပျောက်ကွယ်သွားသည်။

'ဦးရဲဝင့် သွားရအောင်'

အခန်းပေါက်ဝမှ လူနာတင် တွန်းလှည်းနှင့် ဆေးရုံအလုပ်သမား တစ်ယောက် ရောက်လာသည်။

ရဲဝင့်က ဆတ်ခနဲ ခေါင်းညိတ်၍ နေရာမှ ထသည်။

●

နိဂုံး

မြသလွန်ဘုရား ရင်ပြင်တော်ပေါ်မှ လှမ်းမျှော်ကြည့်လျှင် အဝေးမှာ မြင်နေရသော ဧရာဝတီမြစ်ရေပြင်မှာ ဝင်လုလု နေမင်း၏အောက်တွင် အနီရင့်ရောင် ဘောင်ကွပ်ထားသည့် စိမ်းပြာရောင် လှိုင်းကြက်ခွပ်များနှင့် အလှကြီး လှနေသည်။

သို့သော် ကြည့်ရှုသူတို့၏ အမြင်ကို တကယ်တမ်း ဖမ်းစား ဆုပ်ကိုင်နိုင်သည်က ဧရာဝတီမြစ်၏ မြင်ကွင်း မဟုတ်။

မြသလွန်ဘုရား ရင်ပြင်တော်ပေါ်တွင် သုံးခွ ထောက်ချ၍ ဆွဲလက်စ ပန်းချီကား တစ်ချပ်ကို စိတ်ပါလက်ပါ အာရုံစူးစိုက် ရေးဆွဲနေသော မိန်းမပျိုသာ ဖြစ်ပေသည်။

မြသလွန်ဘုရား ရင်ပြင်တော်ပေါ်မှာ သုံးခွထောက်ချ၍ ပန်းချီ ဆွဲနေသည့် ပန်းချီဆရာမှာ မကွေးသူ မကွေးသားတို့အတွက် နေ့တိုင်း မြင်ရနေကျ ရှုခင်းမဟုတ်။ ပန်းချီ ဆရာမဆိုလျှင်တော့ သာ၍သာ ရှားပေတော့မည်။

ယခုတော့ ပန်းချီဆရာမမှ အသက်အစိတ်ကျော်ကျော်ခန့် ငယ်ငယ်လှလှ ပန်းချီဆရာမလေး။ ပြီးတော့ သူ ဆွဲနေသည့် ပန်းချီကို သွားကြည့်လိုက်လျှင် ပန်းချီ အနည်းငယ် တီးမိခေါက်မိ ရှိသူတွေမှအပ ဘာမှ နားလည်မည် မဟုတ်။ ရေလည်း မပါ။ သောင်လည်း မပါ။

ပျစ်နှစ်နေသော ဆေးရောင်စုံတို့ကိုသာ အထပ်လိုက် တွေ့ရမည်။

တော်သေးတာပေါ့။ ရင်ပြင်တော်ပေါ်မှာကလည်း လူနည်းနည်း ရှင်းနေ သေလို့။

www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမြင့်သူ သက်ပြင်းချမိသည်။

အဲသည် ပန်းချီဆရာမကလေးသည် မကွေးတစ်ဖက်ကမ်း မင်းဘူးသူ စင်စစ် ဖြစ်သော်လည်း ယူကေနိုင်ငံတွင် အခြေချနေထိုင်လျက်ရှိပြီး အကြာကြီး နေမှ တစ်ခါသာ မြန်မာပြည်ကို ပြန်လာတတ်သူမှန်း သိကြလျှင် ပို၍ပင် အံ့ဩကြပေဦးမည်။

တိုက်တိုက်ဆိုင်ဆိုင်

မကွေးတံတားကြီး ဖွင့်လှစ်ပြီး၍ မန်းရွှေစက်တော်သို့ ဘုရားဖူးသွားရန် လွယ်ကူသွားပြီဟုဆိုကာ မင်းဘူးမှ လူနာဟောင်းတစ်ဦးက ဖွတ်ခေါ်နေသဖြင့် ဘုရားဖူး ထွက်လာခဲ့ရင်း မကွေး မြသလွန်ဘုရား ခဏဝင်ဖူးသော ရန်ကုန်မှ ဦးနှောက်နှင့် အာရုံကြော ခွဲစိတ်ဆရာဝန်နှင့် လူနာရှင်၊ အင်းလေ. . . လူနာရှင်ဟောင်းပေါ့။ ယူကေတွင် နေရသော လူနာရှင်ဟောင်းတို့ ဘုရားပေါ်တွင် ဆုံမိသည့် တိုက်ဆိုင်မှုက အံ့ဩစရာ။

ဒေါက်တာမြင့်သူ အနားသို့ လာရပ်ပြီး ပန်းချီကားကို ငုံ့ကြည့်နေသည်ကို ခံစားမိနေသော စိမ်းဝေက အမှတ်တမဲ့ လှည့်ကြည့်ရာက ပါးစပ်ကလေး ဝိုင်းသွားသည်။

'ဟယ်. . . ဆရာပါလား'

ဒေါက်တာမြင့်သူ ပြုံး၍ ခေါင်းညိတ်ပြသည်။

'ရွှေစက်တော်က ပြန်လာတာ၊ စိမ်းဝေ မြန်မာပြည် ပြန်ရောက်နေတာ ကိုး'

စိမ်းဝေက ပြုံး၍ ပန်းချီဆေးများ ဘူးကလေးထဲ ပြန်ထည့်သည်။

'မရောက်တာ တစ်နှစ်လောက် ဖြစ်သွားတော့လေ၊ ဖေဖေနဲ့မေမေ အတင်းခေါ်တာနဲ့၊ သူတို့ကလည်း ဒီမှာပဲ နေနေကြပြီး ရန်ကုန်မှာလည်း တွေ့စရာလူက သိပ်မရှိတော့တာနဲ့ မင်းဘူးပဲ တန်းတက်လာတာ'

အပြုံးကလေးက နွမ်းလျလျ။ ဒေါက်တာမြင့်သူ ခေါင်းတစ်ချက် ဆတ်ခနဲ ညိတ်မိသည်။

'ဆောက်လုပ်ရေးတွေကရော'

'မမနှင်းနဲ့ ကိုဟန်ပိုပဲလေ၊ သူတို့လည်း မအားပါဘူး၊ အလုပ်တွေက ဗယ်ဆက်နေတာ၊ ဖုန်းပြောရင်တောင် ကျားလိုက်သလိုပဲ။ ဆရာ့ဆီလည်း ဝင်လာနှုတ်ဆက်ဦးမလို့ပါပဲ၊ ဆရာ မအားမှာ စိုးတာနဲ့ပဲ'

ဒေါက်တာမြင့်သူ ဖွဖွ ပြုံးသည်။



'ခွဲစိတ်ခန်းရှေ့က ဖြတ်ရမှာ ကြောက်နေတာ မဟုတ်ဘူးလား'

စိမ်းဝေ အပြုံးကလေး မှိန်သွားသည်။

'ဟုတ်တယ်၊ အဲဒီနေ့က စိမ်းဝေ ခွေလဲသွားတဲ့အထိ. . . အားလုံးတို့ အိပ်မက်ဆိုးလိုပဲ ခဏခဏ ပြန်မြင်ယောင်နေတာ၊ ဆောရီးနော်. . . ဆရာ'

ဒေါက်တာ မြင့်သူလည်း အပြုံးလေး မှိန်သွားသည်။

'ဆောရီး ပြောရမှာက တို့ ထင်တာပဲ'

နှစ်ယောက်စလုံး ခေတ္တ ငြိမ်သက်သွားကြသည်။

○

ကိုယ့်ချစ်သူက စစ်မြေပြင်ကို စစ်ထွက်သွားရသည် ဆိုလျှင်ပင် သည့်ထက်တော့ စိတ်အေးရမည်ဟု ထင်သည်။

စစ်ထွက်သွားသည် ဆိုကတည်းက အင်နှင့်အားနှင့်။ လက်နက် အပြည့်အစုံ နှင့်။ ပြီးတော့ စာလာမည်။ လူကြုံစကား ကြားရသည်။ ကိုယ့်ချစ်သူရှိရာ ဒေသမှာ ငြိမ်းချမ်း နေသလား၊ တိုက်ပွဲတွေ ပြင်းထန်နေသလား။ သည်လို စုံစမ်း၍ ရနိုင်သေးသည်။

ယခုတော့ ကိုကို့မှာ ဘာအင်အားမှ မရှိတော့။

ခွဲစိတ်ခန်းဆိုတာက လိုက်သွား ကြည့်၍လည်း မရ။ ဘယ်လိုနေသလဲဟုလည်း သတင်းစကား မေး၍မရ။

တိုက်ပွဲတော့ တိုက်ပွဲပါပဲ။ အသက်နှင့်ရင်း၍ တိုက်ရသည့် တိုက်ပွဲ။

သို့သော် ဦးဆောင်တိုက်သူက ကိုကို မဟုတ်။ ဒေါက်တာမြင့်သူ ဖြစ်သည်။ ကိုကို့ အသက်ရော၊ ကိုကို့ ဘဝရော၊ ပြီးတော့ စိမ်းဝေ၏ နှလုံးသား တစ်ခုလုံးကိုပါ သူ့လက်ကို အပ်ထားရသည်။ သူ ရှုံးလျှင် အဲဒါတွေ အကုန်လုံးသွားပြီ။

သည်မျှ ကြီးမားသော အရင်းအနှီးနှင့် ရင်ဆိုင်နေရတာ ဖြစ်သော်လည်း အခြေအနေကို ဘာမှ သိခွင့်မရ။

'ခွဲစိတ်ခန်း' ဟု ရေးထားသော ဆိုင်းဘုတ်အောက်က တံခါးမ။

အဲဒီ တံခါးမကို ဖွင့်၍ ကိုကို့ကို တွန်းသွင်းသွားကြတုန်းက လှမ်းမြင် လိုက်ရတာက လမ်းကျဉ်းကျဉ်း ပျပျကလေး။ ဖိနပ်တွေ အများကြီး တန်းစီ ချွတ်ထားတာကလွဲ၍ မမြင်ရ။

www.burmeseclassic.com

www.burmeseclassic.com



အဲသည် နောက်မှ ဘယ်နှကွေ့ ထပ်ကွေ့ပြီးမှ ရောက်မည် မသိသော အခန်းကလေး တစ်ခန်းထဲတွင် ကိုကို ရှိနေလိမ့်မည်။ သတိလစ်ကောင်း လစ်နေမည်။ ကိုကို့အသက် တည်ရာ၊ မှီရာ အလွန်နုနယ်သော အစိတ်အပိုင်း တစ်ခုကို ဒေါက်တာမြင့်သူ ဦးဆောင်သည့် လူအုပ်စုတစ်ခုက ဓား၊ ကတ်ကြေး၊ ဇူး ဆောက် တန်ဆာပလာ လက်နက်ကိရိယာများဖြင့် ချွေးတလုံးလုံး အသည်းတထိတ်ထိတ် ကိုင်တွယ်နေကြပေလိမ့်မည်။

အလွန် စွန့်စားရမည့် ခွဲစိတ်မှုမျိုးတဲ့။

မျက်ရည်ဝဲနေသော မျက်လုံးတစ်စုံ၊ တုန်ယင်နေသော နှုတ်ခမ်းတို့နှင့် တတ်သလောက် မှတ်သလောက် ဘုရားစာ ဆိုနေရုံမှတစ်ပါး စိမ်းဝေ ဘာမှ မတတ်နိုင်ခဲ့ပါ။ ဝင်မေးလို့လည်း မရ။ သွားကြည့်ခိုင်းလို့လည်း မရ။

နာရီလက်တံ ဂဏန်း တစ်ခုပြီးတစ်ခု ကျော်လွှားလာသည်ကိုသာ ချောက်ချားစွာ စောင့်ကြည့်နေခဲ့ရပါသည်။

အဲသလောက်တောင်. . . ကြာရသလား ဆရာရယ်။

သူများ ခွဲစိတ်ခံရတာ သွားကြည့်ဖူးတာဆိုလို့ စိမ်းဝေ ဘဝမှာ ကလေးမွေးသည့် သူငယ်ချင်းကို စောင့်ပေးဖူးတာသာ ရှိသည်။ မိနစ်ပိုင်းပါပဲ။ ဒါတောင် အကြာကြီးလို့ ထင်ခဲ့မိသည်။ ယခုတော့ နာရီနှင့်ချီ၍။

ကျွီခနဲ မြည်လိုက်သံ။

အားလုံး ခေါင်းများထောင်၍ ခွဲစိတ်ခန်း တံခါးမဘက် လှည့်ကြည့်မိသည်။ ခွဲစိတ်ဝတ်စုံ ဝတ်ထားသည့် လူငယ်တစ်ဦးက တံခါးကို အတွင်းမှ လှမ်းဖွင့်ပေး၍ ကိုင်ထားသည်။ အတွင်းဘက်ကို မျှော်ကြည့်နေသည်။

ကိုကိုလား။ ကိုကို ထွက်လာပြီလား။

ခွဲစိတ်မှု အောင်မြင်သွားပြီတဲ့လား။

တကယ်တမ်း ထွက်လာတော့ ခွဲစိတ်ခန်း ဝတ်စုံနှင့် ဆရာဝန် တစ်ဦးသာ ဖြစ်နေသည်။ ပြာနုရောင် တီရှပ်၊ အပြာနုရောင် ဘောင်းဘီရှည် အပြာနုရောင် ခေါင်းစီး၊ အပြာနုရောင် မျက်နှာဖုံး ဘယ်သူများလဲ။

ခေါင်းစီးမှာတော့ အင်္ဂလိပ်စာလုံး အမ်နှင့်တီကို ထိုးထားသည်။ ဒေါက်တာမြင့်သူ များလား။

ဆရာဝန်က စိမ်းဝေ၊ ကိုဟန်ပိုနှင့် မနှင်းဖွေးတို့ဘက်သို့ လှမ်းကြည့်သည်။ ပြီးတော့ သူတို့ရှိရာသို့ ဦးတည်၍ လာနေသည်။

ခြေလှမ်းတို့က နှေးသည်။ ယိုင်သည်။ တာဝေး အပြေးပြိုင်ပွဲပြီး၍ ပင်ပန်း



နွမ်းနယ်နေသည့် အားကစားသမား၏ ဟန်ပန်။

ဘုရား။ ဘုရား။ ဘာလဲ၊ ဘာဖြစ်တာလဲ။

မပြောပါနဲ့။ မသိချင်ဘူး။မကြား ပါရစေနဲ့။

စိမ်းဝေ ကိုယ်လုံးလေး ညွတ်သွား ယိုင်သွားသည်ကို သတိထားမိသော မနှင်းဖွေးက စိမ်းဝေ ပခုံးလေးကို တင်းကျပ်စွာ ဖက်ထားသည်။ ကိုဟန်ပိုက ရှေ့သို့ တက်လာသည်။

ဆရာဝန်က မျက်နှာဖုံးကို ဆတ်ခနဲ ဆွဲဖယ်လိုက်သည်။

ဟုတ်ပါတယ်။ ဒေါက်တာ မြင့်သူပါပဲ။

ဒေါက်တာမြင့်သူ၏ မျက်နှာက မနေ့က တွေ့ခဲ့ရတာထက် အများကြီး ပို၍ အိုစာနေသည်။ ခြေလှမ်း နှေးနှေးနှင့် သူတို့ဘက် ဆက်လာနေသည်။

လက်ထဲက ခွဲစိတ်ခန်းသုံး မျက်နှာဖုံးကို ဆေးရုံကော်ရစ်ဒါ ပေါ်သို့ ရှုတ်တရက် လွှင့်ပစ်လိုက်သည်။

အဲသည့် မျက်နှာဖုံးကို လွှင့်ပစ်လိုက်သည့် တဒင်္ဂမှာပဲ စိမ်းဝေ သတိလစ် လဲကျသွားခဲ့ခြင်း ဖြစ်ပါသည်။

၀

စိမ်းဝေက ခေါင်းကလေး တစ်ချက်ဆတ်၍ ပြုံးပြီး ဒေါက်တာမြင့်သူကို လှည့်ကြည့်သည်။ ရေဝတီ မြစ်ကိုဖြတ်၍ တိုက်ခတ်လာသော လေနုအေး ကလေးက စိမ်းဝေ၏ ဆံနွယ်တချို့ကို စိမ်းဝေမျက်နှာပေါ် တင်စေသည်။

'ဆရာက ဘာလို့ ဆောရီး ပြောရမှာလဲ၊ ဆရာက စိမ်းဝေတို့ရဲ့ ကျေးဇူးရှင်လေ'

ဒေါက်တာမြင့်သူ ပခုံးတွန့်ပြသည်။

'လူနာရှင်တွေ ဘယ်လောက် စိတ်ပူစွာနဲ့ ကိုယ့်အမှုအရာတွေကို စောင့်ကြည့်နေမလဲဆိုတာ အတွေ့အကြုံမနည်းတဲ့ ဆရာဝန်တစ်ယောက် အနေနဲ့ တို့ သိသင့်တယ်လေ၊ အဲဒီနေ့က တို့ အဲဒီ မျက်နှာဖုံး ကလေးကို ခြေပစ်လက်ပစ် လွှင့်မပစ်လိုက်မိရင် စိမ်းဝေ ဘယ်လဲကျသွားပါ့မလဲ'

စိမ်းဝေက ယဲ့ယဲ့ပြုံးသည်။

'အင်မတန် ခက်ခဲတဲ့ ခွဲစိတ်မှု တစ်ခုကို နာရီပေါင်းများစွာ ငေးပြီး ပြန်ထွက်လာတဲ့ ခွဲစိတ် ဆရာဝန်ကြီးရဲ့ မျက်နှာက ရွှင်လန်းမြူးထူး ရှိမယ်လို့ ထင်တဲ့ စမ်းဝေကသာ ရူးတာပါ ဆရာရယ်'

နှစ်ယောက်သား ပြိုင်တူ တိုးတိုး ရယ်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



'နောက်ဆုံးတော့ စိမ်းဝေ အပူလွန်တာက စိမ်းဝေ အပူကနေ သတိရလာတဲ့အချိန် စိမ်းဝေကို အနားမှာ မတွေ့ရတဲ့ ကိုရဲဝင့် အပူဖြစ်သွားရတာလေ'

'ဟုတ်ပ. . ဆရာရယ်၊ နှစ်နှစ်လောက်ကြာအောင် အဲဒီကိစ္စပြောတုန်း'

ဒေါက်တာ မြင့်သူ ခေါင်းတဆတ်ဆတ် ညိတ်သည်။

'သူရော နေကောင်းတယ်. . မဟုတ်လား၊ အခု ပါလာလား'

စိမ်းဝေက ခေါင်းညိတ်ပြသည်။

'ကောင်းပါတယ်၊ အလုပ်မလုပ်ဘဲ နေရတာ ပျင်းတယ်ချည်း အော်နေတာပဲ၊ ယူကေမှာလည်း အပေါင်းအသင်းက သိပ်မရှိတော့ ပိုပျင်းတော့တာပေါ့၊ စိမ်းဝေ၊ ဒီတစ်ခါ အလုပ်ကန်ထရိုက်ပြည့်ရင် မြန်မာပြည် တစ်လှည့်ပြန်နေပါမယ်၊ အဲဒီကျ အလုပ်လည်း ပြန်လုပ်ချင်လုပ်ပါ၊ အခုတော့ ဆေးစစ်တာလေး အဆင်ပြေနေတော့ ယူကေ ဆရာဝန်က ထပ်ပြဖို့ မလိုတော့ဘူး ပြောတဲ့အထိတော့ နေကြရအောင်ပါလို့ မနည်း ဖျောင်းဖျထားရတယ်၊ တရားတော့ ထိုင်သလား မမေးနဲ့၊ သေမင်းကို တစ်ခါ ရင်ဆိုင်ဖူးထားတော့ ဘဝမှာ အချိန်ကို တန်ဖိုးထားတတ် သွားပြီတဲ့'

'အခုကော'

'ဟိုဘက်က ဘီလူးပြုံးတဲ့ တန်ဆောင်းထဲမှာ တရားထိုင်နေတယ်'

ဒေါက်တာမြင့်သူ မျက်ခုံးပင့် ကြည့်သည်။

'ဘီလူးပြုံးတဲ့ တန်ဆောင်း . . ဟုတ်လား'

စိမ်းဝေက ရယ်သည်။

'အာရုံခံ တန်ဆောင်းကိုပဲ ပြောတာပါ၊ ဒီမြသလွန်ဘုရား ခေါင်းလောင်းတော်မှာ ဘီလူး အစောင့်တွေ ထည့်ထုထားတာ ဆရာတွေ့တယ် မဟုတ်လား'

ဒေါက်တာ မြင့်သူ ခေါင်းညိတ် ပြသည်။

'အားလုံးက မဲ့နေကြလေ၊ ဘီလူး တစ်ရုပ်ပဲပြုံးတယ်၊ အဲဒါနဲ့ တည့်တည့်က တန်ဆောင်းကို ဘီလူးပြုံးတဲ့ တန်ဆောင်းလို့ ခေါ်ကြတာ'

'ဪ . . ဒီလိုလား'

ဒေါက်တာ မြင့်သူ ဘုရား ခေါင်းလောင်းတော်ပေါ်မှ ဘီလူးရုပ်များကို သေသေချာချာ လှည့်ပတ် ကြည့်ပြီးမှ သဘောကျစွာ ရယ်သည်။

'တို့ ကိုရဲဝင့်လိုပေါ့ ဟုတ်လား'

စိမ်းဝေက မျက်လွှာ ပင့်ကြည့်သည်။



'ဘာကိုလဲ . . ဆရာ'

'ကိုရဲဝင့်လည်း လေသံပြတ်နဲ့ ပိသသလေး ဘောပစ်သလို အမှန်တွေ ပြောတတ်လွန်းလို့ သူများတွေ ခဏ ခဏ အထင်လွဲခံရတယ်လို့ စိမ်းဝေ ခဏခဏ ပြောဖူးတယ်လေ၊ တကယ်တော့ သူ့ရင်ထဲမှာက လူတွေအားလုံး ဘယ်သူ့ကိုမှ မမုန်းတော့၊ အမြဲ ငြိမ်းချမ်းနေတာပဲ ဆိုတာလေ'

'ဟုတ်တယ် . . . ဆရာရဲ့'

'ပြီးတော့ လူအများရှေ့မှာ ဘယ်လိုပဲ ခက်ထန်ခက်ထန် စိမ်းဝေနဲ့ကျတော့ အမြဲ နူးညံ့သိမ်မွေ့နေတယ် မဟုတ်လား၊ ဟို တစ်မျက်နှာတည်း ပြုံးနေတဲ့ ဘီလူးလိုပေါ့ ဟုတ်လား၊

'ဟာ . . . ဆရာကလည်း'

စိမ်းဝေက ရှက်ကိုးရှက်ကန်းနှင့် ရယ်တော့ ဒေါက်တာမြင့်သူ သဘောကျစွာ လိုက်ရယ်ပါတယ်။

၀

'ဘာတွေ သဘောကျနေတာလဲ. . စိမ်းဝေ'

ပန်းချီ ပစ္စည်းများ သိမ်းရင်း ပြုံးနေသော စိမ်းဝေကို အနားရောက်လာသော ရဲဝင့်က လှမ်းမေးသည်။

'ဒေါက်တာမြင့်သူနဲ့ ခုပဲ ဆုံတယ်လေ၊ ခွဲတဲ့နေ့က စိမ်းဝေ စိတ်အပူလွန်ပြီး သတိလစ်သွားတဲ့အကြောင်း ပြန်ပြောပြီး ရယ်နေကြတာ'

'ဟာ. . ဆရာနဲ့ ဆုံတာလား၊ ညစာ လိုက်ကျွေးဖို့ မဖိတ်လိုက်ဘူးလား'

'ဖိတ်ပြီးပါပြီ. . ကိုကိုရယ်၊ ညကျရင် မကွေး ဟိုတယ်မှာ လာခေါ်မယ်၊ ဟတ်တ်မှာ လိုက်ကျွေးမယ်၊ မှာလိုက်ပြီးသား တံတားက ညလည်းဖွင့်တာပဲ၊ ပြဿနာ မရှိပါဘူး'

ရဲဝင့်က ပြုံး၍ ခေါင်းညိတ်သည်။

'အေးကွာ၊ မကွေး တံတား ကတော့ ရှယ်ပဲ၊ အတော်ပဲ၊ ဆရာနဲ့ မတွေ့ရတာ ကြာလို့ ဆရာ့ကိုတွေ့ချင် ကျွေးချင်နေတာ၊ ဆရာသာ ကိုကို့အသက်ကို မကယ်လိုက်နိုင်ရင် ဒီတစ်သက် မင်္ဂလာဆောင် ဆောင်ဖူးလိုက်မှာ မဟုတ်ဘူး'

စိမ်းဝေက မျက်စောင်းထိုးသည်။

'နို့ . . စမ်းစမ်းဝေနဲ့ တစ်ခါယူတယ်ဆို'

ရဲဝင့်က ရယ်သည်။

www.burmeseclassic.com

www.burmeseclassic.com



'အဲဒါက အင်၊ စိမ်းဝေနဲ့ မင်္ဂလာဆောင်တော့မှ တကယ်လေ'

'ခုမှ'

စိမ်းဝေက သုံးချောင်းထောက်ကို ပိတ်၍ သယ်မည်လုပ်တော့ ရဲဝင့်က ဦးအောင် သယ်သည်။

'စိမ်းဝေ သယ်ပါ့မယ် . . . ကိုကိုရယ်'

'စိမ်းဝေရယ် ကိုကို လူကောင်းဖြစ်နေပြီ နေစမ်းပါ'

စိမ်းဝေက ရယ်၍ လက်လျှော့ပြီး ဆေးဘူး သေတ္တာကို ကောက်လွယ်သည်။ ပြီးတော့ ဧရာဝတီမြစ်၏ မင်းဘူးဘက်ကမ်းတွင် လှမ်းမြင်နေရသော တိမ်သားများနှင့် ထိစပ်နေသည့် တောင်တန်းများကို လှမ်းပြသည်။

'ဒါဆိုလည်း ကိုကို ပြောဖူးတဲ့ စကားထဲကလို ဟိုးတောင်တွေပေါ် လျှောက်သွားလိုက်ပါဦးလား၊ တိမ်တွေကြားထဲ ရောက်သွားအောင်လေ'

ရဲဝင့်က ရယ်၍ စိမ်းဝေ ပခုံးကလေးကို လွတ်နေသော လက်ဖြင့် ဖွဖွ ဖတ်သည်။

'တိမ်တွေကြားထဲ သွားရ သွားရ၊ တောင်တွေကြားထဲပဲ သွားရ သွားရ ဘဝမှာ ဘာမှ အရေးမကြီးတော့ဘူး၊ စိမ်းဝေ အနားမှာ ပါလာဖို့ပဲ လိုတယ်'

စိမ်းဝေလည်း ကြည်နူးစွာ လိုက်ရယ်မိပါသည်။

(ပြီးပါပြီ)

ဆန္ဒမွန်မြင့်
လက်ာရည်ကျော်
၂၆-၆-၁၁
ည ၈း၃၀၊ မကွေးမြို့။

www.burmeseclassic.com